www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ

# ဂမ္ဘီရလောက

BURMESE CLASSIC .com



No.77, October 2013

www.burmeseclassic.com

www.burmeseclassic.com




## ဆုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမှတ် (၇၇)၊ အောက်တိုဘာလ၊ ၂၀၁၃ ခုနှစ်

October 77 2013

BURMESE CLASSIC .com

**မိုးကြိုးပစ်ကုန်း**
မောင်ညိုမှိုင်း (သန်လျင်) ၆

**နက္ခတ်မိသောဘီလူးရုပ်**
ကောင်းစံဟိန်း(ဖန်နေဝန်း) ၂၆

**ယုံရှုခက်ခက်**
တောက်ထိန် ၄၅

**ဆီးပင်ဝိုင်ဓာတ်ကအသားမည်းတာတွေ**
ကျော်တာမာ (မွန်ပြည်နယ်) ၆၀

**တိမ်တိုက်ကြေရုံထောက်ကြောင်း**
ဖျာပုံစိုးသား ၇၀

**သဘာဝကြီးနှင့် ရှင်လူထွက်ဆရာ**
မောင်ဘရှိန် ၈၉

**လမ်းကြုံကလေးလိုက်ပါရစေ**
ကိုဦးနွန်းကို ၁၀၉

**သစ်ခက်ဟောင်းအတွင်းမှ ပရလောကသားများ**
ကိုဝေလင်းဦး (အလိန်လည်ကျေးရွာ) ၁၂၉

**မြွေးမြွေးလွှားလွှားရာဇဝတ်သား**
ခင်ဘုန်းသိန်းသူ ၁၄၆

**ဒီမိမက်ဘုရား**
သောင်းမြတ်ကြီးသိန်းဝင်း ၁၈၉

**လှိုင်းမိုးမြင်**
မြစ်လှ ၂၀၄

**စိမ့်မှန်တဲ့ရင်ခုန်မှု ကိုယ်ပိုင်မဲ့လက်**
နိုင်ထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ) ၂၀၂

**Next Month Preview** ၅

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်

အယ်ဒီတာအဖွဲ့

ထုတ်ဝေသူ

ပုံနှိပ်သူ




လှည်း ဝင် ရိုး သံ ဓ ညံ ညံ




မြပုစွက်ရဲ့ ညွန်းစွဲ့သံစဉ်

ဖာတိဂုဏ်မျိုးမြင့်အောင်

BURMESE CLASSIC .com




အနက်ရောင်ကျိန်စာ

မင်းရွှေသိန်း (ဇင်းကျိုက်)

N xt Mo th Pre iew

www.burmeseclassic.com

www.burmeseclassic.com

မောင်ညိုမှိုင်းရေ-ငါ့လူက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတွေ ရေးတဲ့ စာရေးဆရာဆိုကွ။ နေပါဦး-ငါ့လူကျ။ ငါ့လူက ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ်တွေ ရေးတယ်ဆိုတော့ ဂမ္ဘီရဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ရော ဘယ်လို သိထားတုံးကွယ်-လုပ်ပါဦး'



မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မုတ္တမပင်လယ်ကွေ့က ရွာတစ်ရွာမှာ ရောက်နေတာပါ။ မိတ်ဆွေစာရေးဆရာ ဝင်းနိုင်(ရွှေပြည်သာ)ကောင်းမှုနဲ့ ပင်လယ်ကွေ့ကို ရောက်နေတာလေ ...။

ဒီမှာ - ကိုဝင်းနိုင်ရဲ့ - အဘိုးလေး - ဦးနေမင်းရောင်ရဲ့အိမ်ကို ရောက်နေတာပါ။ ရောက်စတုန်းက ...

"အဘိုးလေး ..."

"ပြော - မောင်နိုင်"

"ဒါ - အဘိုးလေးကို ကျွန်တော် ပြောဖူးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာရေးဆရာ မောင်ညိုမှိုင်း(သံလျှင်)လေ ..."

"ဩော် - ငါ့လူလားကွာ။ ကျုပ်ကတော့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်စာတွေ ရေးတယ်ဆိုတော့ အသက်ကြီးကြီး၊ သျှောင်ထုံးနဲ့ နှုတ်ခမ်းမွေးနဲ့ ယောဂီအကျီဝတ်၊ ဆေးလွယ်အိတ်ကြီး လွယ်ပြီး အင်း၊ အိုင်၊ ဓား၊ လုံ့ အစီအရင်များနဲ့ ဆရာကြီးလို့ မှတ်နေတာ၊ ခု - ငနိုင်နဲ့ ရောက်လာတော့ ငါ့လူကလည်း ငါ့တူလိုပါလားကွာ - နုံနုံညားညားပွဲကွ - ဟား - ဟား - ဟား - ဟား - ဟား"

ဦးနေမင်းရောင်က အပျော်သမားနဲ့ တူပါရဲ့ဗျာ။ ကျွန်တော့်ကို ကြည့်ပြီး တဟားဟားနဲ့ခင်ဗျ၊ နောင်သိရတာက အထက်မြန်မာပြည်ကို အငံလိပ် သိမ်းပြီးနောက်ပိုင်းမှာ မုတ္တမပင်လယ်ကွေ့က ရွာမှာ မိခင်နဲ့ လာနိုလှုံပြီး လယ်ယာလုပ်ငန်းနဲ့ အသက်မွေးခဲ့တာတဲ့ ...။

သည့်နောက် ...။

လယ်သမားများဘဝ ဆင်းရဲတွင်းနက်လွန်း၊ အနိုင်ကျင့်ခံနေရတာကို လက်ပိုက် မကြည့်နိုင်တဲ့အဆုံး ဆရာစံ ဦးဆောင်တဲ့ သာယာဝတီ လယ်သမားသူပုန်ထဲ ဝင်ပြီး နယ်ချဲ့အင်္ဂလိပ်နဲ့ နယ်ချဲ့လက်ပါးစေများကို တိုက်ခဲ့တာတဲ့ ...။

အဘ ဦးနေမင်းရောင်က ဂဠုန်တပ်သားဆိုပဲ၊ လက်မောင်းမှာ အမှတ်အသားရှိတယ်၊



ဆရာစံကို ရှမ်းပြည် နောင်ချိုအကျော် ဖမ်းမိသွားပြီးနောက်ပိုင်း ကြိုးပေးကွပ်မျက်ခဲ့တယ်၊

အဘ ဦးနေမင်းရောင်လည်း ကပ္ပလီတစ်ကျွန်း အပြစ်ပေးခံရပြီး လွတ်လပ်ရေး ရတော့မှ တစ်ကျွန်းကနေ လွတ်မြောက်လာခဲ့တာလို့ သိရတယ်၊

"ကိုင်း - စာရေးဆရာ ဂမ္ဘီရဆိုတဲ့ အဓိပ္ပာယ်ကို ငါ့လူ ရှင်းပြပါဦးကွ"

"ကျွန်တော် သိသလောက်ပဲပေါ့နော် - အဘ"

"ဒါပေါ့ - ဒါပေါ့"

"ဂမ္ဘီရရဲ့အဓိပ္ပာယ်က နက်နဲသိမ်မွေ့ခြင်းလို့ ဆိုပါတယ် ခင်ဗျ၊ ပိဋကတ်တော်ဆိုထားတဲ့ နက်နဲသိမ်မွေ့တဲ့ တရားလေးပါး ရှိပါသတဲ့ ခင်ဗျ"

၁။ ဓမ္မဂမ္ဘီရ

အကြောင်းအရာအားဖြင့် နက်နဲခြင်း၊ တရားတော်ရဲ့နက်နဲသိမ်မွေ့ခြင်းတဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ တရားတော်များရဲ့ နက်နဲသိမ်မွေ့တာကို ဆိုတာပါ၊

၂။ အတ္ထဂမ္ဘီရ

တရားတော်မြတ်ကြီးရဲ့အကျိုးတရား၊ အနက်အဓိပ္ပာယ်တို့သည်လည်း နက်နဲတယ်တဲ့၊

၃။ ဒေသနာဂမ္ဘီရ

အနုလောမ၊ ပဋိလောမ အပြန်အလှန်အားဖြင့် ဒေသနာတော်ကြီး တန်ဖိုးသည်လည်း နက်နဲ၏။

၄။ ပဋိဝေဓ ဂမ္ဘီရ

ဒီတရားတော်ကြီးများကို ထိုးထွင်းသိရှိရဖို့ကလည်း အလွန်ကို နက်နဲသိမ်မွေ့အံ့ဖွယ်ကောင်းလှပါတယ်လို့ ဂမ္ဘီရတရားကြီးလေးပါး အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါတယ် ခင်ဗျ။

အဲဒီမွေ့တရားတော်များရဲ့ နက်နဲသိမ်မွေ့အားကောင်းခြင်းကို လောကုတ္တရာဂမ္ဘီရအဖြစ် ပြောချင်ပါတယ် ခင်ဗျ။ သူက ကျင့်ကြံပွားများလေ့လာသိမှတ်မှုမှာ ကုသိုလ်နှင့် ယှဉ်တွဲပြီး အဝိဇ္ဇာ၊ ကိလေသာ၊ တဏှာ ပြတ်တဲ့ လမ်းကြောင်းလမ်းမှန်ကို ရောက်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

ခု ကျွန်တော်တို့ ရေးနေတာ လောကုတ္တရာဂမ္ဘီရပါ - အဘ၊ ကျွန်တော်တို့လူ့လောကဝန်းကျင်မှာ သိပ္ပံပညာနဲ့ လိုက်မမီသေးတဲ့ ဖြစ်ရပ်ဆန်းကြယ်တိုတွေ အများကြီးပါပဲ ခင်ဗျ။ တန္တရပါဒရဲ့ ဆန်းကြယ်မှုလည်း ရှိတယ်၊ ဆေးရုပ်ဒရဲ့ ဆန်းကြယ်မှုတွေလည်း ရှိတယ်၊ ဒါနှင့်အတူ အခြားဘာသာများလူများထဲမှာလည်း နက်နဲသိမ်မွေ့တဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်တွေ ရှိနေပါတယ် ခင်ဗျ။

အချို့က အကုသိုလ်ကံကြောင့် အပါယ်လေးဘုံကို သွားရမယ်ဆိုတာလည်း ဘုရားဟောနဲ့ ကိုက်ညီစွာ ရှိနေပါတယ်။

သတ္တလောကကြီးမှာ ဖြစ်ရပ်ဆန်းကြယ်တွေ အနည်းနဲ့အများ ရှိနေတာပဲ။
ကျုပ်တို့ သာယာဝတီဂျွန်တော်လှန်ရေးတုန်းကလည်း သေနတ်ကျည်မထွက်တဲ့
လူမျိုး ကြုံဖူးတာပဲ။ ကပ္ပလီတစ်ကျွန်းမှာ နေခဲ့ရတုန်းကလည်း
အံ့ဖွယ်ဖြစ်ရပ်ဆန်းကြယ်တွေ မြင်ရ၊ ကြားရ၊ ကြုံခဲ့ရတာပဲ။





တိုတိုပြောရရင် ...။

ကျွန်တော် လူ့လောကီလောက ဝန်းကျင်မှာ ကုသိုလ်နှင့် အကုသိုလ်ကြောင့် လောဘ၊ ဒေါသ၊ မောဟကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကြောင့် အကောင်းနဲ့ အဆိုး ဖြစ်လာခဲ့ရတယ်။

အကုသိုလ်သားမှာလည်း ...။

ဆန်းကြယ်နက်နဲသိမ်မွေ့တဲ့ အကုသိုလ်ဒုစရိုက် ဖြစ်ရပ်ဆိုးတွေ ရှိနေသလို ...။

ကုသိုလ်ပြုသူ လူသားမှာလည်း ဆန်းကြယ်နက်နဲသိမ်မွေ့တဲ့ ကုသိုလ်ကောင်းမှု၊ ကုသိုလ်ကံကောင်းမှု အကျိုးတရားတွေ ဖြစ်ရပ်ဆန်းတွေ ရှိနေပါတယ်။

ဒီကနေ့ ကျွန်တော် ရေးနေတဲ့ ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ်ဆိုတာသည် ကုသိုလ်နဲ့ အကုသိုလ်ရဲ့အကျိုးနဲ့ အပြစ်၊ လောဘ၊ ဒေါသ၊ မောဟနဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာ အပြင်တရားတို့ရဲ့ကံ၊ ကံ၏အကျိုးပေးအကြောင်းကို သိရ၊ မြင်ရ၊ ကြားရတာလေ ...။ ဆင်ခြင်လို့ရအောင် ရေးရတာပါ ခင်ဗျ။

"သာဓု - သာဓု - သာဓုပါ - စာရေးဆရာ၊ ငါ့လူပြောတာလည်း သင့်မြတ်လျော်ကန်ပါတယ်။ ဟုတ်ပါပေရဲ့ကွာ၊ ဟောဒီလူတွေနေတဲ့ သတ္တဝါတွေနေတဲ့ သတ္တလောကကြီးမှာ ဖြစ်ရပ်ဆန်းကြယ်တွေ အနည်းနဲ့ အများ ရှိနေတာပဲ၊ ကျုပ်တို့ သာယာဝတီဂျွန်တော်လှန်ရေးတုန်းကလည်း သေနတ်ကျည်မထွက်တဲ့ လူမျိုး ကြုံဖူးတာပဲ၊ ကပ္ပလီတစ်ကျွန်းမှာ နေခဲ့ရတုန်းကလည်း အံ့ဖွယ်ဖြစ်ရပ်ဆန်းကြယ်တွေ မြင်ရ၊ ကြားရ၊ ကြုံခဲ့ရတာပဲ၊ ငါ့လူကို ပြောပြမှာက ကျုပ်တို့မုတ္တမကွေ့၊ ဟံသာဝတီ အရှေ့ခြမ်းမှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ကွယ့်၊ မိုးကြိုးပစ်ကုန်းတဲ့၊ ငါ့လူ စိတ်ဝင်စားမှာလား ..."

"စိတ်ဝင်စားပါတယ် - အဘ၊ ကျေးဇူးပြုပြီး ပြောပါ ခင်ဗျ"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ အထက်မြန်မာပြည်၊ မန္တလေးဝန်းကျင်ကနေ မုတ္တမပင်လယ်ကွေ့ (ဟံသာဝတီ အရှေ့မြိမ့်) ကို ပြောင်းလာခဲ့ကြတယ်၊

အဓမရယ် ...၊

ကျုပ်ရယ် ... နမလေး ခင်ဘုန်းမြင့်ရယ်ပေါ့၊

ကျုပ်အဖေရဲ့နာမည်က သွေးသောက်ကြီး ဦးမင်းအောင်တဲ့၊ သီပေါမင်းပါတော်မူပြီး နောက်ပိုင်းမှာ ဇွဲချီးဖြူမင်းသားနဲ့ ပေါင်းပြီး တိုက်ပွဲဝင်ခဲ့တာပါ၊

ရှမ်းပြည်ဘက်မှာ ရန်သူကျည်သင့်ပြီး ကျဆုံးခဲ့ရတယ်၊

ဒါကြောင့် ရှောင်ရင်း တိမ်းရင်း အောက်မြန်မာပြည်မှာ စစ်မက်အေးချမ်းလို့ လျှို့ဝှက်စွာ ပြောင်းလာနေထိုင်ခဲ့ကြတာ ...၊

ကျုပ်တို့နေတဲ့ မုတ္တမပင်လယ်ကွေ့ဟာ တံငါလုပ်ငန်းလုပ်သူ၊ လယ်လုပ်သူများနဲ့ ရွာစုလေးတွေ ရှိနေတယ်၊

ထူးတာက ...၊

မုတ္တမပင်လယ်ကမ်းအနီး ထူးဆန်းတဲ့ ကုန်းတစ်ကုန်း ရှိနေတယ်၊

မိုးကြိုးပစ်ကုန်း တဲ့ ...၊

ဘာလို့မိုးကြိုးပစ်ကုန်းလို့ခေါ်လဲဆိုတော့ လွန်ခဲ့တဲ့ကာလတစ်ခုတုန်းက ဒီဒေသမှာ သရေကြီး ခိုင်းခဲ့သတဲ့၊

ကာလနာရောဂါတစ်ခုကြောင့် လူများစွာ သေခဲ့ပြီး လူသေကောင်တွေ စွန့်ခဲ့တဲ့ အရပ်လည်း ဖြစ်ခဲ့သတဲ့၊

ကူးစက်ရောဂါဆိုတော့ အဲဒီတစ်ပြင်သုသာန်အနီးမှာ ဘယ်သူမှ မနေရဲကြဘူး၊

နေရဲတာ ဦးနဂါးဆိုတဲ့ ဘုန်းကြီးအိုကြီးတစ်ပါးပဲ၊ အနီးဝန်းကျင် ကုန်းကမူပေါ်မှာ နေတယ်၊

ဝါးတဲကျောင်းလေးထဲမှာ တစ်ပါးတည်း နေတာဗျ၊



ရွာထဲ လှည့်ဆွမ်းခံစား၊ တရားပဲ ကျင့်နေလို့ တောရကျောင်း၊ တောရကုန်းလို့ ...၊ သူနေတဲ့နေရာကို ခေါ်ကြတယ်၊ ဘာရောဂါနဲ့ သေသေ ဘုန်းကြီးအို ဦးနဂါးပဲ သင်္ဂြိုဟ်တည်ပေးရတယ်တဲ့ ...၊

သရေကြီးခိုင်းလို့ သေတဲ့မသာ ပလိပ်ရောဂါ၊ ဝမ်းရောဂါနဲ့ သေတဲ့မသာမှန်သမျှ ဘုန်းကြီး ဦးနဂါးပဲ မြေကျရက်လည် လုပ်ပေးရတယ်၊

ဘာလို့ ဦးနဂါးလို့ ခေါ်သလဲဆိုတော့ ...၊

နားရွက်နစ်ဖက် ကားနေလို့ အလွယ် ဦးနဂါး ခေါ်ကြတာ၊ နောက်တစ်ချက်ထူးတာက အမောက်ရှိတဲ့ မြွေကြီးတွေ သူ့တောရကျောင်းဝန်း လာကြတာကို အချို့ကမြင်လို့ ...၊

နဂါးဘုန်းကြီး ...၊

နဂါးဘုန်းကြီးလို့ ခေါ်လိုက်ကြတာ ...၊

ဘွဲ့အမည်က ဦးနန္ဒာလို့ ခေါ်တယ်၊

"နန္ဒာလည်း နဂါးမဟုတ်ဘူးလားဗျာ ..."

ရွာလုံးကျွတ်သေကုန်ပြီး ရွာပျက်တယ်၊ ဘုန်းကြီး ဦးနဂါး ဘာမှမဖြစ်ဘူး၊ ဒါကြောင့် ရောဂါပြီးတဲ့ ဘုန်းကြီး ဦးနဂါးကို ရွာနီးဝန်းကျင်က ရိုသေလေးစားကြသတဲ့ ...၊

တစ်နေ့တော့ ...၊

တံငါရွာဘက်က လူမိုက်လူဆိုး သုံးယောက်ရယ် ... ဘုန်းကြီး ဦးနဂါးရဲ့တောရကျောင်းကို ရောက်လာကြပါရောတဲ့ ...၊

"ဘာကိစ္စ ပေါ်လာလို့တုံး - ဒကာကြီးတို့"

ထုံးစံအတိုင်း နာရေးကိစ္စပဲမှတ်လို့ မေးလိုက်တယ်၊ သူတို့လူထွားသုံးယောက်က ထိုင်မကန်တော့ကြဘူးဆိုပဲ ...၊

ခါးကြားမှာ ခြောက်လုံးပြူးသေနတ်ကိုယ်စီနဲ့ဗျာ ...၊

"ဘုန်းကြီး"

"ပြောပါ - ဒကာကြီး၊ ဘုန်းကြီး - ဘာကူညီရမလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘုန်းကြီး – ခင်ဗျားမှာ ဆေးကောင်းဝါးကောင်း ရှိတယ်ဆိုတာ –ဟုတ်သလား"

"အလို – ဘာဆေးများပါလိမ့် – ဒကာကြီးတို့ရယ်"

"ဟိုရွာတစ်ရွာလုံး ပလိပ်ရောဂါ၊ ဝမ်းရောဂါနဲ့ သေကုန်တယ်။ ဒီတစပြင်သုသာန်အနီးမှာနေတဲ့ ခင်ဗျား ဘာရောဂါမှမဖြစ်တာ ဘုန်းကြီးမှာ အစွမ်းထက်တဲ့ဆေး ရှိတယ်လို့ ကျုပ်တို့ကြားတယ် – ဟုတ်လား"

"ဘုရားရေ – ကြုံကြီးစည်ရာ – ဒကာကြီးတို့ရယ်။ ဘုန်းကြီးဆီမှာ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ သရောကြီး ကာကွယ်ဆေးရော ဘာဆေးမှ မရှိပါဘူး ဒကာတို့ရယ်"

"ကျုပ်တို့ အဲဒီဆေးကို လိုချင်တယ် – ပေးပါ"

"ဒကာ – ဘုန်းကြီးဆီမှာ အဲဒီလို ကပ်ရောဂါကာကွယ်တဲ့ဆေး ရှိနေရင် ဘုန်းကြီးရောဂါဖြစ်နေတဲ့သူတိုင်းကို ဆေးပေး တိုက်ကျွေးကုသမှာပေါ့ ဒကာတို့ရယ်။ ဘုန်းကြီးမှာ ဘာဆေးမှ မရှိပါဘူးကွယ် – ယုံကြပါ"

"ဒါဖြင့် – ဒီသချိုင်းအနီးမှာ နေပြီး ဘာကြောင့် ဟိုလူတွေလို ရောဂါကူးပြီး မသေရတာတုံး ..."

"အဲဒါ – ဘုန်းကြီးအသိဆုံး။ ဘုန်းကြီး – ကွယ်လွန်သူတွေ ဘဝကူးကောင်းအောင် မေတ္တာ၊ ဘာဝနာနဲ့ မရဏာနုဿတိ နေ့စဉ်ညစဉ်ပွားနေတာပါပဲ – ဒကာကြီးတို့ရယ်"

"ကျုပ်တို့ လုံးဝမယုံဘူး။ ကျုပ်တို့ရွာဘက်မှာ အဲဒီရောဂါ စ,ဖြစ်နေပြီ၊ ခင်ဗျားဖွက်ပြီး စားနေတဲ့ဆေး ပေးဗျာ"

"မ – မရှိ"

"ဒါးပိန် – ရှာစမ်း"

အဲဒီမှာလည်း ဒါးပိန်နဲ့ ငဝိုင်းဆိုတဲ့ လူကြမ်းနှစ်ဦးက တဲကျောင်းလေးထဲ လှန်လှောရှာကြတယ်။ မြေလှန်ရှာကြတယ်၊

သပိတ်နဲ့ ဆွမ်းဘူး၊ ဆွမ်းခွက်ပါမကျန်၊ ဝါးပိုးဝါး ခေါင်းအုံးပါမကျန် လှန်လှောရှာဖွေကြတာ လုံးဝ မတွေ့ကြဘူး၊



"ဘုန်းကြီး"

"ဒကာ"

"မှန်မှန်ပြော – ဆေးပေးမှာလား၊ ဆေးနည်းပေးမှာလား။ မပေးရင် ခင်ဗျားကို ပေါက်ဒီ သေနတ်နဲ့ ပစ်သတ်လိုက်မှာနော်"

"ဒ – ကာ – ဘုန်းကြီး – မလိမ်မညာပါဘူး – ဒကာကြီးရယ်။ ဆေးလည်း မရှိဘူး။ ဆေးနည်း မသိ၊ မရှိပါဘူး – ဒကာကြီး"

"ဒိုင်း ..."

"အား ..."

"သင်း – ညာနေတာ။ ဆေးနည်းလည်းမပေးဘူး။ ဆေးလည်းမပေးဘူး၊ သူတစ်ယောက်တည်း အသက်ရှင် ကျန်ရစ်အောင် ဖွက်စားနေတာ။ တစ်ကိုယ်ကောင်းသမားကြီး – ခေါင်းကြောတင်းတယ်။ သေ – အေးရော၊ ထပ်ရှာစမ်း – သူ့ကိုယ်ပေါ်မှာ ရှာကြစမ်း"

ဘုန်းကြီး ဦးနဂါးကတော့ ဘိန်းဆီဆိုတဲ့ လူကြမ်းရဲ့သေနတ်ကြောင့် သွေးသံရဲရဲနဲ့ သေသွားပြီ။

ဒါးပိန်နဲ့ ငဝိုင်းက သွေးလူးပေကျံနေတဲ့ ဘုန်းကြီးသင်္ကန်းကို ချွတ်ရှာကြပေမယ့် ဘာမှမတွေ့ကြဘူး။

ဒါနဲ့ သုံးယောက်သား ဒေါသနဲ့ ဆဲရေးတိုင်းထွာပြီး တောင်ကုန်းပေါ်က အဆင်း –

"ဂျိုင်း ..."

"ဂျိုင်း ..."

"ဂျိုင်း ..."

"အား ..."

"အမလေးဗျ – သေပါပြီဗျ"

"အား – အား – အမေ – အမေ – အမလေး – ပူတယ်ဗျ"

ကံဆိုးလိုက်တာရယ် ...။ နွေခေါင်ခေါင် မိုးကြိုးပစ်ချလိုက်တာ လူဆိုးခေါင်းဆောင်ဘိန်းဆီနဲ့ ဒါးပိန်ကို မိုးကြိုးမှန်ပြီး မည်းတူးလို့ ပွဲချင်းပြီး သေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ငပိုင်းဆိုတဲ့အကောင် - မိုးကြိုးလောင်မီးစွဲပြီး လူးလွန့်အော်ဟစ်နေတာကိုကြားလို့ ရွာသားတွေ ပြေးလာချိန်မှာ ...။

ရွာကျောင်းလေးလည်း မီးလောင်ကျွမ်းသွားပါပြီ။ မသေသေးတဲ့လူဆိုးငပိုင်းရဲ့ ပြောပြချက်ကြောင့် အကြောင်းစုံ သိကြပြီး ပြေးကြည့်ကြရော ...။

အံ့သြဖို့ ကောင်းလိုက်တာ ...။

ဘုန်းကြီးအို ဦးနဂါးရဲ့ ခန္ဓာကိုယ်ဟာ မီးသဂြိုဟ်သကဲ့သို့ မီးစွဲပြီး ဝါးကျောင်းနဲ့အတူ ပြာကျသွားခဲ့တော့တယ်။

✿ ✿ ✿



"အေ့-အေ့-သောက်မျှာ-သောက်။ ခင်မျှားတို့ ရွာကို ကျုပ်ဘာရမ်းချစ်တယ်မျှာ။ ဒီမှာဗျ-ကာလသားခေါင်းရေ-အေ့-အေ့-ကျုပ် သူဌေးသားပါ။ မြို့ကြီးသားပါ။ ဒီရွာမှာ ချောချောလှလှ အပျိုရှိရင်ကျုပ်နဲ့ ပေးစားပါမျှာ-အေ့-အေ။ ကျုပ်-ခင်မျှားတို့ မှတ္တာမကွေ့ ရွာလေးမှာငါး၊ ဖားစားရင်း ခေါင်းချုချုပ်လို့ပါမျှ-ဟား-ဟား-ဟား-ဟား-ဟား"



နောင်တော့ ... အဲဒီ မီးလောင်ကုန်းကို "မိုးကြိုးပစ်ကုန်း" လို့ ခေါ်ကြတော့တယ်။ အချို့ကလည်း မိုးကြိုးပစ်ကုန်းပေါ်မှာ ပျံလွန်တော်မူတဲ့ ဘုန်းတော်ကြီး ပုဇီးစိပ် လမ်းလျှောက်နေတာကို နေဝင်ရီတရောအချိန်မှာ မြင်ကြရသတဲ့။

လူသေကောင်မြှုပ်တဲ့ သုသာန်သချိုင်းပေါ်မှာလည်း မိန်းမ ယောကျ်ားကလေးတွေ ပြေးလွှားအော်ဟစ်နေတာကို မြင်ရ၊ ကြားရသတဲ့ ...။

အဲဒါ ... လွတ်လပ်ရေး ရတဲ့ကာလအထိ အဲဒီနေရာကို မသွားရဲကြဘူး။

သချိုင်းကုန်းလည်း တစ်စပြင် ဖြစ်သွားခဲ့တယ်။

သချိုင်းမှာပဲ လူသေရင် မြှုပ်ကြတယ်။

ဘုန်းကြီးအိုကြီး ပျံလွန်တော်မူတဲ့ တောရကျောင်းကုန်းကတော့ သရက်ပင်၊ မာလကာပင်၊ ဝါးပင်များနဲ့ စိမ်းစိုနေတာပဲ ...။

သို့သော် ...ကြောက်လို့ မသွားရဲကြဘူး။

တစ်နေ့ ...။

အမှူးသမားနှစ်ယောက်ရယ်၊ အရက်ပုလင်းနဲ့ အမြည်းယူပြီး မိုးကြိုးပစ်ကုန်းပေါ်မှာ အရက်သောက်ကြတာ။ သောက်နေတုန်း မိုးကြိုးပစ်ချလို့ သေပါရောတဲ့ ...။

အဲဒါ ပြောစမှတ်ပြုပါရောလား ...။

မိုးကြိုးပစ်ကုန်းပေါ်မှာ မဟုတ်တာ သွားလုပ်ရင် မိုးကြိုးပစ်လို့ သေရောတဲ့ ...။

တစ်နေ့ ... ရန်ကုန်က မြို့သားတစ်ယောက် ရောက်လာခဲ့တယ်။ အသောက်သမားပဲတဲ့ ...။

"မိုးကြိုးပစ်ကုန်းပေါ် အရက်သောက်ရင် မိုးကြိုးပစ်ခံရတယ်ဆိုတာ ဟုတ်ရဲ့လား - ကာလသားခေါင်းရေ - ဟင်"

"ဟုတ်တယ် - ကိုခင်ကျော်စိုးရ၊ မူလရှိခဲ့တဲ့ဘုန်းကြီးကိုသတ်တဲ့လူဆိုးသုံးယောက်လည်း မိုးကြိုးပစ်ပြီး သေတာပဲ။ အရက်သွားသောက်တဲ့ ငမိုးနဲ့ငတိုးတို့ ညီအစ်ကိုလည်း အဲဒီကုန်းပေါ်မှာ မိုးကြိုးပစ်လို့ သေတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ကတော့ မယုံဘူး – ကာလသားခေါင်းရ"

"ကျုပ်တို့ တစ်ရွာလုံးကတော့ ယုံတယ်ဗျ"

"ကိုယ် သွားသောက်မယ်ကွာ ..."

"မလုပ်နဲ့ – ရန်ကုန်သား၊ မယုံလို့ သွားလုပ်ရင် – ခင်ဗျားဒီရွာသင်္ချိုင်းမှာ ခေါင်းချရလိမ့်မယ်ဗျ ..."

"ဟား – ဟား – ဟား – ဟား – မယုံပါဘူးဗျာ၊ မိုးကြိုးပစ်ရခြင်းအကြောင်းကိုကိုယ်တို့က စာသင်ကျောင်းမှာ သင်ယူပြီးသားဥစ္စာ၊ ဒီမှာဗျ – ကာလသားခေါင်းရ – ခေတ်နောက်ပြန်တဲ့ ယုံကြည်မှုနဲ့ သဘာဝမကျတဲ့ အစွဲတွေကို ခေါက်ထားလိုက်စမ်းပါဗျာ၊ အေ့ – အေ့ – သောက်ဗျာ – သောက်၊ ခင်ဗျားတို့ရွာကို ကျုပ်အရမ်းချစ်တယ်ဗျာ၊ ဒီမှာဗျ – ကာလသားခေါင်းရ – အေ့ – အေ့ ကျုပ် သူဌေးသားပါ – မြို့ကြီးသားပါ၊ ဒီရွာမှာ ချောချောလှလှ အပျိုရှိရင် ကျုပ်နဲ့ ပေးစားပါဗျာ – အေ့ – အေ၊ ကျုပ် – ခင်ဗျားတို့ မှတ္တမကွေ့ရွာလေးမှာ ငါး၊ ဖားစားရင်း ခေါင်းချချင်လို့ပါဗျ – ဟား – ဟား – ဟား – ဟား – ဟား"

မြို့သား ကိုခင်ကျော်စိုးစကားဆုံးတော့ ကာလသားခေါင်းက သူ့လူများဘက်ကို ကြည့်ပြီး ခေါင်းယမ်းပြလိုက်တယ်၊

ညနေစောင်းလေးမှာ မိုးကြိုးပစ်သံ တစ်ချက် ကြားလိုက်ကြတယ်၊

ဒါနဲ့အတူ နွားကျောင်းအချို့ မိုးကြိုးပစ်ကုန်းပေါ်ကနေ လူယောက်ျားတစ်ယောက် အော်သံကြားတယ်လို့ လာပြောတာနဲ့ ကာလသားခေါင်းကိုခေါင်းကြီးတို့လူစု မိုးကြိုးပစ်ကုန်းပေါ် အပြေးသွားကြည့်ကြရော ...၊

"ဟာ ..."

"ဒါ ... ဒါ"

"မြို့သားဗျ ... မြို့သား မဟုတ်ဘူးလား"

"ဟုတ်တယ်ဟေ့ – ဟိုမှာ – အရက်ပုလင်း ဟ"

မြို့သား ကိုခင်ကျော်စိုးရဲ့ အစ်မဝမ်းကွဲများ ပြေးလာကြည့်ကြတော့ သူတို့ မောင်ဝမ်းကွဲမှန်းသိပြီး ရင်ထုလို့ ငိုကြပါရောလေ ...၊



"မနက်ကပဲ – ပြောသေးတယ်ဗျာ၊ ဒီကုန်းပေါ်မှာ အရက်မသောက်နဲ့၊ သမီးရည်းစား ချိန်းမတွေ့နဲ့၊ ဖဲတောင် သွားမရိုက်နဲ့၊ ဒီမိုးကြိုးပစ်ကုန်းပေါ် မဟုတ်မဟတ် လုပ်လို့မရဘူးလို့ ကျုပ်တို့ခင်ဗျားမောင်ကို ကြိုပြောသတိပေးခဲ့ပါတယ် – မစံပယ်ရယ်"

"အမ်မယ်လေး – မောင်လေးရဲ့ – ဟီး"

"မြို့သား – ပညာတတ်ကြီးရဲ့ – ခုတော့ – ဟီး"

✿ ✿ ✿

ရွာနီးဝန်းကျင်မှာ ပြောစရာ ဖြစ်လာကုန်ပြီဗျ၊

"မိုးကြိုးပစ်ကုန်းပေါ်မှာ မဟုတ်တဲ့အလုပ်၊ အကုသိုလ်အလုပ် လုပ်ရင် မိုးကြိုးပစ်ခံရပြီး သေတယ်ဆိုတာ ဟုတ်နေတော့ – ကောင်းပြီ – ကျုပ်တို့ အဲဒီကုန်းပေါ်မှာ ကုသိုလ်ကောင်းမှုလုပ်ရင်ရော မိုးကြိုးက ပစ်မှာလားဗျ"

"အဲဒါတော့ – သိကြားမင်း ဦးမာဃကို သွားမေး – ဦးကတုံးရေ"

"ဘုရားတည်ရင် ရမှာလားလို့ – မေးခဲ့ဗျ – ကိုကတုံးရ"

"အခု – ကျုပ်မေးတာ မှားနေလို့လား"

"မသိဘူးဗျာ"

"ငါ – ကုသိုလ်ကောင်းမှု လုပ်ကြည့်မယ်ကွာ"

"ဦးကတုံး – ကြည့်လုပ်နော်၊ တော်ကြာ – မိုးကြိုးပစ်"

"ဟေ့ – ကတုံးကွ၊ ငိုမယ့်သူ မရှိဘူး"

တားလို့ မရဘူးဗျာ၊ တစ်ရွာလုံး အကျိုးရှိဖို့ကွလို့ ပြောပြီး ညောင်ရေပန်းအိုးတင်တဲ့ သစ်သားစင်လေးရယ်၊ တူ၊ ပန်းအိုးပန်းနဲ့ ရေတစ်ပုံးဆွဲပြီး မိုးကြိုးပစ်ကုန်းပေါ်ကို တစ်ယောက်တည်း ပစ္စည်းတွေကိုင်လို့ မကြောက်မရွံ့ တက်သွားတယ်၊

စိုးရိမ်ပူပန်နေကြတဲ့ ရွာသူရွာသား အတော်များများကလည်း ဘာများ ဖြစ်မှာလဲ၊ ရင်တထိတ်ထိတ်နဲ့ ...၊

www.burmeseclassic.com

မိုးကြိုးပစ်သံကိုပဲ ရင်ခုန်ကြီးစွာ နားစွင့်ကြလို့ ...။

"တက်သွားပြီဟေ့"

"ဘုရား - ဘုရား - တားကြပါဦးဟဲ့ ..."

"ဟော - သစ်ပင်မှာ သစ်သား ဝင်ရိုက်နေသလား"

ကိုကတုံး သရက်ပင်စည်မှာ သစ်သားစဝ်ကို ခိုင်အောင် သံနဲ့ ရိုက်လိုက်တယ်။

ပြီး ... ပန်းအိုးထဲ ရေဖြည့်ပြီး ပန်းထိုးလို့ ဘုရား ရှိခိုးလိုက်တယ်။ ပန်း၊ ရေချမ်း ကပ်လိုက်တယ်။

"ယနေ့ပြုရသည့် ကောင်းမှုကုသိုလ်အဖို့ဘာဂတို့အား ဤကုန်းပေါ်မှာ ပျံလွန်တော်မူသွားသည့် ဘုန်းတော်ကြီး ဦးနဂါးကိုလည်းကောင်း၊ အပိုင်အဆိုင်များနှင့် (၃၀)ဘုံသားအားလုံးတို့အားလည်းကောင်း အမျှပေးဝေပါ၏၊ အားလုံးကြားကြားသမျှ - အမျှ - အမျှ - အမျှ"

"သာဓု - သာဓု - သာဓု"

ပြီး - ဦးကတုံး မတ်တတ်ရပ်လို့ အော်ခေါ်လိုက်တယ်။

"ခေါင်းကြီးတို့ - သာလှတို့ - မောင်အေးတို့ - မိုးအောင်တို့ လာကြဟေ့၊ လာကြ - တက်ခဲ့ကြဟ"

"ကာလသားခေါင်း - ဟိုမှာ ခေါ်နေပြီဗျ"

"သွားကြလေကွာ ..."

"ခင်ဗျား - ရှေ့က သွားမှပေါ့ဗျ"

"မင်းက သန်ပါတယ်ကွာ - ရှေ့က သွားပါ"

"ခင်ဗျား - ကာလသားခေါင်းဆောင်လေဗျာ၊ ခင်ဗျား - သတ္တိ မရှိဘူးလား"

"ဟေ့ - ဖင်ကောင်းကျယ် - လေကြီးကြွားတွေ - နင်တို့မသွားရဲ မတက်ရဲရင် နေရစ်ခဲ့၊ ငါတို့ မိန်းမတွေ ရှေ့ကနေ သွားပြီဟေ့ - လာကြဟေ့"

ရွာသူမိန်းမတွေတဲ့ဗျာ ...။ ခေါင်းပေါ်မှာ လက်အုပ်ချီပြီး မိုးကြိုးပစ်ကုန်းပေါ်ကို တက်သွားကြတာမှ ရဲလို့၊ ဝံ့လို့တဲ့ ...။



ကုန်းပေါ်ရောက်တော့ ...။

ဘုရားပန်းအိုးကန်တော့ပြီး ပျံလွန်တော်မူတဲ့ ဘုန်းကြီးကို အမျှပေးဝေကြတယ်။

ခုတော့ ... အာဂလူသားကာလသားခေါင်းတို့လူစုလည်း မိုးကြိုးပစ်ကုန်းပေါ် ရောက်လာကြသည်။

သန့်ရှင်းရေး လုပ်ကြ၊

ကျင်းချိုင့်တွေ မြေဖို့ကြ၊

ဘာမိုးကြိုးမှ မပစ်ပါဘူးဗျာ၊ လေတဖြူးဖြူး တသုန်သုန်နဲ့ အေးချမ်းသာယာလိုက်တာတဲ့၊

နောက်နေ့များမှာ ဘုရားရုပ်ပွားတော်တစ်ဆူ ပင့်ယူပြီး မိုးကြိုးပစ်ကုန်းမှာ ပူဇော်ဖို့ ပင့်သွားကြတယ်၊

အဖိတ်၊ ဥပုသ်၊ လပြည့်လကွယ်နေ့များမှာ ဝတ်ရွတ်တတ်တဲ့ အမျိုးသမီးများ မိုးကြိုးပစ်ကုန်းပေါ်မှာ မေတ္တာသုတ်နဲ့ ပဋ္ဌာန်းများ ရွတ်ဖတ်ကြတယ်၊

တစ်နေ့ပေါ့ဗျာ ...၊

မုဆိုး မောင်ခွေးတဲ့ ...၊

ခွေးတစ်ကောင် အမဲလိုက်တာ ဖွတ်တစ်ကောင်ကိုတွေ့လို့ ခွေးက လိုက်တော့ ဖွတ်က မိုးကြိုးပစ်ကုန်းပေါ်ကို အသက်လုပြေးသတဲ့၊

ခွေးက မိုးကြိုးပစ်ကုန်းပေါ် မတက်ရဲဘူး၊

အောက်ကနေပဲ ဟောင်နေတာ ...၊

ဒါနဲ့ မုဆိုးမောင်ခွေးက မိန်းကို အသင့်ပြင်ပြီး မိုးကြိုးပစ်ကုန်းပေါ် တက်ခဲ့လိုက်တယ်၊

မြင်ရပြီ ...၊

ဖွတ်က မြေကြီးပုံသေးမှာ ဝပ်နေတာ ...၊

အပိုင်ပဲလေ ...၊

မိန်းနဲ့ အသေထိုးမလို့ မြှောက်လိုက်ရော ...၊



www.burmeseclassic.com

www.burmeseclassic.com

"ဖူး…ဖူး…ရှူး…"

"ဟာ…"

အသံကြားလို့ လှည့်ကြည့်လိုက်ရော ဘုရားရေ…အမောက်ပါတဲ့ မြွေ တောက်ကြီးပါ၊ ပါးပျဉ်းက ဆန်ပြာဆန်ကောခန့်ရှိပြီး အလုံးက ပေါင်လုံးမက ရှိနေတယ်၊

မြွေကြီးက ပါးပျဉ်းကို ထောင်ပြီး ပေါက်မလိုလုပ်ရော၊ လက်ထဲကမှိန်း ပစ်ချပြီး ကုန်းပေါ်ကနေ ခုန်ချပြေးလိုက်တာ အိမ်လည်းရောက်ရော သတိ လစ်သွားတော့တာပဲ၊

အဲဒါ ဝိုင်းဝန်းပြုစု သတိရလို့ မေးတော့မှ သင်းက ဖြစ်ပုံကို ကယောင် ချောက်ချားနဲ့ ပြောလေရဲ့…။

ဆွေမျိုးသားချင်းများကလည်း ဝိုင်းပြစ်တင်ဝေဖန်ကြတာပေါ့ကွာ…။

"သင်းကို မိုးကြိုး ဘာလို့ မပစ်တာတုံးဟ…"

"မိုးကြိုး အိပ်ပျော်နေရှိန် သူရောက်လို့နေမှာပေါ့"

"ဘယ်လိုလုပ်ကြမှာတုံး၊ ဒီနေရာက နတ်ကြီး မြေကြမ်းကြီးဗျ"

"ကျုပ်တို့ ဘုန်းကြီး ဒီကုန်းတော်ပေါ်မှာ တရားကျင့်တဲ့နေရာ မဟုတ် လား၊ နေရာထူး နေရာမြတ်မို့လို့ ဒီကုန်းပေါ်မှာ ဒုစရိုက်မကောင်းမှုလုပ်ရင် တောင်ပိုင်ကြီးတွေ၊ အစောင့်တွေက ဆုံးမတာနေမှာကွ"

"မောင်ခွေးရော - မိုးကြိုးပစ်ဦးမလား မသိဘူး"

"အမလေး - မပြောကြပါနဲ့ဗျ၊ ကြောက်လွန်းလို့ပါဗျ - ဟီး - ဟီး - ဟီး"

"ငခွေး…"

"ဗျာ…ဗျာ"

"မင်း…တွေ့ခဲ့ကြုံခဲ့တာ မြွေလား၊ နဂါးလား…"

"ခေါင်းမှာ အမောက်ပါတဲ့ မြွေကြီးပါဗျ…ဟီး"

"ကုန်းတော်စောင့် နဂါးနေမှာပဲ"

"ဒါဆို ဘယ်လိုလုပ်သင့်တုံးဗျာ…"

"မင်းတော့…မြွေနဂါး ပေါက်ဦးမှာပဲဟေ့…"



"အမလေးဗျ - ကယ်ကြပါဦးဗျ - ဟီး - ဟီး"

ဒီမှာ အဖွားအိုတစ်ဦးက…

"ဒီကုန်းတော်က အလွန့်ကို ထူးခြားနေတယ်၊ ငါတို့များ ကုန်းတော်ပေါ် မှာ တရားစာရွတ်ရင်၊ ဘုရားရှိခိုးရင်၊ သန့်ရှင်းရေးလုပ်၊ ဥပုသ်နားရင် ဘာမှ မဖြစ်ဘူး၊ သေခဲ့သမျှတွေကလည်း အကုသိုလ်အလုပ်တွေ ကုန်းပေါ်မှာ လုပ်ခဲ့လို့ သေရတာ၊ နတ်ကြီးတယ်၊ ဟဲ့ - ငခွေး"

"ဗျာ…အမေထွား"

"ကန်တော့ပွဲနဲ့ အပိုင်အဆိုင်တွေကို သွားတောင်းပန်လိုက်…"

"အမေထွား - ကျွန်တော် ကြောက်လည်း ကြောက်၊ နားလည်း မလည် လို့ပါ - အမေရယ်၊ အမေပဲ - ပြောဆိုလုပ်ကိုင်ပေးပါ - အမေထွားရယ်နော် - နော်"

အဲဒါအမေထွားကိုယ်တိုင် ကန်တော့ပွဲပြင်ပြီး ကုန်းတော်ပေါ်မှာ ငခွေးနဲ့ တောင်းပန်ရတယ်၊

"ဤကုန်းတော်ကို ပိုင်ဆိုင်စောင့်ရှောက်ကြတဲ့ ရုက္ခစိုး၊ ဘုမ္မစိုးများနှင့် တောင်ပိုင်ကြီးတို့ဘုရား - ဟောဒီငမိုက်သား မောင်ခွေးသည် ဤကုန်းတော် ပေါ်အသက်ဘေးအတွက် ပြေးလွှားပုန်းအောင်းသည့် သားသတ္တဝါကို မသိ ဆိုးဝါးစွာနှင့် သတ်ရန်အမှု ပြုခဲ့မိပါတော်ယ်၊ တစ်ကြိမ်တစ်ခါ မိုက်မှားမိသည် ကို ခွင့်လွှတ်ပေးပါရန် ကန်တော့ပွဲ၊ အုန်းပွဲနှင့် တောင်းပန်ပါတယ် - အရှင် တို့၊ ဟဲ့ကောင် - ငခွေး"

"ခင်ဗျာ…အမေထွား"

"ပြောလိုက်လေ - နောင်ကို ဘယ်သောအခါမှ ဒီကုန်းတော်ပေါ်မှာ မကောင်းမှု ဒုစရိုက်အမှုများ မပြုလုပ်ပါလို့ - ပြောလေ"

"ဟုတ် - ဟုတ်ကဲ့၊ အဘိုးတို့ခင်ဗျား - နောင်အခါ ဘယ်တော့မှ ဤကုန်း တော်ဝန်းကျင်နှင့် ကုန်းတော်ပေါ်မှာ မကောင်းမှု ဒုစရိုက်များ လုံးဝမလုပ် တော့ပါဘူးလို့ ရှိသေလေးစားစွာ ကန်တော့တောင်းပန်ပါတယ် - အပိုင် အဆိုင်တို့ ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com

သို့ကလို ပြောဆိုတောင်းပန်ပြီး အမေထွားက ကုန်းတော်တစ်ခုလုံးကို နံ့သာရည်များနှင့် လိုက်လံပက်ဖျန်းနေတုန်းမှာပဲ…

"အမလေး…"

"ဟဲ့ – ဟဲ့ – ဘာဖြစ်တုံး – ငချွေး"

"မြွေ – မြွေနဂါးကြီးဗျ – မြွေနဂါး"

"ဘယ်မှာတုံး – ငချွေးရယ်၊ အလန့်တကြားဟယ်…"

"ဘုရားရှေ့မှာ ပါးပျဉ်းကြီးထွက်လို့ဗျာ…"

"ဟုတ်ရဲ့လား – ငချွေးရယ်၊ ငါလည်း မမြင်ပါဘူး ဟယ်၊ နင့်ကို မြွေနဂါးက ဘာလုပ်ပြတုံး – ပြော"

"ကျွန်တော့်ကို ပါးပျဉ်းထောင်ပြီး ပြုးပြ…"

"ဟဲ့ကောင် – ပေါက်ကရပြောမနေနဲ့၊ လာ – နင် – ဘာမှမဖြစ်တော့ဘူး၊ မြန်မြန်ဆင်း"

သူတို့နှစ်ဦး မိုးကြိုးပစ်ကုန်းပေါ်ကနေ အမြန်ဆင်းလာတုန်းမှာပဲ "ရှူး" ဆိုတဲ့ မြွေတွန်သံ ကြားရရော ငချွေးက ဒုန်းစိုင်းပြေးတယ်၊

အမေထွားက မိုးကြိုးပစ်ကုန်းဘက် လှည့်ပြီး ပြောလိုက်တယ်၊

"ကျွန်တော်မျိုးမက စေတနာသန့်သန့်နဲ့ လုပ်ပေးတာပါ – ကိုယ်တော်ကြီးတို့ရဲ့" တဲ့…။

✿ ✿ ✿

အဘဦးနေမင်းရောင်က ဇာတ်ကြောင်းကို အဆုံးသတ်လိုက်ပြီး ရေနွေးကြမ်းကို သောက်နေလိုက်တယ်၊

"အဘ…"

"ဘာတုံး – စာရေးဆရာ"

"နောင်တော့ – အဲဒီမိုးကြိုးပစ်ကုန်း – ဘယ်လိုဖြစ်သွားလဲ ဟင်"



"အေး – မိုးကြိုးပစ်ကုန်းရဲ့ဒုတိယပိုင်းကို နောက်နေ့မှ ပြောမယ်၊ အဘ တစ်ရေးအိပ်လိုက်ဦးမယ်ဟေ့"

စာဖတ်ပရိသတ်များ ခင်ဗျား… မိုးကြိုးပစ်ကုန်းရဲ့ နောက်ဇာတ်လမ်းများကို ကျေးဇူးပြု၍ စောင့်မျှော်ဖတ်ရှုပေးပါရန်…။

➡ မောင်ညိုမှိုင်း (သန်လျင်)

**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့၊
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com




# နက္ခတ်မိသောဘီလူးရုပ်

**ကောင်းစံဟိန်း (ဖန်နေဝန်း)**

ဆရာ

ဉာဏ်ပွား မှာ ဆရာတော်ကြီး သင်ပြညွှန်ကြားထားသော သမထကျင့်စဉ်များကို နေ့ညမပြတ် လေ့ကျင့်ပွားများလျက်ရှိနေလေသည်။ ဆရာတော်ကြီးက စနစ်တကျ ညွှန်ကြားပြသရာ၌ သမထကျင့်စဉ်တွင် ကမ္မဋ္ဌာန်းလေးဆယ်ရှိသည့်အနက် ကြိုက်နှစ်သက်ရာ တစ်မျိုးတည်းကိုသာ တစိုက်မတ်မတ် လုပ်ဆောင်သွားပါက အာရုံနိမိတ်များ ထင်မြင်လာမည် ဖြစ်၏။ ထိုအာရုံနိမိတ်များ ထင်မြင်မှုအားကောင်းလာခြင်းသည် သမထကျင့်စဉ်၏အကြား အမြင်နှင့် ပိုမို နီးစပ်သည်ဟု မှတ်ယူနိုင်သည်။ သို့သော် လူသတ္တဝါတို့တွင် ပျံ့လွင့်နေသောစိတ်သည် နီဝရဏ တရားများနှင့် မွေ့လျော်နေသောသဘောရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နိဝရဏ တရားဆိုသည်မှာ အတားအဆီး အပိတ်အပင် အချက်အနှောင့်များပင်ဖြစ်၏။ ဆိုလိုသည်မှာ ကာမဂုဏ်၌တပ်မက်သောစိတ်၊ ပွပန်သောတဖြစ်နေသောစိတ်၊ ငိုက်မြည်းထုံထိုင်းစေသောစိတ်၊ သံသယစိတ်နှင့်မောဟဖြင့် တွေဝေသောမသိစိတ်တို့ပင်ဖြစ်၏။ ထိုစိတ်များသည် သမထကျင့်သူများအတွက် ကြီးမားသော အတားအဆီး အပိတ်အပင့်များပင်ဖြစ်ကြောင်း၊ သမထအားထုတ်သူသည် မိမိစိတ်ကို ပိုင်နိုင်မှသာ နိဝရဏတရားများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး အားထုတ်သူသည် အာရုံနိမိတ်များကို(၇)ရက်နှင့် ရချင်ရမည်။ တစ်လအတွင်းလည်း ရချင်ရမည်။ စွဲစွဲမြဲမြဲနှင့် မှန်မှန်တန်ကန် အားထုတ်နေမှ မြန်မြန်ဆန်ဆန် ထင်မြင်လာတတ်ကြောင်း။

ထိုသို့ စွဲစွဲမြဲမြဲ အားထုတ်ပြီး အာရုံနိမိတ်များ ထင်မြင်လာခြင်းကို ပရိကမ္မနိမိတ်ဟုခေါ်သည်။ ကြိမ်ဖန်များစွာပွားများလာပြီး စိတ်၌ ရှင်းလင်းစွာ တိုက်ရိုက် ထင်မြင်လာမှုကို ဥဂ္ဂဟနိမိတ်ဟုခေါ်သည်။ ထင်ထင်ရှားရှား မြင်တွေ့လာရသော အာရုံပင်ဖြစ်၏။ အာရုံပြုမှုကြောင့် တဖြည်းဖြည်း အာရုံနိမိတ်များ ထင်မြင်လာမှုကို ပဋိဘာဂနိမိတ်ဟုခေါ်သည်။ ထိုကဲ့သို့ သမထအာရုံများ အားကောင်းလာသောအခါ ထိုအာရုံများဖြင့်ပင် အလိုလိုမွေ့လျော်လာတတ်သည်။

သို့ဖြစ်ရာ သမထသမားတစ်ဦးသည် ကသိုဏ်းတစ်ခုခုကိုသာ ရှုမှတ်ဆင်ခြင်သည်ဆိုပါက ယင်းကိုပင် ထပ်တလဲလဲ အားထုတ်ဆင်ခြင်ခြင်းဖြင့် သမာဓိစိတ်ကိုပိုမိုထိန်းသိမ်းနိုင်ပေမည်။ ထို့ပြင် ဣရိယာပုဒ်တစ်ခုတည်းဖြင့် ငြိမ်သက်စွာ အားထုတ်ခြင်းသည်လည်း တဖြည်းဖြည်းနှင့် နာရီပေါင်းများစွာ ထိုင်နိုင်လာသကဲ့သို့ အားထုတ်မှုကိုလည်း မထိခိုက်နိုင်တော့ပေ။ ယင်းသို့ဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့ ပြောင်းလဲတိုးတက် အားကောင်းလာသောအခါ စိတ်၏စွမ်းအင်အကြောင်းကို ပိုမိုသိရှိ နားလည်လာမည်ဖြစ်သည်။

ထိုသို့ စိတ်စွမ်းအင် မြင့်တက်လာသောအခါမျိုးတွင် အထူးသတိပြုရမည်မှာ နားထဲတွင် အထူးအဆန်းတစ်ခုခု ကြားသိ ခံစားသလို ဖြစ်လာပြီး ထိုအကြားအတိုင်း တကယ်ဖြစ်နေခြင်း၊ မျက်စိတွင် မြင်မိသလိုလို မြင်သိခံစားသလိုဖြစ်ပြီး တကယ်မြင်သည့်အတိုင်း ဖြစ်လာရခြင်း မိမိအသိတစ်ဦး



အား သတိရသလို ဖြစ်လာပြီး မကြာခင် တို့အသိရောက်လာတတ်ခြင်း၊ တစ်ခါတစ်ရံတွင် သတိမထားမိဘဲ လွှတ်ခနဲ ပြောဆိုသော စကားသည်ပင် လျှင် မကြာမီ ဖြစ်ပျက်လာတတ်သော အဖြစ်အပျက်နှင့် ထပ်တူကြုံတွေ့လာရခြင်းစသော အကြားအမြင်၊ အသိ၏ အရိပ်အယောင်များ ဖြစ်ပေါ်လာတတ်သလို ဝိဘာဂအိပ်မက်များတို့ မြင်မက်လာခြင်းမှာ အကြားအမြင်အသိ၏ ရှေ့ပြေးများ ဖြစ်ကြောင်း သတိပြုကြရပေမည်။

သမထသမားသည် မိမိ၏စိတ်ဓာတ် ပိုမိုအားကောင်း တည်ကြည်လာသောအခါ ဥပစာရသမာဓိ အပ္ပနာသမာဓိဟုခေါ်ဆိုသော သမာဓိအဆင့်သို့ သက်ဝင်လာမည် ဖြစ်သည်။ ဥပစာရသမာဓိဆိုသည်မှာ ဈာန်စိတ် ဖြစ်ခါနီးဆဲဆဲစိတ်ကိုခေါ်၏။ ထိုစိတ်ဓာတ်တစ်ခုလုံးသည် မိမိအားထုတ်ရာ ကသိုဏ်းတရားအစု၌ ပိုမိုအားကောင်းလာခြင်းမှာ ဈာန်စိတ်၏ အနီးသို့ တဖြည်းဖြည်း နီးကပ်လာခြင်းပင်ဖြစ်ကြောင်း သိလာရမည်ဖြစ်သည်။ ဆက်လက်အားထုတ်သောအခါ ဥပစာရသမာဓိခေါ်သော အဆင့်သို့ရောက်ရှိလာမည်ဖြစ်သည်။

ဆယ်ပါးသော ကမ္မဋ္ဌာန်း၌လည်းကောင်း ရှစ်ပါးသောအပ္ပနာဈာန်တို့၏ပုဗ္ဗဘာဂစိတ္တုပ္ပါဒ်တို့၌လည်းကောင်း ကေဝတာစေတ သိက်သည်ဥပစာရသမာဓိမည်၏။ (ဝိသုဒ္ဓိမဂ်)

ဆိုလိုသည်မှာ ဈာန်ကို မရမီ (သို့မဟုတ်) ဈာန်ရခါနီးအချိန်၌ စိတ်သည် တည်ကြည်နေပြီဖြစ်၏။ ထိုသို့စိတ်တည်ကြည်ခြင်းသည် တစ်ခုတည်းသော အာရုံကိုသာ ယူထားခြင်း ဖြစ်သဖြင့် အခြားစိတ်အာရုံများ မဝင်ရောက်လာနိုင်တော့၍ ဈာန်စိတ်နှင့် အနီးကပ်ဆုံး ဖြစ်နေသောကြောင့် ဥပစာရသမာဓိဟု ခေါ်ဆိုခြင်း ဖြစ်သည်။

အာနာပါနသတိ (သမထ) ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၍ ရူပါဝစရဈာန်လေးပါးဟုဆိုအပ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပထမဈာန်၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ အင်္ဂါသုံးပါးရှိသော ဒုတိယဈာန်၊ သုခ၊ ဧကဂ္ဂတာအင်္ဂါနှစ်ပါးရှိသော တတိယဈာန်၊ ဥပေက္ခာ၊ ဧကဂ္ဂတာအင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန်။ အဆင့်ဆင့်သော ဈာန်တို့အနက် စတုတ္ထဈာန်သို့ ရောက်ရှိပြီး ပုဂ္ဂိုလ်သည် ကိလေသာအားလုံး ကင်းငြိမ်းနေ



www.burmeseclassic.com

www.burmeseclassic.com

ပြီးဖြစ်၏၊ ပတ်ဝန်းကျင်မှ တိုက်ခတ်လာသော အကုသိုလ်အလိုဆိုးစိတ်များ လုံးဝတင်းစင်နေပြီး ဖြစ်၏၊ စိတ်သည် လုံးဝ ဖြူစင်နေပြီး ဖြစ်၏၊

ဗုဒ္ဓက "သတ္တဝါတို့၏ မူလစိတ်သည်ဖြူစင်၏၊ သို့ရာတွင်ပတ်ဝန်းကျင်မှ ဝင်ရောက်လာသော မြင်၊ ကြားနဲ့ ထိစသော အာဂန္တုကစိတ်ကြောင့် သတ္တဝါတို့၏စိတ်သည် မည်းညစ်ကြကုန်၏"ဟု မိန့်ကြားထားရာ ယခုစတုတ္ထဈာန်ရပုဂ္ဂိုလ်၏စိတ်သည် အလိုဆိုးအာဂန္တုစိတ်များ လုံးဝမဝင်ရောက်နိုင်တော့သဖြင့် ဖြူစင်သော မူလစိတ်များ ပေါ်လာနေပြီ ဖြစ်ပေသည်၊ သို့ဖြစ်ရာ ထိုပုဂ္ဂိုလ်သည် အကြားအမြင်အသိဟူသော ဣဒ္ဓိတန်ခိုး ရရှိနိုင်ရန် သေချာသလောက် ဖြစ်နေလေတော့သည်၊

သို့သော် ... ဤ၌ ပထမဈာန်မှ စတုတ္ထဈာန်အထိ ဈာန်တို့မှာ ကောင်းတင်သို့ ပျံတက်ခြင်း မဟုတ်သေးဘဲ စိတ်ပိုင်းဆိုင်ရာ ငြိမ်သက်မှုကိုသာ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်းဆရာတော်ကြီးကသမထနှင့်အကြားအမြင်တစ်စိတ်တစ်ဒေသအား ညွှန်ပြထားခြင်း ဖြစ်ပေသည်၊

ဆရာညာက်ပွားမှာ ဆရာတော်ကြီး သင်ကြားထားသည့်အတိုင်း သမထနှင့် ပတ်သက်သော အကြားအမြင်အသိ မနောတို့ ရရှိရေးအတွက် ပုတီးစိပ်ခြင်း၊ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းခြင်း စသည့်အလေ့အကျင့် ကောင်းများဖြင့် တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိနေလေသည်၊ အမှန်တော့ ဆရာတော်ကြီးက မိဘမရှိ၊ ဆွေမျိုးမရှိ တစ်ကောင်ကြွက်ဘဝ ဖြစ်နေသော မောင်ညာက်ပွားအပေါ် ထူးချွန်သောသမားကောင်း တစ်ယောက်ဖြစ်စေလိုသဖြင့် ကိုယ်တိုင်ကိုယ်ကျ ကြပ်မတ် သင်ကြားပေးလျက်ရှိနေခြင်း ဖြစ်သည်၊ အကြားအမြင်အသိ၊ မနောတို့သာမကဘဲ သိဒ္ဓိမဟိဒ္ဓိတို့ကိုပင် ပြီးမြောက်စေချင်သော စေတနာကကြီးမားလျက် ရှိနေလေသည်၊

အဘယ့်ကြောင့်ဆိုသော ဆရာတော်ကြီးကိုယ်တိုင် ငယ်စဉ်ဘဝက အလွန်ဝါသနာကြီးမားခဲ့သော ဆေးဝါးအတတ်ပညာနှင့် သမထ အကြား



အမြင်၊ ဝိဇ္ဇာလိုင်းတို့ပင် ဖြစ်ခဲ့၏၊ ငယ်စဉ်ကိုရင်လေးဘဝ ဆယ့်သုံးနှစ်သားအရွယ်ကပင် သမထဘာဝနာပွားရင်း ဆရာတော်ကြီးထံတွင် ဆေးဝါးအတတ်ပညာနှင့် အင်းအိုင်ခါးလှဲ့ဂါထာမန္တရား၊ မန္တန်များကို သင်ယူနေခဲ့သည်၊ ထိုမှတစ်ဆင့်ရသေ့လေးဘဝဖြင့် ပုတီးစိပ်ခြင်း၊ အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ပထဝီကသိုဏ်းများ ရှုမှတ်ခြင်းဖြင့် တောတောင်ထဲတွင် တစ်ဦးတည်း၊ တစ်ပါးတည်း သစ်တစ်ပင်အောက် ဝါးတစ်ရုံရိပ်မှာ တစိုက်မတ်မတ် ကျင့်ပွားအားထုတ်နေခဲ့ရာ အကြားအမြင်နှင့် အာရုံနိမိတ်များအထိ ပေါက်မြောက်အောင်မြင်လာခဲ့သည်၊ ထိုစဉ်က အသက်ငယ်ဝယ်ရွယ်ရွယ်နှင့် ပညာဉာဏ်ရင့်သန်ပြီး ရောဂါဝေဒနာမှန်သမျှ စုန်းဖမ်းနတ်တိုက်ကအစ မြွေခဲကင်းကိုက်၊ ဖျားနာ၊ နာတာရှည်ရောဂါနှင့် ဝမ်းတွင်းရှုးရောဂါများကိုပင် ရေမန်းသောက်တော်ရေတိုက်လိုက်ရုံနှင့် ဝေဒနာရှင်များ သက်သာပျောက်ကင်းပြီး အဘရသေ့လေး၊ ဘရသေ့လေးဆိုပြီး ကျော်ကြားလာခဲ့လေသည်၊

ထိုအချိန်ကာလမှာ မြန်မာတို့အင်္ဂလိပ်လက်အောက်သို့ ကျရောက်နေပြီးဖြစ်သဖြင့် မြန်မာလူမျိုးများထဲမှ ထွန်းထွန်းပေါက်ပေါက် ကျော်ကြားလာလျှင် အင်္ဂလိပ်အစိုးရက ခေါ်ယူပြီး မေးလားမြန်းလား စစ်ဆေးမေးမြန်းကာ အနည်းဆုံး ခုနစ်ရက်အချုပ်စခန်း မြန်းကြရသည်၊ ထိုကဲ့သို့ ရသေ့လေး အချုပ်ခန်းအတွင်း ရောက်ရှိနေစဉ် ခရိုင်ဝန်တစ်ဦး၏ အငယ်ဆုံးသမီးမှာ ဝေဒနာခံစားနေရကြောင်း အင်္ဂလန်မှအကျော်အမော် ဆေးပညာရှင်များနှင့် ကုသခဲ့သော်လည်း လုံးဝမပျောက်သဖြင့် ရသေ့လေးပျောက်မယ်ထင်ရင် ကုသကြည့်ပါ" ဟု လာရောက်ခေါ်ယူသဖြင့် သွားရောက်ပြီး ဘုရားသောက်တော်ရေနှင့်ရေမန်းများတိုက်၍ ကုသခဲ့ရာ သုံးခွက်သောက်ရုံနှင့် လုံးဝပျောက်ကင်းသွားခဲ့သဖြင့် ခရိုင်ဝန်၏သားသမီးသုံးယောက် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလာခဲ့ကြသည်၊ ထိုအချိန်ကစပြီး ရသေ့လေးမှာ အင်္ဂလိပ်အစိုးရလူကြီးပိုင်းအချို့၏လက်စွဲတော်ဆေးဆရာအဖြစ် ဟိုးဟိုးကျော် လူသိများလာခဲ့လေသည်၊

ထိုအကြောင်းအား ဆရာတော်ကြီး ကြားသိရသောအခါ ရသေ့လေးအား ခေါ်ယူပြီး မြတ်သော ရဟန်းဘောင်သို့ သွတ်သွင်းပေးကာ သမထဘာ



www.burmeseclassic.com

www.burmeseclassic.com

ရှာန်လမ်း ဝိပဿနာကဉာဏ်လမ်း ဖြစ်တယ်၊ ရှာန်လမ်းကို လျှောက်ရင် ဗြဟ္မာဘုံကိုပဲ ရောက်မယ်၊ ဝိပဿနာဉာဏ်လမ်းကိုလျှောက်မှအမြတ်ဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်ဆိုသော ဆရာတော်ကြီး၏စကားကိုမြေဝယ် မကျ နားထောင်ကာ ရဟန်းဘဝသို့ ရောက်ရှိခဲ့ရသည်၊ ရသေ့လေးရဟန်း ဘဝသို့ ရောက်ရှိချိန်မှာ အသက်သုံးဆယ့်ငါးနှစ်သာ ရှိသေးသဖြင့် သူ အလွန်ဝါသနာကြီးခဲ့သောဆေးဝါးပညာနှင့်အကြားအမြင်အင်းအိုင်ခါးလှည့် ဂါထာမန္တရားမန္တန်များဖြင့် ကုသရသော အတတ်ပညာများသည် ဗုဒ္ဓ၏ ထေရဝါဒသာ သာသနာတော်နှင့် လုံးဝမအပ်စပ်ကြောင်း ဆရာတော်ကြီး ၏ဆုံးမမှုဖြင့်စွန့်လွှတ်ခဲ့ရပြီး ဆရာတော်ကြီး၏လမ်းညွှန်ပေးခဲ့သော သမထ မှ ဝိပဿနာသို့ကူးဆက် ကျင့်ပွားအားထုတ်ရန် အရိယာဝိဇ္ဇာ၊ သမထယာနိက ဝိပဿနာကျင့်စဉ်ဖြင့် ဆက်လက် ကျင့်ပွားအားထုတ်နေခဲ့ရာ ယခုအခါ ဒါယကာဒါယိကာမများ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရန် သမထယာနိကဝိပ သသနာတရားရိပ်သာဖွင့်လှစ်ပြီးမြိသလျှက် ရှိနေလေသည်၊

ထိုဘရသေ့လေးဘဝမှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ကူးပြောင်း ရောက်ရှိခဲ့ရသော ဆရာတော်မှာ မောင်ဉာဏ်ပွား၏ကျေးဇူးကြီးမားလှသော အဘဆရာတော်ကြီးအရှင်သူမြတ်ပင် ဖြစ်ပါသည်၊ မောင်ဉာဏ်ပွားမှာ ပထဝီကသိုဏ်းအား ရှုပွားပြီးစီးသွားသဖြင့် တစ်ခါက အဘဆရာတော်ကြီး ပြောပြခဲ့သော သူ့ဘဝဖြစ်စဉ်နှင့် ဂုဏ်ကျေးဇူးများကို အထူးသတိရနေခြင်း ဖြစ်လေသည်၊

ထိုစဉ်မှာ ကိုရင်လေးတစ်ပါး မောင်ဉာဏ်ပွားနေထိုင်ရာ ဆွမ်းစား ကျောင်းပေါ်သို့ ရောက်ရှိလာပြီး ဆရာလေးကို အဘဘုန်းကြီးခေါ်နေတယ် ဟု လာပြောသဖြင့် ဆွမ်းစားကျောင်းပေါ်မှ ဆင်းကာ ကျောင်းကြီးပေါ်သို့ လိုက်လာခဲ့လေသည်၊ အချိန်မှာ နေ့လယ်တစ်ချက်တီးချိန် ဖြစ်သဖြင့် ဆရာတော်ကြီး ကျိန်းစက်ရာမှ နိုးနေချိန် ဖြစ်သည်၊ ဆရာတော်ကြီးရှေ့တွင် ခရီးဝေးမှ လာရောက်နေသူများဟု ထင်ရသော အသက်ငါးဆယ်ကျော် လူကြီးနှစ်ယောက်အား တွေ့လိုက်ရသဖြင့် ဆရာတော်ကြီးအား ဦးချကာ ထိုလူကြီးနှစ်ယောက်အနီးမှာပင် ဝင်ထိုင်လိုက်သည်၊



"ကဲ … မောင်ဉာဏ်ပွား – ဒီဒကာကြီးတွေက ဘုန်းကြီးမွေးဖတိမြေဖြစ် တဲ့ ဘိုကလေးမြို့နယ်ထဲကပဲ၊ သူတို့မှာ အတော်လေး အခက်အခဲ ဖြစ်နေလို့ အဘဘုန်းကို အားကိုးတကြီးနဲ့ လာရောက်လျှောက်ထားကြတာ ဖြစ်တယ် တပည့်၊ အဲဒါတပည့်ကြီး လိုက်ပါကူညီပေးလိုက်ပါ၊ လိုအပ်တဲ့ဆေးဝါးနဲ့ အင်း အိုင်ခါးလှည့်အစွမ်းထက်လက်ဖွဲ့များကိုလည်း ယူဆောင်သွားပါ၊ ခရီးတစ်ခု ဆိုတာ ကြာမယ်၊ မကြာဘူး၊ အပြတ်ပြောလို့တော့ မရဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့တပည့် ကူညီကယ်တင်လိုက်ပါ"

ထိုနေ့ညနေ လေးနာရီတွင် လူကြီးနှစ်ယောက်နဲ့အတူ ရန်ကုန်ဆိပ်ကမ်း ရှိ ဘိုကလေးတက်ထွက်သော ဆိပ်ကမ်းသို့ ရောက်သွားကြသည်၊ အဆင် သင့်တွေ့ရသော ဘိုကလေးမှ စက်လှေတစ်စီးမှာ ယခုပင် ထွက်ခွာမည် ဖြစ် ကြောင်း သိရသဖြင့် စက်လှေကြီးပေါ်သို့ တက်ရောက် နေရာယူလိုက်ကြ သည်၊ စက်လှေမှာ ခရီးသည်တင်မဟုတ်ဘဲ ကုန်တင်စက်လှေ ဖြစ်သဖြင့် ခရီးသည် တစ်ယောက်စ နှစ်ယောက်စသာ ပါရှိပြီး ဆရာလေးဉာဏ်ပွားမှာ သွားရမည့်ခရီးစဉ်အား တစ်ခါမှ မရောက်ဘူး၊ ရေလမ်းခရီးကိုပင် သွားဖူး သူ မဟုတ်သဖြင့် အခန်းထဲတွင် ဘုရားရှိခိုးပြီး သမထဘာဝနာပွားများရင်း အာရုံနိမိတ်များ ခံယူနေလိုက်သည်၊ ခဏအတွင်းမှာပင် စက်လှေများ ဆိုက်ကပ်ထားသော ဆိပ်ကမ်းတစ်ခု ပေါ်လာ၏၊ ထိုဆိပ်ကမ်းတစ်လျှောက် တိုက်ခံအိမ်၊ ပျဉ်ထောင်အိမ်၊ မဒမတိုင်များဖြင့် ဝါးထရံကာအိမ်များ၊ စတိုးဆိုင် ကြီးများ၊ ကုန်စုံဆိုင်ကြီးများ၊ ထမင်းဆိုင်လက်ဖက်ရည်ဆိုင်များ အစီအရီ တွေ့နေရသည်၊

တစ်ခုသော နှစ်ထပ်တိုက်အိမ် ကုန်စုံဆိုင်ကြီး၏ ရှေ့မျက်နှာစာအရှေ့ အဖီခေါင်မိုးပေါ်တွင် ဘီလူးကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်၊ ထိုဘီလူးကြီးမှာ ထိုင်နေသည်ဆိုသော် လည်း မကြာခဏ အိမ်အတွင်းဘက်သို့ လှည့်ကြည့်ကာ အတွင်းဝင်၊ အပြင် ထွက်လိုက် လုပ်နေသည်၊ အိမ်အတွင်းမှ ပြန်ထွက်လာသောအခါ တစ်ခုခု သုတ်စားလာသည့် ပုံစံမျိုးဖြင့် နှုတ်ခမ်းပါးနား သုတ်ကာ ခပ်တည်တည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်ထိုင်နေပြန်သည်။ ထိုသို့မြင်တွေ့နေရခြင်းကြောင့် ဒီကောင်ကြီး အိမ်ထဲတာ ဘာတွေ ခိုးစားနေသနည်း။ ထမင်းဟင်း၊ အသားငါးယူစားလျှင် အကြောင်းမဟုတ်၊ လူတစ်ဦးတစ်ယောက်၏အသွေးအသားများကိုကိုက်ဖဲ့စုတ်ယူစားသောက်နေလျှင်အခက်၊ သို့ကြောင့် အခန်းတံခါးကို ဖွင့်ကာ စက်လှေကုန်းပတ်ဘက်သို့ ထွက်လာခဲ့လေသည်။

စက်လှေကြီးမှာ ညဥ့်အမှောင်ထုအား မီးမောင်းထိုးကာ မြစ်ပြင်ချောင်းကွေ့များကိုအရှိန်နှင့်ခုတ်မောင်းနေသည်။ သူ့အားလာကြိုသူ ဘိုကလေးသားလူကြီးနှစ်ယောက်မှာ ကုန်းပတ်ပေါ်ဖျာခင်းပြီး ရေနွေးကြမ်းထိုင်သောက်နေသည်ကို တွေ့ရ၏။ ထိုအခါ ဆရာညက်ပွားက . . .

"ဦးလေးတို့နှစ်ယောက်ကို ကျွန်ုပ်မသိတာလေး မေးမြန်းစရာရှိလို့ အခန်းထဲ ခဏလိုက်ခဲ့ကြပါဦး"

ဟု ပြောပြီး ထိုလူကြီးနှစ်ယောက်အား အခန်းထဲသို့ ခေါ်လာခဲ့သည်။ အခန်းထဲတွင် ထိုင်မိကြသောအခါ ဆရာညက်ပွားက သူ မြင်တွေ့ရသော အာရုံနိမိတ်အကြောင်းအရာထဲက အဖြစ်အပျက်ကို ပြောပြလိုက်၏။ ထိုအခါ ဦးအုန်းဆိုသူက ထိတ်လန့် ကြောက်ရွံ့စွာဖြင့် . . .

"အဲဒီကုန်စုံဆိုင်နဲ့ တိုက်အိမ်ကြီးက ကျွန်ုပ်အိမ်ပဲ ဆရာ၊ ဒီဆိုင်ကြီး ဖွင့်လာတာ ကြာပါပြီ။ မိဘတွေ လက်ထက်က စခဲ့ကြတာပဲ။ ပြီးခဲ့တဲ့ နှစ်က အိမ်ဟောင်းကြီးကို ဖျက်ပြီး တိုက်ခံအိမ် အသစ်ပြန်ဆောက်ပါတယ်။ အိမ်သစ်လည်းဆောက်ပြီးမကြာပါဘူး။ အိမ်မှာတစ်ယောက်ပြီးတစ်ယောက် နေမကောင်းဖြစ်ကြပါတယ်။ ပထမဆုံးကျွန်ုပ်ရဲ့အဖေ ဆုံးတယ်၊ အသက်ကြီးသူဆိုတော့ သိပ်တော့ အလေးမထားမိဘူး၊ မကြာဘူး - အမေဆုံးတယ်၊ ပြီးခဲ့တဲ့လက ကျွန်ုပ်ရဲ့ဇနီးတစ်ခါထပ်ဆုံးပြန်ရော - တစ်နှစ်ထဲမှာ သုံးယောက်သေတယ်ဆိုတော့ အားလုံးက စဉ်းစားလာရပြီပေါ့ဆရာလေး၊ သိပ်မကြာခင် ရက်ပိုင်းလောက်က ကျွန်ုပ်ရဲ့ချွေးမအိပ်ရာထဲ လန့်အော်ရာကစပြီး နေထိုင်မကောင်း ဖြစ်လာတယ်၊ အသားကဖြူဖပ်ဖြူရော်နဲ့ သွေးမရှိသလို ဖြစ်နေတယ်၊ ဆေးရုံဆေးခန်းတွေလည်း စုံနေပါပြီ၊ ဒါနဲ့ လူပြောသူပြောများတဲ့



ဒီရွာသားဆရာတော်ကြီးနဲ့ လျှောက်ထားရင်ဖြစ်မယ်ဆိုပြီး ဆရာတော်ကြီးဆီလာခဲ့ကြတာပါ"

"ဒါဆိုရင်တော့ ဦးအုံးရဲ့အိမ်မှာ တစ်ခုထူးထူးဆန်းဆန်း ရှိနေပြီဆိုတာ အမှန်ပါပဲ။ ဒါနဲ့အိမ်မှာ ဘီလူးရုပ်တွေ ဘာတွေ အဆောင်သဘောနဲ့ ထားတာရှိလား"

"မရှိပါဘူး ... အရုပ်ဆိုဘာရုပ်မှ ဆောင်ထားတာ မရှိဘူး ဆရာလေး"

"ဒါဆို ... ဟုတ်ပါပြီ ဒီကောင်ကြီးက လူတစ်ဦးတစ်ယောက်စီရင်ထားတာ ဖြစ်နိုင်တယ်၊ ဟုတ်ပြီလေ - ဦးအုံးတို့အိမ်မှာ တကယ်လည်း မရှိဘူး။ ဦးအုံးရဲ့ သားသမီးတွေဆီမှာလည်း ဒီဘီလူးရုပ် မရှိဘူးဆိုရင်တော့ ကျွန်ုပ်ပိုင်ရာဆိုင်ရာနဲ့ ဘီလူးကိုရော စီရင်ထားတဲ့ လူကိုပါ ချုပ်ထားနိုင်းလိုက်ပါ့မယ်၊ ဘာမှ မစိုးရိမ်ပါနဲ့ အေးအေးဆေးဆေး အိပ်ကြပါ၊ အခု ဆယ်နာရီလောက်ရှိမယ်၊ ထင်တယ်"

"ကျေးဇူး ... တင်ပါတယ် ဆရာလေး"

"အင်း . . . နောက်တစ်ခုက ရွာကိုရောက်တဲ့အခါ ကျွန်ုပ်အတွက် နေရာထိုင်ခင်းကို ဘုန်းကြီးကျောင်းမှာပဲဖြစ်ဖြစ်၊ ဇရပ်တစ်ခုမှာပဲ ဖြစ်ဖြစ် စီစဉ်ပေးပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ၊ ကျွန်ုပ်တို့အိမ်နဲ့မဝေးတဲ့နေရာမှာ ဘုန်းကြီးကျောင်းရှိပါတယ် ဆရာ"

ညဥ့်အတော်နက်လာပြီ ဖြစ်သဖြင့် ဦးအုံးတို့နှစ်ယောက် မှာ သူတို့နေရာသို့ပြန်သွားကြပြီးဖြစ်သဖြင့် ဆရာညက်ပွားမှာအလုပ်နှင့် ပတ်သက်သော လုပ်စရာများ လုပ်ဆောင်ပြီး အိပ်ရာသို့ ဝင်ခဲ့လေသည်၊

☯

ဘိုကလေးမြို့နယ်ထဲက ဆိပ်ကမ်းရွာကြီးသို့ ရောက်ရှိကြပြီး ဆရာညက်ပွားမှာ ဘုန်းကြီးကျောင်းပေါ်တွင် ဦးပဥ္စင်းတစ်ပါးနှင့် စကားပြောကျန်ခဲ့သည်။ ဦးအုံးနှင့်အခြားတစ်ယောက်က ရွာထဲသို့ ဝင်သွားပြီး ခဏအကြာမှာ ပြန်လည်ရောက်ရှိလာကြသည်။ ဦးအုန်းနှင့်အတူ အခြားရွာသားအချို့ပါ ရောက်ရှိလာရာ ဦးအုံးက . . .



www.burmeseclassic.com

www.burmeseclassic.com

"ညက ထူးဆန်းတာ ပြောမလို့ ဆရာလေးရယ်၊ ညကိုးနာရီကျော်လောက်က အိမ်ရှေ့အဖီအမိုးပေါ်မှာ တရုန်းရုန်းနဲ့ ဝုန်းဒိုင်းကြဲနေတာပဲတဲ့ ဆရာလေး၊ ဒုန်းဒုန်းနဲ့ သွပ်မိုးကို ဖနောင့်နဲ့ပေါက်တဲ့အသံများဆို အိမ်ကလူတွေ နားကွဲမတတ်ပဲတဲ့ ထူးဆန်းအံ့ဩစရာကောင်းလိုက်တာမှ အရမ်းပဲ၊ အိမ်ကလည်း လျှောင်လှုပ်သလိုယိမ်းထိုးနေတယ်တဲ့၊ ကြောက်လန့်ပြီးဘေးအိမ်တွေ လှမ်းအော် အကူအညီတောင်းရတာ၊ ဘေးအိမ်တွေကလည်း တဒုန်းဒုန်းအသံတွေ ကြားရသတဲ့ ရွာသားတွေရောက်လာပြီး ခေါင်မိုးကို ဓာတ်မီးတွေ ဘာတွေနဲ့ ထိုးကြည့်ကြတယ် ဘာမှ မတွေ့ဘူး၊ ဒါပေမဲ့ တဒုန်းဒုန်းအသံကိုတော့ အားလုံး ကြားနေကြတယ်တဲ့၊ နောက်ဆုံးတော့ ရွာသားတွေမိုးလင်းအထိ စောင့်အိပ်ရင်း ဘာဖြစ်လို့ဖြစ်မှန်းမသိတဲ့အတွက် တစ်ရွာလုံး ကြောက်ရွံ့နေကြတယ် – ဆရာလေး"

ဦးအုံးက ကုန်ခဲ့သောည ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်အားကိုယ်တိုင်ကြုံတွေ့ရသော ရွာသားများနှင့်အတူ လာရောက်ပြီး ရှည်လျားစွာ ပြောပြသဖြင့် ဆရာလေးညာဏ်ပွားမှာ အတော်ကြာကြာ စဉ်းစားနေမိသည်၊ ပြီးမှ…

"ဟုတ်ပြီလေ … ရွာသားများကို ရှင်းပြစရာရှိလို့ ဒီနားမှာ လာစုကြပါဦးလို့ ပြောလိုက်ပါဦး"

ဆရာညာဏ်ပွားစဉ်းစားမိသည်မှာပြဿနာအစကိုရှာရဦးမည်၊သေရေးရှင်ရေးလောက် အရေးကြီးသောကိစ္စ၊ ယခုကိစ္စ ရွာသားအားလုံးသိအောင် ရှင်းရှင်းလင်းလင်း လက်ဆုပ်လက်ကိုင် ပြသမှ ဖြစ်မည်ဟု စိတ်ကူးရမိသဖြင့် ရွာသားများအား ခေါ်ထားလိုက်ရခြင်းဖြစ်သည်၊ ယခုကဲ့သို့ဖြစ်လာရသော ပြဿနာမှာ ပြုလုပ်သူက တစ်ဖက် လူပျက်စီးစေလိုသော ဆန္ဒဖြင့် ပြုလုပ်ခဲ့လေသည်လား၊ သို့မဟုတ်ပါက မြေဆော့လက်ဆော့ဖြင့် လုပ်ထားခဲ့လေသည်လား၊ မည်သူမှ မသိနိုင်၊ လုပ်ထားသူက လုပ်ထားခဲ့သဖြင့် ပျက်စီးသူက ပျက်စီးခဲ့ကြပြီ၊ သို့သော် အဖြေကိုတော့ ရှာဖွေရဦးမည်၊ ညက မန္တန်ဖြင့် ချုပ်ထားသော မြေဖုတ်ဘီလူးကြီးနှင့် ပြုလုပ်သူတို့ ရောက်ရှိလာမှ အဖြေမှန်ကို ရှင်းပြနိုင်မည်ဖြစ်ကြောင်း တွေးနေမိသည်၊



ထိုအချိန်တွင် လူကြီးတစ်ယောက်အား စောင်ပုခက်ဖြင့် ထမ်းကာ ရွာလေ့ဆိပ်မှတစ်ဆင့် ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာကြသည်၊ ဆရာအားလာရောက် ပြသခြင်းဖြစ်ကြောင်း လူမမာ ထမ်းလာသူများက ပြောပြ၏၊ လူမမာဆိုသူမှာလည်း မျက်လုံးများမှိတ်ထားပြီး ငြိမ်သက်နေသည်၊ မေ့မြောနေခြင်းတော့ ဟုတ်ဟန်မတူ၊

ထိုလူမမာ ထမ်းလာသူများအား မေးမြန်းကြည့်ရာ မြစ်တစ်ဖက်ရွာမှ လက်သမားဆရာဦးဘမောင်ဖြစ်ကြောင်း ည (၉)နာရီကျော်လောက်က အလုပ်မှပြန်လာပြီး အိမ်မှာ တရုန်းရုန်းဖြင့် ထခုန်နေပြီး ပါးစပ်ကလည်း ငါ့ကို ကြိုးနဲ့ဖမ်းချည်နေကြပြီ၊ ကြိုးနဲ့ဖမ်းချည်နေကြပြီ၊ ကယ်ကြပါဦး၊ ကယ်ကြပါဦး" ဟု ညည်းညူ အော်ဟစ်နေကြောင်း ရွာသားများက "မင်းကို ဘယ်သူတွေကြိုးနဲ့ဖမ်းချည်နေလို့လည်းငါတို့မမြင်ပါလား"လို့မေးတော့၊ "အား – သရဲတွေ – သရဲတွေ ငါ့ကိုကြိုးနဲ့ ဖမ်းချည်သွားကြပြီ၊ ဟီး – ဟီးနဲ့ "တစ်ညလုံး ထိုင်ငိုနေကြောင်း အတူပါလာသူများက ပြောပြကြ၏၊ သူ့ဇနီးဆိုသူမှာလည်း တစ်ညလုံး ငိုထားသဖြင့် မျက်လုံးများ မို့အစ်နေသည်ကို တွေ့ရသည်၊ ဆရာညာဏ်ပွားမှာ သူတို့မိသားစုကိုကြည့်ပြီး အတော်ပင် ကရုဏာသက်သွားမိသည်၊

"ဦးအုံးရေ … မြစ်တစ်ဖက်ရွာသားဦးဘမောင်ကို သိမ်ထဲမှာပဲ ခေါ်ထားကြပါဦး ကျွန်ုပ်နည်းနည်းပါးပါး မေးကြည့်ရအောင်"

ဆရာညာဏ်ပွား ပြောလိုက်သဖြင့် မြစ်တစ်ဖက်ရွာသားလူမမာဦးဘမောင်အား သိမ်ထဲသို့ စောင်ပုခက်ဖြင့် ထမ်းကာခေါ်သွားကြသည်၊ ဆရာညာဏ်ပွားလည်း ကျောင်းပေါ်မှဆင်းကာ သိမ်ထဲသို့ လိုက်ပါလာခဲ့သည်၊ ဆရာညာဏ်ပွားက လူမမာဆိုသူ ဦးဘမောင်အား သေချာကြည့်နေစဉ် ဦးဘမောင်မျက်လုံးများ ပွင့်လာပြီး သူ့မျက်လုံးအစုံမှာ နီရဲတောက်ပလျက် ဆရာညာဏ်ပွားအား ဝါးစားပစ်တော့မလို အံကြိတ်ကာ တစ်ချက်လှမ်းကြည့်လိုက်ပြီး –

"ငါလုပ်လိုက်ရ – မင်းတို့တစ်ရွာလုံးပြာကျသွားမယ် ဘာမှတ်လဲ"

ဟု သူ့ဘာသာသူ ပြောသလို စကားသံတစ်ချက် ထွက်ပေါ်လာသည်၊ ဆရာညာဏ်ပွားကတော့ ဘာမှလိုက်၍ မပြောပါ၊ လှည့်၍လည်း မကြည့်



www.burmeseclassic.com

www.burmeseclassic.com

သူ့ဆေးလွယ်အိတ်အတွင်းမှ ဆေးကြိမ်လုံးငယ်နှင့် ဂုဏ်တော်ကွန်ရာကြိုးကို ထုတ်ယူပြီး ဘီလူးဝင်စီးထားသူ ဦးဘမောင် မြင်သာအောင် လွယ်အိတ်ပေါ်တင်ထားလိုက်သည်။ ထိုစဉ်မှာ လူမမာဆိုသူဦးဘမောင်က -

"ငါ ပြောထားပြီနော် - လူ့စည်းဘီလူးစည်းဆိုတာ ရှိတယ်။ ဆရာကလည်း ဆရာ - ငါကလည်း ဘီလူး၊ အလုပ်နှောင့်ယှက်တာတော့ မကြိုက်ဆုံးပဲ၊ လုပ်တုန်းက လုပ်ပြီးတော့ အခုမှ ဖမ်းချုပ်ပြီး ဒီနေရာမျိုး ခေါ်သွင်းတယ်ဆိုတာ"

ဦးဘမောင်စကားမဆုံးခင်မှာပင် ဆရာညက်ပွားက လက်ကာ၍ တားဆီးလိုက်ပြီး။

"ဟုတ်ပြီလေ - ဘီလူးဆိုတာ ဆရာနဲ့တွေ့ရင် ဘာဖြစ်သွားမလဲ၊ ဆရာက လူ၊ ဘီလူးဆိုတာ ယုတ်ညံ့တဲ့ဘဝထဲက ရုပ်ခန္ဓာဖြစ်တယ်၊ ကဲ - မင်း ဘာတွေ ဆက်ပြောချင်သေးလဲ"

ဘီလူးဝင်စီးထားသော ဦးဘမောင်မှာ အံကိုတင်းတင်းကြိတ်ရင်း ဆရာညက်ပွားဘက်သို့ နီရဲသော မျက်လုံးအစုံဖြင့် ဒေါသမျက်စောင်း တစ်ချက် ထိုးလိုက်ပြီး -

"လွှတ်ပေးစမ်းပါ - ဘီလူးအစွမ်း ဘာမှတ်လည်း သိသွားစေရမယ်"

"မင်းလို သချိုင်းကုန်းမှာတောင် နေစရာ မရှိတဲ့ကောင်က ဘယ်မှာ အစွမ်းသတ္တိဆိုတာ ရှိပါ့မလဲကွာ၊ အခုပဲ အစွမ်းသတ္တိမရှိလို့ ခံနေရပြီလေ၊ မဟုတ်ဘူးလား၊ ရှိရင်လည်း ရွာသားတွေရှေ့မှာ ပြလိုက်စမ်းပါ၊

ဆရာညက်ပွားမှာ ရယ်ရယ်မောမောဖြင့် ဘာကိုမျှ ဂရုမစိုက်သလို ပြောလိုက်သဖြင့် ဦးဘမောင်ထံ ဝင်စီးထားသော မြေဖုတ်ဘီလူးကြီးမှာ အတော်ပင် ဒေါသထွက်နေသည်ကို တွေ့လိုက်ရသည်၊ ထိုအခါ ဆရာညက်ပွားကပင် -

"မင်းမှာ အစွမ်းသတ္တိမရှိလို့ မပြနိုင်ဘူးဆိုရင်လည်း ငါလူသားစစ်စစ် ဆရာဟာ ဘယ်လောက်အစွမ်းသတ္တိရှိတယ်ဆိုတာ ပြလိုက်ရတာပေါ့ကွာ၊ မဟုတ်ဘူးလား ဟဲ - ဟဲ"

ဆရာညက်ပွားမှ ဂရုမစိုက်သလို ရယ်မောကာ ပြောဆိုလိုက်ပြီး ယောင်ထုံးထဲက စီရင်ထားသော မိုးကြိုးသွားလေးကို ဆွဲထုတ်လိုက်သည်၊ ဘီလူးဝင်စီးထားသူ ဦးဘမောင်ကလည်း ဆရာညက်ပွား လှုပ်ရှားမှုကို မျက်တောင်မခတ် စူးစိုက်ကြည့်နေရာမှ လက်ခနဲတစ်ခု မြင်တွေ့လိုက်ရ



သဖြင့် အထိတ်တလန့် ဖြစ်သွားကာ စိုက်ကြည့်နေသော မျက်လုံးများ ပြူးကျယ်သွားရလေသည်၊

"ဘီလူးဆိုတဲ့သတ္တဝါကို လူသားတွေက ဆုံးမလာခဲ့တာ နိပါတ်တော်တွေမှာလည်း အာဠာဝကလို နတ်ဘီလူးကြီး ကျွတ်တမ်းဝင်သွားတဲ့အထိ ကယ်မချွတ်ပေးတော်မူခဲ့တယ်၊ အခုလည်း ကြမ်းတမ်းရက်စက်တဲ့ မြေဖုတ်ဘီလူးအယုတ်အား ကျွန်ုပ်ချွတ်ပေးကယ်တင်အံ့၊ ကျွန်ုပ်သည် ဤပညာရပ်အား စတင်သင်ကြားခဲ့စဉ်ကပင် သက်သတ်လွတ်စားခြင်း၊ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ခြင်း၊ သမထဘာဝနာ ပွားများခြင်း၊ ကံငါးပါးကို လုံခြုံအောင်ထိန်းသိမ်းခြင်း၊ ဝေဒနာရှင်များအား ကုသကယ်မ ချွတ်ပေးရသောအခါများတွင်လည်း တရားတော်နှင့်အညီ ကယ်တင်ဆုံးမပေးခြင်းသာ ရှိပါသည်၊ ယခုကြုံတွေ့နေရသော ဝေဒနာရှင်များအား ကုသကယ်မရာတွင် ဘိုးတော်သကြားမင်းနှင့်တကွ သာသနာစောင့် နတ်မင်းကြီးလေးပါးတို့ပါ ကူညီကယ်မ စောင့်ရှောက် ပေးကြပါရန် လျှောက်ထားအပ်ပါသည်"

"မြေဖုတ်ဘီလူးကို ဘိုးတော်သိကြားမင်းနှင့်တကွ သာသနာတော်စောင့် လောကပါလ နတ်မင်းကြီးလေးပါးကပါ စောင့်ရှောက်ဖို့ ရောက်ရှိနေပါပြီ၊ အခု အမိန့်အတိုင်း မနာခံပါက သင့်အား ပြင်းစွာသော ဒဏ်ခတ်ခြင်းနှင့်အတူ အဝီစိငရဲသို့ တစ်ခါတည်း ဆွဲချပို့ပေးကြပါလိမ့်မယ်၊ ဒါကြောင့် သင် မနေအပ်သော လူသားတစ်ယောက်၏ နေအိမ်သို့ ဘာကြောင့် ရောက်ရှိလာတယ်ဆိုတာ ဆရာ့ကိုအမှန်အတိုင်း ပြောရလိမ့်မယ်၊ ဆရာစကားဟာ သင့်အတွက် အမိန့်အာဏာဟူ၍ မှတ်ပါ"

ဆရာညက်ပွားသည် မိမိယောင်ထုံးထဲမှ မိုးကြိုးသွားကို ထုတ်ယူစဉ်တပင် ဦးဘမောင် တုန်လှုပ်ချောက်ချားသွားသည်ကို မြင်တွေ့လိုက်ရသဖြင့် စိတ်ပိုင်းဆိုင်ရာစွမ်းအင် အကြောင်းကို နားလည်ထားသူ ဆရာညက်ပွားက ဒီအကောင်ကြီး ဘယ်လောက်ပင် ကြမ်းဝါးပါစေ၊ မိမိ၏ လွှမ်းမိုးမှုအောက် ရောက်ရှိပြီး မိမိအလိုသို့ လိုက်ပါလာရမည် ဖြစ်ကြောင်း ပို၍ပင် နားလည်ထားပြီး ဖြစ်သည်၊ ထိုအခါ ဦးဘမောင်ထံမှ မြေဖုတ်ဘီလူးကြီး၏ အသံက တိုးတိုးလေး ထွက်ပေါ်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဒါ့ကို ... လွှတ်ပေးပါ"

"ဆရာပြောထားပြီပဲ လူသားတစ်ယောက်ရဲ့ခန္ဓာအိမ်ကို ကျူးကျော်ဝင်ရောက်ပြီး ဘာကြောင့် ဒုက္ခပေးနေရတယ်ဆိုတာပြောပါ၊ အခုနဲ့ မေးမရဘူးဆိုရင် ကြမ်းတမ်းစွာ ဒဏ်ခတ်ပြီး မေးမြန်းရလိမ့်မယ်၊ မြေဖုတ်ဘီလူးကြီး"

"ဒီကိစ္စ ... ငါဘာမှမသိဘူး၊ ငါသိတာက ဒီကိုရောက်လာတာပဲသိတယ်၊

"မသိဘူးဆိုရင်ကောင်းပြီလေ ကြမ်းမှဖြစ်တော့မယ်၊ ဒါမှမှတ်လောက်သားလောက် ဖြစ်ကျွန်ခဲ့ရမှာပေါ့"

ဆရာညာဏ်ပွားစကားပြောရင်းလက်ထဲကမိုးကြိုးသွားကိုဦးဘမောင်မျက်နှာရှေ့နားသို့ တိုးကပ်ပြလိုက်ပြီး -

"ဒီမှာ ... ကြည့်စမ်း မင်းအတွက် အဝီစိသွားရမယ့်လမ်းကြောင်းသေသေချာချာ ကြည့်ထားတွေ့တယ် မဟုတ်လား"

ဦးဘမောင် အမည်ခံ မြေဖုတ်ဘီလူးကြီးမှာ မျက်နှာနားသို့ တိုးကပ်လာသော မိုးကြိုးသွားကို ကြည့်ရင်းမှပင် မျက်လုံးများ ပြူးကျယ်ထွက်လာကာအလွန်ပင် ထိတ်လန့်တုန်လှုပ်သွားပြီး စိတ်ကို မထိန်းနိုင်တော့ဘဲ သတိလစ်မေ့မြောသွားလေသည်၊

ဆရာညာဏ်ပွားမှာဦးဘမောင်ပြန်လည်သတိရလာသည်အထိ အခြေအနေကို စောင့်ကြည့်နေသည်၊ ထိုအခြင်းအရာကို မြင်တွေ့နေကြသောရွာသားအချို့ကလည်း ဒီဘီလူးကြီးဘီလူးဝင်စီး ခံထားရလို့ သနားပါတယ်ကွာ၊ ကရုဏာသက်စွာဖြင့် တီးတိုး ပြောဆိုသံများကို ဆရာညာဏ်ပွားကြားလိုက်ရသဖြင့် -

"ဒါလောက်လည်း သနားမနေကြနဲ့ဦး၊ သူကိုယ်တိုင်က လုပ်ထားခဲ့လို့သူကိုယ်တိုင်အခုလိုခံစားနေရတာပေါ့ဗျာ၊ သတိရလာတဲ့အခါ သူကိုယ်တိုင်ဝန်ခံတာ ရွာသားအားလုံး တွေ့မြင်ကြရပါလိမ့်မယ်"

ဟု အေးဆေး တည်ငြိမ်စွာ ပြောလိုက်သဖြင့် ရွာသားများမှာလည်း ဦးဘမောင် သတိရလာသည့်အထိ အခြေအနေကို စောင့်ကြည့်နေကြလေသည်၊ ခဏကြာသောအခါ ဦးဘမောင် အနည်းငယ် လူးလွန့်လာရာမှ သတိကောင်းစွာ ရရှိလာပြီး သူ့ဘာသာသူ ထထိုင်လိုက်သည်၊ သူ့မျက်လုံးများကလည်း ဆရာညာဏ်ပွားမှာ ဘာစကားမှ မပြောမဆိုဘဲ သူ့ဖဆေးလွယ်



အိတ်ထဲမှ မန္တန်ဖြင့် စီရင်ထားသော "ဘီလူးဒူးထောက်" ခေါ် ဒူးတစ်ဖက်မြေကြီးတွင်ထောက်ပြီးအခြားဒူးတစ်ဖက်ကထောင့်ကြောင့်ထိုင်လျက်ဘွဲ့မြ လက်နက်ကိုင်ဆောင်ကာ အစွယ်တငေါငေါ ထွက်နေသော တစ်လက်မအရွယ် ဘီလူးရုပ်ကလေးအားဖျာပေါ်တွင် တင်လိုက်သည်၊ တစ်ခါတည်းမှာပင် ဦးဘမောင်ဘက်သို့လှည့်ပြီး -

"အသင်မြေဖုတ်ဘီလူး မင်းက လက်ရှိလူသားထံမှလှည့်ပြီးစွာပြီး မင်းနဲ့အမျိုးတူဖြစ်တဲ့ဒီအရုပ်ထဲမှာ ခဏဝင်နေလိုက်ပါ၊ ဒါမှ မင်းနဲ့ကိစ္စက အမှန်တရား ပေါ်လာမှာဖြစ်တဲ့အတွက် အမြန်ဆုံး ထွက်ခွာပေးလိုက်ပါ"

ဆရာညာဏ်ပွားကဦးဘမောင်အား စေ့စေ့ကြည့်ကာ ပြောလိုက်သဖြင့် သတိကောင်းစွာ ရရှိနေပြီဖြစ်သော ဦးဘမောင်မှာ တစ်ချက်ပြုံးရယ်လိုက်ပြီး ဦးခေါင်းအား ရှေ့သို့စိုက်ချလိုက်သည်၊ ပြီးမှ ဟင်း ... ခနဲ သက်ပြင်းတစ်ချက်ချလိုက်၏၊ ထိုကဲ့သို့သက်ပြင်းချပြီးနောက်တွင် မျက်လုံးအား မှိတ်ထားလိုက်လေသည်၊ မျက်လုံးများ အကောင်းပကတိ ပြန်ဖွင့်လာသောအခါ ဘေးဘယ်ညာသို့ လှည့်ကြည့်ရင်း သူ့ကိုယ်သူကြည့်ပြီး အလွန်ပင် အံ့ဩနေမိသည်၊ ထိုအချိန်တွင်ပင် ဆရာညာဏ်ပွားမှာ မြေဖုတ်ဘီလူး ဝင်ရောက်နေပြီဖြစ်သော "ဘီလူးဒူးထောက်" ရုပ်ကလေးအား ခြေမန်းကွင်းဖြင့် စွပ်ထားလိုက်လေသည်၊ ပြီးမှ - ဦးဘမောင်အား -

"လက်သမားဆရာဦးဘမောင် ... ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"ဒါဆိုရင် လွန်ခဲ့တဲ့နှစ်က ဒီဆိပ်ကမ်းသာမှာ အိမ်ဘယ်နလုံးဆောက်ခဲ့တယ်ဆိုတာရယ်၊ အိမ်ဆောက်ရင်းနဲ့ အိမ်ရှင်ကို ပျက်စီးစေချင်တဲ့ဆန္ဒနဲ့ ဘာတွေ လုပ်ထားခဲ့တယ်ဆိုတာရယ်နဲ့ ပြန်စဉ်းစားပြီး ဆရာ့ကို ပြောပြပေးပါ"

ဆရာညာဏ်ပွားက တိုက်ရိုက်သိနေသလို အပြောကြောင့် ဦးဘမောင်ခေါင်းငိုက်စိုက်ကျကာ အတော်ကြာကြာ စဉ်းစားနေလိုက်သည်၊ ထိုစဉ်ဆရာညာဏ်ပွားကပင် ဆက်လက်ပြီး -

"ဟိုဘက်မှာ ထိုင်နေတဲ့ ဦးအုံးကို သိတယ်နော်၊ ဦးအုံး အိမ်ဆောက်တုန်းက ခင်ဗျား ဘာတွေလုပ်ထားခဲ့တယ်ဆိုတာ မှတ်မိနေဦးမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးက လူတွေကို လိမ်လို့ ရပေမယ့် ကျွန်ုပ်ကိုတော့ လိမ်ညာလို့ မရတဲ့အတွက် အမှန်အတိုင်း ပြောရလိမ့်မယ် ဦးဘမောင်"

ဦးဘမောင် ခေါင်းပြန်ထောင်လာပြီး ညှိုးငယ်နေသော မျက်နှာမှာ သွေးမရှိတော့သလို ဖြူရော်အားငယ်စွာဖြင့် -

"ကျွန်တော် မှားခဲ့ပါတယ်၊ ဆရာ - အဲဒီနေ့က အိမ်ရှင်ဖြစ်တဲ့ ဦးအုံးရဲ့ အဖေနဲ့ မဖြစ်စလောက် စကားများကြပါတယ်၊ အိမ်ကလည်း အားလုံး ပြီးနေပြီဆိုတော့ အိမ်ရှေ့အဖီအပေါ်က ဘီလပ်မြေအချောသပ်ပြီးရင်ပြီးပါပြီ၊ အဲဒါကြောင့် အချောသပ်တဲ့နေရာမှာ ကျွန်တော်က ဘီလူးရုပ်ကလေးတစ်ခု ရေးခြစ်ထားခဲ့မိပါတယ်၊ ဒါကလည်း အကြီးအကျယ် ပျက်စီးစေလိုတဲ့ ဆန္ဒမရှိခဲ့ပါဘူး၊ ဗျားနာခနေထိုင်မကောင်းတာလောက်နဲ့ ပြီးသွားမယ် ထင်ခဲ့ တာအမှန်ပါ၊ ကျွန်တော်အား ခွင့်လွှတ်ပေးပါဆရာ"

"ဦးဘမောင်အနေနဲ့ အခုလို အမှန်အတိုင်း ဝန်ခံတဲ့အတွက် ကောင်းပါ တယ်၊ ဖုံးကွယ်ပြီး လိမ်ညာပြောဆိုနေမယ်ဆိုရင်လည်း ဒီထက်မက ဆိုးဝါး တဲ့ အပြစ်ဒဏ်ခံရဦးမှာပါ၊ ခင်ဗျားအနေနဲ့ အခုလို စိတ်လိုက်မာန်ပါ လုပ်ခဲ့မိ ပြီး အရုပ်ဆွဲထားခဲ့တာဟာ ဘာမှကြီးကြီးကျယ်ကျယ် မဖြစ်ဘူးလို့ထင်ထား ခဲ့ပေမယ့် ဘီလူးရုပ်၊ တစ္ဆေသရဲရုပ်ဆိုတာ သူဖြစ်နေတဲ့ဘဝကိုယ်၌က ကြမ်းကြုတ်တတ်တဲ့ ဝိညာဉ်လောကသား ဖြစ်နေလေတော့ အထူးသဖြင့် ဘီလူးနက္ခတ်၊ သူခိုးနက္ခတ်၊ နတ်နက္ခတ်ဆိုတာကရှိနေကြတယ်ဦးဘမောင်၊ အခုလို အလွန်ကြမ်းကြုတ် ရက်စက်တတ်တဲ့ ဘီလူးရုပ်မျိုးတင် မကဘူး၊ သူ့နက္ခတ်နဲ့သူ တိုက်ဆိုင်သွားရင် ဘယ်လို အရုပ်မျိုးမဆို သက်ဝင်လှုပ်ရှား လာတတ်တာ အမှန်ပဲ၊ အခုလည်း ဒီဘီလူးရုပ်ကနေ နက္ခတ်မိပြီး အသက်ဝင် လာကာ လူတွေကို ဒုက္ခပေးတာ ခင်ဗျားလက်တွေ့ပဲ မဟုတ်လား၊ ဒါ့ကြောင့် ကြမ်းကြုတ် ရက်စက်တတ်တဲ့ သတ္တဝါရုပ်တွေ ရေးဆွဲရတဲ့အခါမှာ သူ့ရဲ့ ဆိုင်ရာနက္ခတ်နဲ့ လွတ်ကင်းအောင် ရှောင်ရှား ရေးဆွဲရတဲ့အကြောင်းကို လောကီပညာကျမ်းတွေမှာ ဖွင့်ပြထားတာ တွေ့ရှိရပါတယ်၊ အခု ခင်ဗျား အနေနဲ့ ဘာမှ မဖြစ်ဘူး အထင်နဲ့ ရေးဆွဲထားခဲ့ပေမယ့် တကယ်ဖြစ်လာလို့ တကယ်လည်း ပျက်စီးဆုံးရှုံးခဲ့ကြရပြီဆိုတော့ ခင်ဗျားရေးဆွဲထားခဲ့တဲ့ ဘီလူးရုပ်ကို ခင်ဗျားကိုယ်တိုင်ပဲ ဖျက်ဆီးပေးပါ"



"အင်း ... တစ်ခုတော့ ရှိတယ်၊ အခုလို နက္ခတ်မိနေတဲ့ ဘီလူးရုပ်ကို ဖျက်ဆီးတဲ့အခါ အထူး သတိထားရမှာက ဒီဖျက်ချထားတဲ့ အစအန အပဲ့အရွဲ့လေးတွေကိုတော့ သေသေချာချာ မကျန်အောင် သိမ်းဖို့လိုတယ်၊ ဒီအပိုင်းအစလေးတွေကို အောက်လမ်းဆရာလက်ထဲ ရောက်မသွားအောင် ရပ်မိရပ်ဖများနှင့် ရွာလူကြီးတွေကလည်း စနစ်တကျနဲ့ တစ်စစီ ဖျောက်ဖျက် ပစ်ကြဖို့ အရေးကြီးပါတယ်၊ အဲဒါကြောင့် ရပ်မိရပ်ဖလူကြီးတွေ စောင့်ကြပ် ဖျက်ဆီးပြီး စနစ်တကျ ဖျောက်ဖျက်ပစ်ကြပါလို့ ကျွန်ုပ်မေတ္တာရပ်ခံ ပါတယ်၊

ဆရာညက်ပွားက အားလုံး ရှင်းလင်းနားလည်အောင် ရှည်လျားစွာ ရှင်းပြလိုက်သဖြင့် အိမ်ရှင်ဦးအုံးအပါအဝင် ရွာလူကြီးများက အစအန တစ်ခု မှ မကျန်အောင် ဖျောက်ဖျက်ပစ်ဖို့ တာဝန်ယူကြောင်း ပြောကြပါသည်၊ ပြီးနောက်တွင် လက်သမားဆရာဦးဘမောင်အား ရွာလူကြီးအချို့မှ ဦးအုံး ၏နေအိမ်သို့ ဘီလူးရုပ်အား ဖျက်ဆီးပစ်ရန် ခေါ်ဆောင်သွားကြလေသည်၊



အသင်မြေဖုတ်ဘီလူး-သင်သည် တိုက်ဆိုင်စွာ ရောက်ရှိလာပြီး အိမ်ရှင် လူသားများအပေါ် အကျိုးမဲ့သော မကောင်းမှုအလုပ်ကို လုပ်ကိုင်ခဲ့သဖြင့် သေကြေပျက်စီးခဲ့ကြရသည်။ အချို့မှာ စိတ်သောက ရောက်ခဲ့ကြရသည်။ သို့သော် ဆရာအနေဖြင့် သင့်အား ပြင်းစွာ သော ဒဏ်ခတ်မှုကို မပြုလိုပါ။ သင့်အနေနှင့် ယခုကဲ့သို့ မကောင်းမှုမျိုးကို တစ်သက်လုံး ရှောင်ရှားရန်သာ ဆရာပြောလိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါဆရာညာက်ပွားမှာလည်း ဆေးဖြင့်စီရင်ထားသော ဘီလူးဒူးထောက်ရှုပ်အတွင်းသို့ စေတ္တသွင်းထားသော မြေဖုတ်ဘီလူးအား သိမ်၏ ဥပစာအပြင်ဘက်သို့ ခေါ်ထုတ်ယူလာခဲ့ပြီး -

"အသင်မြေဖုတ်ဘီလူး - သင်သည် တိုက်ဆိုင်စွာ ရောက်ရှိလာပြီး အိမ်ရှင်လူသားများအပေါ် အကျိုးမဲ့သော မကောင်းမှုအလုပ်ကို လုပ်ကိုင်ခဲ့သဖြင့် သေကြေပျက်စီးခဲ့ကြရသည်၊ အချို့မှာ စိတ်သောကရောက်ခဲ့ကြရသည်၊ သို့သော် ဆရာ့အနေဖြင့် သင့်အား ပြင်းစွာသော ဒဏ်ခတ်မှုကို မပြုလိုပါ၊ သင့်အနေနှင့် ယခုကဲ့သို့ မကောင်းမှုမျိုးကို တစ်သက်လုံး ရှောင်ရှားရန်သာ ဆရာပြောလိုသည်၊ မကောင်းမှုများကို ရှောင်ရှားသွားမည်ဆိုပါက နောင်တမလွန်ဘဝမှာ ကောင်းမွန်သော သုဂတိဘုံတစ်ခုသို့ ရောက်ရှိမှာ အမှန်ဖြစ်တယ်၊ သင့်အနေဖြင့်လည်း ယခုအချိန်ကစပြီး ဤရွာဤမြေ ဤဒေသမှ ဝေးရာသို့ သင် ထွက်ခွာသွားပေတော့"

ဆရာညာက်ပွားမှာလူပင်ငယ်သော်လည်းဘာသာတရားအဆုံးအမဖြင့် သဘောထားကြီးမြတ်သူဆေးဆရာတစ်ယောက်ဖြစ်သဖြင့်အသာတကြည်ဖြင့် ဆုံးမစကားပြောဆိုကာ တစ်နှစ်ကျော်မျှ သောင်းကျန်းနေခဲ့သော မြေဖုတ်ဘီလူးအား ပြန်လွှတ်လိုက်လေသည်၊

ရွာသားများကလည်း ယခုကဲ့သို့ တစ်နှစ်ကျော် လူသားစားကာ ဒုက္ခပေးနေခဲ့သော မြေဖုတ်ဘီလူးအန္တရာယ်အား ဖော်ထုတ်ရှင်းလင်း ပေးနိုင်သဖြင့် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ကြောင်း အထပ်ထပ်အခါအခါပြော မဆုံးနိုင်အောင် ရှိနေကြလေသည်၊ ထို့အတူပင် ဆရာညာက်ပွားကလည်း ဤဆိပ်ကမ်းသာရွာမှာ မိမိ၏ကျေးဇူးရှင်ဆရာတော်ကြီး၏ မွေးဇာတိရွာ ဖြစ်သဖြင့် မိမိအနေဖြင့် ဆရာတော်ကြီးကိုယ်စား ကျေးဇူးဆပ်ခွင့်ရသဖြင့် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းတို့အားပြန်လည်ပြောဆိုကာ ရွာသားများအတွက် ဆရာတော်ကြီးပေးလိုက်သော ပရိတ်ချည်များနှင့် အစွမ်းထက်ထက် လက်ဖွဲ့ကြိုးများကို ရာသက်ပန် အကာအကွယ်အဖြစ် ပေးအပ်ခဲ့လေတော့သည်၊

သဗ္ဗေသတ္တာဒုက္ခာမုစ္စန္တု

➡ ကောင်းစံဟိန်း (ဖန်နေဝန်း)



www.burmeseclassic.com

# 'ယုံရခက်ခက်'

တောက်ထိန်

ကျွန်တော်က တစ္ဆေသရဲဆိုတာကို မတွေ့ဘူးပါ။ ကျွန်တော်တို့ ငယ်စဉ်က ဖတ်ခဲ့ရသော "မြစကြာ" တို့ "မှော်စက်ရှင်"တို့ "ကာဝေသာရ"တို့၏ သိုက်သမိုင်းတစ္ဆေပုံပြင် အောက်လမ်းဆရာ၊ အထက်လမ်းဆရာ ဇာတ်လမ်းများကိုဖတ်ရတော့ ညမှောင်မှောင်တွင် တစ်ယောက်တည်း မသွားရဲ၊ မလာရဲ ဖြစ်ခဲ့ဖူးတာရှိသည်။ ပြီးတော့ ထိုကာလမှာကြည့်ရသည့် ရုပ်ရှင်တွေကလည်း တစ္ဆေကြီးတို့၊ ကဝေမကြီးဒေါ်မြလေးတို့ အပြင် နိုင်ငံခြားကားတွေလာပြန်တော့ ဒရက်ကူလာ၊ ဖရင်ကင်စတိန်း၊ သွေးစုတ်ဖုတ်ကောင် စသာတွေဆိုတော့ သူ့စာထဲကအတိုင်း ရုပ်ရှင်ထဲကအတိုင်း မျက်လုံးပြူးပြူး၊ နားရွက်ကားကား၊ လျှာကြီးတွဲလောင်းနှင့် တင်းပုတ်ကြီး ထမ်းထားသော ဘီလူးသရဲကြီးကို ညမှောင်မှောင်မှာ တစ်ယောက်တည်း ရင်ဆိုင်တွေ့လျှင်သေးထွက်အောင် လန့်မိတော့မှာသေချာသည်။



ထိုစာတွေဖတ်၊ ထိုရုပ်ရှင်တွေကြည့် လူကြီးတွေဝိုင်းဖွဲ့ပြောသည့် သရဲပုံပြင်များ နားထောင်၍ ကျွန်တော် ယောကျာ်းလေးတန်မဲ့ ညဘက် အပြင်မထွက်ရဲ၊ ခြံဝင်းထဲက အိမ်သာကိုပင် ညဘက် တစ်ယောက်ထဲ မသွားရဲတာတွေဖြစ်လာတော့ ဖခင်ဖြစ်သူက ကျွန်တော့ကိုခေါ်ပြီး တစ္ဆေမကြောက်တရားတွေ ကျွန်တော့်နားဝင်အောင် ပြောပါသည်။

သူပြောတာက ရှင်းရှင်းလေးပါပဲ၊

"မင်းကြောက်နေတဲ့ တစ္ဆေကို မင်းကိုယ်တိုင် ဘယ်နခါတွေ့ဖူးသလဲ၊ ဘယ်မှာ တွေ့ဖူးသလဲ" တဲ့။

ဟုတ်သားပဲလို့။ ကျွန်တော်တို့က စာထဲမှာဖတ်၊ ရုပ်ရှင်ထဲမှာ ကြည့်၍ သူများတစ်ဆင့် ပြောတာ နားထောင်ပြီး သရဲတစ္ဆေဆိုတာ အတွေးနှင့် ကြောက်နေခဲ့ရတာ ဖြစ်သည်။ အဖေမေးသည့် အချိန်အထိ တစ္ဆေသရဲဆိုတာကို တစ်ခါမှ ကိုယ်တိုင် မတွေ့ဘူးသေးပါ အဖေပြောတာက သရဲတစ္ဆေ၊ ဝိညာဉ်ဆိုတာတွေ ရှိတယ်၊ မရှိဘူးမဟုတ်။

"မင်းတွေ့ဘူးသလား" ဆိုတော့…

"မတွေ့ဘူးပါ"ဟု ဖြေရသည်။

"အေး - တွေ့ရင်တော့ကြောက်ပေါ့ကွာ။ မတွေ့ရသေးဘဲကြောက်နေရင်တော့ မင်း ငပေါပဲ" အဖေက ဆက်၍ -

"နောက်ပြီး ဟိုညက ဦးကျော်မောင်တို့ ပြောတာ သူတို့ အိပ်တဲ့ ဘန်ဂလိုမှာ တစ်ညလုံးတချွတ်ချွတ် တဖြတ်ဖြတ်နဲ့ အသံတွေကြားနေရတယ်ဆိုတာ ဘာကြောက်စရာပါလို့လဲကွာ။ အမှန်က ဘာက အသံမြည်နေသလဲ ကြွက်လား၊ ကြောင်လား၊ လင်းနို့လားဆိုတာ ထကြည့်ရမယ်။ ခုတော့ အသံကြားတာနဲ့ လန့်ပြီး စောင်ခေါင်းမြီးခြုံအိပ်၊ နောက်တစ်နေ့ မနေရဲတော့ဘူးဆိုတာက သတ္တိနည်းလွန်းတာပါ။ အဖေ့အထင်တော့ သူတို့သာ ရဲရဲတင်းတင်း ထကြည့်ရင် အသံမြည်တဲ့ အကောင်ဖြစ်ဖြစ်၊ ပစ္စည်းဖြစ်ဖြစ် တွေ့ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

အဖေ့စကားထဲမှာ ကျွန်တော် နားထဲစွဲသွားတာ နှစ်ချက်ပါသည်။ တစ်ချက်က ဘာမှန်းမသိဘဲ ကြောက်နေရင် ငပေါဆိုတာ ဖြစ်၍ နောက်တစ်ချက်က တစ္ဆေခြောက်သည်ထင်လျှင် သေသေချာချာကြည့် ဆိုတာ ဖြစ်သည်။ အဖေ့စကားနားထဲဝင်သွားတော့ ကျွန်တော်တစ္ဆေကြောက်တာ တော်တော်လျော့သွားသည်။ ပြီးတော့ အဖေက တစ္ဆေသရဲစာအုပ်များအစား ကျွန်တော်ဖတ်ဖို့ စာအုပ်တွေရှာပေးသည်။ ဖတ်စေသည့် စာအုပ်တွေက မြန်မာဘာသာပြန်ထားသော သရီးမတ်စကက်တီးယားတို့၊ အိုင်ဗင်ဟိုတို့၊ ဆွစ်ဖင်မလီရော်ဘင်ဆင်တို့၊ ကောင်အော့ဖ်မွန်တီခရစ်စတိုတို့ ဆိုတာမျိုးတွေ ဖြစ်၍ ဒါတွေက ဇာတ်လမ်း ဇာတ်ကွက်ကောင်းမွန်လှသော မူရင်းတို့၊ ဘာသာပြန်သူတွေ ကလည်း ပိုင်နိုင်လျှင် ဖတ်ရတာ အလွန်နှစ်သက်ရပါသည်။ ဒီလို ဝတ္ထုကြီးတွေကို အရသာခံတတ်လာတော့ သရဲ၊ တစ္ဆေဝတ္ထုတွေကို ဖတ်လိုစိတ်မရှိတော့ပါ။

သရဲဝတ္ထုတွေနှင့် ကင်းသွားတော့ ကြောက်စိတ်လျော့သွားတာလည်း အမှန်ဖြစ်သည်။ ထို့ကြောင့်အတွေးနှင့်ကြောက်ပြီး ညမှောင်ထဲတစ်ယောက်တည်း မသွားရဲတာမျိုး မရှိတော့၊ မသွားမဖြစ် သွားရမည်ဆိုလျှင် သွားလိုက်တော့သည်။ "တစ္ဆေမကြောက်ဘူးကွ" ဆိုပြီး အမှောင်ထဲ ဖွတ်ဝင်သွားတာမျိုး မဟုတ်၊ တစ္ဆေမဟုတ်သော်လည်း မှောင်ထဲမှာ ဆူးခြောင့်နှင့် မြွေပါးကင်းပါး အန္တရာယ်ရှိသည်။ ဒါ့အတွက် လက်နှိပ်ဓာတ်မီးလိုမျိုးပါလျှင် အမှောင်ထဲလည်းသွားဝံ့တော့သည်။ ကိုယ်လျှောက်သွားနေတုန်း ရွှတ်ရွှတ်ချက်ချက် မြည်လျှင် ဓာတ်မီးနှင့်သာ ထိုးကြည့်လိုက် အဖေပြောသလို အသံမြည်သည့်အရာကို တွေ့ရသည်သာ ဖြစ်သည်။ ဘာတစ္ဆေမှမဟုတ် "ကြွက် - ကြောင် - ခွေး" တစ်မျိုးမျိုး ဖြစ်တတ်သည်။

သရဲမကြောက်ဘူးဆိုတော့ "ဒါဖြင့်လောင်းမလား" "ဘယ်လောက်ကြေး" ဆိုတာတွေကိုတော့ ကျွန်တော်က ရှောင်သည်။ သူတို့ပြောသည့် နေရာမှာရှိကောင်းရှိနိုင်သည့် သရဲကိုတော့ ကျွန်တော်က သွားတွေ့စရာမလိုဟု ယူဆသည်။ ကျွန်တော် မကြောက်ဘူးဆိုတာက ကိုယ့်အလုပ်နှင့် ကိုယ်



သွားလာလုပ်ကိုင်နေတုန်း သူက လာခြောက်မည့် တစ္ဆေကို (တစ်ခါမှလည်း မတွေ့ဘူးသေး၍) မကြောက်ဘူးဟု ဆိုလိုသည်။

ထို့ကြောင့် သွားရလာရမည့်ကိစ္စရှိလျှင် တစ်ယောက်ထဲ မို့လို့၊ မှောင်ထဲမို့လို့ မသွားရဲဘူးဆိုတာမျိုး မရှိတော့ဘဲ ရဲရဲတင်းတင်း ရှိတော့ အများက အံ့ဩချီးကျူးကြပါသည်။ ကျွန်တော်ကတော့ ငါသွားရဲတယ်၊ နေရဲတယ်၊ ငါ့ကို ချီးကျူးကြ၊ အံ့ဩကြဆိုသော ရည်ရွယ်ချက် မရှိရိုးအမှန် ဖြစ်ပါသည်။

ပြီးတော့လည်း အဖေပြောသည် ဒုတိယအချက် "တစ်စုံတစ်ရာ ထူးခြားလဲ သေသေချာချာသွားကြည့်" ဟူသော ဩဝါဒကို လိုက်နာခဲ့၍ အကြိမ်ကြိမ်ပင် အဖြေမှန်ရခဲ့ပြီး ဒီလိုသာ မစစ်ဆေးခဲ့လျှင် သရဲပါပဲ၊ တစ္ဆေပါပဲဟု ထင်မှတ်



ဘယ်လို ခြောက်သလဲဆိုတော့ စာစာက
ပြောသည့်အတိုင်း ညဆို တချွတ်ချွတ်
တဖြတ်ဖြတ်အသံတွေကြားရသည်။
တစ်ခါတစ်ရံမှာတော့ ကုလားကြီး
တစ်ယောက် ညဥ့်နက်သန်းခေါင်
လျှောက်သွားနေတာ
တွေ့ရသည်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com

ရမည့် ကိစ္စများကို ကျော်လွှားနိုင်ခဲ့ပါသည်။ များသောအားဖြင့်တော့ မှောင်ထဲက ကြားရသော အသံဗလံတွေကို မီးထိုးကြည့်ရုံနှင့် အဖြေမှန်၊ အဖြစ်မှန်ကို သိခဲ့ရသည်သာ ဖြစ်ပါသည်။

ဒီလို ကြားကပင် တစ်ကြိမ်မှာတော့ ညဥ့်နက်သန်းခေါင် ဖောခွေးတွေ ပြန်၍ အဖြေမှန်ကို တော်တော်နှင့် မရခဲ့သော အဖြစ်အပျက်တစ်ခု ရှိခဲ့ပါသည်။

◈

ထိုစဉ်က ကျွန်တော်သည် ဌာနဆိုင်ရာတစ်ခုမှာ ဝန်ထမ်းဖြစ်၍ ကျွန်တော်တို့ဌာန၏ ရုံးအဆောက်အအုံမှာ တစ္ဆေခြောက်လှသည်ဟု နာမည်ရသော အဆောက်အအုံဖြစ်ပါသည်။ ဘယ်လို ခြောက်သလဲဆိုတော့ စောစောက ပြောသည့်အတိုင်း ညဆို တချွတ်ချွတ် တဖြတ်ဖြတ်အသံတွေကြားရသည်၊ တစ်ခါတစ်ရံမှာတော့ ကုလားမကြီးတစ်ယောက် ညဥ့်နက်သန်းခေါင် လျှောက်သွားနေတာ တွေ့ရသည်ဆိုပဲ။

ထိုရုံးမှာ လုံခြုံရေးအတွက် ကျွန်တော်တို့ ဝန်ထမ်းတွေ ညဥ့်ဘက် အလှည့်ကျ ကင်းစောင့်ရသည်။ နှစ်ယောက်တစ်တွဲ၊ တစ်လခွဲတစ်ကြိမ်လောက် တာဝန်ကျသည်။ ဒါက ကြီးကြပ်တာဝန်ဖြစ်၍ လုပ်ငန်းသဘာဝအရ ညဥ့်စဉ် ကင်းအဖွဲ့လည်းရှိသည်။ သူက တစ်ည (၆)ယောက်ဆိုတော့ ကျွန်တော်တို့ပါ အားလုံး (၈)ယောက်စာ ရုံးခန်းတစ်နေရာ ပေးထားသည်။ အလှည့်ကျသူကင်းစောင့်၍ကင်းလှည့်နားချိန် မရောက်သေးသူက အိပ်စက်အနားယူနိုင်သည် ကျွန်တော်တို့က ပြဿနာကြီးငယ် ရှိလျှင် ဖြေရှင်းပေး၍ သာမန်အားဖြင့် ကြိုက်သည့်အချိန်အိပ်နိုင်သည်။ မီးကတော့ (၂၄)နာရီ ရသည်မို့ ကင်းရုံးမှာ မီးက တထိန်ထိန်၊ လူကလည်းများသားမို့ အဲဒီမှာ သရဲ ပြဿနာမရှိ၊ သို့သော် (၂)ခန်းကျော်လောက်တော့ တစ်ဦးချင်းသာ ကင်းစောင့်ရတာမို့ ထိုအချိန်မှာ ထိုသူသည် ဆီးကိစ္စကို နှိုးဆော်သွက်နှင့် ဖြေရှင်းကြသည်။



ကျွန်တော်ကတော့ ကင်းရုံး လုံလုံခြုံခြုံမှာ ညဘက် ဆောင်ထားသော သူတို့၏နှိုးဆော်သွက်အနှံ့ကို မခံနိုင်၍ (တစ်ခါတစ်ရံ တိုက်မိ၍ မှောက်သွားတာ မျိုးလည်း ရှိသေးသည်) တစ်ကြောင်း၊ နေ့လယ်က မပြီးမပြတ်သေးသော အလုပ်လက်ကျန်များ ရှင်းရန်တစ်ကြောင်း၊ ကင်းရုံး အိပ်ရာမှာမနေဘဲ အပေါ်ထပ် ရုံးခန်းမှာ သွားနေသည်၊ အိပ်ချိန်ကျမှ ရုံးစားပွဲ (၂)လုံးဆက်၊ အိပ်ရာခင်း၊ ခြင်ထောင်ထောင်၍ အိပ်သည်။ ကင်းရုံးနှင့် အပေါ်ထပ်ရုံး ဆက်သွယ်သည့် တယ်လီဖုန်းရှိ၍ ကင်းအဖွဲ့ ကြီးကြပ်မှု ပြဿနာ မပေါ်ပါ ။ ကိစ္စကြီးငယ် ရှိလျှင် အပေါ်ထပ်ကို ဖုန်းခေါ်လိုက်ဖို့ဖြစ်သည်။

ဒီလို ကျွန်တော် တစ်ယောက်ထဲ ခွဲအိပ်တာကို အားလုံးက အံ့သြကြသည်။ တွဲဘက်တာဝန်ကျသူ အရာရှိဆိုတာလည်း ဘယ်သူနှင့် တွဲကျကျ အပေါ်မှာ အိပ်ဖို့ခေါ်လို့မရ၊ တချို့က "ကြောက်တယ်ဗျာ" ဟု အမှန်အတိုင်း ပြောသော်လည်းအများက အကြောင်းအမျိုးမျိုးပြ၍ရှောင်သည်။ "စားပွဲပေါ် မအိပ်တတ်ဘူး" ဆိုတာမျိုး၊ "အိမ်သာဆင်းလာရမှာ ဝေးတယ်ဆိုတာမျိုး တို့ ဖြစ်သည်။

ကျွန်တော်ကတော့ သူတို့ပြောသည့် တချွတ်ချွတ် တချောက်ချောက် ဆိုတာမျိုးကို မကြောက်တတ်၊ ကုလားမကြီးဆိုတာကလည်း မြင်ဖူးသေးတာ မဟုတ်လို့မကြောက်၊ "မတော်လို့ တွေ့ရတော့လည်း ရွှေဒင်္ဂါးလေး၊ ရွှေမန်ကျည်းတောင့်လေးတောင်းရမှာပေါ့" ဟု ရယ်စရာပြောရပါသည်၊ ညဥ့်အိပ်သည့် ရုံးခန်းထဲမှာတော့ မီးလုံးမီးချောင်းတွေ အများကြီး ရှိသော်လည်း လုံခြုံရေးမီးအဖြစ် (၄)ပေမီးချောင်းတစ်ချောင်းသာ အသုံးပြုပြီး ညရေးညတာ အတွက် လက်နှိပ်ဓာတ်မီးတစ်လက် ဆောင်ထားပါသည်။ ကျွန်တော် တာဝန်ကျတိုင်း ဒီလိုပဲ အိပ်၍ ကြာလာတော့ ကျန်သူများက သူတို့ မအိပ်ရဲသော်လည်း ကျွန်တော့်ကို မအံ့သြကြတော့ပါ၊ ကျွန်တော့်မှာလည်း ရုံးအလုပ်များ တွင်ကျယ်ခြင်း၊ အနံ့အသက်ကောင်းကောင်းအိပ်ရခြင်း စသည့် ကောင်းကျိုးများရှိ၍ သူတို့ ပြောသည့် ကုလားမကြီးဆိုတာ ထား၍ တချွတ်ချွတ်တချောက်ချောက် မြည်သံကိုမျှ မကြားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် လုံခြုံရေးတာဝန်ကျသည့် အခါတိုင်း အရေးကြီး အရေးပေါ် လာသောအခြေအနေကြုံကြိုက်ရသည့်ညများမှအပ ညစဉ်ရုံးခန်းအတွင်း တစ်ယောက်တည်း အိပ်ခဲ့သည်မှာ ကာလရှည်ကြာခဲ့ပြီ။ (အရေးကြီး အရေးပေါ်အခြေအနေဆိုလျှင်တော့ တာဝန်ကျသူအားလုံး အိပ်မရဘဲ မိုးလင်းသည်အထိ အလုပ်လုပ်ကြရ၍ ကျွန်တော်လည်း အပေါ်ထပ်မသွား နိုင်တော့ပါ။)

တစ်နေ့တော့ ကျွန်တော် တာဝန်ကျသည့် ရက်တွင်ဖြစ်ပါသည်။ ရာသီကမိုးရာသီဖြစ်၍တစ်နေ့လုံးမိုးတဖွဲဖွဲရွာပြီး ညဘက်မှာမိုးရောလေပါ ပြင်းလာခဲ့သည်။ ဒီလို ရာသီဥတုမျိုးဆိုလျှင် ကျွန်တော်တို့ ဌာန လုပ်ငန်း သဘာဝအရ ငြိမ်းငြိမ်းချမ်းချမ်း ရှိတတ်သည်မို့ ကင်းသမားကလွဲ၍ ကျန်သူ များ အိပ်ရာထဲရောက်ကုန်ကြပြီ။ ကျွန်တော် အိပ်ရာလိပ်ထမ်း၍ အပေါ်ထပ် တက်ခဲ့ပြီး လုပ်လက်စ ရုံးအလုပ်များလည်း လက်ကျန်မရှိ၍ စားပွဲဆက် အိပ်ရာခင်းပြီး စာအုပ်တစ်အုပ် ဖတ်နေရာမှ မေးခနဲအိပ်ပျော်သွားပါသည်။

တစ်စုံတစ်ခုကြောင့် ဖျတ်ခနဲ နိုးလာတော့ မပျက်စဘူး မီးက ပျက်နေ သည် ။ သို့သော် လမ်းမီးများ မပျက်၍ ရုံးခန်းအဆောက်အဦမှန်ပြတင်း များမှ အလင်းရောင်များဝင်ပြီး အခန်းထဲမှာ အလွန်အမင်းမှောင်မိုက်ခြင်း မရှိပါ ။ အားလုံးကို မသဲမကွဲတော့ မြင်နေရပါသည်။ လက်နှိပ်ဓာတ်မီးကို ခေါင်းအုံး အောက်မှ ထုတ်ယူ၍ မီးထိုးကြည့်လိုက်တော့ ညသန်းခေါင် ကျော် (၁၂း၂၀)နာရီ ဖြစ်ကြောင်း တွေ့ရသည်။ ဟိုဟိုဒီဒီ ကြည့်နေစဉ် မှန်တံခါးတစ်နေရာကိုတစ်ခုခုထိမှန်သည့်အသံချောက်ခနဲကြားရပါသည်။ အသံက ပြင်းပြင်းထန်ထန်ကြီး မဟုတ်သော်လည်း ည လူခြေတိတ်ချိန်မို့ တော်တော် ပီပီသသနှင့် ထင်ရှားသည်။



အသံထွက်လာသည့် ပြတင်းမှန်က လမ်းမဘက်က ပြတင်းပေါက် ဖြစ်သည်။ ကျွန်တော်အိပ်နေသည့်နေရာနှင့်ရုံးစားပွဲ (၂)လုံးခြား၍ဆယ်ပေ ခန့်ဝေးမည်။ အပြင်မှာ မိုးက တိတ်နေပြီ။ လေခပ်ပြင်းပြင်းလေး တိုက်နေ သည်။ ကျွန်တော် အိပ်ရာထဲမှာ ရှိနေစဉ် ငါးမိနစ်ခန့် အကြာမှာ နောက်ထပ် အသံထွက်လာပြန်သည်။ ဒီအသံက မိနစ်ခြား၍ တချောက်ချောက် မြည်နေပုံရသည်။ ကျွန်တော် နိုးလာသည်မှာပင် ဒီအသံကြောင့် ဖြစ်နိုင် သည်။ (ကျွန်တော်က သာမန်ထက်ပို၍အအိပ်ဆတ်သည်။)

ပထမဆုံး သတိရလိုက်သည်က ဒီနေရာမှာ တဖွေ့ဖြောက် လျှင် တချွတ်ချွတ်တချောက်ချောက်အသံကြားရတတ်သည် ဆိုသော စကားဖြစ် သည်။ ဒါဆိုလျှင်ယခုတဖွေ့ဖြောက်လေပြီလား။ တစ်ယောက်တည်းဖြစ်သော် လည်း ဒီလောက်နှင့် ကျွန်တော် မလန့်ပါ။ တချို့က ညဘက် ချီးချီးချွတ်ချွတ် ကြားလျှင် သရဲခြောက်တာဟုယူဆကြောက်လန့်ကြသော်လည်း ကျွန်တော် အဲ့ဒါမျိုးကို ကြောက်လောက်စရာ အသံမဟုတ်ဟု ယူဆခဲ့သည်။ ပြီးတော့ အဖေ့ ဩဝါဒ အရ ဘာက မြည်သလဲဆိုတာ စူးစမ်းလိုက်လျှင် ကြွက်သော် လည်းကောင်း ၊ ကြောင်သော် လည်းကောင်း၊ လင်းနို့ လင်းဆွဲ သော် လည်းကောင်း အဖြေတစ်ခုခုတော့ တွေ့ရသည်ချည်းသာ ဖြစ်ပါသည်။ တစ်ခါက အခြားရုံးတစ်ရုံးမှာ တပည့်တစ်ယောက်နှင့် ညဘက် အလုပ်လုပ် နေစဉ် ကျွန်တော်တို့ နံဘေး ရုံးဘီရိုထဲမှ တဗုန်းဗုန်း ထုရိုက်သည့် မြည်သံ ကြားရသည်။ တပည့်ဖြစ်သူက - စောစောပိုင်းမှာ ကြောက်လန့်ဟန် မပြပါ။ ကျွန်တော်က (ကျွန်တော်နှင့် နီးသော ဘီရိုဖြစ်၍) လက်ထဲမှာ သစ်သား မျဉ်းလုံးကိုင်ပြီး ဘီရိုတံခါးကို ဆွဲဖွင့်လိုက်ပါသည်။ ကျွန်တော် ထင်တာက အထဲမှာ ကြောင် (သို့မဟုတ်) အကောင်တစ်ကောင်ကောင် ပိတ်မိနေပြီး အပြင်ထွက်ချင်၍အထဲကထုရိုက်နေသည်။ တံခါးဖွင့်လိုက်လျှင်ထိုအကောင် ခုန်ထွက်လာမည် (သို့မဟုတ်) အထဲမှာရှိနေတာဖြစ်ရမည်တွက်ထားသည်။ ယခု ဖွင့်လိုက်တော့ အထဲမှာ အရေးကြီးသော စာတွဲဖိုင် အနည်းငယ်သာ ရှိ၍ ဘာမှ ထူးထူးခြားခြား မရှိ။ မတွေ့ဘဲ ရှိစဉ် နောက်ထပ် ဝုန်းဝုန်းဒိုင်းဒိုင်း



www.burmeseclassic.com

www.burmeseclassic.com

မြည်သံထွက်လာပြန်သည်။ အသံကတော်တော်ပြင်းထန်သည်။ ဗလကောင်းကောင်း လူတစ်ယောက် သစ်သားနံရံကို လက်သီးပြင်းပြင်းဖြင့် ထိုးသံဖြစ်သည်။ ဘီရိုထဲမှာ တစ်ကောင်ကောင် ပိတ်မိနေလျှင် အပြင်ထွက်ဖို့ ရုန်းကန်သည်ထင်ရာ ယခု ဖွင့်ကြည့်ပြီး ဘာမျှ မရှိဘဲ အသံချည်းထွက်လာတော့ -

"ဆ... ဆ ... ဆရာ - သ... သ... သရဲ - သရဲ" တပည့်က သူ့ထိုင်ခုံမှ ကုန်းကွထပြီး အသံက တုန်ရီနေသည်။ သူ့ပုံစံက ကဆုန်ချထွက်ပြေးတော့မည့်ပုံဖြစ်၍ ကျွန်တော်သူ့လက်ကို ဖမ်းဆွဲထားပြီး...

"ဟေ့... နောက်က မြည်တာကွ။ ဘီရိုကို ရွေ့တွန်းပြီး နံရံနဲ့ ခွာကြည့်စမ်း"

နံရံကအုတ်နံရံဖြစ်၍ နံရံအပြင်က ထုရိုက်နေတာမဟုတ်။ ဘီရိုနောက်ကျော အုတ်နံရံက ကပ်လျက်သားမို့ ဒီလောက်အသံမြည်အောင် ကြီးကြီးမားမား အကောင်ပလောင် ပုန်းခိုလို့ မရနိုင်ဟု ယူဆစရာ ဖြစ်သော်လည်း သေချာအောင်ကြည့်ရမှ ဖြစ်မည်မို့ ကျွန်တော်က သူ့ကို အမိန့်ပေးစေခိုင်းပြီး (၂)ယောက်သား ဘီရိုကို နံရံမှ တွန်းခွာလိုက်တော့ တဝုန်းဝုန်း မြည်သံ၏တရားခံက (၂)ဦးဖြစ်သည်။ ဘီရိုနောက်မှာတော်တော်ထွားကြိုင်းသော တောက်တဲ့ကြီး တစ်ကောင်က ကြွက်ကြီးတစ်ကောက်ကို ပါးစပ်နှင့်ဖမ်းကိုက်ထားသည်။ ကြွက်ခေါင်းက တောက်တဲ့ပါးစပ်ထဲ ရောက်နေပြီဖြစ်သော်လည်းသူလည်းသေလည်းမသေ။ ကြီးလည်းတော်တော်ကြီး၍အသက်ဘေးအတွက် ရုန်းကန်သည်ကို တောက်တဲ့က သူ့ဘေးကို ချပြီးကြွက်ကို ဘီရိုနံရံနှင့် ရိုက်သတ်နေခြင်း ဖြစ်သည်။ အထပ်သားဘီရိုဖြစ်၍ လိုက်သံပေါက်ပြီး အသံက ပို၍ ကျယ်နေသည်။ ဘာမျှ မစူးစမ်းဘဲ တပည့်က ထွက်ပြေး၍ကျွန်တော်ပါလန့်ပြေးလျှင်ဒီရုံးခန်းမှာတစ္ဆေသရဲပုံပြင်ပေါင်းတစ်ပုဒ်တိုးဦးမည် ပိုပိုသာသာလေးတွေလည်း ပါနိုင်သည်။

ဦးတောက်ထိန်ကြီးနဲ့ သူ့တပည့် ညကြီးသန်းခေါင် ရုံးထဲထိုင်နေတုန်း သရဲက လျှာတွဲလွဲ မျက်လုံးပြူးပြူးနဲ့ အတင်းလိုက်ဆွဲလို့ နှစ်ယောက်သား ထွက်ပြေးလိုက်ကြတာ ပုဆိုးတောင် မပါဘူး" ဆိုတာ မျိုးဖြစ်သည်။



ထိုသို့သော အတွေ့အကြုံများရှိခဲ့သည် ကျွန်တော်သည် ယခုညမှောင်မှောင်မှာ တစ္ဆေခြောက်သည်ဟု ကျော်ကြားသော အဆောက်အအုံထဲမှာ အကြောင်းရင်း ရှာမရသော် နည်းနည်းတော့ ချွေးပြန်လာပါသည်။

ကံကောင်းတာက ယခု တချောက်ချောက် မြည်နေသော အသံကို ကျွန်တော်က လန့်လောက်သည် မယူဆပါ (လူမမာညည်းသံမျိုး ဆိုလျှင်တော့ ဒီအသံထက် ပို၍ ကြောက်စိတ်ဝင်နိုင်ပါသည်။) ဒီလိုအကြောင်းရင်းရှာမရသော အသံက ပဏာမ ရှေ့ပြေးဖြစ်ပြီး နောက်ဆက်တွဲအဖြစ် ကြောက်စရာရုပ်အဆင်းနှင့် ကုလားမသရဲကြီး များပေါ်လာလေမလားဟု မတွေးဘဲမနေနိုင်ပါ။ တစ်စုံတစ်ဦးက ကျွန်တော့်ကိုစမ်းလို၍ (သို့မဟုတ်) အမြင်ကပ်၍နောက်ပြောင်ခြောက်လှန့်နေတာလည်းမဖြစ်နိုင်။ လောလောဆယ် တာဝန်ကျနေသည့် အထဲမှာ ရာထူးအကြီးဆုံးက ကျွန်တော်ဖြစ်၍ အဖေ့မှာကြားချက်အတိုင်း တချောက်ချောက် ငါးမိနစ်ခြား မြည်သံ၏ အကြောင်ရင်းကို စူးစမ်းပါသည်။ ပထမအသံလာရာကို သေသေချာချာ နားထောင်ပါသည်။ သည်မှန်ပြတင်းပဲဟုသေချာတော့အချိန်ကွာခြားသည်ဟုထင်ရသော်လည်း တကယ်နာရီနှင့် မှတ်တော့ တစ်ခါတရံ (၄)မိနစ် ခြားသည်။ တစ်ခါတရံ (၇)မိနစ်ခန့်ကြသည်။ အပြင်မှာ မိုးစဲသွားပြီး လေတဝူးဝူး တိုက်နေသံကိုလဲ ကြားရသည်။ သေသေချာချာ စောင့်၍ အနီးကပ် သွားနားထောင်ပါသည်။ (သည်မြည်သံမျှနှင့် အနားမကပ်ရဲစရာ မရှိ၍ ကျွန်တော်က ရဲရဲတင်းတင်းပင် ကပ်နားထောင်ခြင်း ဖြစ်သည်။) သည်တော့ ပြတင်းမှန် အကွက်တွေအများကြီးထဲက မှန်တစ်ကွက်ထဲကို စောစောက ကြောက်သလိုလို ဖြစ်နေတာ ပျောက်သွားသည်။

ချောက်ခနဲ မြည်သံ ရပ်သွားသည်။ ခဏအကြာ နောက်တစ်ကြိမ်မြည်သံရပ်သွားသည်။ ဒီမှန်ပဲ ဒီမှန်ပါပဲဟု မျက်တောင် မခတ်ဘဲ စိုက်ကြည့်နေတော့ ချောက်ခနဲ မြည်ပြီးရပ်သွားချိန်မှာ မှန်ချပ်ကလက်ခနဲ အရောင်ထွက်သွားသလို ထင်လိုက်ရသည်။ ဟုတ်ပြီ။ သေသေချာချာ ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com

ထိုမှန်၏ အပေါ်ပိုင်းက လှုပ်နေသည့် သူလှုပ်တာနဲ့ အသံမြည်တာ အံ့ကိုက်ဖြစ်သည်၊ ထို့ကြောင့် ကျွန်တော် ထိုမှန်ကို လက်နှင့်ဖိလိုက်တော့ မှန်ချပ်ခွင်ထဲမှာ ချောင်နေသည်၊ အဆောက်အအုံက နှစ်ပေါင်းကြာပြီဆိုတော့ မှန်ချပ်က သူနဂိုမှန်မဟုတ်၊ မှန်ဟောင်းကွဲသွားလို့သာ အသစ်ထည့်ထားတာဖြစ်၍ ဘေးမှန်တွေနှင့် အရောင် မသိမသာကွာသည်၊ ပြီးတော့ မူလမှန်ထက် နည်းနည်းပါးသည်၊ မှန်ဟောင်းကကွဲသွားသော်လည်း မှန်ကိုထိန်းသည့် ဘီတင်သစ်သားချောင်းတွေက အကောင်းအတိုင်းကျန်တော့ ထိုဘီတင်ချောင်းတွေ ခွဲ၍ မှန်သစ်အစားထိုးထည့်ပြီး ဘီတင်ကို သူ့မူလသံချောင်းနှင့် မူလအတိုင်း ပြန်ရိုက်တော့ မှန်က အထဲမှာချောင်နေသည်၊ ထိုအခါ လေတိုက်တော့ မှန်က အတွင်းကို ကပ်လာပြီး လေအားပျော့သွားတော့ မူလနေရာကို ပြန်ကျသွားသည့်အခါ သစ်သားဘောင်ကို မှန်ချပ်ရိုက်မိသံ ချောက်ခနဲမြည်သည်၊ လေဖိတိုက်လိုက်ပြန်တော့ပြန်ကပ်လာလေပျော့သွားတော့ပြန်ရိုက်ချောက်ခနဲမြည် - မိုးသက်လေဆိုတာက တစ်ဆက်တည်းဖိတိုက်နေတာမဟုတ်၊ ပြင်းတစ်လှည့်လျော့တစ်ချီဆိုတော့ မှန်ဘောင်ဘီတင်ချောင်ချောင်ထဲမှာ မှန်ချပ်က လှုပ်ရှားရိုက်ခတ်အသံ မြည်နေခြင်းဖြစ်သည်၊ နေ့လယ်နေ့ခင်းလည်း ဒီလိုပဲ မြည်မှာ ဖြစ်သော်လည်း ကားသံ၊ လူသံ၊ ဆူဆူညံနေတော့ သတိမထားမိကြ၊ ညဥ့်လူချေတိတ်မှ တချောက်ချောက်အသံက ထင်ရှားနေခြင်းဖြစ်သည်၊

အကြောင်းရင်းကို သိသွားတော့ ဘာမှ လုပ်စရာမလို မကြားချင်ဘူးဆိုလျှင်ဘီတင်ချောင်ချောင်ကြားထဲကို စက္ကူခေါက်ထူထူလေး ညှပ်ထည့်ထားရုံသာ၊ ကျွန်တော်ကတော့ ဘာမျှ မညှပ်တော့ မြည်ချင်သလောက်မြည်ပေတော့၊ သူမြည်ပြီးလို့လဲ ကုလားမသရဲက လာတော့မည်မဟုတ်၊ ရွှေမန်ကျည်းတော့လဲ တောင်းရတော့မှာ မဟုတ်၊ အိပ်ရာပေါ် ပြန်လှဲ၍ နှစ်နှစ်မြိုက်မြိုက် အိပ်လိုက်ပါတော့သည်၊

ဒါက အကြောင်းရင်းမှန်ကိုဖော်ထုတ်နိုင်ခဲ့သည့်အဖြစ်အပျက်တစ်ခုပါ၊ များလှစွာသော အကြောင်းအရာတွေမှာ ကျွန်တော်က အဖြေမှန်ရှာသည့်



ဝါသနာရှိ၍ ရှာတိုင်းလည်း တွေ့ခဲ့သည်သာ ဖြစ်သော်လည်း ရှားရှားပါးပါး အဖြေမထုတ်နိုင်သည့် အဖြစ်တစ်ခု ကြုံဖူးခဲ့သည်၊

ထိုစဉ်က ကျွန်တော်သည် အသက် (၁၅ - ၁၆) နှစ်ဖြစ်သည်၊ (၉ - ၁၀) တန်းကျောင်းသားအရွယ်ဖြစ်၍ စာမေးပွဲအပြီး နွေကျောင်းပိတ်ရက် ရှည်မှာ ကျွန်တော့်ဖခင်၏ လမ်းဖောက်လုပ်ငန်း တောစခန်းများသို့ လိုက်ပါနေထိုင်လေ့ရှိသည်၊ တောထဲမှာ နေရတာ ဖြစ်သော်လည်း အလုပ်သမားတွေ အများကြီးနှင့် တဲတွေထိုး စခန်းချ၊ ညဘက်ဆိုလျှင် မီးစက်နှင့် မီးအလင်းရောင်ပေးထားသည့် အပြင် မီးပုံကြီးများလည်း ညလုံးပေါက် ဖိုထား၍ လုပ်သားတို့ သဘာဝ သီချင်းဆိုသူ၊ ပြွေမှုတ်သူ အပြောင်အပြက်ဇာတ်ခင်း၍ ငိုချင်းချ ပြက်လုံးစသည်ဖြင့် ပျော်စရာတစ်မျိုး ကောင်းပါသည်၊

ကျွန်တော့် အဖေက စခန်းမှာ အကြီးအကဲ ဖြစ်၍ သူ့နေရာ ရွက်ထည် တဲရှေ့မှာ ကနားဖျင်းထိုး၊ ရုံးစားပွဲချ၍ ညဦးပိုင်းတွင် တစ်နေ့တာ လုပ်ငန်းအတွက် အစီရင်ခံ၊ သူ နောက်တစ်နေ့ လုပ်ငန်းအတွက် ညွှန်ကြားချက်တောင်းသူ၊ ငွေကြိုထုတ်သူ၊ ရိက္ခာထုတ်သူဖြင့် ည (၁၀) နာရီ ခန့်အထိ လူမပြတ်ပါ၊ အဖေက ကုန်းမြင့်ကလေး တခုပေါ်မှာ နေရာယူ၍ လာသူ၊ ပြန်သူတို့ ထိုကုန်းမြင့်ကလေးလို ဆင်းကြ၊ တက်ကြနှင့် စည်ကားပါသည်၊

တစ်ညသောအခါ အဖေနှင့် သူ၏ လက်ထောက်များ ဝိုင်းဖွဲ့ထိုင်နေပြီး ကျွန်တော်က မလှမ်းမကမ်းမှာ ထိုအချိန်က ကျွန်တော် ဥဖောက်မွေးထားသည့် ရစ်ကလေးများနှင့် အလုပ်ရှုပ်နေစဉ် ယဉ်မောင်းလုပ်သားတစ်ဦး ကုန်းပေါ်တက်လာပါသည်၊ သူအမည်မောင်စန်း (ဆိုပါစို့) သည်ကျောက်တင်ကားမောင်းသူတစ်ဦးဖြစ်၍ လူပျော်လူနောက်တစ်ဦးလည်း ဖြစ်သည်၊ မောင်စန်း ကုန်းပေါ်မရောက်မီ ခပ်လှမ်းလှမ်းကပင် နန္ဒင်းစိမ်း နှံကြီး ပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com

ထန်ထန် နံပါသည်၊ ကျွန်တော် တစ်ဦးတည်းမဟုတ် အားလုံးပင် ထိုအနံ့ကို သတိပြုမိရင်း မောင်စန်းကို မြင်တော့ အဖေ့လက်ထောက်တစ်ဦးက – "ဟကောင် – မောင်စန်း – မင်းဆီက ဘာနံ့ကြီးလဲ" ဟု နှာခေါင်းရှုံ့မေးမြန်းပြီး တစ်ယောက်ကတော့ မဦးမချွတ် "ဒီကောင် အစိမ်း (သရဲမ) ခေါ်လာသလားကွာ – ဆန္ဒင်းနံ့ကြီး" ဟု ဆိုပါသည်၊

မောင်စန်းကတော့ သူ့မျက်နှာ နဂိုပုံစံ စပ်ဖြဲဖြဲနှင့် "ဟုတ်လို့လား ဆရာ ကျွန်တော်တော့ ဘာနံ့မှ မရပါဘူး" အနံ့ကြီးက မခံနိုင်စရာ ဖြစ်သော်လည်း သူ့ဟာသူတော့ သတိထားမိပုံမရသည့်အပြင် သူ့ အဖေ့စားပွဲကို ကပ်လာတော့ ထိုအနံ့လုံးဝ ပျောက်သွားသည်၊

နာရီဝက်ခန့် ကုန်းပေါ်မှာနေပြီး အဖေနှင့် အလုပ်ကိစ္စများ ပြော၍နောက်တစ်နေ့ လုပ်ဆောင်ဖွယ်ရာများ ညွှန်ကြားချက်ခံယူပြီး သူပြန်ဆင်းသွားပါသည်၊ သူ့အနီးမှာ ရှိနေစဉ် ကျွန်တော် အကဲခတ်ကြည့်တော့ သူ့ကိုယ်မှာ နန္ဒင်းနံ့ နံလောက်စရာ ဘာမျှလိမ်းချယ်ထားတာမရှိပါ၊ ရှိခဲ့လျှင် သူရှိနေစဉ် တစ်လျှောက်အနံ့နံနေရမည်ဖြစ်သော်လည်း ကုန်းပေါ်အတက်မှာ ရှူးရှူးဝါးဝါး ရလိုက်ပြီးနောက် အဖေနှင့်သူ့ ထိုင်စကားပြောနေစဉ် နန္ဒင်းနံ့ ပျောက်သွားခဲ့ပါသည်၊ ထို့နောက် မောင်စန်းပြန်အဆင်း ကုန်းစောင်းကလေးထိပ်ရောက်တော့ နန္ဒင်းနံ့ကြီး နံလာပြန်သည်၊ သူတဖြည်းဖြည်း ဝေးသွားတော့ အနံ့မှိန်ပြီး ပျောက်သွားသည်၊ ထိုထူးဆန်းသည့်အနံ့ကို ထိုစဉ်က ကျွန်တော်နှင့် အဖေ အပါအဝင် အားလုံးခံစားရသော်လည်း အမှတ်မထင်မှု ဖြစ်၍ နေရိုးနေစဉ် အတိုင်း ထိုညကုန်လွန်သွားပါသည်၊

နောက်တစ်နေ့ နေ့လယ်မှာတော့ တောမှ မြို့သို့ တာဝန်နှင့် ပြန်သွားသော မောင်စန်း၏ ကားနှင့် မြင်းလှည်းတစ်စီး မြို့ပြင်လမ်းတစ်နေရာ တံတားတစ်ခုအဝင်မှာ တိုက်မိကြ၍ မြင်းနှင့် မြင်းလှည်းပေါ်က လူများ ဘာမျှမဖြစ်၊ မောင်စန်း၏ ကားပေါ် ပါလာသူများလည်း ဘာမျှ မဖြစ်ကြဘဲ မောင်စန်း တစ်ယောက်တည်းသာ မြင်းလှည်းလက်တန် ရင်ဘတ်ကို ထိုးမိကာ သူ့တစ်ကိုယ်လုံး ထုတ်ချင်းပေါက်၍ အခင်းဖြစ်ပွားရာမှာ ပွဲချင်းပြီး သေဆုံးကြောင်း သတင်းရပါသည်၊

ဖြစ်ရပ်က ဤမျှသာဖြစ်သော်လည်း မောင်စန်း မသေမီညက သူ့ထံမှ ရခဲ့သော ထူးခြားသည့် နန္ဒင်းစိမ်းနံ့သည် တကယ်ပင် မသေမီ အစိမ်းသရဲ မှုကပ် ရန့်ပေးလေသလားဟု ဘာကိုမဆို အကြောင်းအရင်းကို ရအောင် ရှာတတ်သော်လည်း ဒီကိစ္စမှာ အဖြေမှန်မရခဲ့သည့် ကျွန်တော်က ယုံရခက်စက်နှင့် ရေးသားလိုက်ရပါသည်၊

➡ ဆောင်းထိန်

စာမူများ ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ကျွဲရုပ်လောကစာစောင်
အမှတ် [illegible]၊ (၂/ခ)၊ ဗဟိုလမ်း ကုန်သည်လမ်းနှင့်
သိမ်ကြီးသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com




# အသားမည်း ဆီးပင်ငုတ်က တစ္ဆေ

ကျေးတာမာ (မှုန်ပြည်နယ်)

## သညိုဖြစ်ရပ်

တို့နှင့် ကြုံခဲ့ရသည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါးမျှရှိပြီဖြစ်သော်လည်း ကိုပိန်၏ စိတ်ထဲတွင်မူ ပြန်တွေးမိတိုင်း မနေ့တစ်နေ့က ကြုံခဲ့ရသည့်နယ် ရုပ်ရှင်ပြကွက်တစ်ခုရှင်းစီလို ကွက်ကွက်ကွင်းကွင်း မြင်ယောင်မိဆဲပင် ဖြစ်သည်။ သည်အချိန်တုန်းက ဝပိန်ဆိုသည့် မိမိအသက်က နှစ်ဆယ်ပင် မပြည့်တတ်သေး။ အခုတော့ အစွယ်မကျိုးသေးသော်လည်း ဆံဖြူ အသိုးကြီး....။ မိမိအသက်ပင် ငါးဆယ်ပြည့်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်ရပ်တို့နှင့်မကြုံတွေ့ခဲ့ပါကလည်းလောကကြီးတွင်ပရလောက သားများ တကယ်ရှိသည်ဟုဆိုလျှင် မိမိအနေဖြင့် ယုံကြည်လက်ခံနိုင်မည် မဟုတ်ပေ။ သည်အကြောင်းကို ပြန်တွေးမိလျှင် ထိုစဉ်ကအတိုင်း မိမိစိတ် တွေ တုန်လှုပ်ချောက်ချားလာမိမြဲ။ ထိုအရပ်၊ ထိုနေရာကို တစ်ခါပြန်ရောက် တိုင်း ယခင်ကရှိခဲ့သော ဆီးပင်ငုတ်နေရာကို မျက်စိအကျင့်ပါပြီးအလိုလို ကြည့်မိတတ်သည်။ ထိုအခါတိုင်း . . . ကိုပိန် . .. ကြက်သီးမွေးညင်းများ ထ.လာတတ်မြဲပင် ဖြစ်သည်။

အနီးဖြစ်ရပ်နှင့် ကြုံခဲ့ရသည့်အချိန်မှစ၍ ကိုပိန်တစ်ယောက် ဘာသာ ရေးကို အထူးအလေးပေး၍ လုပ်ဆောင်ခဲ့သလို ... တစ်သက်လုံး နှစ်မြှုက်ခဲ့ သော ဝက်သားကိုလည်း ဝေရာမကဲ ရှောင်ကြဉ်ခဲ့ပါတော့၏။ လျင်မြန်လှ သောစိတ်စေတသိက်တို့သည်အတိတ်နယ်ပယ်ဆီသို့ကိုပိန်ကိုအရောက် ပို့ခဲ့လေပြီတည်း။

*

၁၉၈၁ - ခုနှစ် ကာလကား နွေဦးအခါသမယ၏ နေခြည်ဖြာစ, နံနက် ခင်းအချိန်တွင် ဖြစ်သည်။ ငပိန်တို့မိသားစု ... လက်ရှိနေထိုင်သည့် ဘိုးဘွား ပိုင်အိမ်ဝိုင်းလေးမှခွဲထွက်ကာဝယ်ယူထားသောခြံကျယ်ကြီးထံသို့ပြောင်း ရွှေ့ရန် ပစ္စည်းများကို လှည်းပေါ်တင်နေကြသည်။ အိမ်အသစ်၊ ခြံအသစ်နှင့် နေထိုင်ရတော့မည်မို့ အားလုံးတက်ကြွနေကြသည်။

လှည်းပေါ်သို့ မိသားစုအစုံအလင် ရောက်ရှိပြီးသောအခါ . . . ငပိန်က လှည်းကို မောင်းထွက်ခဲ့သည်။ ပစ္စည်းများနှင့် ကျပ်ကျပ်တည်းတည်း ဖြစ် နေသောငပိန်တို့လှည်းလေးသည်မကြာမီကမှရေးသက်သက်သာသာနှင့်



ရရှိထားသော ခြံကျယ်ကြီးထဲသို့ လှမ်းဝင်ခဲ့တော့သည်။ ရောက်သည်နှင့် ပစ္စည်းများကို သယ်ယူချပြီး ယခင်အိမ်ဟောင်းတွင် ကျန်ရှိနေသေးသော အထုပ်အပိုးများကို တင်ဆောင်ရန် ငပိန် လှည်းကိုတစ်ဖန် ပြန်လှည့်ရသည်။

ငပိန်တို့ဝယ်ယူလိုက်သည့်ခြံမှာ သီးပင်၊ စားပင် တော်တော်စုံပါသည်။ အရိပ်ကြီး၊ အရိပ်ငယ်ရှိသဖြင့် ကလေးများ ဆော့ကစားရာ နေရာကောင်း လည်းဖြစ်သည်။ တောနှင့်လည်း နီးသဖြင့် ထင်းခွေလို့လည်းရ၊ မှိုချိုး မျှစ်ချိုး လို့လည်း ရသဖြင့် ဝမ်းရေးအတွက် မပူရ။ သည်တော၊ သည်တောင်က ငပိန် တို့နှင့် အသားကျနေပြီးသား။

ဦးစွာ ... ခြံထဲတွင် မြေကြီးမမြင်ရလောက်အောင် ဖုံးလွှမ်းနေသည့် သစ် ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များကို အတန်ငယ် ရှင်းလင်းပြီး ငပိန် လှည်းတစ်စီးတိုက် တင်ဆောင်လာသည့်ခနိဖက်များဖြင့် တဲတစ်တဲ ဆောက် လုပ်ကြသည်။ ကိုကြီးသိန်း၊ အဖေနှင့် ငပိန်တို့ သုံးယောက် ဖယ်ဆက်သလို လုပ်လိုက်ကြရာ ငပိန်တို့၏ယာယီတဲလေးမှာ ခဏချင်း ပြီးသွားသည်။

အရေးကြီးသည့် ပစ္စည်း တချို့တစ်ဝက်ကိုသာ တဲထဲ ရွှေ့ပြောင်းသည် မို့ ငပိန်တို့တဲကလေးပတ်ပတ်လည်တွင် အိုးခွက်ပလုံးများက အစီအရီနှင့်။ အမေက ရိုးရာအုန်းဆွဲနတ်ကိုမေးမှ ငပိန်ခေါင်းကုတ်ပြီး ဘယ်မှာထားမိ သလဲဆိုတာ စဉ်းစားရသည်။ တဲအနီးဝန်းကျင်ကို မျက်စိဝေ့ကြည့်တော့မှ ခပ်လှမ်းလှမ်းရှိ ... ဆီးပင်ငုတ်တစ်ခုတွင် ချိတ်ဆွဲထားမိသော အုန်းဆွဲနတ် ကို တွေ့သဖြင့် အမေ့ကို ပြန်မေးလိုက်သည်။

"ဟိုနားက ဆီးပင်ငုတ်မှာချိတ်ထားတယ် - အမေ၊ အဲဒီမှာပဲဆက်ထား မလား - ဖြုတ်ခဲ့ရမလား"

အမေက အဖေ့ကို ပြန်မေးသည်။ အဖေက ... ငပိန် ... အုန်းဆွဲနတ်ချိတ် ထားသည့်နေရာကို လှမ်းကြည့်ပြီး အဆင်ပြေသည်ဟုဆိုကာ မည်သို့မျှ



www.burmeseclassic.com

www.burmeseclassic.com

မပြောတော့။ ဆီးပင်ငုတ်က ရင်ညွန့်လောက်ရှိပြီး အကိုင်းနှစ်ခုစွထွက် ရှင်သန်နေကာ အသီးကင်းများပင် သီးနေသေးသည်။ တဲလေးက ခပ်ယိုင်ယိုင်၊ တိုင်ကလည်း မခိုင့်တစ်ခိုင်နှင့်မို့ တဲအတွင်းမှာ ချိတ်ထားသည်ထက် စာလျှင် ထိုနေရာက တော်သေးသည်ဟု အဖေ ယူဆသည် ထင်သည်။

မနက်ဖြန်ဆိုလျှင် အိမ်ဆောက်ဖို့ မှာယူထားသော သစ်များ ရောက်လာပေလိမ့်မည်။ ရက်ကောင်းသောနေ့တွင် လက်သမားများသည် ရောက်လာကြလိမ့်မည်။ ပျဉ်ထောင်အိမ်လေး ... ဆောက်ပြီးလျှင် ယခုလို ရှုပ်ပွနေသော တဲကျဉ်းကျဉ်းလေးထဲ ကျောအနာခံပြီး အိပ်ရတော့မည် မဟုတ်။ အတွေးတွေနှင့် ငပိန် ... တော်ရုံအိပ်မပျော်နိုင်။ ဟိုလိုမ့်၊ သည်လိုမ့်နှင့်သာ ရှိတော့သည်။

မှောင်မှောင်မည်းမည်းထဲမှမိမိခြေရင်းတွင်ရပ်နေသောလူတစ်ယောက် သဏ္ဌာန်ကိုမပီဝိုးတဝါး တွေ့လိုက်ရသည်။ ထိုလူကြီး၏ဦးခေါင်းကို သေချာမမြင်ရသော်လည်း အသားမည်းကြီးတစ်ယောက်ဆိုတာတော့ စိတ်ထဲက သိနေသည်။ ထိုလူကြီး၏ကိုယ်ထည်က သာမန်လူနှစ်ဆမျှ ရှိလေသည်။

ငပိန် ရင်တလှပ်လှပ်နှင့် ဇောချွေးများ ပျံလာသည်။ ထိုလူကြီး၏မည်းမည်းသဏ္ဌာန်ကြီးက ငပိန့်စိတ်နလုံးကို ဖျစ်ညှစ်လိုက်သလို ခံစားရသည်။ ငပိန် ဆောက်တည်ရာမရဖြစ်နေစဉ် ထိုကုလားကြီးထံမှ စကားသံဩဩ က ကြောက်မက်ဖွယ် ထွက်ရှိလာသည်။

"မင်းလုပ်ပုံ ကောင်းလား။ မင်းကြောင့် . . . ငါ ဒုက္ခရောက်ရတယ်။ မင်းတို့နတ်ကို ငါ့နေရာမှာ လာမထားနဲ့။ ငါ လုံးဝမကြိုက်ဘူး"

ထိုသို့ပြောပြီးသည်နှင့် ထိုအသားမည်းကြီးမှာ ငပိန့်ခြေရင်းက ရုတ်ခြည်းပျောက်ကွယ်သွားသည်။ ငပိန် လန့်ဖျပ်ပြီး ငုတ်တုတ်ထ,ထိုင်မိသည်။ အလင်းပျပျဝင်နေသော တံခါးပေါက်ဝကို ဖဝေဖဝါကြည့်ရင်း စောစောက



အဖြစ်အပျက်သည် တကယ်လား၊ အိပ်မက်လားဟု မိမိကိုယ်မိမိ မေးခွန်းထုတ်နေမိသည်။ ထိုအသားမည်းကြီး၏စကားသံကို နားထဲ လောလော လတ်လတ် ကြားလိုက်ရသည်မို့ အိပ်မက်ဟု ယူဆရန် ငပိန့်အဖို့ ခဲယဉ်းနေသည်။

ကစဉ့်ကလျားဖြစ်နေသောစိတ်ကို အတတ်နိုင်ဆုံး စုစည်းပြီး မှတ်မိသမျှ ဘုရားစာများကို နှုတ်က အသံထွက်၍ အလောတကြီး ရွတ်ဆိုလိုက်တော့ ... အစီအစဉ်တကျမဖြစ်။ ဂုဏ်တော်(၉)ပါးနှင့် သမ္ဗုဒ္ဓေ ရောလိုရော၊ (၂၄)ပစ္စည်းကို အလယ်က မေ့လိုမေ့နှင့် ငပိန်တစ်ယောက် အယောင်ယောင်၊ အမှားမှားဖြစ်ကာ သွေးပျက်နေတော့သည်။

မနက်လင်းတော့ ငပိန်မျက်နှာသစ်ရင်း မလှမ်းမကမ်းက ဆီးပင်ငုတ်ရှိရာဆီ မဝံ့မရဲ လှမ်းကြည့်လိုက်သည်။ ထိုအခါ ဆီးပင်ငုတ်ပေါ်တွင် လေနှင့်အတူ တလွင့်လွင့်ဖြစ်နေသော ရှန်ဖြူရှန်နီ ဖောင်းတော်ကလေးတွေကိုမြင်လျှင် နှုတ်မှ "အမလေး"ဟု လန့်အော်မိမတတ် ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

တကယ်တမ်းဆိုရလျှင် ငပိန်သည် တစ်ခါမျှ မမြင်မတွေ့ဘူးခဲ့သောသရဲ၊ တစ္ဆေ စသည့် ပရလောကသားများကို ကြောက်ရွံ့ဖို့ မဆိုနှင့်၊ အယုံအကြည်လည်း မရှိခဲ့ချေ။ ငပိန်လူပျိုပေါက်ဘဝက အဖော်များနှင့် တစ်ဖက်ရွာတွင်ပွဲသွားကြည့်ရာမှအပြန်...တစ္ဆေအလွန်ခြောက်သည်ဟုနာမည်ကြီးသော ရွာထိပ်က ကုက္ကိုပင်ကြီးအောက်မှ ဖြတ်လျှောက်ခဲ့ဖူးသည်။ တစ္ဆေထက်ဆိုးသော ဓားပြသောင်းကျန်းသူများနှင့်တွေ့ပြီး ပါလာသော ပိုက်ဆံ

www.burmeseclassic.com

နှင့် ဝတ်ထားသောအကျီအသစ်များကို ချွတ်ပေးလိုက်ရသည်။ ထို့မျှမက သေး၊ ငပိန်တို့ သူငယ်ချင်းစုစုပေါင်း (၃)ယောက်ကို ထိုကုတ္တိုပြင်ကြီးတွင် ကြိုးနှင့်ချည်၍ အကျီဗလာနှင့် တစ်ညလုံးနေစေခဲ့သည် မဟုတ်လား။

ထိုညက နာမည်ကျော် အသားမည်းကြီးကိုတစ္ဆေသည် သူ့ထက်ကြမ်းသည့်လက်နက်ကိုင် သောင်းကျန်းသူအုပ်စုကို လန့်၍ထင့် ...။ တစ်ညလုံး အရိပ်အယောင်မျှ မမြင်ပါ။ တော်ပါသေးသည်။ ထိုဓားပြသောင်းကျန်းသူ အဖွဲ့သည် ပိန်နာနာနှင့် ကလေးသာသာရှိသေးသော ငပိန်တို့(၃)ယောက်ကိုခေါ်မသွားပါချေ။ ထိုနေ့ကစ၍ ငပိန်တစ်ယောက် တစ္ဆေ သရဲ တကယ် ရှိသည်ဟု တစ်ယောက်ယောက်ဆိုလာလျှင် ခွက်ထိုးခွက်လန်ရယ်ပြီး သူကြုံခဲ့ဖူးသော တစ်ညတာဖြတ်လမ်းဖြင့် လူတို့အစွဲကို ဖျောက်စေခဲ့သည်။

ယခုမူ ထိုသို့သတ္တိကောင်းခဲ့သော ငပိန်သည် အိပ်မက်လိုလို၊ တကယ်လိုလိုမြင်တွေ့လိုက်ရသောကုလားတစ္ဆေကြောင့် ဘယ်ကဘယ်လိုဝင်လာမှန်းမသိသော ကြောက်စိတ်များက အရိုးထဲထိ စိမ့်သွားသလား ထင်မှတ်ရသည်။ သည်အကြောင်းကို ဖွင့်ပြောလျှင် အဖေ၊ အမေတို့က ယုံကြည်လက်ခံပါ့မလားဟု သူတွေးမိသည်။ ပေပေတေတေနေတတ်သော ကိုကြီးသိန်းကလည်း သူ့ကိုအိပ်မက်ဆိုးတွေမက်ပြီး တောင်ပြော၊ မြောက်ပြောလျှောက်ပြောနေသည်ဟုထင်ကာ လှောင်ရယ်မှာလည်း စိုးသည်။

ဘာပဲဖြစ်ဖြစ် ... သည်တစ်ညတော့ ... ဘာထူးခြားမလဲဆိုတာ စောင့်ကြည့်ပေဦးမည်။ ထိုဆုံးဖြတ်ချက်ကြောင့် ယင်းဆီးပင်ငုတ်မှ အုန်းစိမ်းဆွဲထားသော အိမ်တွင်းနတ်ကို တမင်ပင် သွားမဖြုတ်ခဲ့။ စိတ်ထဲတွင်တော့ ခပ်လန့်လန့်ရယ်ပါ။

ငပိန်အိပ်ပျော်လုဆဲဆဲတွင် ရင်ဘတ်ပေါ်လေးလံသော အရာဝတ္ထုကြီး တစ်ခု တက်ဖိထားသလို ခံစားရသဖြင့် အင်အားရှိသလောက် ရုန်းကန်



လိုက်သည်။ သို့သော် ငပိန့်လက်တွေ၊ ခြေတွေက အကြောအခြင်ဆိုင်းကုန်သလို လုံးဝလှုပ်ရှား၍ မရပေ။ ကြိုးစား၍ မျက်ခွံဖွင့်ကြည့်ရာ ယမန်ညက ရောက်လာသော အသားမည်းတစ္ဆေကြီးက ငပိန့်လည်ပင်းကိုညှစ်ဖို့ ကြိုးစားနေသည်ကို တွေ့ရသည်။ ငပိန် ထိုအသားမည်းတစ္ဆေ၏ သန်မာသော လက်ကြမ်းတို့ကို ဖယ်ပစ်ရန် အတင်းရုန်းကန်နေသော်လည်း ခန္ဓာကိုယ်က နည်းနည်းလေးမှ လှုပ်၍မရပေ။

လည်ပင်းကို ဖိညှစ်ထားသဖြင့် ငပိန် လျှာထွက်မတတ်ဖြစ်နေရသည်။ နလုံးခုန်နှုန်းတွေ မြန်ဆန်လာပြီး အသက်ရှူကျပ်၊ မောဟိုက်လာသည်။ သည်ပုံစံအတိုင်းဆိုလျှင် မိမိသေရုံသာ ရှိတော့မည်ဟု ငပိန်စိတ်ထဲမှ တွေးလိုက်မိသည်။ ပါးစပ်မှ အာခေါင်ခြစ်အော်သော်လည်း အသံကားထွက်မလာဘဲ ရှိနေသည်။ အနီးတွင် အိပ်ပျော်နေသော ကိုကြီးသိန်းကိုလည်း မိမိဖြစ်အင်ကို မသိရကောင်းလားဟု ဒေါသပင် ထွက်မိသေးသည်။

နှုတ်မှ စကားသံမထွက်ဘဲ တစ်ဆို့နေသဖြင့် ငပိန် စိတ်ထဲမှ "လွှတ်ပါ၊ လွှတ်ပေးပါ" ဟု ထိုအသားမည်းတစ္ဆေကြီးကို တောင်းပန်နေမိသည်။ ငပိန် စိတ်ထဲမှစကားကို အသားမည်းတစ္ဆေကြီးက ကြားသည့်အလား ...။

"မလွှတ်ဘူးကွ - မလွှတ်ဘူး။ မင်းအပြစ်နဲ့မင်းပဲ။ မင်းတို့နတ်ကိုပြန်ယူလိုက်ပါလို့ ပြောတာ လာပြန်မယူဘူး။ မင်းကို ငါ - အားကြီးစိတ်ဆိုးတယ်"

ဟု ပြောကာ ငပိန့်လည်ပင်းကို လက်ကြမ်းကြီးနှင့် အားစိုက်၍ ညှစ်လေတော့သည်။

"ဗူး - ဗလူး - အောင်မလေး - အမေရဲ့"

ငပိန် အသံနက်ကြီးနှင့်အော်ရင်း ငုတ်တုတ်ထ,ထိုင်သည်။ ငပိန့်အော်သံကြောင့် အားလုံးနိုးသွားပြီး အမေက ရေနံဆီမီးခွက်ကို ထွန်းလိုက်သည်။

"ညီလေး ငပိန် - ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးသိန်းအမေးကို ချက်ချင်းမဖြေနိုင်သေး၊ ငပိန့်မျက်နှာတွင် ချွေးသီးချွေးပေါက်များကျလျက် ရင်အစုံက ဖားဖိုကြီးလို နိမ့်လိုက်၊ မြင့်လိုက်နှင့် မောပန်းတကြီး အသက်လုရှူနေရသည်၊ ငပိန့်ဖြစ်အင်မြင်လျှင် အမေက တဲခေါင်းရင်းတွင်ထားသော ရေမန်းကို ခွက်ထဲ အနည်းငယ်ထည့်ပြီး ငပိန့်အား သောက်စေသည်၊

ရေမန်းကို ခွပ်ခနဲ သောက်ချလိုက်ပြီး ငပိန်က သည်မြို့ထဲသို့ ရောက်သည့်ညမှစ၍(၂)ရက်တိုင်တိုင်မက်ခဲ့သော သူ့အိပ်မက်အကြောင်းကိုပြောပြလိုက်သည်၊ အဖေက ခေါင်းတညိတ်ညိတ်လုပ်ရင်း –

"အေးလေ – သူ့ရှိမှန်းမသိလို့ ပထမတစ်ခါက မှားမိတာ၊ နောက်တစ်ခါက မယုံကြည်တဲ့စိတ်ကြောင့် မှားမိတာ ...၊ ဘာပဲဖြစ်ဖြစ် – သူမကြိုက်မှန်းသိရင် ဆင်ခြင်တာ အကောင်းဆုံးပဲ၊ မနက်ကျမှ နတ်ကွန်းဆောက်ပြီး တဲထဲမှာ ထားကြတာပေါ့"

ဟု ပြောလိုက်မှ ငပိန့်ရင်ထဲ အလုံးကြီးကျသွားသည်၊

☼

သည်ကာနေ့ ရွာအစွန်ပိုင်းတွင် ဝက်သားပေါသည်ဟု ကြားသည်၊ ရွာအစွန်ပိုင်းသို့ ငပိန်ထွက်ခဲ့သည်၊ ယင်းဝက်သားပေါသည့်နေရာတွင် ငပိန့်သူငယ်ချင်း တိုးလှတစ်ယောက် ရှိနေမည်က သေချာနေ၍ပင်၊ တိုးလှက ရွာထဲတွင် ဘယ်သူ ဘာလုပ်လုပ် နေရာတကာ ပါတတ်သည်၊ ယခုလည်း သူများကိစ္စတုံးပြီးသားဝက်ကို ဟိုနေရာလို၊ ဒီနေရာဖျက် ဝိုင်းလုပ်ပြီး တစ်အိုးချက်တော့ အရယူခဲ့မည်ဆိုတာ ဗေဒင်မေးစရာ မလို ...၊



ထင်သည့်အတိုင်းပင် ...၊ တိုးလှတစ်ယောက် ဝက်သားတွဲတစ်တွဲကို ကိုင်ကာ ကော့လန် ကော့လန် လျှောက်လာသည်နှင့်ဆုံသည်၊ သူ့ကို မြင်သည်နှင့် ဝက်သားတွဲကို ထောင်ပြပြီး မျက်နှာစပ်ဖြီးဖြီးဖြင့် –

"လာကွာ – သူငယ်ချင်း၊ ငါတို့အိမ်သွားပြီး ချက်ရအောင် ..."

ဟု ဆိုသည်၊

တိုးလှတို့အိမ်တွင် ချွေးတလုံးလုံးနှင့် ချက်ပြုတ်ပြီးသောအခါ ငပိန့်ဖို့ဆိုကာ တိုးလှက ဝက်သားဟင်းတစ်ပန်းကန် ထည့်ပေးသည်၊ ယင်းဝက်သားပန်းကန်ကိုကိုင်ကာ ... တိုးလှတို့အိမ်နှင့် တစ်ခြံကျော်တွင်ရှိသော မိမိအိမ်လေးဆီသို့ ငပိန် ပြန်ခဲ့သည်၊

အိမ်ပေါ်သို့ မရောက်သေး ...၊ အိမ်ထဲရှိ အမေ့ကို ဝမ်းသာအားရ အော်ပြောလိုက်သည်၊

"အမေရေ – မနက်စာအတွက်ဒီမှာဝက်သားဟင်းတစ်ခွက်ရလာတယ်၊ ထမင်းကော ပိုပိုသာသာ ချက်ထားရဲ့လား ..."

သည်အိမ်တွင် ဝက်သားမစားသူဆိုလို့ အလတ်မတစ်ယောက်သာ ရှိသည်၊ ထို့ကြောင့် နှုတ်မှလည်း –

"အလတ်မရေ – ဝက်သားဟင်း ပါလာတယ်၊ နင်တော့ ငတ်ပြီ"

ဟု လှမ်းစ လိုက်သေးသည်၊

ငပိန်တို့မိသားစု မနက်စာကို ဟင်းချိုလေးတစ်ခွက်၊ ထိုဝက်သားဟင်းတစ်ခွက်ဖြင့် မြိန်ယှက်စွာ စားသောက်လိုက်ကြသည်၊ ထမင်းစားပြီး တစ်အောင့်အကြာတွင် အားလုံးဝမ်းထဲ တရစ်ရစ်ဖြစ်လာပြီး ဝမ်းသွားရှုတော့သည်၊ အငယ်ဆုံး နို့စို့ကလေးပင် လူကြီးများနှင့်အတူ ဝမ်းပျက်ဝမ်းလျှောဖြစ်သည်၊အလတ်မတစ်ယောက်သာ ဘာမှမဖြစ် ...၊ သို့ဖြစ်၍အမေကဝက်သားဟင်းကြောင့်များလားဟု သံသယဝင်ကာ ငပိန့်ကို ဆူတော့သည်၊

"ဟဲ့ – ငပိန် – နင့်ဝက်သားက မသန့်ဘူးထင်တယ်၊ သေချာရေဆေးပြီးမှ ချက်ရဲ့လား၊ ဝက်က ဝက်နာများလား ..."



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ဝေါ်ပိန့်အဖေ ဦးရွှေရတစ်ယောက် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာပြီး မျက်လုံးအစုံမှာလည်း နီရဲပြူးကျယ်လာသည်။ အနီးတွင် နို့စို့နေသော ဝေါ်ပိန့်ညီမလေးသည်လည်း ရုတ်တရက် စူးစူးဝါးဝါး ထ,ငိုသည်။

.....................

"မဟုတ်တာ – အမေရယ်။ ဝက်က ဝက်နာလည်း မဟုတ်ဘူး။ ပြီးတော့ သားနဲ့ တိုးလှ – သေသေချာချာ ရေစင်စင်ဆေးပြီး ချက်တာပါ။ ဝက်သားကြောင့်ဆိုရင် တိုးလှတို့အိမ်လည်း ဝမ်းပျက်ကြမှာပဲ။ သား – သွားမေးကြည့်ဦးမယ်"

ခဏနေတော့ ဝေါ်ပိန် ... မကျေမချမ်းနှင့် ပြန်ရောက်လာသည်။ တိုးလှကလည်း အခြေအနေလာကြည့်ရန် နောက်က လိုက်လာသည်။ ဝေါ်ပိန်တို့ မိသားစုအဖြစ်ကိုမြင်တော့ အံ့သြနေသည်။

"မင်းတွေ့တဲ့အတိုင်းပဲ – သူငယ်ချင်း။ ငါကတော့ ဘာကြောင့်ဆိုတာ စဉ်းစားလို့မတတ်တော့ဘူး"



ညနေစောင်းလောက်တွင် အိမ်ရှေ့ရှိ ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ဝေါ်ပိန့်အဖေ ဦးရွှေရတစ်ယောက် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာပြီး မျက်လုံးအစုံမှာလည်း နီရဲပြူးကျယ်လာသည်။ အနီးတွင် နို့စို့နေသော ဝေါ်ပိန့်ညီမလေးသည်လည်း ရုတ်တရက် စူးစူးဝါးဝါး ထ,ငိုသည်။ ဝေါ်ပိန့်အမေ ဒေါ်ခင်မြိုင်မှာ အော်ဟစ်ငိုယိုပြီး ရုန်းကန်နေသော ကလေးကို တစ်ဖက်ထိန်းရင်း အမူအရာပြောင်းလာသော ဦးရွှေရမျက်နှာကိုမြင်သောအခါ နှုတ်မှ "အမလေး" ဟု လန့်အော်လိုက်မိသည်။

ဦးရွှေရသည် အိမ်သားများကို အလွန်အမင်း စိတ်ဆိုးနေသောပုံစံဖြင့် လက်ညှိုး ငေါက်ငေါက်ထိုးကာ သူတို့ ဘာသာစကားတစ်မျိုးကို ပီပီသသ ပြောနေတော့သည်။ သူ ... ဘာကိုဆိုလိုသည်ကို နားမလည်။ ဒေါ်ခင်မြိုင်မှာ ကြောက်ကလည်းကြောက်၊ ထွက်ပြေးလို့လည်းမဖြစ် . . .။ ချီထားသည့် ကလေးကလည်း လန့်ဖျပ်ပြီး အော်ငိုနေသဖြင့် ကျဉ်းထဲ၊ ကျပ်ထဲ ရောက်နေရသည်။ ထိုစဉ် ကိုကြီးသိန်းက ကုလားတစ်ယောက် သွားပြေးခေါ်သည်။

ခေါင်းရင်းနှစ်ခြံကျော်မှ ဦးစွပ်ပရား ရောက်လာသည်။ ဝင်ပူးနေသော သရဲကို ဦးစွပ်ပရားက ရိုရိုသေသေ လှမ်းမေးလိုက်သည်။ အသားမည်းသရဲကလည်း မျက်တောင့်နီကြီးနှင့် တစ်စုံတစ်ခုကို မကျေနပ်သောပုံစံဖြင့် ဦးစွပ်ပရားကိုဘာတွေပြန်ပြောသည်မသိ။ လူနှင့်သရဲကို့ကို့ကွကွနှင့် ခေါင်းတစ်ခါခါ၊ လည်တစ်ခါခါ ပြောနေကြသည်။ ဝေါ်ပိန့်မှာ အဖေ့ထံ ဝင်ပူးနေသော သရဲကြီးကို လန့်မိသော်လည်း အသားဖြူဖြူနှင့် အင်္ဂလိပ်မျက်နှာကျမျိုးဖြစ်သော အဖေက ဘယ်လိုမှ မအပ်စပ်သည့် ကုလားစကားကို ပြောနေသည့်ပုံစံကိုဖြင့် ရင်ထဲ ကလိတက်အောင် ရယ်ချင်နေမိသည်။

အတန်ကြာတော့ ... အသားမည်းသရဲကြီး ထွက်သွားသည်။ ဝေါ်ပိန့်ညီမလေးသည်လည်း အမေ့ရင်ခွင်ထဲ၌ တအင့်အင့်ရှိုက်ရင်း အိပ်ပျော်သွားသည်။ ဦးစွပ်ပရားက အိမ်သားအားလုံးကို မျက်စိဝေ့ကြည့်ပြီး ခပ်လှမ်းလှမ်းက ဆီးပင်ငုတ်ကို ညွှန်ပြ၍ ပြောတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဆီးပင်ဝှတ်မှာ အစောင့်ရှိတယ်။ အဲဒီအစောင့်က ကုလားလူမျိုး ဆိုတော့ သည်ခြံထဲမှာ သားကြီး ငါးကြီးစားတာမကြိုက်ဘူး။ မနက်က သည်အိမ်မှာ ဝက်သားဟင်းနဲ့ စားတယ်လို့ သူ ပြောတယ်။ သူ မကြိုက်ကြောင်း - သိစေချင်လို့ တစ်အိမ်လုံးကို ဝမ်းလျှောအောင် လုပ်တာတဲ့ ..."

ဦးစွပ်ပရား စကားအဆုံးမှာ အားလုံးတစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ မျက်စိမျက်နှာပျက်ကုန်သည်။ ယင်းဆီးပင်ဝှတ်တွင် အစောင့်ရှိသည်ဆိုတာတော့ ငပိန်ကို အိပ်မက်ပေးသဖြင့် တစ်အိမ်လုံး သိရှိပြီးသား ဖြစ်သည်။ သို့သော် သည်ခြံဝင်းထဲတွင် ခြေလေးချောင်းသား မစားရဆိုတာတော့ မည်သူမျှ မသိရှိကြ။ သည်ခြံကို ဝယ်စဉ်ကလည်း မူလခြံပိုင်ရှင်ဆီမှ ပြောသံ မကြားမိချေ။

ဦးစွပ်ပရားက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် တွေးတွေးဆဆ ပြောသည်။

"ခွန်နော် - သိသလောက်ပြောရရင် ဦးရွှေရတို့မတိုင်ခင် နေသွားကြတဲ့သူတွေက တရုတ်မိသားစုခင်ဗျ။ သည်ခြံကို ပြောင်းလာပြီး ဘာကြာလိမ့်မလဲ၊ တခြားမှာ အလုပ်သွားလုပ်နေတဲ့ တရုတ်အဖိုးကြီးက မယားငယ် ယူတယ်ဆိုလား။ အိမ်ထောင်ကွဲရော။ ပြီးတော့ - အိမ်မှာ အမြဲနေတဲ့ တရုတ်မ အဖွားကြီးရဲ့ သားလူပျိုကြီးနဲ့ သမီးအပျိုမတို့ မောင်နှမလည်း ဘာရောဂါကြောင့်တော့ မသိဘူး။ ဆုံးသွားတာ ရှေ့ဆင့် နောက်ဆင့်ပဲ - ဆရာ"

"ဟုတ်လား။ အေးဗျာ - ကျွန်တော်ကလည်း သည်ခြံကို ဝယ်တုန်းက ပွဲစားနဲ့တစ်ဆင့် ဝယ်တာဆိုတော့ သည်ခြံအကြောင်း၊ ဈေးနှုန်းအကြောင်းတွေကို ပွဲစားနဲ့ပဲ ညှိရတာလေ ...။ ပိုင်ရှင် တရုတ်မကြီးက လက်မှတ်တစ်ခုပဲ ထိုးပေးပြီးတော့ သည်ခြံနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဘာမှမပြောခဲ့ဘူး။ အေးလေ - သူ့ခမျာလည်း အပူမီးတွေ ပိုင်းနေတာကိုး ..."

အဖေနှင့်ဦးစွပ်ပရားတို့၏စကားများကိုဘေးမှငြိမ်သက်စွာနားထောင်နေရင်း ကြက်သီးထ၊ ပန်းတွန့်လိုက်မိသည်။ ထိုပရလောကသား အသား



မည်းကြီး ဘယ်လောက်ထိ ကြမ်းသလဲဆိုတာ မိမိကိုယ်တိုင် အီဆိမ့်နေအောင် ခံစားဖူးသည် မဟုတ်ပါလား။ သည်ကနေ့လည်း ဝမ်းလျှောသည့်အတွက် လူလည်း အားအင်မရှိ၊ နုံးချိကာ တစ်နေ့လုံး အိမ်ထဲတွင် ခွေနေရသည်။ တိုးလှုက နောက်တစ်ခေါက် လာကြည့်ပြီး -

"ဝက်သားဟင်း - စားအုံးမလား - သူငယ်ချင်း။ အိမ်မှာမင်းဖို့ကျန်သေးတယ်"

ဟု မစံရှို မစံသာဖြစ်အောင် စ,နောက်နေသေးသဖြင့် ငပိန် စိတ်ဆိုးမာန်ဆိုးနှင့်အသံတိတ်ဆဲလိုက်မိသေးသည်။ သည်ညနေ အဖေ့ထံ အသားမည်းကြီး ဝင်ပူးကာ ဝမ်းလျှောအောင်လုပ်သည့်အကြောင်း ပြောသည်ကို တိုးလှု မသိသေး ...။ သိလျှင် များစွာအံ့ဩဦးမည်။ သည်ခြံနှင့် ပတ်သက်ပြီး တိုးလှုသိထားသည့် အကြောင်းအရာတချို့ရှိချင်ရှိလိမ့်မည်။ တစ်စုံတစ်ရာ သိရလို၊ သိရဖြား ညကြီးမိုးချုပ်မှာ တိုးလှုတို့အိမ်သို့ ငပိန် ... ထွက်ခဲ့တော့သည်။

ငပိန် ပြောပြသည့်အဖြစ်အပျက် အစအဆုံးကို သိပြီးနောက် တိုးလှုက သူ့အထင်ကို ပြောလာသည်။

"အင်း - ဒီလိုဆိုတော့ - မင်းတို့ခြံမှာ အစောင့်ကုလား တကယ်ရှိတာပါလား။ သည်ခြံကို လူမနေဘဲ ပစ်ထားတာတော့ (၃)နှစ်လောက် ရှိပြီကွ။ ရွာထဲကလူတွေ သည်ခြံထဲက အသီးတွေဝင်ပြီးမကောက်ရဲကြတာက သေသွားတဲ့ တရုတ်မောင်နှမကို ကြောက်လို့ကွ။ ခြောက်တာ၊ လှန့်တာ ဘာမှ မကြားမိပါဘူး။ လူတွေကသာ ကြောက်ပြီး အသွားအလာမရှိလို့ ခြံက ဆိတ်ငြိမ်တည်းကြီးဖြစ်နေတာ။ ငါ စဉ်းစားမိတာတစ်ခုက ခြေလေးချောင်းသား စားတာ မကြိုက်တဲ့ခြံထဲမှာ တရုတ်နေတယ်ဆိုတော့ အဆင်ပြေမှာ မဟုတ်ဘူး၊ တရုတ်ရိုးရာဘုရားရှိခိုးရင် ခြေလေးချောင်းကမပါမဖြစ် ပါရတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွ – တိုးလှ၊ မင်းထင်တာ ဖြစ်နိုင်တယ်။ တရုတ်ဆိုတဲ့အမျိုးကလည်း ဝက်သားဆို သိပ်ကြိုက်တာ၊ အဲ ... ဒါပေမဲ့ ...ဟိုတရုတ်မောင်နမ ဆုံးသွားကြတာ သွေးရိုးသားရိုးရောဂါနဲ့ ဆုံးတာကော မဖြစ်နိုင်ဘူးလား ..."

"ရောဂါနဲ့ ဆုံးတာလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ – တစ်ခုတော့ ရှိတယ်ကွ၊ လူကြီးတွေ ပြောပုံအရဆိုရင် ... အဲဒီမောင်နမရောဂါက နာတာရှည်မဟုတ်၊ သေမှ ရွာထဲကလူတွေ သိကြတာ ...၊ ဖျားနာတယ်ဆိုတာတောင် မကြားမိဘူးတဲ့၊ ပြီးတော့ – အဖွားကြီးက နဂိုကတည်းက ခပ်ရှင်းရှင်းနေတတ်တော့ ... ဘာရောဂါဆိုတာတောင် မမေးရဲကြဘူးတဲ့ကွာ ..."


"ငါလည်း ကိုယ်တွေ့မို့သာ ယုံသွားတာ ...၊ ပရလောကသား ရှိတယ်ဆိုတာ သူများပြောရင် ယုံမှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်ကွာ – ငါတို့တစ်အိမ်လုံးကို ဝမ်းလျှောရုံလောက်ပဲ ပညာပြလိုက်တာ ကံကောင်းတယ်လို့ ဆိုရမယ်၊ သူ မကြိုက်တဲ့ ခြေလေးချောင်းသားကိုလည်း သည်အိမ်မှာနေသရွေ့ ဘယ်တော့မှ ချက်မစားဖြစ်တော့မယ့်အတူတူ ရာသက်ဝန် ရှောင်လိုက်တော့မယ်ကွာ ...၊ ပြီးတော့ – တာသာရေးဘက်ကို ငါအလေးအနက်ထားပြီးလိုက်စားတော့မယ်၊ သံသရာဟာ တကယ်ရှိကြောင်း သိလိုက်ရပါပြီ"


ငပိန်တစ်ယောက် ထိုနေ့မှစ၍ ဝက်သားဆိုလျှင် တခြားအိမ်မှာပင်ဖြစ်စေ၊ အလှူပွဲ၌ပင်ဖြစ်စေ လက်ဖျားနှင့်တောင် မတို့တော့ပါ၊ ယခုအချိန်တွင်တော့ ... ညနေတိုင်း ဘုရားမှာ ပုတီးသွားစိပ်လေ့ရှိသော ခေါင်းဖြူဖြူနှင့် အဘိုးကြီးပေါက်စ ... ကိုပိန်အား သာသနာ့အရေးကိစ္စများတွင် ဦးဆောင်၍ ပါဝင်ကူညီလုပ်ဆောင်ပေးနေသည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသတည်း။

**ဈေးသာမာ** (မွန်ပြည်နယ်)



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကောက်ကြောင်း

ရှာပုံဖိုးသား



အေးငြိမ်းချမ်းသာမှုများ
ပြည့်လျှမ်းနေသည့် စိတ်အလျဉ်မှာ
ဖြစ်ပေါ်ခံစားနေရသည့်
သန္တိသုခအရသာကို တငြိမ့်ငြိမ့်
ခံစားစီးမျောနေသည့် ရဟန်းတော်တစ်ပါး။
ကျောင်းသင်္ခမ်းနှင့်မနီးမဝေး၊ အရွက်တွေ
ဝေဝေဆာဆာ စိမ်းစိမ်းညို့နေသည့်
လူနှစ်ဖက်ခန့် မင်စည်လုံးခန့်
ညောင်ပင်ကြီး၏အောက်မှာ တရားရသာထူးကို
ခံစားရင်း အေးငြိမ်းလှပါဘိ။

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းဘဝရောက်ခဲ့သည့်နေ့မှစ၍ တစ်နေ့မပြတ် သည်ညောင်ပင်ကြီးရဲ့အရိပ်ဆာယာမှာ မေတ္တာဘာဝနာစီးဖြန်းရင်း ရှုမှတ်ပွားများ နေလာခဲ့သည်မှာ အတန်ပင် ကြာခဲ့ပါပကောလေ၊ မဟာဆီ မှဟာသွေးစစ်စစ်ကို ပြည်ဖုံးကာချခဲ့ပြီး အသက်အန္တရာယ်ကင်းလွတ်ရာအရပ်သို့ ရှောင်တိမ်းခဲ့ရာမှ ရဟန်းဘဝကို ခံယူခဲ့ရသည့်သူ့အဖို့ ယခုတော့ တကယ့်ကို ဘဝမှာ သာယာဖျော်ပိုက် ချမ်းသာမှုဆိုက်ခဲ့ပြီ ဖြစ်သည်၊ သွေးညှီနံ့လှိုင်လှိုင်၊ ပြောင်လက်တောက်ပနေသည့်ဓားလှံအသံတညံ့ညံ့တို့ကိုလည်းအာရုံမှာ မေ့ပျောက်နိုင်စွမ်း ရှိလာခဲ့သည်၊ လောဘ၊ ဒေါသ၊ မောဟ၊ အာယာတတို့ ပြည့်လျှမ်းနေသည့် ထီးနန်းရင်ပြင်မှာ မရခဲ့သော၊ ရှာဖွေမတွေ့ရှိခဲ့သော မေတ္တာ၏ အေးမြခြင်းနှင့် တရားဘာဝနာစီးဖြန်းခြင်းတို့ကြောင့် ရရှိလာခဲ့သည့် တည်ငြိမ်အေးချမ်းခြင်းတို့ကို သည်ညောင်ပင်အိုကြီး၏အရိပ်မှာ ဖြစ်တည်လာနိုင်ခဲ့ပါ၏၊

စစ်သွေးစစ်မာန်တို့ဖြင့် မာကြောခက်ထန်ခဲ့သော နှလုံးသားတို့ကိုလည်းကောင်း နတ်ဘုံနတ်နန်းတမျှ အထူးထူးအပြားပြားသော ထီးနန်းစည်းစိမ်တို့ ယစ်မူးတိမ်းညွတ် ပျော်ပိုက်ခဲ့သည့် ခံစားမှုတို့ကိုလည်းကောင်း ဥပေက္ခာပြု လျစ်လျူရှုနိုင်ခဲ့ချေပြီဖြစ်သည်၊ သို့ပေမဲ့ - တစ်ခါတစ်ရံ မိမိရင်တွင်းမှ ရာဇမာန်အကြွင်းအကျန်လေးတွေက ဘယ်လိုက ဘယ်လို ပေါ်ပေါက်လာမှန်းမသိ၊ တရားဖြုတ်ပြီး စကြံလျှောက်နေသည့် အချိန်မျိုး၌ မှာပင် ဝုန်းခနဲလို ထွက်ပေါ်လာတတ်သေးသည်၊ ပုတီးကိုကိုင်ဆွဲထားသည့် လက်ချောင်းအစုံတို့အတွင်းစီးဆင်းလာသည့်ခွန်အားတစ်ရပ်က မာကြောတောင့်တင်းလာပြီး လက်သုံးတော်ပတ္တမြားကျောက်စီဓားကို ဆုပ်ကိုင်နေသည့်အလား ပုတီးကုံးကလေးကို ယောင်ယောင်မှားမှား ဆုပ်ကိုင်မိသည်တလည်း အကြိမ်ကြိမ်ဆိုသလို၊ ထိုအခါမျိုးဆိုလျှင် သူ့နှုတ်ဖျားမှ ရှည်လျားသော သက်ပြင်းချသံတွေလည်း နောက်ဆက်တွဲအဖြစ် ပါလာတတ်စမြဲ၊ ဤသို့ဖြစ်ပြီးတိုင်းလည်း မီးဟုန်းဟုန်း တောက်လောင်နေသည့် မြင်ကွင်းများ၊ သရဲသဘက်စီးသလို အကြမ်းပတမ်း တိုက်ခိုက် သတ်ဖြတ်နေကြသည့် ရန်သူ့ရဲမက်များ၊ အတုံးအရုံး လဲပြို သေကြသော ဆင်၊ မြင်း၊ ဗိုလ်ပါစစ်သည်များ၊ အို - စက်ဆုပ်ဖွယ် အနိဋ္ဌာရုံတွေ -



ကြောက်မက်ဖွယ် အာရုံရုပ်တွေက ခြောက်အိပ်မက်တွေထဲမှာ မကြာခဏ စီးမျောသက်ဝင်နိုးထ အသက်ဝင်နေတတ်ကြသည်၊

အင်းလေ ... အောင်နိုင်သူနှင့်ရှုံးနိမ့်သူ၊ နန်းရပ်ထီးဖြူ လုယူသူနှင့်ထီးနန်းစွန့်ခွာ ရှောင်ဖယ်ပေးရသူ၊ ခံစားမှုခြင်း ဘယ်တူနိုင်ပါ့မလဲ၊ နာကြည်းချက်၊ အာယာတ၊ အမုန်းတရားတွေက ဘယ်လိုလုပ်ပြီး အလွယ်တကူ ကွယ်ပျောက်နိုင်မှာတဲ့လဲ၊ တရားဆိုသည့် အမြိုက်ရေစင် ဖြန်းပက်နေတုန်း လွင့်စဉ် ပုန်းလျှိုးနေကြပေမယ့် ပုထုဇဉ် တစ်ဦးဘဝသာ ဖြစ်တည်နေသေးသည့် သူ့အဖို့ ထိုအရာတို့က အခွင့်သာတိုင်း အနာဟောင်းကို ဆွနေသလို တစစ်စစ် တမြက်မြက်၊

မတတ်သာ၍ လက်လွှတ်ချထားခဲ့ရသည့် ဓားတစ်လက်ကို တရားဖက်၍ မေ့ပျောက်နေရသည်မှာ မွန်းကြပ်ပိတ်လှောင်လွန်းလှပြီ၊

သူ့ဖမြေ၊ သူ့ဖရေ သူတို့နေထိုင်ရာကို တိုက်ခိုက် သိမ်းပိုက်ထားသည့် ကေတုမတီဥသျှောင်တပင်ရွှေထီးနှင့် ယောက်ဖတော်ရှင်ရဲထွတ်ခေါ် ဘုရင့်နောင်တို့၏ ရုပ်သွင်များက သူ့အာရုံမှာ ပြက်ပြက်ထင်ထင် ပေါ်လာခဲ့လေတိုင်း နာကြည်းစိတ်များ တဖွားဖွားကို ဘယ်လိုမှ ထိန်းချုပ်ငြိမ်သက်စေခြင်းမှ မစွမ်းနိုင်ခဲ့ပါချေ၊

ယခုဆိုလျှင် ဟံသာဝတီနေပြည်တော်ပြည့်ရှင်မင်းသုရှင်တကာရွှတ်ပိလည်း နတ်ရွာစံခဲ့ပြီး မိဖုရားကြီး တလပရော်သမီးဦးဆောင်သည့်အဖွဲ့ ဟံသာဝတီထီးနန်းပြန်ရရေးအတွက်မြစ်ဝကျွန်းပေါ်အရပ်၌ လှုသူ့အင်အားစုရုံးရင်း၊ အခွင့်အခါကောင်းစောင့်နေရသည့် အချိန်၊ မိဖုရားကြီးနှင့် အဆက်အသွယ်ပြု၍ ကိုယ့်ထီးကိုယ့်နန်း ပြန်လည်ရယူနိုင်ဖို့ အခွင့်အခါကောင်းစောင့်ပြီးမိမိလည်းရဟန်းဝတ်ဖြစ်ခဲ့သည်၊ ရဟန်းဝတ်နှင့် ရှိနေစဉ်ဘာဝနာစီးဖြန်းမှုကြောင့် နှလုံးသားတို့ နူးညံ့လာခဲ့သလို ရှိခဲ့သော်လည်း မကြာခဏ ခေါင်းထောင်ထလာသည့် ရာဇသွေး၊ ရာဇမာန်တို့ကြောင့် အိပ်မပျော်ခဲ့သည့်ရက်တွေလည်းများလာခဲ့ပြီဟု ဆိုရမည်၊ သည်ညလည်း အတော်ညဉ့်နက်မှ ကျိန်းစက်ပျော်ရတော့မည်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

မသိစိတ်က မိမိ၏ဖြစ်ချင်စိတ်တွေ များလွန်းနေလို့လားမသိ၊ ဘာကိုမှ မစွဲလမ်းပဲ ညောင်ပင်အောက်မှာ ညဘက်အိပ်မပျော်သည့်အတူတူ အချိန်ကို အချည်းနှီးမဖြစ်အောင် ဘာဝနာစီးဖြန်းမိသည့်ညက အဖြစ်အပျက်တစ်ခုကို အားတက်ဖွယ်ရာ မျှော်လင့်ချက်ရောင်ခြည်တန်းတစ်ခု လက်လိုက်သလို ကြုံတွေ့ခဲ့ရသည်။ ညဥ့်နက်သန်းကောင်အချိန် မှောင်မိုက် ပိန်းပိတ်လျက် သူတာရားထိုင်နေရာတစ်ဝိုက်မှာ ရုတ်ခြည်းအလင်းရောင်တွေ ပြိုးပြက်ဝင်းထိန်သွားခဲ့သည်မို့ တရားကို ခဏဖြုတ် အကဲခတ်ကြည့်လိုက်မိတော့ ထူးဆန်းလှပါဘိတော့။

ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦးသူ့အနားမှာ ရောက်နေသည်ကို တွေ့လိုက်ရသည်။ ထိုသူ့ထံမှ ထွက်ပေါ်နေသည့် လင်းလက်မှုများကြောင့် မျက်ဝါးထင်ထင် မြင်နေသည်ကိုလည်း သတိထားမိသည်။ တည်ငြိမ်သော ဣန္ဒြေ၊ ရင့်ကျက်သောအမူအရာ အသွင်အပြင်တို့နှင့် သူတော်စင်တစ်ဦး ဖြစ်မည်ဆိုတာ ယုံမှား သံသယ ဝင်စရာမလိုလောက်အောင်ပင် ဖြစ်သည်။ သူက စကားစ၍ ပြောရန် နှုတ်ကိုဟလိုက်သည့်အချိန်မှာပင် ထိုပုဂ္ဂိုလ်၏ စကားသံတို့က သူ့အရင်ပေါ်ထွက်လာခဲ့သည်။

"အသင်မင်းသား ... ဟံသာဝတီကို မင်းပြုလိုပါက သီလကို စင်ကြယ်အောင် စောင့်ထိန်းပါလေလော့"

သူက တုန့်ပြန် စကားပြောဖို့ သို့တည်းမဟုတ် သူ သိချင်တာတွေကို မေးမြန်းဖို့ပြင်လိုက်ချိန်မှာပင် အလို - ဆန်းကြယ်လွန်းလှပါကလား။ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်က မျက်စေ့အောက်တွင် ပျောက်ကွယ်သွားခဲ့လေပြီ။ စောစောက အလင်းရောင်တွေပါ ပျောက်ကွယ်သွားပြီး ပတ်ဝန်းကျင်မှာ ယခင်လို အမှောင်ထုက ပြန်လည် ကြီးစိုးသွားခဲ့ပြီမို့ -

"အံ့ဖွယ် သူရဲထူးကဲလှချေပါကလား" ဟု ရေရွတ်မြည်တမ်းမိပြီး သူ့ခန္ဓာကိုယ်မှာ မွေးညင်းတွေ ထောင်ထသွားသလို တစ်ကိုယ်လုံးလည်း တုန်ရီလှမတတ် ခံစားလိုက်မိသည်။ ဘယ်လို နတ်ဒေဝတာ (သို့မဟုတ်) ရက္ခစိုးမင်းကများ ကိုယ်ထင်လာပြ၍ သတိပေးစကား ပြောကြားသွားတာပါလိမ့်။ ဘာတဲ့ ... ဟံသာဝတီထီးနန်းကို စိုးစံရမည်ဆိုပါကလား။



ထီးနန်းဆိုသည့်အတွေးကြောင့် ခန္ဓာကိုယ်အတွင်း လည်ပတ် စီးဆင်းနေသည့်သွေးတွေက ပူနွေးလာသယောင်။ အင်းလေ ... ပူနွေးရုံတင် ဘယ်ကပါ့မလား။ ပွက်ပွက်ကို ဆူရမှာအမှန်။ သူက မဟာဆီ၊ မဟာသွေး ရွှေလင်ပန်းနဲ့အချင်း ဆေးခဲ့တဲ့မင်းသားတစ်ဖြစ်လဲ ရဟန်းတော်တစ်ပါးပဲ မဟုတ်ပါလား။ ဟုတ်ပြီ - သည်နေ့သည်အချိန်ကစပြီး ဒီပုဂ္ဂိုလ်သတိပေးစကား ဆိုခဲ့သလို သီလကို စင်ကြယ်အောင် မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ထိန်းဖို့ တစ်မှုဟုတ်ချင်၊ သန္နိဋ္ဌာန်ချလိုက်ပြီ။ ရင်ထဲက ဟံသာဝတီ မင်းဘယ်ပြုမလဲ ဝါ့ရဲ့ဖဝါးခြေတော်ရင်းအောက် မကြာခင် ရောက်လာရတော့မှာ မြေကြီးလက်ခတ် မလွဲတော့ဘူးဟေ့ ဟား - ဟား"

အားပါးတရ ဟစ်အော်ရယ်မောလိုက်မိပြီးမှ မိမိ၏လက်ရှိဘဝနှင့် ဤသို့လက်လွတ်စပယ် မရယ်မောသင့်သည်ကို ပြန်လည် သတိထားမိလိုက်ပါတော့သည်။ အော် - ကိုယ့်မြေကိုယ့်ရေထီးကိုယ်နန်းဆိုလိုက်တာနဲ့ ရာဇဣန္ဒြေတစ်ဖြစ်လဲ သံဃာ့ဣန္ဒြေတောင် ပျက်ယွင်းလိုက်မိပါပကောလား။

လုံ့လြုစွာ စောင့်စည်းထိန်းသိမ်းခဲ့သော သီလတို့နှင့်ရက်အတန်ကြာခဲ့ချေပြီ။ တစ်နေ့သောည၌ နစ်မြိုက်စွာ အိပ်မောကျနေစဉ် ယခင်အခါက ညောင်ပင်အောက်မှာ တွေ့ဆုံခဲ့ဖူးသော ပုဂ္ဂိုလ်ကြီးနှင့် အိပ်မက်ကမ္ဘာမှာ ဆုံရပြန်သည်။ သည်တစ်ကြိမ်ကတော့ အတော့်ကို ထူးခြားသည်။ ရဟန်းဝတ်နှင့်သူ့ကို မင်းသားဟူ၍သာ ခေါ်ဝေါ်သုံးနှုန်းသည်။


"အသင်မင်းသား ... အသေအချာ နားစိုက်လော့၊ နံနက်မိုးသောက်အလင်းရောက်လေသော် မြစ်ဆိပ်သို့သွားပါလေ။ မြစ်အတွင်းမှာ မိရှောင်းတစ်ကောင် ပေါ်လာလိမ့်မည်။ ဤမိရှောင်းကို တက်၍စီးပြီး မြစ်အနောက်ဘက်ကမ်းသို့ သွားပါ။ ထိုကမ်းသို့ ရောက်လေသော ကညင်ပင်အထက်က ဥဒေါင်းငှက်တွန်သံ ကြားရလိမ့်မည်။ ထိုအခါတွင် ထိုအပင်၏ အရှေ့တံတောင်ကွာတွင် တူးပါလေ၊ သုံးတောင်ခန့်နက်အောင် တူးမိပါက ရွှေပေကို တွေ့လိမ့်မည်။ ရွှေပေကိုတွေ့က ယူငင်၍ ရွှေပေ၌ပါသော ဂါထာသုံးပုဒ်ကို နေမကုန်မီ အလွတ်ရအောင် ကျက်ပြီး ရွှေပေကို မြေ၌ ပြန်၍မြှုပ်ခဲ့ရမည်။ ပြီးလျှင် ၎င်းမိရှောင်းကိုစီးပြီး ပြန်လာခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com

လာပြီ … မိချောင်းကြီးက မြစ်စပ်ကို ခေါင်းတင်ပြီး ဝပ်စင်းလာသည်။ သူ ဘာကိုမှ မစဉ်းစားပဲ အချိန်မဖြုန်းတော့ ရဲရဲဝန့်ဝန့်ပင် မိချောင်းကြီးကို တက်ပြီး စီးလိုက်သည်။ မိချောင်းကြီးက သူ့ကို မြစ်အနောက်အက်ကမ်းသို့ ခေါ်ဆောင်သွားလေတော့သည်။ တစ်ဖက်ကမ်းသို့ ရောက်သောအခါ တွေ့လိုက်ရသည်က ကြီးမားတုတ်ခိုင် မြင့်မားလှသည့် ကညင်ပင်ကြီးတစ်ပင်



"ရော့ … အသင်မင်းသား"

သူ့အိပ်ရာက နိုးသည်နှင့် ကိုယ်လက်သုတ်သင်ပြီး မြစ်ဆိပ်သို့ မပြေးရုံ တစ်မည် ထွက်လာခဲ့လေတော့သည်။ ဝေလီဝေလင်း အလင်းရောင်မရှိတရှိ အချိန်မို့ စူးရဲသော မျက်လုံးအစုံဖြင့် မြစ်ဆိပ်မှာ ရှာဖွေလိုက်သည့် အခါတွင် မတော့ အံ့ဩဖွယ်ရာအတည့်ပါကလား။

ဧရာမမိချောင်းကြီးတစ်ကောင်က မြစ်ကမ်းစပ်ကို မေးတင်လျက် ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။ ဆုံးဖြတ်ရခက်သော ဒွိဟစိတ်များဖြင့် မိချောင်းပေါ်တက်ရန်နီးနီး ဖြစ်နေသည်။ အကယ်၍တစ်ခု၊ သွေးလေ ချောက်ချား၍မက်ခဲ့ပြီး တိုက်ဆိုင်မှုတစ်ရပ်ကြောင့်သာ မိချောင်းနှင့်ဆုံနေရခြင်းဖြစ်သည် ဆိုလျှင် ခက်ချေတော့မည်ဟူ၍လည်း တွေးနေမိပြန်သည်။ အဟိတ်တိရစ္ဆာန် ဆိုတာက မည်သို့မျှယုံစား၍မရကောင်း၊ ကံကြမ္မာကိုပုံချပြီး အနားကပ်သွားခဲ့လျှင် မိချောင်း၏ အမြီးရိုက်ချက်ကြောင့် ပုံလျက်သား ဖြစ်ပြီး ခန္ဓာကိုယ်



တစ်ခုလုံး မိချောင်းကြီး၏ပါးစပ်ထဲမှာ ပါမသွားဘူးဟု မည်သူမျှအာမခံနိုင်မှာမဟုတ်။

ချမ်းချမ်းစီးစီး မနက်ကြီးမှာ သူ့ချွေးစေးတွေ တစ်ကိုယ်လုံးပြန်နေသည်။ သက်န်းတို့သည်လည်း ချွေးများကြောင့် ရွှဲရွှဲစိုနေပြီကို သတိထားမိသည်။

ဒွိဟစိတ်တို့ဖြင့် ဝေဝါးနေဆဲ မည်မျှကြာသွားသည်မသိ၊ သူ့ခြေတစ်လှမ်းမျှ မရွေ့သေးသည်ကတော့ သေချာသည်။ အလင်းရောင်သည်လည်း တစ်စထက်တစ်စ ပို၍ပို၍ ကျယ်ပြန့်လာခဲ့ပြီဖြစ်သည်။ မြစ်ဆိပ်သို့ လာကြသူများ၏ အသံများကိုပါ ကြားလာရသည်။ လူသံများအနီးသို့ ရောက်လုရောက်ခင်မှာပင် မိချောင်းကြီးက ရုတ်တရက်ရေအောက်သို့ ငုပ်လျှိုးသွားခဲ့ပါတော့သည်။

သူသည်လည်း ထိုအခါတွင် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး ထိုနေရာမှ နောက်ပြန်လှည့်၍ ကျောင်းသခ်မ်းဆီသို့ ပြန်လာခဲ့လေတော့သည်။

ထိုနေ့တစ်နေ့လုံး စိတ်နလုံးတို့ မချမ်းမြေ့၊ မိမိကိုယ်၌က အကြောက်လွန်သွားလေသလားဟူ၍ ပြန်လည် ဆန်းစစ်မိသည်။ စဉ်းစားချင့်ချိန်မှုတရားကြောင့်သာ သည်အလုပ်ကို မလုပ်ခဲ့ခြင်းဟု ဖြေသိမ့်ရတော့သည်။

မကြာမီရက်အတွင်း ထိုအိပ်မက်ကိုပင် ဒုတိယမို့ထပ်၍ မက်ပြန်ချေပြီ၊ ကြောက်ရင်လွဲ ၊ ရဲရင်မင်းဖြစ်တဲ့ သည်တစ်ခါ အမိအရ ယူတော့မယ်၊ မကြောက်တတ်ရင် တစ်ခါပဲ သေတယ်ဆိုတဲ့ စကားလည်း အရှိသားပဲလေ၊ ဟုံသာ ဝတီပဲဖြစ်ဖြစ် ရင်ဆိုင်တော့မယ်၊ အိပ်မက်ထဲက သူတော်စင်ပုဂ္ဂိုလ်ရဲ့ စကားကို အတိအကျ လိုက်နာတော့မယ်ဟူ၍ ဆုံးဖြတ်ရင်း မြစ်ဆိပ်ဆီသို့ လှမ်းလာခဲ့လေတော့သည်။

ကမ်းစပ်မှာတော့ အသင့်စောင့်နေသည့် သဏ္ဌာန်ဖြင့် မိချောင်းကြီးက ကမ်းစပ်ကို မေးတင်၍ စင်းစင်းကြီး ရှိနေသည်။ သတိကြီးစွာဖြင့် မိချောင်း၏ နံဘေးကို အသာအယာ သူချဉ်းကပ်လာခဲ့သည်။ သို့သော် မိချောင်းကြီးပေါ် တက်ဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာတော့ -

"ဟာ - ဆိုကြပါဟဲ့ … ဦးနောက်မကောင်းတဲ့ ကိုယ်တော်ထင်ပါရဲ့ကွာ"

"မိချောင်းအနားမှာ မကြောက်မရွံ့ ဘာလုပ်နေလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မိချောင်းစာတော့ဖြစ်တော့မှာပဲ မြန်မြန်ဆွဲကြဟေ့"

ဆူညံ ... ဆူညံအသံများနှင့်အတူ မိမိအနားရောက်လာသည့်သူတွေ၏ လှမ်းဆွဲလိုက်ခြင်းကို ခံလိုက်ရပေတော့သည်။ ထိုခဏမှာပင် မိချောင်းကြီးလည်း ရေအောက်သို့ ငုပ်လျှိုးပျောက်သွားခဲ့ပြီ။

နမျောတသခြင်း၊ ယူကြုံးမရဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းတို့နှင့်အတူ လူတစ်စု၏ဆွဲခေါ်ခြင်းနောက် ပြန်ပါလာခဲ့သည်။ တောသူတောင်သား မိလက္ခုများနှင့်မတူ တစ်မူကွဲပြားသော သူ၏ရုပ်ရည်ကိုကြည့်ပြီး –

"စိတ်မနှံ့တဲ့ ဦးပဥ္စင်းလေးက တော်တော်ချောတယ်နော်။ ယုံနိုင်စရာတောင်မရှိဘူး။ အသားလေးကိုဖွေးပြီးနညက်ဝင်းမွတ်နေတာပဲ။ သက်နိုးဝတ်မို့သာပေါ့။ လူဝတ်နဲ့သာဆိုမင်းညီမင်းသားတစ်ပါးလို့တောင် ထင်မှတ်လောက်ပါပေရဲ့၊ ခုတော့ သနားစရာကွာ၊ ဘယ်လိုကြောင့် ဦးနှောက်ပျက်နေရာတာလည်း မသိဘူးနော်"

သူကတော့ မည်သူ့ကိုမှ ဂရုမစိုက် စကားမပြန်တော့ပဲ ကျောင်းသခ်မ်းဘက်ဆီသို့သာ ခြေဦးလှည့်ပြန်လာခဲ့တော့သည်။ ကျယ်ကျယ်လောင်လောင်တစ်မျိုး၊ တီးတိုးဝေဖန်သံတစ်မျိုးစသည့်အသံပေါင်းစုံကို ဥပေက္ခာပြုရင်းရင်ထဲမှ ဒေါသအစိုင်အခဲတို့ကိုအတော်ပင်ကြိုးစားပြီး ဖြေဖျောက်ခဲ့ရသည်။ စိတ်ဓာတ်လည်း အတော်ပင် ကျဆင်းသွားခဲ့ရပြီမို့ မေတ္တာဘာဝနာစီးဖြန်းဖို့ အလုပ်ကိုပင် ဆက်၍ လုပ်ချင်စိတ်များ ကုန်ခန်းသွားလုမတတ်။

"အော် ... ငါနဲ့ထီးနန်းနဲ့ ထိုက်တန်မှု မရှိတော့ဘူးလား" ဟူ၍လည်း စိတ်ဓာတ်အင်အားများက ဒီရေကျသွားခဲ့သလို ယုတ်လျော့သွားခဲ့ရပြန်သည်။

■ ■ ■

စိတ်ပျက်လက်ပျက်နှင့် ဘာကိုမျှ မတွေးတော မစဉ်းစားပဲ ဘာဝနာစီးဖြန်းခြင်းကိုသာမပြီး လုပ်နေမိသည့်သူ၊ ယခုတတိယအကြိမ်အဖြစ်သည်အိပ်မက်ကို မက်ပြန်ပြီဖြစ်သည်။ အခွင့်အရေးဆိုတာ သုံးကြိမ်သုံးခါပဲ ပေးမှာ ...။ သည်တစ်ခါတော့ ဘယ်လိုအနောင့်အယှက်ရှိရှိ



အလွဲမခံနိုင်တော့။ ခါတိုင်းထက်အနည်းငယ်စောပြီး မြစ်စပ်မှာကြိုပြီး သွားစောင့်နေလိုက်သည်။

လာပြီ ... မိချောင်းကြီးက မြစ်စပ်ကို ခေါင်းတင်ပြီး ဝပ်စင်းလာသည်။ သူ ဘာကိုမှ မစဉ်းစားပဲ အချိန်မဖြုန်းတော့ ရဲရဲဝန့်ဝန့်ပင် မိချောင်းကြီးကိုတက်ပြီး စီးလိုက်သည်။ မိချောင်းကြီးက သူ့ကို မြစ်အနောက်ဘက်ကမ်းသို့ ခေါ်ဆောင်သွားလေတော့သည်။ တစ်ဖက်ကမ်းသို့ ရောက်သောအခါ တွေ့လိုက်ရသည်က ကြီးမားတုတ်ခိုင် မြင့်မားလှသည့် ကညင်ပင်ကြီးတစ်ပင်။

"အိုးဝေ – အိုးဝေ – အိုးဝေ"

ကညင်ပင်အထက်က ဥဒေါင်းငှက်တွန်သံကိုလည်းကြားလိုက်ရသလို မော့ကြည့်လိုက်တော့ စင်ရော်ငှက်တစ်ကောင် ပျံဝဲနေပါပကောလား။ အိပ်မက်က ကွက်တိ၊ ဒက်ထိဖြစ်နေမင့်ကိုး။

အသင့်ယူဆောင်လာခဲ့သည့် တူးရွင်းငယ်ကလေးဖြင့် ကညင်ပင်ရှေ့တံတောင်ကွာမှာ တူးရေပြီ။ ပုဂ္ဂိုလ်ကြီးမှာထားသည့်အတိုင်း အနက်သုံးတောင်ခန့်မှာ ရွှေပေလွှာကိုတွေ့လိုက်ရတော့သည်။ ရွှေပေလွှာမှာပါရှိသည့် ဂါထာများကို တင်ပျဉ်ခွေပြီး ကျက်သည်။ လူသာမန်တို့ ဘယ်လိုမှ ရနိုင်စွမ်းမရှိသည့်ဂါထာများ။ တစ်နည်းသိဒ္ဓိမြောက်ဂါထာ၊ ဒုတိယဂါထာက မား၊လုံ၊ သေနတ်၊ စိန်ပြောင်းစသည့် လက်နက်တို့ဖြင့် ပစ်ခတ် ထိုးခုတ်ပါသော်လည်း သင့်ရကံပြီး၍ အရာမျှ မထင်တဲ့ဂါထာ၊ တတိယနောက်ဆုံးဂါထာကား ခြေကျိုး၊ လက်ကျိုး၊ မား၊ လုံ၊ လက်နက်ထိလျှင်ရေမန်းပြီး သောက်ပါက အကောင်းပကာတိပြန် ဖြစ်စေသည့်အပြင် စပါး၊ ပဲ၊ ပြောင်း၊ ဘူး၊ ဖရုံတို့ကို စိုက်ပျိုးပြီး ရေမန်း၍ ဖြန်းပက်သော် ဆထက်ထမ်းပိုးတိုး၍ သီးပွင့်သည့် ဂါထာဟူ၍ဖြစ်သည်။

သည်ဂါထာသုံးပုဒ်လုံးကိုအာဂုံဆောင်ရပြီဆိုမှတော့ ဘယ်လိုရန်သူမျိုးကိုမဆို၊ အလွယ်ကလေး ရင်ဆိုင်နိုင်တော့မည် ဖြစ်သည်။ အဆုံးစွန်ဆိုရလျှင် ဖမ့္ဘူဒိပ်ကျွန်းလုံးကိုပင် စကြဝတေးမင်းအဖြစ် သိမ်းပိုက်အုပ်ချုပ်နိုင်လောက်သည့် စွမ်းပကားတွေ ရရှိနိုင်မည်မှာ အသေအချာ။

သဲကြီးမဲကြီး ကျက်မှတ်နေသည့် သူ့အဖို့ နေမွန်းတိမ်းသွားပြီကိုပင် သတိမထားလိုက်နိုင်တော့ချေ။ ဆွမ်းဘုဉ်းပေးဖို့လည်း မဖြစ်နိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဆာလောင်လာသည့် ဝမ်းဗိုက်ကို ဥပေက္ခာပြုထားလိုက်ရလေတော့သည်။ စိတ်ဖောဝေွကရုန်းကန်တက်ကြွနေသည်မို့ ကျက်လိုက်ပြန်ရွှတ်လိုက်နှင့် ပင်ပန်းလှပါဘိ။ သည်လိုနှင့် ညနေစောင်းမှာတော့ အလွတ်ရရှိသွားပြီမို့ ရွှေပေများကို ကညင်ပင်အောက် မူလတူးထားသည့်နေရာမှာပင် ပြန်၍မြှုပ်ထားလိုက်ပြီး ကမ်းစပ်သို့ပြန်လာခဲ့သည်။ မိချောင်းကြီးကလည်း သူ့အပြန်ကို စောင့်ကြိုနေသည့်အလား စင်းစင်းကြီး ဝပ်လျက်။

အလာခရီးတုန်းကလိုစိုးရိမ်မှုတွေမရှိသာသာယာယာပဲစီးပြီးပြန်လာခဲ့သည်။ သို့ပေမဲ့ . . . စင်းလုံးချောဆိုတာက ဘယ်သောအခါမှ သူ့ဘဝမှာ ရှိမလာခဲ့တာပဲလေ။ ခုလည်း မြစ်လယ်ကောင်ရောက်တော့မှ ညို့မှိုင်းတက်လာခဲ့သည့် တိမ်ညိုတိမ်ရိပ်များနှင့်အတူ မိုးမှောင်ကြီး ကျလာခဲ့ချေပြီ။ တဖွားဖွား မိုးစက်များနှင့် အတူ မည်းမှောင်နေသည့် မြစ်ပြင်ကြီးမှာ ရုတ်ခြည်းလို လှိုင်းတံပိုးတွေက အလိပ်လိပ် ထကြွလာနေပါပကော။

မိချောင်းကြီးကလည်း လှိုင်းတွေကြားထဲမှာ ရုန်းကန်ရင်း တစ်ဖက်ကမ်းကို အပြင်းအထန် ကူးခတ်နေသည်။ သူကတော့ မြစ်ပြင်သချိုင်းမှာ မြှုပ်၍ မကျန်ရစ်ခဲ့ရလေအောင် မိချောင်းကြီးကိုတအားဖက်ထားသည်။ ကမ်းစပ်က ထွက်လာခါစက မမေ့မပျောက်အောင် တတွတ်တွတ် ရွတ်ဆိုလာခဲ့သည်ကိုပင် ရပ်နားထားလိုက်ရပြီ ဖြစ်သည်။ မျက်စိတွင်းသို့ ဝင်ရောက်လာသည့် နောက်ကျိနေသည့်မြစ်ရေများကြောင့် မည်းမှောင်နေသည့်မြစ်ကြီးအတွင်းမှာရေ့တစ်လံကွာတောင်သဲသဲကွဲကွဲမြင်နိုင်စွမ်းမရှိတော့။ ရေဇဝေ့ရေဇမာန်တွေကြောင့်သာ အကြောက်တရားကို ရင်ဆိုင်နိုင်ခဲ့သည်ဟု ဆိုရမည် ဖြစ်သည်။ သာမန်လူတစ်ဦးဆိုလျှင်တော့အကြောက်လွန်ကာမြစ်တွင်းမြုတ်ကျနေခဲ့သည်ဟု ဆိုရမည်။

မြစ်အတွင်းမှာဒုက္ခကြီးစွာရောက်နေရချိန်က သူ့အဖို့တစ်ကမ္ဘာလောက်ကြာပြီတောင် ထင်ရလောက်အောင် ခံစားခဲ့ရပြီး တစ်ဖက်ကမ်းကို ပြန်ရောက်ချိန်မှာတော့ ရှိသမျှ စိတ်ဓာတ်ခွန်အားတွေ လျှော့ချပစ်လိုက်လို့လားမသိ။ ကမ်းစပ်မှာ သူမဟုတ်တော့သလို စဲသွားပြီ။ အံ့ဩဖွယ်ရာ အတိပါကလား။ တိမ်ညိုတိမ်မည်းတွေလည်း ကင်းစဉ်လွင့်ပျောက်၍ လောကကြီးတစ်ခုလုံး သာသာယာယာ လင်းလင်းချင်းချင်း။ သည်အခြေအနေမှာပင်



စိတ်ကို ပြန်လည် စုစည်းတည်ဆောက်ပြီး ကျက်မှတ်လာခဲ့သည့်ဂါထာသုံးပုဒ်ကို ပြန်၍ ရွတ်ဆိုလိုက်တော့ -

"သွားပြီ ... ဆုံးရှုံးသွားခဲ့ပြီ . . . ပထမနှင့်ဒုတိယဂါထာနှစ်ပုဒ်ကို လုံးဝမေ့သွားခဲ့ပြီ။ သေမင်းနှင့်ရင်ဆိုင်ခဲ့ရပြီး မြစ်ထဲမှာ အာရုံတွေ ထွေပြားနောက်ကျိသွားမှုကြောင့်ဖြစ်သွားခဲ့ရခြင်း။အစွမ်းထက်ဂါထာများလက်လွတ်ဆုံးရှုံးခဲ့ပြီမို့ ရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်ရပါပကော။ နောက်ဆုံးလက်ကျန်ဂါထာလေးကိုသာ မေ့ပျောက်မသွားရလေအောင် နှုတ်တက်ရွရွ ရွတ်နေရသည့် သူ့အဖြစ်ကား ကံဆိုးလှပါဘိတော့သည်။

■ ■ ■

"ခု ... မောင်ကြီး ပြောပြခဲ့တဲ့ ဟံသာဝတီမင်းသားဟာ ဘယ်သူလည်း မောင်ကြီးရဲ့"

သူ့ဖာတ်လမ်းအဆုံးမှာပခုံးကိုနွဲ့နွဲ့လေးမှီတွယ်နေရှာသည့်လုံမပျိုလေးက သိချင်ဇောနှင့်မေးသည်။သူကတော့ လေးတွဲ့သော သက်ပြင်းရှည် တစ်ခုကို ချလိုက်ရင်း -

"သမိန္ဒောရာမ ... မင်းသားလေးပေါ့နမရယ်"

"ဆက်ပါဦး ...မောင်ကြီးရဲ့ နောက်တော့ ဘာတွေ ဖြစ်သေးသလဲဟင်"

"အဲသည် သမိန္ဒောရာမမင်းသားဟာ လူထွက်ပြီးဗျာပုံ (ဗျာပုံ) ဘက်မှာ ခိုအောင်းနေတဲ့ တလပရော်သွီ မိဘုရားကြီးနဲ့ ဆက်မိပြန်တော့ အားတက်လာပြီး ကြိုးစားလိုက်တော့ နောက်ဆုံးမှာ ဟံသာဝတီထီးနန်းကို ရယူနိုင်ခဲ့တော့တယ်။ ဒါပေမဲ့ - မကြာခင်ပဲ ထီးနန်း လက်လွှတ်ခဲ့ရပြန်တယ်ကွယ်"

"အင်းလေ ...မင်းသားလေးဟံသာဝတီကိုပြန်ရပေမယ့်ထီးနန်းစည်းစိမ်ကို ကြာရှည် မခံစားရတာတော့ သနားစရာပဲနော် မောင်ကြီး"

သူက အံကိုတင်းတင်းကြိတ်လိုက်ပြီးမှ လုံမပျိုလေးကို ငုံ့စောင်းလိုက်ပြီး -

"မညီညွှတ်ကြလို့ပေါ့ ... နှမရယ် - ထီးနန်းဆုံးရှုံးမှုဆိုတာ ညီညွတ်မှုမရှိကြရင် ဖြစ်ရစမြဲဓမ္မတာတရားပေပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခုဆိုရင် မင်းသားလေးလည်း ဘယ်ရောက်နေပြီလည်း မသိဘူးနော်၊ သနားစရာကောင်းလိုက်တာ"

"နောက်ဆုံးရခဲ့တဲ့ ဂါထာတစ်ပုဒ်အစွမ်းနဲ့ ဟံသာဝတီထီးနန်းကို ပြန်ရအောင် ကြိုးစားလို့လပြုနေဦးမှာပေါ့ နမရယ်"

နေစောင်းသွားပြီဖြစ်၍ စကားကို အဆုံးသတ်ပြီး သစ်ပင်ရိပ်မှ နစ်ယောက်သား ပြန်လာခဲ့ကြလေတော့သည်၊ အိမ်အပြန်အရောက်မှာတော့ သမီးနှင့်သမက်ရှိရာလမ်းကို လှမ်းမျှော်ကြည့်နေသည့်တောင်သူဖခင်ကြီးကို တွေ့လိုက်ကြရသည်၊

"သားတို့သမီးတို့ ... ပြန်လာကြပြီလား၊ အဘလည်းမျှော်နေတာကွဲ့"

"အဘကလည်း သမီးတို့က ဘယ်သွားတာမှတ်လို့ ဟိုနားသည်နားပဲဟာ စိတ်ပူရန်ကော"

သမီးဖြစ်သူက သခင်ကြီးကို ပြောလိုက်သည်၊

"တခြားကိစ္စတော့ မရှိဘူး သမီးရဲ့၊ အဘရဲ့ယာခင်းအစပ်မှာ ခြေကျိုးနေတဲ့ဒရာနဲ့ ချေပေါက်လေးတစ်ကောင်ရလာလို့ တဲထောင့်မှာ ထားထားရတယ်၊ သမီးတို့လာရင် ပြမလို့ မျှော်နေတာ"

ဒရာရနေသော ချေပေါက်လေးတစ်ကောင်ကို သူတို့သတိထားမိကြသည်၊

"မောင်ကြီး ...ချေကလေး သနားပါတယ်၊ ဘယ်လိုလုပ်ကြမလဲဟင် မောင်ကြီးကုသတတ်ရင် ကုပေးပါလား၊ အသက်တစ်ချောင်းကယ်ကောင်းပါတယ်၊ နမလေးတော့ စိတ်မကောင်းလွန်းလို့ ငိုချင်သလိုလိုကြီးတောင်ဖြစ်လာတယ်"

နလုံးသားနူးညံ့သူ လုံမယေလေးမှာ မျက်ရည်တွေ ဝေ့ဝဲနေသည်ကို သူတွေ့လိုက်ရပြီ၊ တစ်စုံတစ်ခုကို စဉ်းစားနေသယောင် သူ့အမူအရာကို ကြည့်ပြီး လုံမယေလေးက အားမလိုအားမရဟန်နှင့် သူ့လက်မောင်းတွေကို ကိုင်ဆွဲလှုပ်ယမ်းရင်း တတွတ်တွတ်၊

စိတ်ဆုံးဖြတ်ချက်ချလိုက်ပြီ၊ ဂါထာအစွမ်းဖြင့် ချေငယ်လေးရဲ့ဒုက္ခကို ကယ်တင်မည်ဟု သူက လုံမယေကို ရေတစ်ခွက်ခပ်ခိုင်းလိုက်ပြီး ဂါထာစုတ်သည်၊ တောင်သူကြီးသားအဖကတော့ သူ ဘာလုပ်နေသည်ကို သာ



မျက်တောင်မခတ်စတမ်း စိတ်ဝင်တစား စူးစိုက်ကြည့်နေကြသည်၊ ရေမန်း ၅ဲပြီးသွားသောအခါ ချေကလေး၏ဒဏ်ရာကို လောင်းချပေးလိုက်သည်၊

"အလို ... အံ့သြထူးဆန်းလှချည်ကလား၊ ချေကလေး၏ခြေထောက်က အကောင်းပကတိဖြစ်သွားပြီး ဒဏ်ရာတွေက မျက်စေ့အောက်မှာပင် မျက်လှည့်ပြလိုက်သလို ပျောက်ကွယ်သွားခဲ့သည်၊ လုံမယေ၏မျက်နှာပြင်ပေါ်မှာ ဝေခွဲမရသည့်ဟန် တစ်စုံတစ်ခုကို စဉ်းစားမိသွားသည့်သဏ္ဍာန်တွေက ထိမ်းမရ သူ့ချစ်ခင်ပွန်းကိုတစ်လှည့်၊ ချေပေါက်လေးကိုတစ်လှည့် အကြည့်တွေ လူးလာခတ်နေသည်၊ ဟုတ်ပါပြီ၊ ဟုတ်နေပါပြီဒါဆို သူ - သူက သူ သိပ်ချစ်ရတဲ့ ချစ်လင်မောင်ကြီးက -

ရုတ်တရက် လုံမယေက သူ့ရှေ့မှာ ဆတ်ခနဲ ထိုင်ချလိုက်ပြီး ဒူးတုပ်လက်အုပ်ချီလိုက်ချေပြီ၊

"အရှင်မင်းသား ... ကျေးတောသူ ကျွန်တော်မျိုးမအား ခွင့်လွှတ်တော်မူပါ၊ သာမန်အရပ်သား မြို့ကြီးသားအထင်နှင့်မေတ္တာမျှခဲ့ အိမ်ထောင်ဖက်ပြုခဲ့ရသည်မို့ ထီးနန်းမဆန်သော အပြုအမူ၊ အပြောအဆိုမျိုးရှိခဲ့မည်ဖြစ်၍ အပြစ်များ ရှိခဲ့ပါပြီ၊ ခွင့်လွှတ်တော်မူပါ မောင်ကြီးရှင့် အဲ - အသင်မင်းသား"

"ထပါ... နမလေးရယ်မောင်ကြီးလို့ပဲခေါ်ပါကွယ်၊ နမလေးမှာ ဘာအပြစ်မှ မရှိပါဘူး နမလေးရဲ့၊ ဘဝပေးအခြေအနေအရမို့သာ မောင်ကြီးကလည်း နေထိုင်ခဲ့ရတာမို့ နမလေးရဲ့ ရိုးသားမှု မောင်ကြီးအပေါ်မှာ မြတ်မြတ်နိုးနိုး ချစ်ခင်စုံမက် ကြင်နာမှုတွေကို သိနေပြီးပြီပဲကွယ်၊ မောင်ကြီး ထီးနန်းပြန်ရခဲ့ရင် နမလေးလည်း မိဖုရားဖြစ်ရမှာပေါ့နော်၊ ကဲ - ထ - ထ အရင်လိုပဲ မောင်ကြီးကို ဆက်ဆံပါကွယ်"

သမီးကဲ့သို့ပင် ယောကွမဖြစ်သူ တောင်သူကြီးလည်း ဒူးတုပ်လျက် ခေါင်းငုံ့စားနေသည့်ဟန်၊ သာမန်မြို့သားတစ်ဦးဟူ၍ ထင်ထားခဲ့သည့် သမက်ဖြစ်သူက မင်းသားတစ်ပါးတဲ့လား၊ သူ့ကို မလေးမစားရှိခဲ့လျှင် ရှင်ဘုရင့် အမျက်မထွက်ဘူးဟု မဆိုနိုင်၊ သို့ပေမဲ့ - သမက်ဖြစ်သူ မင်းသားက သူ့ကိုပါ မိဘအရာထားလျက် ချစ်ကြည်လေးစားဟန်တွေ ကွယ်ပျောက်သွားမည်တော့မထင်၊ ဟုတ်သည်လေ၊ သူထင်ထားသည့်အတိုင်းပဲ ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

"အဘ … ထ - ထ ကျွန်တော်ဟာ မင်းသားတစ်ပါးဆိုပေမယ့် အဘရဲ့ သမက်လေအဘရဲ့ - အဘကမိဘအရာရှိနေတာပဲမဟုတ်လား။ ခါတိုင်းလိုပဲ ပြောဆိုဆက်ဆံပါအဘရယ်"

ထိုအခါတွင်တော့မှ သားအဖနှစ်ယောက်စလုံး ရယ်ရွှင်ပြုံးနိုင် ဖြစ်သွားရလေတော့သည်။ မည်သူ့ကိုမှ ထိုအကြောင်းများကို ပြောမပြရန်လည်း သူကမှာထားရပြန်သည်။ ဖနီးသည်က ရွှင်ပျသောမျက်နှာဖြင့် -

"စိတ်ချပါ… မောင်ကြီးရဲ့သည်လောက်အရေးကြီးတဲ့ကိစ္စကိုကျွန်တော်မျိုးမက ဘယ်သူ့ကိုမှ မပြောဝံ့ပါဘူးဘုရား။ အဲ … မှားပြန်ပြီ မောင်ကြီးရေ"

သုံးယောက်စလုံး အပြုံးကိုယ်စီ ဖြစ်ကျန်မိကြလေတော့သည်။

■ ■ ■

အချိန်တိုင်းမှာ သူ့ဦးနှောက်တွေကို အလုပ်ပေးနေမိသည်။ ဖနီးနှင့် ယောက္ခမဖြစ်သူတို့က အလိုက်တသိနှင့် နေပေးကြသည်။ မင်းဧကရာဇ် တစ်ပါးဖြစ်မည့် မင်းသားတစ်ပါးကို သာမန်ကျေးတောသားများ ဖြစ်ကြသည့် သူတို့က ဘာတစ်ခုမှ နည်းလမ်းကောင်းများ ညွှန်ပြနိုင်ကြမှာ မဟုတ်။ မိမိရဲ့ အစွမ်းအစနှင့်သာ ဟံသာဝတီကို ပြန်လည် ရယူရမှာဖြစ်၍ ဦးနှောက်ကို အချိန်ပြည့် အလုပ်ပေးနေရသည်မှာ ပင်ပန်းလှပါဘိတော့။

ဘုရင်ဖြစ်လိုသူသည် လက်ရှိဘုရင်ကို လုပ်ကြံမှသာ ဖြစ်နိုင်ပေမည်။

ဘုရင်ဆိုသည်မှာ အလွယ်တကူ အနားကပ်ခွင့်မရ၊ ဘုရင့်အနား လက်တစ်ကမ်းအကွာရောက်လျှင် လုပ်ကြံနိုင်မည် ဖြစ်သော်လည်း အနားရောက်သော် လုပ်ကြံဖို့က ကြီးစွာသော အခက်အခဲကြီးတစ်ခုသာ၊ ဘုရင့်အနားမှာ စောင့်ရှောက်ရှိကြသော မှူးမတ်စစ်သူရဲများ၊ ရဲရွှေတော်များ၊ သက်တော်စောင့်များ မမြင်အောင်ကိုယ်ရောင်ဖျောက်သွားမှသာ ဘုရင့်အနားကို ရောက်ရှိမှာ ဖြစ်သည်။ သူ့မှာက ကိုယ်ဖျောက်နိုင်စွမ်းရှိသည့် ဂါထာက ပျောက်ကွယ်သွားခဲ့ပြီလေ။

သည်လိုနှင့်တစ်နေ့မှာတော့ဦးနှောက်ထဲမှာ လင်းခနဲ လက်သွားသည့် အကြံကောင်းတစ်ခုကို တွေးလိုက်မိတော့သည်။ ထိုအကြံအရဆိုလျှင် ဘုရင့်အနားသို့ အခက်အခဲအတားအဆီးမရှိ လွယ်လင့်တကူ ရောက်ရှိ



သွားမည်။ သို့ပေမဲ့ - မိမိ၏ခန္ဓာကိုယ်ကို အရင်းပြုအနာခံပြီးမှသာ လုပ်ရမှာဖြစ်သည်။ ယောက်ျားစစ်စစ်ရဲသွေးနှစ်တွေပြည့်ဝနေတဲ့မဟာဆီမဟာသွေး အာဇာနည်မွန်မင်းသားတစ်ပါးအဖို့ သည်လောက် အရင်းအနှီးက မပြောပလောက်။ သူဆင်ထားသည့် ဇာတ်ကွက်အတိုင်း ပိုင်းဝန်းပံ့ပိုး သရုပ်ဆောင်ပေးကြမည့်သူများသာ တစ်နည်းဆိုလျှင် ရဲရဲဝံ့ဝံ့ သစ္စာရှိရှိ သစ္စာခံဘက်တော်သားအနည်းငယ်သာလိုအပ်သည်။

သူ့၏အကြံအစည်ကို ယောက္ခမတောင်သူကြီးနှင့်ဖနီးဖြစ်သူကို တိုင်ပင်သည့်အခါ နှစ်ဦးစလုံးက ခါးခါးသီးသီး ငြင်းဆန် ကန့်ကွက်ကြတော့သည်။ သူ့အကြံကို အန္တရာယ်များလွန်းသည်ဟူ၍လည်း ပြောကြသည်။ ဖနီးဖြစ်သူမှာ ထိုကိစ္စ တိုင်ပင်သည့်အခါတိုင်း မျက်ရည်နှင့်မျက်ခွက် ထီးနန်းပေါ်မှာစံပြီး မိဖုရားကြီးလည်း မလုပ်ချင်တော့ပါဟု ဆိုလာသည်အထိ ချစ်လင်ကို သာမန်တောသူတောင်သားဘဝနှင့်ပင် ရာသက်ပန်နေပြီး မိသားစု မခွဲမခွာ ရှိစေချင်သည်။

သူကတော့ အနှစ်နှစ် အလလ ကြံစည် အားထုတ်ခဲ့ရသော ရွှေထီးရွှေနန်းကို အလျှော့မပေးစတမ်း အရယူမည်သာဖြစ်သည်။

နောက်ဆုံးမှာတော့ သားအဖနှစ်ယောက်စလုံး လက်လျှော့ကာ သူ၏အကြံအတိုင်း လက်ခံလိုက်ရလေတော့သည်။ ယောက်ျားတံခွန် လူ့ရည်ချွန်မိုးကောင်းကင်တမွတ် ကြယ်ကို ဆွတ်တော့မည်။ ရွှေလင်ပန်းနှင့်အချင်းဆေး မင်းမွေးခဲ့သည့် မဟာဆီမဟာသွေး အာဂယောက်ျားပီပီ လက်ရုံးကို ဆန့်တန်းလျက် အောင်မြင်ထည်ဝါလှသော ကြိမ်းဝါးသံကြီးက ရွာကလေးတစ်ခုလုံး သိမ့်သိမ့်တုန်သွားခဲ့ချေပြီတည်း။

"သမိန်ထွေရာမတဲ့ဟေ့"

■ ■ ■

ယနေ့သည်ကား ဘုရင့်နောင်ကျော်ထင်နော်ရထာ၊ ဆင်ဖြူရှင်မင်းတရားကြီး အုပ်ချုပ်စိုးစံလျက်ရှိသည့်ဟံသာဝတီနေပြည်တော်ကြီးတွင် အုတ်အုတ်ကျက်ကျက်နှင့် ထူးခြားသော သတင်းတစ်ခု ပေါ်ထွက်လျက်ရှိနေလေသည်။ တပ်ပျက်၍ ထွက်ပြေးတိမ်းရှောင်နေသော သူပုန်မင်းသား



www.burmeseclassic.com

www.burmeseclassic.com

သမိန္တောရာမအား ကျေးရွာသားတို့ ဖမ်းဆီးရမိသဖြင့် ဒူးအစုံကို ရိုက်ချိုးပြီး မင်းတရားကြီးထံ လာရောက် ဆက်သပို့ဆောင်သည့် သတင်းထူးဖြစ်သည်၊

မွန်တို့အနီး ဟံသာဝတီနေပြည်တော်ကို အုပ်စိုးသွားခဲ့သည့် မွန်ဘုရင်ဟောင်းဖြစ်၍ မြို့သူမြို့သား တော်တော်များများမှာ အံ့ကြိတ်တောက်ခေါက် နလုံးစိတ်ဝမ်း မချမ်းမြေ့နိုင်ကြ၊ ငိုယိုကြသည့်သူ၊ ဝမ်းနည်းပက်လက် ပူဆွေးသောကရောက်သည့်သူတွေ ဖြစ်ကုန်ကြရပြီ၊

ဆင်ဖြူများရှင်က မိမိရှေ့တော်မှောက်သို့ ထော်ရွာမှ ဖမ်းဆီးပို့ဆောင်လာသော ဒူးများကို ရိုက်ချိုးခံထားရ၍ ပုံလျက်သားလေး မထနိုင်သည့် သမိန္တောရာမအား စူးစူးစိုက်စိုက်ကြည့်ရှုသည်၊ တကယ်တမ်းရင်ဆိုင်တွေ့ဆုံရပြီဆိုတော့မှ မင်းတရားကြီး၏ စူးရဲတောက်ပသော အကြည့်ကို သတိပြုမိသည်၊ သူနှင့်ယှဉ်ပြိုင်ကြည့်နေသော ဘုရင့်နောင်မင်းတရား၏အကြည့်က သူ့ရင်ထဲအထိ ထိုးဖောက်ဝင်ရောက်သွားသလားဟု၍တောင် ထင်မှတ်မိသည်၊ အများသူငါ ပြောနေကြသည့် ဘုန်းတန်ခိုး ကြီးမားသည့် ဘုရင်ဟုသည့်ဘွဲ့နှင့် လိုက်ဖက်လွန်းလှသည်၊ မမြင်ရသော စွမ်းအားများက မည်မျှရှိနေသည်မသိ၊ အကြည့်လေးတစ်ချက်နှင့်တင် တော်ရုံလူဆိုလျှင်လဲပြိုသွားလောက်ပြီ၊

သစ္စာခံ ထိုဘုန်းတန်ခိုးကြီးမားသည်ဆိုသည့် ဘုရင့်နောင်နှင့်ခုလိုရင်ဆိုင်တွေ့ရဖို့တောင် သူကြီးနှင့်လူတစ်စု၏ အကူအညီရယူပြီး မိမိဒူးများကို မိမိဘာသာ ရိုက်ချိုး၍ အဆက်သခိုင်းခဲ့သည့်သူ ...၊ မျက်လုံးချင်းရင်ဆိုင်နေကြသည်မှာ မည်မျှ ကြာသွားသည်မသိ၊ အသိစိတ်ပြန်၍ဆောက်တည်နိုင်သည့် အခါတွင်တော့ အကြည့်ကိုစတင်လွှဲဖယ်လိုက်ရသူက သူဆိုသည့် သမိန္တောရာမ ဖြစ်သွားခဲ့ရသည်ကို သတိပြုမိလိုက်သည်၊

ဘုရင့်နောင်ထံမှ လွှဲ၍ ဘေးဘီကို ကြည့်ရှုအကဲခတ်လိုက်သည့်အခါ မိမိနှင့်လက်တစ်ကမ်းအကွာမှာ ရှိနေသည့် ကိုယ်ရံတော်တစ်ဦးနှင့် ဓားတစ်စင်း ...၊ သည်ဓားက မကြာခင်အချိန်ကလေးမှာ ဘုရင့်နောင်ရဲ့ လည်ချောင်းသွေးကို သောက်သုံးမည့်ဓား ဖြစ်စေရမည်၊



စောစောက တွေဝေသွားခဲ့သော စိတ်အစဉ်မှာ စစ်သွေးစစ်မာန်တွေ စီးဝင်လာပြီ၊ အော် ... ဘုရင့်နောင် - ဘုရင့်နောင် - အသင် ဘယ်လောက်ပဲ ဘုန်းတန်ခိုးကြီးပါစေ၊ ငါ့မှာရှိတဲ့ဂါထာအစွမ်းနဲ့ ငါ့ရဲ့ဇာတိမာန်နဲ့ မဟာဆီမဟာသွေးလူစွမ်းလူစ တွေ့ကြပြီပေါ့ကွယ်ဟု၍လည်း ရင်ထဲမှာ ကြုံးဝါးနေမိသည်၊ ဘုန်းစွမ်းနဲ့လူစ ဘယ်သူသာမလည်းဆိုတာ မကြာခင်သိကြရတော့မှာပေါ့၊

ထိုစဉ်မှာပင် ဘုရင်နောင်မင်းတရားထံမှစကားသံတို့က တိတ်ဆိတ်မှုကို စတင်ပေါက်ခွဲလိုက်သည်မို့ နန်းရင်ပြင်တစ်ခုလုံး ပဲ့တင်ထွက်လာခဲ့သည်၊

"အသင်မင်းသား ... သမိန္တောရာမ သင်သည် တပ်ပျက်၍ ထွက်ပြေးတိမ်းရှောင်နေရသည်မှာ မပင်ပန်းဘိသလော၊ အကယ်၍ ငါ၏သစ္စာတော်ကို ခံယူမည်ဆိုလျှင် ငါသည် သင့်အား ထိုက်လျောက်စွာ ချီးမြှင့်ရမည်သာ"

သူ့ရင်ထဲကိုကြီးမားချွန်ထက်လှသည့်စူးကြီးတစ်ချောင်း ထိုးစိုက်လိုက်သကဲ့သို့ ဆတ်ဆတ်ခါ နာကျင်သွားသည်၊ ဘာတဲ့ ...သစ္စာခံရမယ်၊ သူ့ကျွန်ခံရမယ်တဲ့တား၊ ရိုင်းလိုက်လေခြင်း၊ တောက် ... ဇီဝိန်ချွေဖို့လာခဲ့သူကိုမှ ဆီးပြီး သစ္စာပေးရသတဲ့လား ဘုရင့်နောင်ရယ ...၊

ရင်ထဲက ဒေါသတရားက မြင်မသို့ ထွက်ပြူလာသည့်အထိ ထိန်း၍ ခရခဲ့ပြီမို့ နဖူးကြောများထောင်ကာ မျက်နှာထားသွင်ပြင်က ခက်ထန်သွားသည်၊ ဘုရင့်နောင်မင်းတရားကြီးကို စူးစူးရဲရဲပြန်၍ကြည့်လိုက်ပြီး လေသံကို ထိန်းကာ ပြောလိုက်သည်၊

"ကျွန်ုပ်လည်း မဟာသွေးပင် ဖြစ်ပါ၍ သူတစ်ပါး၏လက်အောက်မှာ သစ္စာပြုအညွှံ့ခံပြီး နေလိုစိတ်မရှိပါ"

သူ့စကားအဆုံး ဘုရင့်နောင်က အပြုံးတစ်ချက် လက်သွားလိုက်သလိုဖြစ်သွားသည်ကို သူ သတိထားမိလိုက်သည်၊ အေးလေ ... စင်ပေါ်ကလူရဲ့ အပြုံးပဲ ဖြစ်ပေမယ်ပေါ့၊

"ကောင်းလှပေပြီ ... သမိန္တောရာမ - သင်ကား ဇာနည်ဘွားပီသလှ၏၊

ယခုဘာများထပ်၍ အလိုရှိလေသနည်း"



www.burmeseclassic.com

www.burmeseclassic.com

သူကလည်း မထီတရီ အပြုံးတစ်ချက်ကို ခပ်ယဲ့ယဲ့လေး ချွေချလိုက်ရင်း -

"ကျွန်ုပ်အား သောက်ရေတစ်ခွက်ပေးစေလိုပါသည်"

သောက်ရေခွက်ကို နှုတ်ခမ်းဝမှာတေ့၍ မသောက်သေးဘဲ ဂါထာမန်းမှုတ်နေလိုက်သည်။ ပြီးမှ သောက်လိုက်ကာ ယက်ကျန်ရေကို ဒူးများပေါ်သို့ ဖြန်းချလိုက်သည်၊ ပုန်းခနဲ ဆတ်ခနဲ ထလိုက်ပြီး ဒေါမာန်းကိုလှ၍ ဘုရင့်နောင်ကို ပိုင်းဖြတ်လိုက်မည်ဟု မိမိအကြံအစည်အတိုင်း လုပ်တော့မည်ပြင်လိုက်စဉ်မှာပင် ....။

"ဟာ"

သွားပြီ၊ မိမိရဲ့မျှော်လင့်ချက်ရွှေတောင်ကြီးက အရင်းမှ လဲပြိုသွားခဲ့ပြီ၊ ဂါထာအစွမ်းနှင့်ရန်းထမည့် သူ့ခန္ဓာကိုယ်က မူလအနေအထားပုံလျက်သား

.........................



ကျွန်ုပ်သေရမည်ကိုစိုးစဉ်းမျှ မကြောက်ပါ။ ကျွန်ုပ်ရရှိထားသည့်အစွမ်းထက်သောဂါထာတစ်မျိုးဖြင့် သင့်ကိုလုပ်ကြံရန် လာခဲ့ပါသော်လည်း ယခုဂါထာအစွမ်းက မထက်ပြီ



လေးမှဘယ်လိုမှပြောင်းလဲ၍မရတော့ပြီ၊ ကျိုးနေသည့်ဒူးများက အကောင်းမဖြစ်လာဘဲ ကျိုးမြဲကျိုးဆဲပါပဲလား၊ ဘယ်လိုဖြစ်ပါလိမ့် ....။

အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့သမျှတို့ အစိတ်စိတ်အမြွှာမြွှာ ပြိုလဲကျဆင်းသွားပြီဖြစ်၍ သူနှင့်တကွ အပေါင်းအပါတစ်စုတို့၏ ကံကြမ္မာကို သိလိုက်ရချေပြီ၊ ရင်ထဲမှာတက်လာသည့် ဝမ်းနည်းစိတ် အားငယ်စိတ်နှင့် ယူကျုံးမရခြင်းတို့က အလိပ်လိပ် သူ့မျက်လုံးအစုံမှာ မျက်ရည်တို့ သွင်သွင်ကျဆင်းသွားခဲ့ရပြီ ဖြစ်သည်။

ဤတွင် ဘုရင့်နောင်မင်းတရားကြီးက ရုတ်ခြည်း ပြောင်းလဲသွားသော သူ့ဟန်သွင်ကိုကြည့်၍ -

"အမောင် .... သမိန္ဒောရာမ သင်ကား အာဇာနည်သူရဲကောင်းဖြစ်ပါလျက် အဘယ်ကြောင့် သေရမှာကို ကြောက်ရွံ့၍ ငိုဘိသနည်း"

ခုမှတော့ မထူးတော့ပြီ၊ မျက်ရည်များ စိုစွတ်လျက်နှင့်ပင် အမှန်အတိုင်း ဖွင့်ဟမိတော့သည်။

"ကျွန်ုပ် သေရမည်ကို စိုးစဉ်းမျှ မကြောက်ပါ၊ ကျွန်ုပ် ရရှိထားသည့် အစွမ်းထက်သော ဂါထာတစ်မျိုးဖြင့် သင့်ကို လုပ်ကြံရန် လာခဲ့ပါသော်လည်း ယခု ဂါထာအစွမ်းက မထက်ပြီ"

"ဂါထာတန်ခိုးဖြင့် သင့်ကို လုပ်ကြံရန် ယခု ဂါထာ အစွမ်းမထက်တော့ပြီ"

ဘုရင့်နောင်သည် သမိန္ဒောရာမကို မျက်မှောင်ကျုံ့၍ ကြည့်လိုက်ပြီး...

"သင်၏ ရေမန်းအစွမ်းထက်၍ သင်၏ခြေထောက်များ ပြန်လည်ကောင်းမွန်လာလျှင် သင်က ကျွန်ုပ်ကို လုပ်ကြံမည်ပေါ့ ဟုတ်စ - သမိန္ဒောရာမ"

သူက ဦးခေါင်းငုံ့လျက် ဘာမပြန်မဖြေ၊ မင်းတရားကြီးက ဦးခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"ငါ၏ဘုန်းတော်၊ ကံတော်ကိုမသိ၍ကြံခြင်းဖြစ်ပေသည်၊ ကဲ - နီးစပ်ရာလူက ဒိုင်းလွှားများ ပေးလိုက်ကြ၊ ဟဲ့ - သမိန္ဒောရာမ ဒိုင်းလွှားနှင့်ကာရင်း

www.burmeseclassic.com

အံ့ဩဖွယ်ကောင်းလှပေစွတကား၊ ဘုရင့်စကားအဆုံးမှာ သူ့၏ဒူးခေါင်းများ အကောင်းပကတိ ဖြစ်သွားပြီး အနီးသို့ ပစ်ချပေးလိုက်သည့် ဒိုင်းလွှားများနှင့်ဓားကို ကိုင်၍ထလိုက်မိပါပကော၊

ထိုစဉ် -

"နဂိုအတိုင်းတည်စေ"

ဘုရင့်နောင်၏အမိန့်သံအဆုံးမှာ သူ့ဒူးများ ပြန်လည်ခွေကျသွားပြီး နန်းရင်ပြင်မှာ ရှုတ်ခြည်းခွေခွေကလေး ပုံလျက်သားကျသွားခဲ့သည်၊ ဘုရင့်နောင်၏ ကြီးမားလှသည့် ဘုန်းတော်ကံတော်ကို ယခု သူမျက်ဝါးထင်ထင် လက်တွေ့ကျကျသိလိုက်ရပြီဖြစ်သည်၊ ယောက်ျားတန်မဲ့ရှိက်ကြီးတငင် ငိုကြွေးလိုက်မိတော့သည်၊ သူ့လိုလူကို ရန်ရှုးရန်ဖြောင့်တစ်ခုအဖြစ်မှ အပြီးတိုင်ဖယ်ရှားသုတ်သင်တော့မှာ သေချာပြီ၊ ဂါထာအစွမ်းမဲ့ချိန် သူ့ထံမှ လူစွမ်းလူစများအငွေ့ပျံ ပျောက်ကွယ်သွားခဲ့ခြင်းက ယုံနိုင်လောက်ဖွယ်ရာ မရှိအောင် ဘုရင့်နောင်ကို ဘုန်းကံချင်း၊ လူချင်း ဘယ်လိုမှ မယှဉ်နိုင်ခြင်းကို နန်းရင်ပြင်ရဲ့ အများရှေ့မှာ ပြက်ပြက်ထင်ထင် မြင်တွေ့သွားကြခြင်းက ပို၍ရှက်ဖွယ်လိလိ၊

အာကာပါးကွက်သားတို့ ဆွဲခေါ်ယူရာ လူသတ်ကုန်းသွားရာလမ်းတစ်လျှောက်မှာ မျက်ရည်မိုးတို့ ဖြိုင်ဖြိုင်ရွာခဲ့ရပြီ၊

သမိန်ဗြောရာမမင်းသား၏မျက်ရည်တို့သည်လက်လွှတ်ဆုံးရှုံးခဲ့ရသောဟံသာဝတီထီးနန်းအတွက်ပေလော၊

တောရွာ၌ကျန်ရစ်ခဲ့သည့် ချစ်ဇနီးသည်လုံမငယ်လေးအတွက်လော၊ သို့တည်းမဟုတ် ဘုရင့်နောင်ရှေ့မှာ ကျေမွခဲ့ရသည့် သူ၏လူစွမ်းလူစများအတွက် ခံစားမှုအတွက်ကြောင့်လော ဆိုသည်ကတော့ သူ သမိန်ဗြောရာမ အသိဆုံး ဖြစ်ပေလိမ့်မည်၊

တောင်စွယ်မှာနေကွယ်တော့မည်၊ အော် - မကြာမီအချိန်အတွင်းမှာ လူသတ်ကုန်း၌ အနိဋ္ဌာရုံ ပန်းရိုကားတစ်ချပ်က ကျီးပြိုသံများနှင့်အတူ စုတ်ချက်ကြမ်းကြမ်းနှင့် ရေးခြယ်၍ပြီးဆုံးသွားတော့မှာ အသေအချာ၊

ဖျာပုံစိုးသား



www.burmeseclassic.com

# သဘက်ကြီး နှင့် ရှင်ရဖြက်ဆရာ

**မောင်ဘာရှိန်**

## အင်းဝမြို့ဦး

စာပေပရိယတ္တိအတော်တတ်ကျွမ်းသော ဘုန်းကြီးလူထွက်ဦးပေါသည်လှေတစ်စင်းထောင်ကာတပည့်လက်သားများနှင့်ဆီ၊ ထန်းလျက်၊ အထည်ကြမ်းစသော အညာကုန်များကိုတင်ကာ အောက်မြို့ ကျေးရွာများသို့သွားရောက်ရောင်းချပြီး အပြန်တွင်ငါးပိ၊ ငါးခြောက်စသော အောက်ကုန်များကို တင်ယူကာ အထက်မြန်မာပြည်တွင် ရောင်းချခြင်းအားဖြင့် အသက်မွေးမြူကာ နေထိုင်လေ၏။

အခါတစ်ပါးသော် အညာကုန်အပြည့်နှင့် အင်းဝမြို့မှ စုန်လာရာ ပုဂံမြို့၏အောက် လှေတစ်စခန်းနားပြီးလျှင် နောက်တစ်စခန်းနားရန် လှေဆိပ်တစ်ခုသို့ ရောက်သောအခါ ဦးပေါက မိမိ၏ လှေသားများကို စခန်းချကြရန် ပြောသဖြင့် လှေကိုကမ်းနှင့် မနီးမဝေးတွင် ကျောက်ချပြီး ရပ်နားနေကြလေ၏။



ညစာ ထမင်းများ စားသောက်ပြီးသောအခါ ဦးပေါက မိမိ၏ လှေသားများကို ဘုရားရှိခိုး၊ အမှုများဝေပြီးမှ အိပ်ကြရန်မှာထားပြီး မိမိမှာမူ အကြီးအကဲဖြစ်သည့်အလျှောက် စောစောမအိပ်ဘဲ ပွဲစင်ပေါ်တွင်ထိုင်ကာ ပရိတ်တော်၊ ဂုဏ်တော်များ ရွတ်ခြင်း၊ မေတ္တာပို့ခြင်းဖြင့် အချိန်ကုန်စေပြီးနောက်မှ မှုံးရနံ့ အိပ်ပျော်သွားလေ၏။ သတိရ၍ တစ်ရေးနိုးသောအခါ ဆေးလိပ်သောက်ချင်လာသဖြင့် အနီးရှိ ပြောင်းဖူးဖက်ဆေးလိပ်တိုကို ကောက်ကာ အိတ်တွင်းမှ မီးခတ်ကျောက်နှင့် သံတုံးကိုထုတ်ပြီး တချောက်ချောက် ခတ်နေစဉ် မီးခတ်သော သံတုံးကလေးသည် လက်မှလွတ်ပြီး ရေထဲသို့ကျသွားလေ၏။

ဦးပေါသည် အခြားသံတုံးတစ်တုံးကို ရှာသော်လည်း မတွေ့သောကြောင့် လှေသားများကိုနှိုး၍ မေးမည်ကြံ၏။ သို့ရာတွင် တစ်နေ့လုံး ပင်ပန်းလာကြသော လှေသားများကို အားနာသနားသဖြင့် မနှိုးဘဲနေပြီး ကုန်းပေါ်သို့ လှမ်း၍ကြည့်လိုက်ရာ မနီးမဝေးတွင် မီးရောင်လက်လက်မြင်လေ၏။

ၔင်းမီးသည် တံငါတဲကမီးဟု အောက်မေ့ကာ ဆေးလိပ်မီးညှိချင်သောကြောင့် ဒေါးတွဲလှေကလေးကို ဖြုတ်လှော်၍ ကုန်းပေါ်သို့ တက်ခဲ့ပြီး မီးလက်လက်မြင်ရာသို့ တစ်ယောက်တည်း လျှောက်သွားလေ၏။ မီးရောင်ရှိရာအရပ်သို့ ရောက်သောအခါ မြင်ရသောမီးသည် ဦးပေါထင်သည့်အတိုင်း တံငါမီးမဟုတ်ဘဲ မီးဖိုတစ်ခုမှ ထွက်သော မီးရောင်ဖြစ်လေသည်။ ၔင်းမီးဖို၌ ဆေးလိပ်ညှိရန် မီးဖိုဆီသို့သွားရာ အနားသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဦးပေါသည် မျက်လုံးမျက်ဆန်ပြူးကာ ပါးစပ်ဟလျက် အံ့အားသင့်ကာရှိလေ၏။

အကြောင်းသော်ကား - အမွေးစုတ်ဖွားနားရွက်ကားနှင့်ဆင်၏အလားကြီးမားသော သဘက်ကောင်ကြီးသည် ရဲရဲတောက်နေသော မီးဖိုကြီးကို ခွကာထိုင်ပြီး (ကနန်း)ခေါ် ပုစွန်လုံးများကိုဖုတ်၍ တစ်တောင်သာသာ



www.burmeseclassic.com

www.burmeseclassic.com

ပြုသော ပါးစပ်ကြီးကိုဖြဲကာ တကျွတ်ကျွတ်ဝါးစားနေသည်ကို တွေ့မြင်ခြင်းကြောင့်ဖြစ်လေသည်။

ဦးပေါ်သည် မည်မျှပင် စိတ်ကရဲတင်းသည်ဖြစ်စေကာမူ ဤအကောင်ကြီးကို တွေ့မြင်ရသောအခါ မိမိ၏ဦးခေါင်းသည် ပုတ်ကြီးမျှလောက်ရှိသွားသည်ဟု ထင်မှတ်ကာ တစ်ကိုယ်လုံး ထူပူလာလေ၏။ သို့သော်လည်း "မရဲသော်လည်း ပြေးခဲ့စေ" ဟူသော စကားကဲ့သို့ ကြောက်သော်လည်း ဘုရားဂုဏ်တော်ကို အထူးအားထားယုံကြည်သူ ဖြစ်သည့်အတိုင်း သတိကို ကောင်းစွာထားပြီး ဂုဏ်တော်ကို ဌာန်ကရိုဏ်းကျကျ ရွတ်လေ၏။

ဤကဲ့သို့ ဦးပေါ် ရွတ်ဖတ်သံကြားသောအခါ သဘက်ကြီးသည် ခေါင်းထောင်၍ကြည့်ပြီး လက်ထဲမှ ပုစွန်လုံးများကိုချကာ ယုန်သူငယ်ကိုမြင်သော အမဲလိုက်ခွေး၏ အပြုအမူမျိုးနှင့် အားရဝမ်းသာသကဲ့သို့ မီးဖိုမှထပြီး ဦးပေါ်ဘက်သို့ တရွေ့ရွေ့ တိုးလာလေ၏။ ဦးပေါ်သည်လည်း ပါးစပ်မှရွတ်ရင်း နောက်သို့ တဖြည်းဖြည်း ကုန္နြေမပျက် ဆုတ်ခဲ့လေ၏။ သဘက်ကြီးသည်လည်း ဦးပေါ် ဆုတ်သလောက် ရှေ့သို့တိုး၏။ ဦးပေါ်က အကြောင်းကို သိလိုသဖြင့် ရှေ့သို့တိုးသောအခါ သဘက်ကြီးက နောက်သို့ဆုတ်၏။ ထိုအခါ ဦးပေါ်သည် ဘုန်းကြီးလူထွက် စာတတ်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည့်အတိုင်း မိမိအရ ကျက်မှတ်ထားသော ဂါထာများကို အခေါက်ခေါက်ရွတ်ဖတ်ပါသော်လည်း သဘက်ကြီးသည် အနည်းငယ်မျှ ဂရုပြုခြင်းမရှိသည့်ပြင် မိမိနားထောင်ကောင်းစေရန်လက်ဘသီချင်းဆို၍ပြနေသကဲ့သို့အောက်မေ့၍လားမသိ၊ ရှေ့မတိုး နောက်မဆုတ်ဘဲ ငုတ်ငုတ်ကြီးပင်ထိုင်လျက်ရှိလေ၏။

ဤကဲ့သို့ အချိန်အတော်ကြာ ရွတ်ဖတ်သော်လည်း ထူးထူးခြားခြား မရှိသဖြင့် ဦးပေါ်မှာ ဇောချွေးများကျကာ အကြံခက်လျက်ရှိစဉ် ရွတ်အံသံပြတ်သွားသည်နှင့်တစ်ပြိုင်နက် သဘက်ကြီးသည် ယခင်ကထက် နီးကပ်စွာ ရှေ့သို့တိုးလာလေ၏။ ထိုအခါ ဦးပေါ်သည် ပြေးရမှာလည်းအခက်၊ နေရမှာလည်းအခက် စိတ်ပျက်အကြံကုန်ဖြစ်နေစဉ် "သူတော်ကောင်းနတ်



ကောင်းမ" ဆိုသကဲ့သို့ ယခင်ရွတ်စဉ်ကမပါဘဲ မေ့ကျန်နေသော အောက်ပါဂါထာတော်ကြီးကို သတိရသဖြင့် ဝမ်းသာအားရ ရွတ်မည်ဟု ပါးစပ်ကိုပြင်လိုက်သည်နှင့်တစ်ပြိုင်နက် သဘက်ကြီးသည် ကုန္နြေပျက်ကာ "မရွတ်နဲ့" ဟု အသံနက်ကြီးနှင့်ဆို၏။ ထိုသို့ပြောသည်ကို ဦးပေါ်၏စိတ်တွင် များစွာအားတက်ပြီး "သဘက်ကြီးကြောက်သော ဂါထာတော့တွေ့ပြီ" ဟု အောက်မေ့လျက် အောက်ပါအတိုင်း ရွတ်လေ၏။

## ထမ္ဗုဒွေဂါထာတော်ကြီး

"သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊ ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။ အပ္ပကာ၊ ဝါလုကာ၊ ဂင်္ဂါ၊ အနန္တာ၊ နိဗ္ဗုတာ၊ ဇိနာ၊ တေသံ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန နမာမဟံ။ နမက္ကာရော နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော"

ဦးပေါ်သည်အထက်ပါဂါထာတော်ကြီးကိုရွတ်လိုက်သည်နှင့်တစ်ပြိုင်နက် သဘက်ကြီးသည် နောက်သို့လှည့်ကာ တစ်ချိုးတည်းပြေးလေ၏။ ဦးပေါ်သည် သွေးရဲလာသဖြင့် သဘက်ကြီးနောက်မှ အပြေးလိုက်ပြီး ရွတ်လိုက်လေ၏။ သဘက်ကြီးလည်း မိမိကိုယ်ကို မဖျောက်နိုင်ဘဲ ပြေးခဲ့ရာ မြစ်ဆိပ်မှ ခွေးတဟောင်သာသာရှိသောအရပ်ရှိ ကျောင်းအိုကြီးတစ်ကျောင်းအနီးသို့ရောက်သောအခါ ကျောင်းထဲသို့ဝင်ပြေးပျောက်ကွယ်သွားလေ၏။

ဦးပေါ်သည် ကျောင်းဝင်းအပြင်မှရပ်၍ "ဤကျောင်းအိုကြီးသည် သဘက်ကြီး၏ နေရာဖြစ်လိမ့်မည်" ဟု အမှတ်ပြုကာ ပြန်ခဲ့လေ၏။ လှေသို့ရောက်သောအခါ အရုဏ်တက်လာပြီဖြစ်၍ လှေသားများကို နှိုးပြီး လှေထွက်ခဲ့လေ၏။ ညဉ့်က အဖြစ်အပျက်ကိုမူကား လှေသားများ ကြောက်မည်



www.burmeseclassic.com

www.burmeseclassic.com

စိုးသောကြောင့် မပြောဘဲ လှေကို ကောင်းစွာသတိနှင့်လှော်ခတ်ရန်မှာထားပြီး အိပ်ပျက်သည်နှင့် အိပ်လိုက်လေ၏။

ဦးပေါသည် အညာကုန်များကို အောက်မြို့များတွင် ရောင်းချပြီး အပြန်အတွက် မိမိအလိုရှိသော အောက်ကုန်များကို ကောက်ပြီး လှေဆန်တက်ခဲ့ရာ ၃ လကျော်ကျော်ကြာမှ ယခင်သဘက်ကြီးနှင့် တွေ့သော လှေစခန်းသို့ ဆိုက်ရောက်ကြလေ၏။ ထိုအရှိန်သည်ကား ညနေစောင်းဖြစ်၍ ဆန်တက်ရန် အချိန်ရှိသေးသော်လည်း ဦးပေါက ဆိုက်နားရန်ပြောသဖြင့် လှေသားများ၏စိတ်တွင် မကျေမနပ်နှင့်ပင် ဆိုက်ကြရလေ၏။

လှေဆိုက်လျှင်ဆိုက်ချင်း ဦးပေါက လှေသားများကို အထူးအထွေ မပြောဘဲ လှေသားထဲမှ အတော်သတ္တိကောင်းသော လူတစ်ယောက်ကို ခေါ်ပြီး မိမိ၏မိတ်ဆွေဟောင်း သဘက်ကြီးနေသော ကျောင်းအိုကြီးသို့ သွားလေ၏။ ကျောင်းအနီးသို့ ရောက်သောအခါ ၎င်းကျောင်းနှင့် မနီးမဝေးတွင် ရွာတစ်ရွာရှိကြောင်းကို သိရလေ၏။

ထိုကျောင်းမှာ များစွာပျက်စီးယိုယွင်းခြင်း မရှိသေးသော်လည်း ထိုကျောင်း၌ ဘုန်းကြီးမရှိ၍ မပြုမပြင်ထားသောကြောင့် ဟောင်းနွမ်းလျက်ရှိလေ၏။ ကျောင်းအရာမ်အတွင်းသို့ ရှုမျှော်လိုက်ပါက ထန်းပင်များ၊ သရက်ပင်များ၊ သပြေပင်များနှင့် ပြည့်နက်နေသည်ကို မြင်ရသောအခါ ကျောင်းထိုင်ပုဂ္ဂိုလ်များရှိစဉ်ကဖြစ်လျှင် ထိုကျောင်းသည် အလွန်သာယာဖွယ်ဖြစ်မည်ဟု တွေးထင်မိလေ၏။ တစ်ဖက်သို့ ဆရာတပည့်လျှောက်၍လာခဲ့ရာ ရေတွင်းတစ်တွင်း၌ ရွာထဲမှ ယောကျ်ားမိန်းမ ရေခပ်နေကြသည်ကို တွေ့သဖြင့် ဦးပေါသည် ရေတွင်းအနီးသို့ကပ်ကာ…

ဦးပေါ ။ ။ "ဒီကျောင်းကြီးဟာ သီးမျိုး၊ ပွင့်မျိုးစုံလင်စွာနှင့် တင့်တယ်သာယာပါလျက် ကျောင်းနေရဟန်း မရှိခြင်းဟာ ဘယ်အကြောင်းပါလဲ ခင်ဗျား"



ရွာသား ။ ။ "ဒီကျောင်းရဲ့အဖြစ်အပျက်ကို မေးပုံထောက်တော့ ခင်ဗျားတို့ ဤအရပ်ဝန်းကျင်က မဟုတ်ဘူးပေါ့"

ဦးပေါ ။ ။ "ကျုပ်တို့က အထက်အညာကပါ။ လှေကဆင်း၍ အညောင်းပြေ လျှောက်လာရင်း ခရီးကြုံလို့ ဝင်လာတာပါ မိတ်ဆွေ၊ မွှေ့လျော်ဖွယ်ရာဌာန၌ နုံညားတင့်တယ်သော ဝိဟာရတွင် မည်သူတစ်ဦးတစ်ယောက်မျှ မမြင်၍ မေးရခြင်းဖြစ်ပါတယ်"

ရွာသား ။ ။ "ဒီကျောင်းဟာ အလွန်ကြမ်းတာနဲ့ ဘယ်ဘုန်းကြီးမှ မနေဝံ့ဘူးဗျာ"

ဦးပေါ ။ ။ "ကြမ်းပုံ တစ်ဆိတ် အမိန့်ရှိစမ်းပါဦးဗျာ၊ ကြားရအောင်"

ရွာသား ။ ။ "ကြမ်းပုံက ဘယ်လိုဆိုတာတော့ တစ်ခုစီ မပြောပြတတ်ဘူး။ အချုပ်ပြောရမှာဖြင့် ဒီကျောင်းမှာထိုင်ဖို့ ဘုန်းကြီးပင့်လာလို့ ကျောင်းပေါ်မှာ ၂ ရက်၊ ၃ ရက် နေမိလျှင် တစ်ခါတည်း လန့်ပြီး ဝမ်းပေါက်၍ ပျံလွန်တော်မူတာပဲ၊ သင်္ဂြိုဟ်ရလွန်းလို့ နောက်ထပ်ပြီး ဘုန်းကြီးမပင့်ရဲကြတော့ဘူး။ ကျုပ်တို့ ကြားဖူးတာကတော့ အရင်က ဒီကျောင်းကြီးကို ပထမထိုင်တဲ့ ဆရာတော်ကြီးတစ်ပါး ပျံတော်မူပြီးကတည်းက ၎င်းဘုန်းတော်ကြီးဟာ မကျွတ်ဘဲ ဒီကျောင်းပေါ်မှာ သဘက်ကြီးဖြစ်နေတယ်လို့ ကြားဖူးတာပဲ၊ အဲဒီ ပျံတော်မူတဲ့ ဆရာတော်ကြီးကလည်း အတော် စာပေကျမ်းဂန်တတ်တော့ သရဲဖြစ်တဲ့ဘဝမှာလည်း တတ်နေသလားမသိပါဘူး။ ဘယ်လိုပဲကမ္ဘာဖတ်ဖတ်ကြောက်တယ်လည်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဦးပေါ် ။ ။ "အတော်ကို ကြမ်းတာပဲ။ ရွတ်လို့ဖတ်လို့တောင် မရဘူးဆိုလျှင် မြွေကြီးတော့ အလမ္မာယ်မနိုင်ဆိုတာလို ဖြစ်နေပြီ။ အင်း – ရှေ့ဆက်ပါဦး မိတ်ဆွေ"

ရွာသား ။ ။ "အဲဒါနဲ့ လွန်ခဲ့တဲ့ ၂လ၊ ၃လ လောက်က ကျုပ်တို့ရွာက သူကြီးသမီးကလေး အစုလို ညနေခင်း သည်ရေတွင်းမှာ ရေခပ်လာတုန်း ကျောင်းပေါ်က သဘက်ကြီးဆင်းပြီး ပွေ့တာနဲ့ တစ်ခါတည်း မေ့သွားတာပဲတဲ့၊ ဒါနဲ့ ကလေးမကို အိမ်ယူလာပြီး မန်းကြမှုတ်ကြလို့ သတိရတော့ လူကောင်းမဟုတ်တော့ဘူး။ ရူးနေရှာတယ်"

ဦးပေါ် ။ ။ "ဪ – သနားစရာပျား။ ဆရာကောင်းများ ခေါ်ပြီး မကုကြဘူးလား"

ရွာသား ။ ။ "ကုပြီလားဗျာ၊ သူ့ ဖခင်က သူကြီးဆိုတော့ မျက်နှာလိုချင်လို့ ဆရာကောင်းတွေ စနည်းနာပြီး တစ်ဦးပြီးတစ်ဦးကုကြတာဘယ်ဆရာမှမတတ်နိုင်လို့ကလေးမကို အခန်းထဲမှာ ပိတ်ထားရတယ်"

ဦးပေါ် ။ ။ "အဲဒီမိန်းကလေးဟာ အစဉ်ပဲ ကြမ်းနေရှာသလား"

ရွာသား ။ ။ "ကြားရပုံကဖြင့် အစဉ်လိုလိုပါပဲ၊ သနားစရာ အမျိုးအရွယ်ကလေးအဝတ်တောင်မကပ်ဘူးတဲ့၊ စားလိုက်တာကလည်း ဝမ်းတွင်းသားများပေါ်လျှင် နစ်ပိသော မျက်လောက်များ တင်းတောင်မတိမ်ဘူးတဲ့"

ဦးပေါ်သည်အကြောင်းစုံကြားသိရသောအခါမိမိနှင့်တွေ့သော သဘက်ကြီးဖြစ်တန်ရာ၏ဟု တွေးတောပြီး "ဒါဖြင့် ခင်ဗျားတို့ သူကြီးကို ပြောလိုက်ပါ၊ လှေဆိပ်မှာပယောဂဆရာတစ်ယောက်ရှိတယ်လို့သူကရောဂါမပျောက်လျှင် အခကြေးငွေတစ်ပြားတစ်ချပ်မှ မယူပါဘူးလို့"

ရွာသားက "ကောင်းပါပြီ" ဟုပြောကာ ရေထမ်းကိုထမ်းပြီး ထွက်သွားလေ၏၊ ဦးပေါ်တို့ ဆရာတပည့်နှစ်ယောက်လည်း ကျောင်း၏အခြေအနေကို လှည့်ပတ်ကြည့်ရှုပြီး များစွာ မထူးခြားလှသောကြောင့် လှေသို့ ပြန်ခဲ့ကြလေ၏။

★

## ဘုန်းကြီးရူးထွက်ဆရာ

နောက်တစ်နေ့ နံနက် နေထန်းတစ်ဖျားခန့်ရှိသောအခါ ဦးပေါ်ထံသို့ လှည်းတစ်စီး ဆိုက်ရောက်လာပြီး သူကြီးမင်းက ဆရာအပင့်ခိုင်းလိုက်၍ လာရကြောင်းကို ပြောသဖြင့် ဦးပေါ်သည် ခေါ်လာသော လှည်းနှင့် လိုက်ပါသွားလေ၏။

သူကြီးမင်းအိမ်သို့ရောက်သောအခါသူကြီးမင်းကလောကဝတ်ပျူငှာပြုဆိုပြီး အကျိုးအကြောင်းပြောဆိုနေကြစဉ် အခန်းတွင်းမှ တဖြုန်းဖြုန်း မုန်ပေါက်ပြီး "ငါ့များ ဘာမှတ်လို့ သင်းတို့က စမ်းတာတုံး၊ သေချင်ကြလို့ ခုတ်တယ်" ဟု ကြိမ်းဝါးနေလေ၏။

သူကြီး ။ ။ "ကျွန်တော့်သမီး ရောဂါက အလွန်ကြမ်းတာ၊ ယခုကြားတဲ့အတိုင်းပဲ၊ သည်တော့ မနိုင်ပုံပေါ်လျှင်လည်း စောစောကပဲ နောက်ဆုတ်တာကောင်းပါတယ်"

ဦးပေါ် ။ ။ "မဟုတ်တာသူကြီးမင်းရယ်၊ မကုနိုင်ဘဲနဲ့ ဘာဒုက္ခခံပြီး လာပါ့မလဲ၊ ဆေးအိတ်တွေဘာတွေ မမြင်ရလို့ ပြောတာလား"

သူကြီး ။ ။ "ဒီလိုလဲ မထင်ပါနဲ့ဆရာ၊ အရင်က ကုသဖူးတဲ့ ဆရာတွေ အစတော့ ပျောက်လျှင် မည်ရွေ့ပေးရမယ်၊ မည်မျှပေးရမယ်ဆိုပြီး နောက်ဆုံး ငွေကုန်၊ လူနာပန်းသာ အဖတ်တင်တယ်ဗျာ၊ ဒါကြောင့် တင်ကူးပြီး ပြောရတာပါ"





www.burmeseclassic.com

www.burmeseclassic.com

ဦးပေါ် ။ ။ "အခြား ဆရာများလို ငွေစကား ကြေးစကား မပြော လိုပါ။ ကုန်ကုန်ပြောပါရစေတော့ သူကြီးမင်းရဲ့ ကလေး မကလေးရောဂါမသက်သာလျှင်ကွမ်းတစ်ယာမျှမစား ဘူးဆိုတာ စိတ်ချပါဗျာ"

သူကြီး ။ ။ "ငွေကိုနမြောလို့ပြောတာမဟုတ်ပါဘူးဆရာ၊ ကျုပ်မှာ ဒီသမီးကလေး တစ်ယောက်ပဲရှိတယ်။ ရောဂါသာ ပျောက်မယ်ဆိုလျှင်ငွေနဲ့သူနဲ့ စက်ပြီးပေးရပေးရ ဝန်မ လေးပါဘူး။ ဆရာတွေ လက်တည့်စမ်းပြီး မနိုင်တော့ ကျုပ်သမီးကလေး ပင်ပန်းတာမကြည့်နိုင်လို့ ပြောရ တာပါ ဆရာရယ်"

ဦးပေါ် ။ ။ "သူကြီးမင်းကလည်း ကိုယ်တိုင်တွေ့ ကြုံနေရတော့ ပြောပေမှာပဲ။ ကျုပ်ကလည်း စိတ်မရှိပါဘူး။ တခြား ဆရာတွေလို ခင်ဗျားသမီးကို ရိုက်မောင်းပုတ်မောင်း လုပ်ပြီး မကုပါဘူး။ ကျုပ်က လူမမာကို လက်ဖျားနဲ့ တောင် မထိပါဘူး။ ခင်ဗျားသမီး ဘာရောဂါဆိုတာ နက်ဖြန်ကျတော့ ခင်ဗျားမျက်စိနဲ့ မြင်ရပါလိမ့်မယ်"

သူကြီး ။ ။ "ကောင်းပါပြီဆရာ၊ ဒါဖြင့်လည်း လူမမာကို ကြည့်ဦး မလား။ ကြမ်းတာကတော့ အဝတ်အစားတောင် မကပ်ဘူး"

ဦးပေါ် ။ ။ "မကြည့်တော့ပါဘူး - ကျုပ် သိပြီးပါပြီ။ မနက်ဖြန်ကျ တော့မှ ကျုပ် လာခဲ့ပါမယ်။ ကန်တော့ပွဲ သုံးပွဲကိုလည်း အဆင်သင့်ပြင်ထားလိုက်ပါ။ ပြီးတော့ ရွာထဲက လူနှစ် ဆယ်၊ အစိတ်လောက်ကိုအိုးစည်၊ ဗုံမောင်း၊ လင်းကွင်း သံပုံးများ၊ ဓားများ၊ တုတ်များနဲ့ အဆင်သင့် စောင့်နေ ကြပါစေ"



သူကြီး ။ ။ "ကောင်းပါပြီဆရာ၊ ဆရာမှာတဲ့အတိုင်း အဆင်သင့် လုပ်ထားပါ့မယ်"

★

## လူမမာ၏အခြေအနေ

နောက်တစ်နေ့ နံနက် ဆွမ်းခံဝင်ချိန်လောက်တွင် ဦးပေါ်သည် နောက် ပါတပည့် (၃)ယောက်နှင့် ရွာသို့ရောက်လာရာ သူကြီးမင်းက ဆီးကြိုပြီး မနေ့ညက အထူးဆူပူသောင်းကျန်းသဖြင့် မည်သူမျှ မအိပ်ရကြောင်း၊ ဆရာ့ကိုလည်း များစွာကြိမ်းဝါးကြောင်း ပြောပြရာ ဦးပေါ်က . . . "ဒါ သူ နောက်ဆုံးကြိမ်းခြင်းပါပဲ၊ သူဘယ်လိုပဲကြိမ်းကြိမ်း ရှမ်းနဲ့ဆင် လယ်ပြင်ကျ တော့သိလိမ့်မပေါ့" ဟုပြောလိုက်လျှင် အိမ်တွင်းမှ လူမမာသည် မခန့်သော အနေဖြင့် ဟက်ဟက်ပက်ပက် အသံနက်ကြီးနှင့် ရယ်မောလိုက်လေ၏။ သို့သော်လည်း ဦးပေါ်သည် ဂရုမပြုဘဲ ကန်တော့ပွဲများကိုသာ အပြင်ခိုင်း လေ၏။ သူကြီးမင်းမှာ ဦးပေါ်ကို များစွာအားမရဘဲ စိတ်လေးလေးနှင့်ပင် အိမ်၏ဇနီးအား ကန်တော့ပွဲ အပြင်ခိုင်းလိုက်လေ၏။

ကန်တော့ပွဲများပြင်ပြီးသောအခါအိမ်ဦးခန်းတွင် သပ်ရပ်စွာခင်းကျင်း ပြီး ဆီမီးရေချမ်းများနှင့်တကွ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပူဇော်သက္ကာရပြု၍ သီလများ ခံယူပြီးလျှင် ပရိတ်များရွတ်၊ မေတ္တာများ ပို့ကာ နေလေ၏။ သို့သော်လည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုကား မရွတ် သေးပေ။

ဤကဲ့သို့ ဦးပေါ် ရွတ်ဖတ်နေစဉ်တွင် အိမ်ခန်းထဲမှ လူမမာသည် ကြမ်း သည်ထက် ကြမ်း၍ လာပြီး ငိုလိုက်၊ အသံနက်ကြီးနှင့် ရယ်လိုက်၊ ကြမ်းပြင် ကို ဖနောင့်နှင့် ပေါက်လိုက်၊ ထရံကို ခေါင်းနှင့်တိုက်လိုက်၊ ပါးစပ်က ယုတ်



www.burmeseclassic.com

www.burmeseclassic.com

ယုတ်မာမာ ဆဲလိုက်လုပ်နေသဖြင့် သူကြီးမင်းနှင့်တကွ လာရောက်ကြည့်ရှုနေကြသော သူများစိတ်တွင် "ဒီဆရာ နိုင်မှာမဟုတ်ပါဘူး၊ တော်တော်ကြာ အိမ်ပေါ်က ခုန်ချပြေးရမှာပါ" ဟုအောက်မေ့မှတ်ထင်ကာ တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုကာ ရှိလေ၏။ မွန်းတည့်အချိန်လောက် ရှိသောအခါ၊



သူကြီးသမီးကလေးအား
ဖိုကပ်နေသော သဘက်ကောင်
ကြီးသည် အခန်းထောင့်
တစ်နေရာတွင် မည်းမည်းကြီး
ရပ်ကာ ကိုယ်ထင်ပေါ်၍ လာလေ၏။
ထိုအကောင်ကြီးပေါ်လာသည်နှင့်
တစ်ပြိုင်နက် ဦးပေါ်သည် လက်ထဲ၌
အသင့်ရှိသောရေမန်းနှင့်ပက်လိုက်ရာ
အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကြီးနှင့်
မိုးကြိုးထစ်သကဲ့သို့အော်ပြီး အခန်းပေါက်မှ
အတင်းတိုးထွက်ကာ လှေကားမှ ဆင်းပြေးလေ၏။



ဦးပေါ် ။ ။ "ကျုပ်မနေ့ကပြောထားတဲ့လူစိတ်လောက်အသင့်ရှိရဲ့ မဟုတ်လား"

သူကြီး ။ ။ "ရှိပါတယ်၊ အသင့်ပါပဲ . . . ဘာလုပ်ကြမှာတုံး။ ဆရာ မနိုင်လျှင် ကျုပ် သမီးကလေး ဒုက္ခရောက်နေပါဦးမယ် ဆရာ"

ဦးပေါ် ။ ။ "သူကြီးမင်းက ခုထက်ထိ မယုံသေးဘဲကိုး။ ခင်ဗျား သမီးကိုမှီနေတဲ့ သဘက်ကြီးကို မောင်းထုတ်မလို့ပါ၊ အခြားဆရာတွေလို ကြိုးတွေ၊ ကြိမ်တွေနဲ့ မဟုတ်ပါဘူး။ ဒီအနီးအနားမှာလည်း စိတ်မခိုင်တဲ့လူများနဲ့ ကလေးတွေ မိန်းမတွေကို မနေပါစေနဲ့၊ သဘက်ကြီး အိမ်ပေါ်ကဆင်းပြေးတဲ့အခါ အိုးစည်တို့၊ လင်းကွင်းတို့၊ သံပုံးတို့ကို ဆူညံအောင် တစ်ပြိုင်နက်တည်း တီးပြီး အော်ကာ ဓားတော့၊ တုတ်တွေနဲ့ လိုက်ဖို့ပါပဲ၊ မြောက် အိုးမီးအိုးများအသင့်ရှိရင်လည်းသာကောင်းတာပေါ့"

ဤကဲ့သို့ ဦးပေါ်က မျက်နှာထားနှင့် ပြောသောအခါ သူကြီးမင်းစိတ်တွင် ယုံကြည်စွာ အသင့်ပြင်ဆင်စေလေ၏။

ဦးပေါ်သည် အားလုံး အသင့်ရှိသောအခါ ပရိတ်အိုးထဲမှရေကို ဖလား တစ်လုံးနှင့်ခပ်ပြီး အထက်ပါ သမ္ဗုဒ္ဓေဂါထာတော်ကြီးဖြင့် မန်းလေ၏။ ဤကဲ့သို့ မန်းနေစဉ်မှာပင် အခန်းတွင်းက လူမမာသည် အလွန်ဆူပူကြမ်းတမ်းလာပြီး "ဒီဆရာ – ငါ့ဆီမလာစေနဲ့၊ ခုဆင်းသွား၊ ခုဆင်းသွား" ဟုအော်ဟာနေလေ၏။

ရေမန်းပြီးသောအခါ ဦးပေါ်သည် ရေမန်းခွက်ကိုကိုင်ပြီး သူကြီးမင်းကို ခေါ်ကာ လူမမာခန်းထဲသို့ ဝင်သွားကြလေရာ အသားဖြူဖြူ အသက် (၁၈) နှစ်ခန့်မျှရှိသော မိန်းမပျိုကလေးသည် ဆံပင်ဖိုးရိုးဖားရားနှင့် ထိုင်နေသည်မှာ လွန်စွာ သနားဖွယ်ဖြစ်၏။ ဤကဲ့သို့တွေ့မြင်ရသောအခါ ဖခင်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

သူကြီးမင်းမှာ ဣန္ဒြေမဆောင်နိုင်ဘဲ "အမယ်လေး-သမီးရဲ့" ဟု ဆိုကာ ငိုလေ၏။

ဦးပေါတို့အနီးသို့ရောက်သောအခါ လူမမာသည် ထိုင်နေရာမှ တအား နန်လိုက်ပြီး လက်သီး လက်မောင်းတန်းကာ မျက်လုံးပြူးကြီးနှင့် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ပြီး ရပ်နေသည်မှာ အတော်အဲ့တန် လူသာဆိုလျှင် တစ်ခါတည်း ထွက်ပြေးဖွယ်ရာ ရှိ၏။ သို့ရာတွင် ဦးပေါမှာမူကား ဣန္ဒြေ မပျက်ချေ။

ဦးပေါသည်လူမမာနှင့်မျက်နှာချင်းဆိုင်ကာစုံရပ်ပြီးလက်တစ်ဖက်က ရေမန်းခွက်ကိုကိုင်လျက် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ပြန်လေ၏။ ထိုအခါ လူမမာသည် ဆရာနှင့် မျက်နှာချင်းဆိုင်ကာ မနေဝံ့ဘဲ မျက်နှာလွှဲထားပြီးပါးစပ်မှ "မရွတ်နဲ့...မရွတ်နဲ့" ဟုကြောက်ရွံ့တုန်လှုပ်သောအသံနှင့် အော်ကာနေလေ၏။ ဂါထာတော်ကြီးဆုံးသည်နှင့် တစ်ပြိုင်နက် လူမမာသည် ငှက်ပျောပင်ကို အရင်းမှစုတ်လှဲလိုက်သကဲ့သို့ သူကြီးမင်း၏ ခြေရင်းတွင် ပုံလဲပြီး သကာလ သတိမေ့လျက်ရှိလေ၏။

★

## ဓားပြတိုက်သကဲ့သို့ ဆူညံသောအသံ

ထိုအချိန်တွင် သူကြီးသမီးကလေးအား မှီကပ်နှိုတွယ်နေသော သဘက်ကောင်ကြီးသည် အခန်းထောင့်တစ်နေရာတွင် မည်းမည်းကြီးရပ်ကာ ကိုယ်ထင်ပေါ်၍ လာလေ၏။ ထိုအကောင်ကြီး ပေါ်လာသည်နှင့် တစ်ပြိုင်နက်ဦးပေါသည်လက်ထဲ၌အသင့်ရှိသောရေမန်းနှင့်ပက်လိုက်ရာ အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကြီးနှင့် မိုးကြိုးထစ်သကဲ့သို့ အော်ပြီး အခန်းပေါက်မှအတင်းတိုးထွက်ကာ လှေကားမှ ဆင်းပြေးလေ၏။



သဘက်ကြီး ဆင်းပြေးသည်နှင့် တစ်ပြိုင်နက် အိမ်ပေါ်မှ "လိုက်ကြဟေ့-လိုက်ကြဟေ့" ဟု အော်လိုက်ရာ အောက်တွင် အသင့်စောင့်နေကြသောသူများနှင့် ဦးပေါ၏ တပည့်သုံးယောက်တို့သည် တစ်ခါတည်း ပေသီးဖောက်သူကဖောက်၊ အိုးစည်တီးသူကတီး၊ သံပုံးရိုက်သူကရိုက်၊ တုတ်များ၊ လှံများဖြင့်ပစ်သူကပစ်ကာ ညာသံပေးစုရုံးပြီး သဘက်ကြီးနောက်သို့လိုက်ကြလေ၏။ ခွေးများကလည်း သဘက်ကြီးနောက်မှ အူဟောင်ပြီး ဝိုင်းဝန်း လိုက်ကြရာ တစ်ရွာလုံး ဓားပြတိုက်သကဲ့သို့ ဆူညံကာ ပွက်လောရိုက်နေလေ၏။

သဘက်ကောင်ကြီးသည် အိမ်ပေါ်မှ ဆင်းပြေးစတွင် အရပ်ရှည်ရှည် လူတစ်ရပ်မျှလောက်သာရှိသော်လည်း ပြေးရင်းပြေးရင်း တဖြည်းဖြည်း အရပ်ရှည်ရှည်သွားသည်မှာ ထန်းပင်နီးပါးမျှရှိသည်သာမက တစ်ခါတစ်ခါတွင် ခြေတစ်ဖက်တည်းသာမြင်ရ၏။ တစ်ခါတစ်ခါတွင် ခေါင်းကြီးသည် ကျောဘက်တွင် လှည့်ကာရှိလေ၏။ တစ်ခါတစ်ခါတွင်လည်း ကိုယ်ကြီး သာပြေးပြီး ခေါင်းမပါဘဲရှိလေ၏။

ဤကဲ့သို့ အမျိုးမျိုးခြောက်လှန့်သော်လည်း လိုက်လာသောသူများသည် ကြောက်လန့်ခြင်းမရှိဘဲ ဝိုင်း၍လိုက်သော အသံသည် တစ်တောလုံး ဆူညံလျက်ရှိလေ၏။ ခရီးတစ်မိုင်ကျော်ကျော်လောက်ရောက်သောအခါ လိုက်သော လူများလည်း မောပန်းသဖြင့် ခြေလှမ်းများ နှေး၍လာသည် တွင် သဘက်ကြီးသည် တဖြည်းဖြည်း ဝေးဝေးပြီး နောက်ဆုံး ပျောက်ကွယ် သွားသောအခါမှ လိုက်သောသူများသည် လက်လျှော့ကာ ရွာသို့ပြန်ခဲ့ကြ လေ၏။

★



www.burmeseclassic.com

www.burmeseclassic.com

## ပင်ပန်းနွမ်းနယ်နေသော လူမမာ

ဦးပေါနှင့် သူကြီးမှာကား သဘက်ကြီး၏ နောက်သို့ မလိုက်နိုင်ဘဲ သတိမေ့နေသော လူမမာကို အပြင်ခန်းသို့ထုတ်၍ ပရိတ်ရေမန်းများနှင့် မျက်နှာကို တောက်၍ သတိရစေရန် ကြိုးစားနေကြလေ၏။ ယခင်က အပ မှီနေသဖြင့် များစွာ သန်စွမ်းအားရှိသော လူမမာသည် ယခုအခါ အပခွာ သွား၍ အားနည်းပျော့ခွေနေသောကြောင့် ပါးစပ်ထဲသို့ ဇရစက်ကလေး များချပေးပြီး ယပ်ခပ်ပေးမှ အနည်းငယ်လှုပ်ရှားလာ၍ မျက်စိကလေးများ ဖွင့်ကြည့်သောအခါ သူကြီးမင်းနှင့် သူကြီးကတော်တို့မှာ အလွန်ဝမ်း မြောက်လျက် "သမီး – သမီး – မိန်းကလေး" ဟုခေါ်ကြလေ၏။ လူမမာသည် မထူးနိုင်သေးဘဲ မျက်လုံးကလေးကို အသာလှန်ကြည့်ပြီး မှိန်းနေပြန်လေ ၏။

နောက်များမကြာမီ သဘက်ကြီးနောက်သို့လိုက်သောသူများရောက် လာကြသောအခါ ဦးပေါသည် သဘက်ကြီးနေသော ကျောင်းသို့ ယခင် လူများကို ခေါ်သွားပြီးလျှင် ကျောင်းကိုပတ်၍ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဦးပေါက နှုတ်တိုက်ချပေးသဖြင့် နောက်ကလူများက လိုက်၍ဆိုကြလေ၏။ ကျောင်းပေါ်တွင်လည်း ပရိတ်ရေမန်းများနှင့် ပက်ဖျန်းခြင်း၊ ကျောင်းဝိုင်း ပတ်ပတ်လည်တွင်လည်း ပရိတ်ချည်မန်းများနှင့် စည်းတားထားခဲ့ပြီး ပြန်ခဲ့ကြလေ၏။

သူကြီးမင်းအိမ်သို့ ရောက်သောအခါ မိန်းကလေးသည် ကောင်းစွာ သတိရပြီး စကားအနည်းငယ်ပြောနိုင်လေ၏။ ထိုအခါမှ သူကြီးနှင့် သူကြီး ကတော်တို့က ဦးပေါခေါ် ဆရာပေါအား များစွာယုံကြည်ကျေးဇူးတင်ပြီး ၎င်းတို့ သမီးကလေးတွင် အမိမွေးသော အသက်မရှိ၊ ဆရာပေါ၏ အသက် သာရှိကြောင်း ဝမ်းသာအားရ ပြောကြလေ၏။



ဦးပေါကလည်း ထိုအခါမိမိသည် ပယောဂကုစားသော ဆရာမဟုတ် ကြောင်း၊ ရိုးရိုးလေ့ဖြင့် ကူးသန်းရောင်းဝယ် စားသောက်သူဖြစ်ကြောင်း၊ လွန်ခဲ့သော ၃ လခန့်က မိမိနှင့်ထိုသဘက်ကြီးတွေ့ဖူးကြောင်း၊ ၎င်းသဘက် ကြီးသည် ယခု သမ္ဗုဒ္ဓေဂါထာတော်ကြီးမှလွဲ၍ မကြောက်ကြောင်း၊ နောက် ဆုံး သူကြီးမင်း သမီးကလေး၏ သတင်းကို ကြားသိရသည့်တိုင်အောင် စုံလင်စွာ ပြန်ပြောသောအခါမှ သူကြီးလင်မယားနှင့်တကွ လာရောက်နား ထောင်နေကြသောသူများက စုတ်သတ်၊ ခေါင်းညိတ်ကာ ချီးမွမ်းအံ့သြကြ ကုန်၏။

ထို့နောက် ဦးပေါသည် ရွာသားများကို မောင်းတီးခေါ်စေပြီးလျှင် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တစ်ရွာလုံး အရကျက်၍ နေ့စဉ် အိပ်ရာဝင် အိပ်ရာထများတွင် ရွတ်ဖတ်ကြရန်မှာထားပြောဆိုပြီးနောက် နေဝင်လုနီးပြီ ဖြစ်သဖြင့် လှေသို့ပြန်ရန် နှုတ်ဆက်လေလျှင် သူကြီးမင်းက "ယနေ့ တစ်ည – သူ၏ အိမ်တွင် အိပ်ပြီး သမီးကလေးအား စောင့်ရှောက်ပါဦး၊ နံနက်လင်းတော့မှ လှည်းနှင့်လိုက်ပို့ပါမည်" ဟု ပြောသဖြင့် ဦးပေါသည် သဘောတူကာမိမိ၏ ယေ်သားသုံးယောက်ကို လှေသို့ ပြန်လွှတ်လိုက် လေ၏။

★

## အသက်ဖိုး သုံးပိဿာ

နံနက်လင်းသောအခါ သူကြီးမင်း၏ သမီးကလေးသည် အိပ်စက် ရသဖြင့် အားနည်းခြင်းမှတစ်ပါး အခြားဘာမျှ မဖြစ်ဘဲ ကောင်းစွာ လန်း ဆန်းလျက်ရှိလေ၏။ သူကြီးမင်းသည် ဦးပေါအား ထမင်းများ ကောင်းစွာ ချက်ပြုတ်ကျွေးမွေးစေပြီး မိမိ၏ တစ်ယောက်တည်းသော သမီးကလေး၏ အသက်ကို ကယ်ဆယ်သည့်အတွက် ကလပ်နှင့်ငွေသား သုံးပိဿာကို



www.burmeseclassic.com

ထည့်ပြီး အသက်ဖိုး ကန်တော့စေလေ၏။ ဦးပေါက "မိမိသည် အခကြေးငွေကို အလိုရှိ၍ ကုစားသောဆရာမဟုတ်၊ ကြုံကြိုက်သဖြင့် ဝတ္တရားအလျောက် ကယ်ဆယ်ခြင်းမျှဖြစ်သည်၊ ငွေသုံးပိဿာသည် မိမိအတွက် လွန်စွာများကြောင်း၊ အသက်ကယ်သည့်အတွက် ကျေးဇူးဆပ်လိုက ငွေတစ်ပိဿာ တော်လောက်ပြီဟုဆိုကာ ငွေတစ်ပိဿာကို လက်ခံလေ၏။

အားလုံးက ဝိုင်းပြီး သုံးပိဿာစလုံး လက်ခံရန်ပြောသော်လည်း မရဘဲ အကြိမ်ကြိမ်ငြင်းပယ်သဖြင့် ငွေသားတစ်ပိဿာနှင့် ဝတ်စုံတစ်စုံ ကန်တော့ရလေ၏။ ပြီးသောအခါ ဆရာပေါက "မိန်းကလေးကို မိမိသမီးအရင်းကဲ့သို့ သနားမေတ္တာရှိကြောင်းပြောဆိုကာ နောင်အန္တရာယ်ကင်းစေရန် သမ္မုဒ္ဒေဂါထာတော်ကြီးကို လက်ဖွဲ့ ခပ်ပြီး ဆောင်ထားရန်" မှာခဲ့ပြီးလျှင် အိမ်ရှေ့တွင် အသင့်စောင့်နေသော လှည်းနှင့် ရေဆိပ်သို့ပြန်ခဲ့လေသတည်း။

(သမ္မုဒ္ဒေဂါထာတော်ကြီးကို တစ်နေ့ ၂ ခေါက်ကျ အိမ်ကိုပတ်၍ ရွတ်ဖတ်က ရန်သူများမကြံစည်နိုင်ဘဲရောဂါဆပ်သိမ်းကင်းငြိမ်းရှမ်းသာကြောင်း ကလေးလူကြီးမစ၍ အစိမ်းသရဲ ပူးကပ်က ရေကိုမန်း၍ တောက်ခြင်း၊ သောက်စေခြင်းဖြင့် အမှန်ပျောက်ကင်းစေနိုင်ကြောင်းများကို ကျွန်တော် ကျောင်းနေစဉ်က ဆရာဘုန်းတော်ကြီးမိန့်မှာဖူးသည့်တိုင်းဂုဏ်ဂါထာတော်ကြီးကို အရကျက်ထားပြီး အများအကျိုးငှာ ရေးသားပါသည်၊ ဦးပေါ၏ အဖြစ်အပျက်မှာ ကျောင်းနေစဉ်က ဆရာဘုန်းတော်ကြီး အမိန့်ရှိဖူးသည်ကိုသာ အမှတ်ရပါသည်။ မည်သည့် ခုနှစ်ကဟု၍ မမှတ်မိတော့ပါ။

★



(မှတ်ချက်)

ဘုရားရှင်လက်ထက်တော်က တရားဟောကောင်းသော ကိုရင်သာနသည် တရားဟောပြီးတိုင်း ကုသိုလ်အဖို့ကို မိမိမယ်တော်ဟောင်းအား အမျှပေးဝေလေ့ရှိ၏။ ကိုရင်သာန၏ မယ်တော်သည် မထင်ရှားသော နတ်ဘီလူးမ ဘဝ၌ရှိ၏။ သား၏အမျှဝေတိုင်း သာဓုခေါ်နိုင်သဖြင့် ထင်ရှားသော အဖြစ်သို့ ရောက်ပြီးလျှင် နတ်များ၏ အလေးပြုခြင်းခံရ၏။ တစ်နေ့သော် ကိုရင်သာနသည် သာသနာတော်၌ မပျော်၍ လူထွက်မည်ကြံသော် ဘဝဟောင်းက နတ်ဘီလူးမ မိခင်သည် ကိုရင်သာနအား ပူးကပ်ပြီး ညှဉ်းပန်းသည်ဟု ဓမ္မပဒအဋ္ဌကထာ၌ လာ၏။ ဤအချက်၌ မွန်မြတ်သော သာသနာ့ဘောင်၌ မပျော်ခြင်းသည် ကံနိမ့်ခြင်းအရင်းခံ၏ ထို့ကြောင့် ကံနိမ့်သော် ပူးဝင်နိုင်ရန် အခွင့်သာစေ၏။ အမျှဝေခြင်းသည် သာဓုခေါ်နိုင်က လက်ငင်းဒိဋ္ဌအကျိုးရစေ၏။ ကိုရင်သာနတို့လို အဆင့်အတန်းကို ပူးနိုင်ကပ်နိုင်လျှင် စာနင့်ပေနင့်ဝေးသော စိတ်နသော၊ အမှတ်မဲ့နေတတ်သော သူကြီးသမီးရွှယ်၊ မိန်းမငယ်များကို ပူးနိုင်ကပ်နိုင်ခြင်းမှာ အံ့ဖွယ်မရှိချေ။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တစ်ခုသော တီးခေါင်၌ စင်္ကြံကြွတော်မူစဉ် ကိုယ်လက်မအီမသာဖြစ်၍ လာသဖြင့် ဆင်ခြင်သော် ကိုယ်တွင်း၌ မာရ်နတ်ဝင်နေသည်ကို မြင်သောကြောင့် ထွက်ခဲ့ရန် အကြိမ်ကြိမ်ပြောမှ ကျောင်းတံခါးထောင့်မှာ ခိုကပ်နေသည်ကို အဘိညာဉ်၏ အစွမ်းခြင့်မြင်လျှင် တရားပြ၍ ဆုံးမမှ မာရ်နတ်ကွယ်ပျောက်သွားလေသည်ဟု ဓိနတ္တပကာသနီကျမ်း၌ တွေ့ရှု၏။ ဤသည်ကိုထောက်သော် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကြီးကိုပင် သတိလစ်သည့်အခါ နှောင့်ယှက်နိုင်သေးလျှင် သာမန်ရဟန်းရှင်လူများမှာ ဆိုဖွယ်မရှိ။

ထိုအခါ သံဃာတော်များကိုပင့်၍ ပရိတ်ရွတ်ခြင်း၊ ကမ္မဝါဖတ်ခြင်း၊ အမိန့်တော်ပြန်ခြင်းဖြင့် ဘီလူး၊ သဘက်တို့ဘေးကြောင့် ရောဂါရကပ်ဆိုး

www.burmeseclassic.com

ကြီး ဆိုက်ရောက်သည့်အခါ ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုး၏။

ယခုခေတ်မှာ ကာလဝမ်းရောဂါပါး၍ ပလိပ်ကပ်ရောဂါများ ကျရောက်တတ်လေသည်။ ဤကဲ့သို့ ပလိပ်ရောဂါ ဝင်၍ လာလျှင် ဆိုခဲ့သောနည်းတို့ဖြင့် ချမ်းသာရကုန်၏။ (မြန်မာပြည်၌ ပလိပ်ကပ်ရောဂါဟူ၍ ထင်ရှားလာသည်မှာ မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်ခန့်ကစ၍ ဖြစ်လေသည်။)

(ကျမ်းကိုး)

တရွေညွှန့်ပေါင်းကျမ်း၊ ပဥ္စရုပ် စာပုံနှိပ်တိုက်၊ ပြည်မြို့

စာမျက်နှာ - ၂၉၃ - ၃၃၄

၁၉၃၄၊ ပထမအကြိမ်။




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လမ်းကြုံကလေး လိုက်ပါရစေ...

ဝိဦးနှန်းတို

**ပယ်လို . . .** သမီးငယ်လေးလား၊အေး...ဟုတ်တယ်၊ ဖေဖေ - ကလေးက ပြန်ရောက်နေပြီ၊ အင်း... နေကောင်း ပါတယ်၊ ဟ...ကလေးမှာတော့ ဆောင်းရဲ့အေးချက်က မပြောနဲ့တော့၊ မုံရွာမှာ အေးတာ ဘာဟုတ်သေးလို့လဲ၊ ဟိုမှာက မုံရွာကို အလာလမ်းမှာ စားသောက်ဆိုင် တန်းလေး တစ်ခုရှိတယ်၊ ကားတွေ ဆိုင်ကယ်တွေ စတည်းချတဲ့ နေရာပေါ့၊ အဲ့ဒီမှာ ဖေဖေတို့အဖွဲ့ စားကြ သောက်ကြ မီးအတူလှုံကြရင်း ဖေဖေ့ရဲ့မိတ်ဆွေက မနှစ်က သူ ဒီကိုလာရင်း ကြုံခဲ့ရတဲ့ အဖြစ်အပျက် တစ်ခုကို ဖေဖေတို့ကို ပြောပြတယ်၊ သူ့ဇာတ်လမ်း နားထောင်ပြီး ဖေဖေအရယ်ချင်ဆုံးပဲ၊ ဘာတဲ့... အင်း...တစ္ဆေအခြောက်ခံရတာ ပြောတယ်၊ကြောက် ဖို့လည်းမကောင်းပါဘူးဗျာ...တဲ့၊ကဲ...ငါ့သမီး နားဆင် ပေတော့၊

* * *



လဆန်းနှစ်ရက်နေ့ဖြစ်၍ ကောင်းကင်ယံတွင် လက ခပ်ကွေးကွေး သာလျက်ရှိသည်၊ လီဘာကုန် နင်းထားသော ဆိုင်ကယ်လေးက မည်းမှောင် နေသောလမ်းမကြီးထက်တွင်တရိပ်ရိပ်ပြေးလွှားနေ၏၊ ရိုးတွင်းခြင်ဆီအထိ ထိုးဖောက်စိမ့်ဝင်လာသော အအေးဓာတ်ကြောင့် ဆိုင်ကယ်လက်ကိုင် နှစ် ဖက်ကို ဆုပ်ကိုင်ထားသော ဦးကျော်အေး၏ လက်နှစ်ဖက် အေးစက်ထုံကျင် လာသည်၊ ဒါတောင် လက်အိတ်ဝတ်ထားပေးလို့သာ... ချမ်းအေးလွန်းလှ၍ ဖြစ်နိုင်လျှင် မွေ့ရာထူထူပေါ်တွင် စောင်အထပ်ထပ်ခြုံကာ ဇွေးနေချင် စိတ်တောင် ပေါက်လာမိသည်၊ နို့ပေမဲ့လည်း အလုပ်တာဝန်တွေက ရှိနေ၍ ဖြစ်ချင်စိတ်တွေကို ချိုးနှိမ်ကာ ဆိုင်ကယ်ကို သတိနှင့်မောင်းနှင်ရင်း ရက်စက် သည့်ဆောင်း၏အအေးဓာတ်ကိုအံကြိတ်ခံနေမိ၏၊ ဆောင်းလက ရေခဲအပ် များသဖွယ် ခန္ဓာကိုယ်ကို နာကျင်စူးရှစေသည်၊

လမ်းကွေ့တစ်ခုအရောက် လမ်းမဘေးတွင် ဘူဒိုဇာကားကြီးတစ်စီး ရပ်တန့်ထားသည်ကို တွေ့မြင်လိုက်ရသည်၊ ကားကြီးနံဘေး ခပ်လှမ်းလှမ်း တွင်တော့ တဲအိမ်ကလေးတစ်အိမ်... လမ်းပြင်သော အလုပ်သမားတစ်စု ဖြစ်မည်ဟုဦးကျော်အေးခန့်မှန်းမိသည်၊တဲအိမ်ထဲတွင် လူရှိပုံမရ၊ မှောင်မည်း နေသည်၊

"ဆရာ - တဲအိမ်ကို အကူအညီတောင်းပြီး မီးလှုံမလို့လား"

ဆိုင်ကယ်သွားနှုန်း နှေးသွားသောကြောင့် အနောက်တွင် လိုက်ပါလာ သော တပည့်ဖြစ်သူ ကိုမင်းမင်းက သိချင်ဇောနှင့် မေးလိုက်မိသည်၊ အမှန် တော့ ကိုမင်းမင်းကိုယ်တိုင်လည်း အအေးဓာတ်ကို ဆန့်ကျင်ကာ စောင်ခြုံ ပြီး မီးနွေးနွေးလေး လှုံချင်လှပြီ၊

"အေးကွ...ဒီလိုအချိန်ကြီးကျမှ သွားခေါ်ရင် အားလုံး အိပ်ရေးပျက်ကုန် လိမ့်မယ်၊ သူတို့က နံနက်စောစော အလုပ်ဆင်းရမယ့် လူတွေ၊ ဒီတော့... ဒီနားလေးမှာပဲ ငါတို့ဘာသာ ထင်းခြောက်တွေစုပြီး မီးမွှေးကြမယ်၊ မှောင်ကြီး မည်းကြီးထဲမှာ ဆိုပေမယ့် အရေးကြုံရင် လူရှိနေတော့ အားမငယ်ရတော့ဘူး ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်အေး၏ တပည့်ကလည်း ဦးကျော်အေး၏ စကားကို ဝမ်းသာအားရ ထောက်ခံသည်။ သို့နှင့် ဦးကျော်အေးနှင့် ကိုမင်းမင်း ထိုတဲရှေ့လမ်းမဘေးတွင် ဆိုင်ကယ်ရပ်ကာ ကိုမင်းမင်းက ဟိုဟိုသည်သည်မှ မီးတောက်လောင်စေရန် မီးခြစ်တစ်လုံးနှင့် ကြိုးစားရှိသည်။ ပိုးပုရစ်တို့၏ တစီစီ အော်သံသာ ဝန်းကျင်မှာ လွှမ်းမိုးနေသည်။

ဆိုင်ကယ်ပေါ်ထိုင်စနစ်စဉ်က ဆိုင်ကယ်အင်ဂျင် အပူငွေ့၏ ကျေးဇူးဖြင့် ယခုလောက် မအေးဖူးသေး။ ယခုများတော့ မီး ခြစ်ကိုင်ထားလျက်နှင့်ပင် တစ်ကိုယ်လုံး တုန်ချင်လာပြီ၊ ခိုက်ခိုက်တုန်ချင်လာပြီ။ ဟော - ထင်းများကလည်း ထင်းခြောက်ဟုသာ ခေါ်နေရသော်လည်း နှင်းခါးရိုက်ထား၍ စိုတိစိုဖပ်တွေချည်း…။ ညည့်နက်လာလေ၊ အအေးဓာတ်က ပိုတိုးလာလေ။

"ဆ… ဆရာတော် - တော်ပါပြီဗျာ၊ နောက်ထပ်နစ်မိုင်ကျော်ကျော်လောက်ဆို ဆိုင်တန်းလေး ရောက်တော့မှာပဲ"

အဲဒီကျမှ မီးလှုံကြတာပေါ့၊ ထင်းတွေကလည်း တော်တော်နဲ့ တောက်မယ့် ပုံ မပေါ်ဘူး"

ဦးကျော်အေးမှ မဟုတ်၊ ကိုမင်းမင်းလည်း တစ်ကိုယ်လုံး အေးစက်ထုံကျင်လာသည်အထိ ဟေမန်ဆောင်း၏ အအေးဓာတ်က အစွမ်းထက်လှသည်။

"အေး…အေးကွာ၊ ဒါဆိုလည်း သွားကြစို့"

ဦးကျော်မင်းစိတ်တိုတိုနှင့် ထင်းပုံကို ခြေဖြင့်တစ်ချက်ကန်ပြီး ဆိုင်ကယ်ရှိရာဆီသို့ ထလာလိုက်သည်၊ ဆိုင်ကယ်လက်ကိုင်ကို ဆုပ်ကိုင်ပြီးလမ်းမပေါ်သို့ တွန်းလိုက်သော်လည်း ဆိုင်ကယ်က တုတ်တုတ်မျှ မလှုပ်၊ လူတွေသာမက ဆိုင်ကယ်ပါ ချမ်းနေလေပြီလား မသိ။

"ဟ…ဆိုင်ကယ်ကလေးလှချည်လား၊ ဟိတ်ကောင်မင်း - လာပါဦးကွ၊ ဆိုင်ကယ်ကို လမ်းမပေါ်ရောက်အောင် အနောက်က ဝိုင်းတွန်းပေးဦး"

* * *



ကိုမင်းမင်းက နေရာတွင် ခုန်ဆွခုန်ဆွ လုပ်နေရာမှ ဆိုင်ကယ်နောက်သို့ ပြေးလာလိုက်ပြီး လမ်းမပေါ်သို့ ဆိုင်ကယ်ကို တွန်းတင်လိုက်သည်၊ လမ်းမပေါ်သို့ရောက်သောအခါ ဦးကျော်မင်းက ဆိုင်ကယ်ကို စက်နှိုးလိုက်သည်၊ စက်နှိုးလိုက်သည်နှင့် တစ်ပြိုင်နက် ကိုမင်းမင်းက ဆိုင်ကယ်နောက်တွင် တက်ထိုင်ပြီးသား၊ ခဏအကြာတွင်တော့ ဆိုင်ကယ်လေးသည် လမ်းမကြီးအတိုင်း ကျည်ဆန်လေးတစ်ပွင့်လို တစ်ရှိန်ထိုး ပြေးထွက်သွားတော့သည်။

လမ်းကတဖြည်းဖြည်းနှင့်အကွေ့အကောက်တွေများလာ၍ဦးကျော်မင်းသတိထားမောင်းနှင်ရသည်။ လက်တစ်ချက်တုန်လို့မဖြစ်၊ တစ်ချက် အိပ်ငိုက်လို့မဖြစ်၊ တစ်ချက် အိပ်ငိုက်လိုက်သည်နှင့် လက်တစ်ချက် တုန်သွားသည်နှင့် တစ်ဖက်ချောက်ထဲသို့ ကားခနဲ ထိုးကျသွားနိုင်သည် မဟုတ်ပါလား၊ အရေးထဲမှ အနောက်တွင် ထိုင်နေသည့် မင်းမင်းက အိပ်ငိုက်နေသလား မပြောတတ်၊ ဦးကျော်မင်းအနားသို့ အတင်း တိုးကပ်နေသည်။

"ဟိတ်ကောင် - မင်းမင်းနောက်နည်းနည်းဆုတ်ဦးလေကွာ၊မင်း - အိပ်ငိုက်မနေနဲ့"

ဦးကျော်မင်းက အနောက်သို့ လှည့်မကြည့်အား၍ လေသံဖြင့် အော်ပြောလိုက်သည်။

"ဟိတ်ကောင် - ကြားတယ်နော်၊ အရမ်း မတိုးနဲ့…"

ရုတ်တရက် အနောက်ဘက်မှ ကြားလိုက်ရသော စကားကြောင့် ဦးကျော်မင်း အံ့အားသင့်သွားမိသည်၊ အသံက တိုးတိုးမျှင်မျှင်လေသံလေးမျှသာ…ဒီကောင် မင်းမင်း ငါ့ကို လှောင်ပြောတားများလားဟု ဦးကျော်မင်း သံသယဝင်မိပေမယ့် တပည့်ကျော်မင်းမင်း၏ အကြောင်းကို မိမိအသိဆုံး၊ မင်းမင်းက ချင်းလူမျိုး … သူ့နာမည်အရင်းက ချင်းဘာသာဖြင့်သော်လည်း ခေါ်ရခက်သောကြောင့် အများဆွတ်ကာ မင်းမင်းဟုသာ ခေါ်ဆိုကြသည်၊ ချင်းပြည်နယ်တွင် ကြီးပြင်းသော ချင်းလူမျိုးဖြစ်သဖြင့် ဗမာစကားကို လိုအပ်သည်ထက် ပိုမပြောတတ်၊ နောက်ပြီး အထက်လူကြီးဖြစ်သူ ဦးကျော်အေး အပေါ်လည်း အလွန်ကျိုးနွံသောသူ…၊ စနောက်ပြောင်ရန်



www.burmeseclassic.com


www.burmeseclassic.com

ပြောင်းပြောင်းရန်ကိုစိတ်ကူးဖြင့်ပင် တွေးဖူးမည်မဟုတ်။ မိမိ နားကြားများတာ နေမှာပါလေဟုစဉ်းစားမိကာ စောစောက အကြောင်းအရာများကို အာရုံထဲမှ ထုတ်ပစ်လိုက်ပြီး ဆိုင်ကယ်ကို အာရုံစိုက်ကာ မောင်းနှင်နေလိုက်သည်။

"ဟာ ... မင်းမင်း ရှေ့ကို သိပ်မတိုးနဲ့ကွာ။ ဒီမှာ ဆိုင်ကယ်မောင်းရတာ အဆင်မပြေဘူး။ နောက်ဆုတ်ဦး..." ဆိုင်ကယ်မောင်းနေလို့မှ မကြာ၊ စောစောကပုံစံအတိုင်း ဦးကျော်အေးအနားသို့မင်းမင်း အတင်းတိုးကပ် လာပြန်၍ ဦးကျော်အေး သတိပေးရပြန်သည်။ ခရီးကလည်း မရောက်နိုင်သေး...။

ဟို...ဟုတ်...ဆရာ"

"ဟိတ်ကောင် နောက်ကို ဆုတ်ကွာ..."



မြင်ကွင်းထဲတွင် လျှပ်တစ်ပြက် ပေါ်ပေါက်လာသူက ဆိုင်ကယ်နောက်၌ မင်းမင်းတစ်ယောက်တည်းမဟုတ်...။ မင်းမင်း၏ နောက်တွင် လူတစ်ယောက် လိုက်ပါလာသည်ကို ဆိုင်ကယ်မီးရောင်ဖြင့် မှုန်ဝါးဝါး အရိပ်ပမာ တွေ့မြင်လိုက်ရသည်။



မင်းမင်းကဦးကျော်အေးကိုရိုကျိုးစွာပြန်ဖြေရင်း တစ်ဆက်တည်းမှာပင် တစ်စုံတစ်ယောက်ကို မာန်မဲကြိမ်းမောင်းလိုက်ပြန်သည်။ ဦးကျော်အေး မသင်္ကာတော့... မိမိဆိုင်ကယ်၏ နောက်တွင် မင်းမင်း တစ်ယောက်တည်း ထိုင်နေတာမှ ဟုတ်ရဲ့လား...။ လမ်းက အကွေ့အကောက်အလွန်ပေါ်များ၍ ဆိုင်ကယ်ကို သတိထားမောင်းနှင်ရင်းနှင့် မှ နောက်တွင် မည်သူရှိနေသလဲ ဟု သိချင်သည့်စိတ်က ချုပ်ထိန်းမရနိုင်အောင် ဖြစ်လာမိသည်။ သို့ကြောင့် ဆိုင်ကယ်ကို သတိထားမောင်းရင်း ဦးခေါင်းကို စောင်းငဲ့ကာ အနောက်သို့ ဖျတ်ခနဲ လှည့်ကြည့်မိ၏။

"ဟာ..."

လျှပ်တစ်ပြက်မြင်ကွင်းထဲတွင် ပေါ်ပေါက်လာသူက ဆိုင်ကယ်နောက်၌ မင်းမင်းတစ်ယောက်တည်းမဟုတ်...။ မင်းမင်း၏နောက်တွင်လူတစ်ယောက် လိုက်ပါလာသည်ကိုဆိုင်ကယ်မီးရောင်ဖြင့်မှုန်ဝါးဝါးအရိပ်ပမာတွေ့မြင်လိုက် ရသည်။ (ဆိုင်ကယ် ရှေ့မီးနောက်မီးများ၏အလင်းရောင်ဖြင့် တွေ့မြင်ရခြင်း ဖြစ်သည်။) ဆိုင်ကယ် တိမ်းမှောက်မည်စိုးသောကြောင့် ဦးကျော်အေး အရှေ့သို့ပြန်ကြည့်နေပြီး ဖြစ်သော်လည်း မိမိ၏အတွေးအာရုံတွေကတော့ ဇဝေဇဝါ။ မိမိ၏ ဆိုင်ကယ်နောက်မှ လိုက်ပါလာသူသည် မည်သူနည်း။ ဆိုင်ကယ်စတင်မောင်းနှင်စဉ်က ဆိုင်ကယ်ပေါ်သို့ မင်းမင်းတစ်ယောက် တည်းသာ တက်ပါစီးနင်းလိုက်မှန်း မိမိ သိရှိသတိပြုမိပါလျက် ထိုသူက မည်သို့ပါရှိလာရသနည်း။ မင်းမင်းကိုမေးကြည့်ရင်ကောင်းမလားဟုစဉ်းစား လိုက်မိပြီးမှ ရုတ်တရက် သတိရလိုက်မိသည်။ ထိုသူက လူသားမဖြစ်နိုင်... ဆိုသည့် အချက်ပင်။ သာမန်လူတစ်ယောက်သည် ဆိုင်ကယ် အရှိန်ဖြင့် ပြေးနေစဉ်၌ ဆိုင်ကယ်မောင်းနေသူ မသိအောင် ဆိုင်ကယ်ပေါ်သို့ ခုန်တက် နိုင်လိမ့်မည်ဟု ဦးကျော်အေးတော့ မထင်။ သို့ကြောင့် ထိုသူသည် တစ္ဆေ သရဲပင် ဖြစ်လိမ့်မည်ဟု ဦးကျော်အေး တစ်ထစ်ချ တွက်ဆလိုက်မိ၏။ ကြက်သီးတဖြန်းဖြန်း ထသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တဖွေ တစ်ကောင်နှင့် ဆိုက်ကယ်တစ်စီးတည်း စီးနင်းရသည့် ခံစားမှုမျိုးကို ဦးကျော်အေး တစ်ခါမျှ တွေးမကြည့်ဘူးခဲ့၊ ယခုတော့ လက်တွေ့ကြုံတွေ့နေရပြီးဖြစ်၍ဦးကျော်အေး၏စိတ်ထဲကြောက်ရွံ့ရမည့်အစားကြည်နူးသလိုပျော်ရွှင်သလိုခံစားမိ၏။ နောက်ပြီး သရဲဆိုတာ ဘယ်လိုပုံသဏ္ဍာန်များပါလိမ့်ဟု သိချင်လာ၍ ဦးကျော်အေး နောက်ဘက်ကို နောက်တစ်ကြော့လှည့်ကြည့်မိပြန်သည်။

"ဟင်..."

* * *

တကယ့်ကိုဖျတ်ခနဲမြင်ကွင်းဖြစ်ပေမယ့်ဦးကျော်အေးကဲ့သို့အကင်းပါးပြီး မျက်စိလျင်သူအဖို့ လုံလောက်သော အချိန်အတန့် ဖြစ်၏။ သရဲတဖွေသည်ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းမည်ဟုမိမိယူဆထားသည့်စိတ်ကူးများလွဲချော်သွားခဲ့၍ဦးကျော်အေးစိတ်ပျက်သွားမိသည်။ ထိုသူသည်သာမန်တောင်သူလယ်သမားများကဲ့သို့ အင်္ကျီအကွက်နှင့် ခမောက်ကို ဝတ်ဆင်ထားပြီး အောက်တွင် ပုဆိုးအကွက်ကျဲကြီးကို ဝတ်ဆင်ထားသည်။ ဟိုဟိုသည်သည်တွေးတောနေတုန်းမှာပင်တပည့်ကျော်မင်းမင်းက မိမိအနားသို့ တိုးကပ်လာပြန်သည်ကို သတိပြုမိသော်လည်း ဦးကျော်အေး အပြစ်မဆိုတော့...။ အဖြစ်အပျက်အမှန်ကို ဦးကျော်အေးကိုယ်တိုင်လည်း သိရှိနေပြီမဟုတ်ပါလား။

တောင်တောင်အီအီစဉ်းစားရင်း ဆိုင်ကယ်ကို အရှိန်ပြင်းပြင်းဖြင့်မောင်းနှင်လာလိုက်ရာ ဈေးဆိုင်တန်းလေးဆီသို့ ရောက်ရှိခဲ့လေသည်။ ဦးကျော်အေး ဆိုင်ကယ်ရပ်ပြီး ဆင်းလိုက်သည်နှင့် ဆိုင်ကယ်နောက်သို့ ဦးစွာ ကြည့်လိုက်မိ၏။

"ဟင်း ... မင်းနောက်က တစ်ယောက် မရှိတော့ပါလား"

ဦးကျော်အေး၏ စကားကြောင့် မင်းမင်းက နဝေတိမ်တောင်ဖြစ်သွားကာ ...



"ဟာ... ဆရာ ဘယ့်နှယ့် လုပ်သိတာလဲ။"

"မင်း ရှေ့ကို အတင်းတိုးလာတုန်းက ငါ မသင်္ကာတာနဲ့ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်တော့ တွေ့မိတာ။ ဒါနဲ့ သူဘယ်နားမှာ ဆင်းသွားလဲ"

"ဟိုး... သစ်ပင်တန်းလေးနားရောက်တော့ မရှိတော့ဘူး။ အဲဒီမှာ သူဆင်းသွားတာ ထင်တယ်"တပည့်မင်းမင်းက မီးဖိုနားတွင် ဝင်ထိုင်ရင်း ခပ်အေးအေး ပြောလိုက်သည်။

"မင်း သူ့ကို ဘာဆိုတာရော သိရဲ့လား ငါ့ကောင်ရ"

"ဆိုင်ကယ်အရှိန်ရမှ ဖျတ်ခနဲ ကျွန်တော့်နောက်မှာ ပေါ်လာတာရယ်၊ ခါးကိုလက်အေးကြီးနဲ့ ဖက်လိုက်တာရယ်ကို ချိန်ကြည့်ရင်တော့ သရဲလို့ ထင်ရတာပဲ။ လူဆိုရင် ဆိုင်ကယ်ပြေးနေတုန်း တက်နိုင်မယ်မထင် ဘူးဗျာ"

မင်းမင်း၏ အမူအရာက နည်းနည်းမှ မတုန်လှုပ်သဖြင့် ဦးကျော်အေး အံ့သြသွားမိသည်၊ သူ ပြောနေသော အကြောင်းအရာက သာမန်လူတော်တော်များများ ကြောက်လန့်တတ်သည့်ကိစ္စ မဟုတ်လား။

"ဟ... သရဲမှန်း သိရဲ့သားနဲ့ မင်းမကြောက်ဘူးလား။ မင်းကို သူ တစ်ခုခု လုပ်ရင် ဘယ်လိုလုပ်မလဲ"

"အာ... ဆရာကလဲ၊ သရဲဆိုတာ လူသေမှ အပါယ်ဘုံသားဘဝဖြစ်သွားတာပဲ၊ ကိုယ်က မသေသေးတဲ့လူ၊ သူက သေပြီးသားလူ ဘာကြောက်စရာလိုလဲ၊ နောက်ပြီး သူက ဘာမှ လုပ်မယ့်ပုံ မဟုတ်ပါဘူး။ လမ်းကြုံ လိုက်တဲ့ သရဲပေါ့ချင်း ထင်ပါတယ်၊"

"အေးကွ... ဟား... ဟား... ဟား... သရဲပေါ့ချင်း"

မင်းမင်း၏စကားက မှတ်သားချင်စရာ... ဟုတ်သား။ သရဲတွေ ဝိညာဉ်တွေဆိုတာ သေပြီးသားလူတွေပဲ၊ မသေသေးတဲ့လူက ဘာကြောက်စရာလိုလို့လဲ၊ မင်းမင်း၏ စကားကို ဦးကျော်အေး ခေါင်းတညိတ်ညိတ် ထောက်ခံမိသည်၊

"ဟုတ်တယ်ကွ၊ နောက်ပြီး သရဲဆိုတာ လူ့အတိုင်းပါပဲလားကွာ၊ ကြောက်စရာလည်း မကောင်းပါဘူး"ဟု ဆိုပြီး ဦးကျော်အေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ရေနွေးကြမ်းကို တဖူးဖူးမှုတ်သောက်ကာ မီးဖိုနံဘေးတွင် အအေးဓာတ်ကို အန်တုရင်ဆိုင်ရင်း မနက်ခင်းရောင်ခြည်ကို စောင့်မျှော်နေမိသည်။ မိုးအလင်း ရောင်ခြည်ဖြာလျှင် အအေးဓာတ် လျော့ပါးသွားလိမ့်မည်၊ ထိုအချိန်ကျမှ ဆိုင်ကယ်ကို စက်ကုန်ဖွင့်ကာ ရုံးစိုက်ရာဌာနဆီသို့ အပြေးသွားရမည်။ ဌာနတွင်တော့ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်တပုံတပင်က မိမိကို စောင့်ကြိုနေပေလိမ့်မည်ဟု တွေးရင်း ဦးကျော်အေး သက်ပြင်းချလိုက်မိပါတော့သည်။

ဒါပေမဲ့... ချောက်ချားပျော်ရွှင်ဖွယ် ညတစ်ည ပေတကား...။

⊃ ဂါဦးနွန်းကို

## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း

# သစ်စက်ဟောင်း အတွင်းမှ ပရလောကသားများ



www.burmeseclassic.com

www.burmeseclassic.com

# သစ်စက်ဟောင်းအတွင်းမှ ပရလောကသားများ

ကိုဆောင်းဦး (အလိန်လည်ကျေးရွာ)

**ဆောင်းလ၏** နံနက်ခင်း ဝေလီဝေလင်း (၆)နာရီအချိန်လောက်တွင် ပေါင်းတည်မြို့သို့ ခရီးထွက်ရန် အထုပ်ကိုယ်စီနှင့် ဆောင်းနှင်းမှုန်များ အကြားတွင် အဝေးပြေးဂိတ်သို့ ရောက်ရှိနေကြသည်။

"မောင်ဝင်းတို့ - လှမြင့်တို့ရေ - ငါတို့အဖွဲ့ ဘယ်နယောက်လဲဟေ့ ..."

"ကျွန်တော်တို့အဖွဲ့ (၁၅)ယောက်ပါ - အဘ"

"အေး - ခုံနံပါတ်တွေ သေသေချာချာ ကြည့်ဦးနော်။ သူများခုံတွေ သွားထိုင်မိနေဦးမယ်"

"လှမြင့်ရေ - ငါ့ရေဘူး - မင်းယူထားလား ..."

"ဟာ - ကိုကြီးစိန်ကလည်း ကျွန်တော်မယူပါဘူး၊ မောင်မြင့် ယူတာတွေ့တယ်"

"ခရီးသည်များ ခင်ဗျာ - ကားထွက်တော့မယ်။ ကိုယ့်နေရာကိုယ် ထိုင်ကြပါ ခင်ဗျာ"



ကျွန်တော်တို့ အဖွဲ့သည် ပေါင်းတည်မြို့သို့ အဆောက်အအုံများ ဖျက်သိမ်းခြင်း လုပ်ငန်းသွားလုပ်ရန် ရန်ကုန် - ပြည် မှန်လုံအမြန်ယာဉ်စီးလာကြခြင်းဖြစ်သည်။ ဦးစိုးမောင်၊ ဦးမြ၊ ဦးလှတို့မိတ်ဆွေတစ်စုသည် စုပေါင်းပြီး ပေါင်းတည်မြို့မှ မြို့နယ် သ၊ မ အဆောက်အအုံ လေလံဆွဲရာတွင် အဆောက်အအုံကိုဒေါင် (၃)လုံး သစ်ခွဲစက်အဟောင်းနှင့် ကြက်မြွေတစ်လုံး၊ သစ်တိုသစ်အပုံကြီးများကို လေလံပြိုင်ဆွဲရာတွင် လေလံအောင်ခဲ့သဖြင့် သစ်ခွဲစက်နှင့် ဂိုဒေါင်များကို ဖျက်သိမ်းပြီး ရန်ကုန်မြို့သို့ သယ်ဆောင်သွားရန် ကျွန်တော်တို့ အလုပ်သမားတစ်စုကိုခေါ်ပြီး ပေါင်းတည်မြို့သို့ အဝေးပြေးဂိတ်မှ ဘတ်စ်ကားကြီးဖြင့် ထွက်လာကြသည်။

အချိန်က ၁၉၉၂ - ၉၃ ခုနှစ်လောက်ကဟု ထင်ပါသည်။

ကျွန်တော်တို့အဖွဲ့တွင် အလုပ်သမားခေါင်းဆောင်မှာ အသက်(၄၀)နှစ်အရွယ် ကိုကြီးစိန်တို့ ဖြစ်ပါသည်။ မောင်ဝင်း၊ လှမြင့်၊ မောင်တင့်၊ မောင်မြင့်၊ တင်ထွန်း အခြားအလုပ်သမားလူငယ်များသည် ကျွန်တော်အပါအဝင် အသက် ၂၀၊ ၃၀ နှစ် ဝန်းကျင်အရွယ်များ ဖြစ်ကြသည်။

ကျွန်တော်တို့အရွယ်သည် စိတ်ဓာတ်တက်ကြွသောအရွယ်များ ဖြစ်သည့် အလျှင်ကမရောက်ဘူးသောနယ်သို့ သွားရမည်ဆိုသောကြောင့် အားလုံးပျော်ရွှင်နေကြသည်။

ရန်ကုန်မြို့မှ ထွက်လာပြီး ထောက်ကြံ့နဲ့ မှော်ဘီကျော်လာတော့ လမ်းဘေးဝဲယာတွင် လယ်ကွင်းစိမ်းစိမ်းများ တမျှော်တခေါ်ကို ကြည့်ရသည်မှာ ကြည့်လို့မဝနိုင်ပါ။

"ဟော့ - မောင်စိုးတင့် - မင်းအဆက်ကြီးကို လွမ်းနေပြီလားကွ"

လယ်ကွင်းတွေ၊ တော၊ တောင်တွေ၊ တိမ်တိုက်တွေ တွေ့နေရပြီး အေးမြသတ်ဆတ်သော လေအေးများကို တစ်ဝကြီး ရှူရှိုက်ရင်း ဟိုးအဝေးကို ကြည့်ပြီး အဖေနဲ့အမေ့ကို လွမ်းသောစိတ်မှာ မောင်စိုးတင့်ရင်ထဲသို့ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ကိုကြီးစိန်ကလည်းမဟုတ်ပါဘူး၊ အဖေရယ် - အမေရယ် - ညီမလေးရယ်ကို သတိရလို့ပါဗျ။ ကိုကြီးစိန်ပြောတဲ့ အဲဒီကောင်မလေးကို ကျွန်တော်က ရိုးရိုးခင်တာပါဗျ"

"ရိုးရိုးခင်တယ် - ခင်တယ်နဲ့ကြိုက်သွားတဲ့သူတွေ အများကြီးကွ"

"ဟာ - အဲဒါတော့ဟုတ်တယ်ဗျို့ဟိုကောင်လှမြင့်ပေါ့၊ တောကညီမပါ - ညီမပါနဲ့ တကယ်တော့ သူ့ညီမ မဟုတ်ပါဘူး၊ ရပ်ဆွေ ရပ်မျိုးတွေပါ၊ ပြီးတော့ - သူက ကြိုက်နေတာ၊ ကောင်မလေးက သိတောင် မသိဘူး ကိုကြီးစိန်"

"တကယ်တော့ အဲဒီကောင်မလေးက ကျွန်တော့်ကို ကြိုက်နေတာဗျ"

"မင်းလို သွားခေါခေါနဲ့အကောင်ကို ဘယ်မိန်းမမှ မကြိုက်ဘူးကွ မောင်တင့်ရ"

"အဲဒီကောင်မလေးက ဒီသွားခေါလေးကိုကြိုက်နေတာလေ၊ တစ်နေ့ (၃)ခါတောင် လာလာကြည့်တာကွ"

"သွားစမ်းပါ၊ ငါကမှ ဟုတ်သေးတယ်၊ လှမြင့် - သဘောတူတယ် မဟုတ်လား"

"မင်းလို ကျောက်ရှူးကိုကြိုက်ပါလိမ့်မယ် - မောင်ဝင်းရာ၊ ရပ်ကွက်ထဲက အရှုံးမတောင် မင်းဆိုရင် မကြိုက်ဘူးကွ"

နောက်ရင်း၊ ပြောင်ရင်း လက်ပံတန်း ကျွန်းကလေးဘူတာဆုံသို့ ရောက်လာခဲ့သည်။

"ခရီးသည်များ ခင်ဗျာ - ထမင်းစား ရပ်နားပါမည် ခင်ဗျာ၊ ရောက်ထမင်းဆိုင်မှာ သုံးဆောင်ကြပါ ခင်ဗျာ"

"လာကြနော် - ဘာဟင်းနဲ့ သုံးဆောင်ကြမှာလဲ၊ အပေါ်အလေးလည်း သွားလို့ရတယ်နော်"

"ကြက်သား၊ အမဲသား၊ ဝက်သား၊ ဆိတ်သား၊ ချေသား၊ ဆတ်သား၊ တောကြောင်သား ရမယ်"



ချေသား၊ ဝက်သား၊ ဆိတ်သား၊ ကြက်သား စသည်တို့ကို ကျွန်တော်တို့ အဖွဲ့သားများသည် တစ်ယောက်တစ်မျိုး မှာယူစားသောက်နေကြသည်။

(၈) နာရီခွဲ ထိုးသောအခါ ကားကြီးမှာ ပြည်ဘက်သို့ စတင်၍ ထွက်ခွာလာပါသည်။ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့များကို ကျော်ဖြတ်ပြီး (၁၂) နာရီခွဲတွင် ပေါင်းတည်မြို့သို့ ရောက်လာပါသည်။

"ပေါင်းတည်မြို့ - ရောက်ပါပြီ ခင်ဗျာ၊ ဆင်းမည့်ခရီးသည်များ ကိုယ့်ပစ္စည်းကိုယ်ယူပြီး ဆင်းကြပါ ခင်ဗျာ"

ကျွန်တော်တို့လည်း ပေါင်းတည်မြို့လေး၏မြင်ကွင်းသစ်များကိုငေးမော ကြည့်ရှုနေမိကြသည်။

"ဟေ့ကောင်တွေ - အထုပ်တွေသယ်ပြီး သွားကြမယ်ဟေ့၊ ငေးမနေကြနဲ့ ..."

ကျွန်တော်တို့သည် ပေါင်းတည်မြို့နယ်၏ ကျက်သရေဆောင် ပေါင်းတည်စွယ်တော်ဘုရားကို ဖူးတွေ့ကြရပါသည်။ ရန်ကုန်ပြည်လမ်းမကြီးမှ အရှေ့ဘက်သို့သွားသော လမ်းမကြီးမှ လျှောက်လာလိုက်ကြရာ ပေါင်းတည်မြို့မီးရထားဘူတာသို့ ရောက်လာသည်။ တောမြို့ဘူတာကလေးများတွင် တွေ့ရသည့်အတိုင်း လက်ဖက်ရည်ဆိုင်၊ ကြံရည်ဆိုင်၊ ကွမ်းယာဆိုင်၊ မုန့်ဆိုင်ကလေးများနှင့် ရထားစောင့်နေသောလူအချို့ကို တွေ့ရသည်။ ကျွန်တော်တို့သွားသော ကာလသည် ဒီဇင်ဘာလတွင်ဖြစ်သောကြောင့် မြောက်လေအေးများကလည်း တသုန်သုန်တိုက်ခတ်နေသည်။

ဘူတာမှ တစ်ခေါ်လောက်သွားသောအခါတွင် ကျွန်တော်တို့အလုပ်လုပ်ရမည့် သစ်စက်ဟောင်းဝင်းအတွင်းသို့ ရောက်သွားပါသည်။ ကျွန်တော်တို့လည်း ဘေးအကာများမရှိသော အဆောက်အအုံဟောင်း ဂိုဒေါင်ငယ်ကလေးတွင် နေရာယူလိုက်ကြပါသည်။ ပါလာသော အဝတ်အစားထုပ်များနှင့် ပစ္စည်းကိရိယာများကို နေရာချပြီး အဆင့်ကလေးပေါ်တွင် ပါလာသည့် အခင်းများခင်းပြီး အနားယူနေကြပါသည်။ အဘ ဦးဖိုးမောင်တို့ကတော့ အမှုထမ်းရှိသူများနှင့် မြို့ထဲသို့ လိုက်သွားပြီး လုပ်စရာရှိတာများ လုပ်



www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။ ကျွန်တော်တို့သည် စနေတွင် အဆောက်အအုံ ဖျက်ခြင်းလုပ်ငန်းကို မလုပ်နိုင်သေးပါ။ နောက်နေ့မှ စတင်လုပ်ကိုင်ကြပါသည်။

ကျွန်တော်သည် အဖွဲ့တွင် စာရင်းကိုင်နှင့် အချက်အပြုတ် စသည့် အထွေထွေကိစ္စများကို တာဝန်ယူ လုပ်ကိုင်ရသည်။

ရောက်ကတည်းက ခရီးပန်းမှုကြောင့် တစ်ဖွဲ့သားလုံး စောစောပင် ထမင်းစားသောက်ပြီး အိပ်ပျော်သွားကြသည်။ ထိုစဉ်အသံတစ်သံကြောင့် အိပ်နေရာမှ လန့်နိုးလာသည်။ နာရီကြည့်တော့ (၂)နာရီတိတိ ရှိနေပြီဖြစ်သည်။ ကြက်မရှိသော ကြက်ခြံအတွင်းမှ ကြက်အော်သံများ ကြားရသည်။ ကြက်ခြံအတွင်းမှ တီးတိုးပြောနေသောအသံများ ကြားနေရသည်။ ခဏကြာသော် မိန်းကလေးတစ်သိုက်ရယ်သံများ ကြားရသည်။ ဘယ်လိုပါလိမ့် ...။

"အင်း - ဘယ်က မိန်းမတွေ လာစကားပြောနေကြတာလဲ"

နံနက် (၄)နာရီထိုး သံချောင်းခေါက်သံကို ဘုတာဘက်မှ ကြားရတော့မှ မေးခနဲ အိပ်ပျော်သွားတော့သည်။

"ဟော့ကောင် - မောင်စိုးတင့် - ထတော့။ ဟိုမှာ - မင်းကို အဘ စောင့်နေတယ်။ ဝယ်စရာရှိတာတွေ ဝယ်ရအောင်တဲ့"

နံနက်(၇)နာရီထိုးမှ ကျွန်တော့်ကို ကိုကြီးစိန်လာနှိုးမှ နိုးတော့သည်။

ကျွန်တော်တို့အဖွဲ့သားများသည် နံနက်စာ ပဲပြုတ်နှင့် ထမင်းကြော်စားနေကြသည်။

"မောင်စိုးတင့် - အိပ်လှချည်လားကွ။ ထမင်းကြော် မနက်က ကိုကြီးစိန် ထ,ကြော်ထားတာကွ။ လာ - စားလေကွာ"

"ဟာ - မစားတော့ပါဘူး - ကိုလှမြင့်ရ။ အဘနဲ့ ဈေးသွားဝယ်ရမယ်။ အဘ စောင့်နေပြီ"

"မောင်စိုးတင့် - သားရေ - ငါတို့ ဈေးသွားကြရအောင်။ ဘုရားပွဲ ထိုးမယ်ကွ။ ဒီကို အဆောက်အအုံဟောင်းတွေဖျက်ရင် ဒီအဆောက်အအုံ‌ကြေ



ကို စွဲကပ်ပြီး မှီခိုနေကြတဲ့ မကျွတ်မလွတ်တဲ့သူတွေက နှောင့်ယှက်တတ်တယ်။ ဘုရားပွဲထိုးတော့ သူတို့အန္တရာယ်က လွတ်တာပေါ့ကွယ် ..."

ဈေးထိပ် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် အီကြာကွေး စားသောက်ပြီး ဈေးထဲတွင် ဘုရားပွဲအတွက် ရခိုင်ငှက်ပျောသီး ငါးဖီး၊ အုန်းသီး အညွှာနှင့် တစ်လုံး၊ သပြေ (၁)စီး၊ အမွှေးတိုင် (၁)ထုပ်၊ ဖယောင်းတိုင် (၁) ထုပ်၊ အမွှေးနံ့သာအတွက် ရေမွှေး (၁)ဘူး ဝယ်ခဲ့သည်။

ဟင်းရံအတွက် ငါးတံခွန်ခြောက်၊ ပဲဆန်၊ ဘူးသီး၊ ခရမ်းသီး၊ ဆီ၊ ဆန်၊ အချိုမှုန့်၊ ဆား၊ မဆလာ စသည် ဟင်းချက်စရာများ ဝယ်လာခဲ့သည်။ အဆောက်အအုံ၏ ခေါင်းရင်းတွင် ဘုရားပွဲထိုးပြီး ဖယောင်းတိုင်(၅)တိုင်၊ အမွှေးတိုင် (၅)တိုင် ထွန်းညှိ ပူဇော်ပြီး အမွှေးနံ့သာရေများ ပက်ဖြန်း၍ ငါးပါးသီလ ခံယူပြီး အန္တရာယ်ကင်း ပရိတ်တော်နှင့် မေတ္တာသုတ်များကို ရွတ်ဖတ်ပူဇော်သည်။

"မောင်ကြီးစိန် - မင်းတို့လူငယ်တွေအားလုံး ဘုရားပွဲရှေ့မှာ လာကန်တော့ကြဟေ့။ အန္တရာယ်မဖြစ်အောင် ရှိရှိသေသေကန်တော့ကြ ..."

ကိုကြီးစိန် ဦးဆောင်ပြီး ကျွန်တော်တို့တစ်ဖွဲ့လုံး ဘုရားပွဲရှေ့တွင် ကန်တော့ကြသည်။

"ပိုင်ရာဆိုင်ရာ အစောင့်အရှောက်များ ခင်ဗျာ။ သ၊ မ အသင်းပိုင် သစ်စက်ဟောင်းနှင့် ဂိုဒေါင်ဟောင်းများကို ကျွန်တော်တို့က လေလံအဖြစ် ဝယ်ယူခဲ့ပါသည်။ သ၊မ အဖွဲ့အစည်းရဲ့ ခွင့်ပြုချက်ဖြင့် ဤအဆောက်အအုံများကို ဖျက်သိမ်းယူငင်သွားပါမည်။ မနှောင့်ယှက်ကြပါနှင့် ခင်ဗျာ။ ပိုင်းဝန်းစောင့်ရှောက်ကြပါရန် လေးစားစွာ ပန်ကြား အကြောင်းကြားပါသည်ခင်ဗျာ ..."

အနောက်ဘက်ရှိ ဂိုဒေါင်တွင်နေသော ခြံဝင်းစောင့် ကိုခင်မောင်တို့ မိသားစုကိုလည်း မနေ့ကကတည်းက ဖယ်နိုင်းထားပြီးပြီဖြစ်သည်။ နံနက် (၉)နာရီတွင် အနောက်ဘက်ဂိုဒေါင်ကို စတင်ဖျက်သိမ်းတော့သည်။

ကိုခင်မောင့်မိန်းမ မဝင်းကြည်က -



www.burmeseclassic.com

www.burmeseclassic.com



**ဒီနေရာမှာ သိုက်ရှိတယ်လို့လည်း ပြောသံကြားတယ်။ ကျွန်တော်တို့လည်း ဒီနေရာကိုရောက်တာမကြာသေးဘူး။ အစ်ကိုတို့မလာခင် တစ်လလောက်က မိန်းကလေးအချို့ကို ရိုးတိုးရိပ်တိပ် တွေ့တွေ့နေရတယ်။ သူတို့နောက်မှာလည်း မည်းမည်း မြင့်မြင့် အရိပ်ကြီးကိုလည်း တွေ့ရတယ် ခင်ဗျ ...**

"အစ်ကိုတို့ - ကြည့်ဖျက်ကြနော်၊ ညက ဂိုဒေါင်ထဲမှာ လူသံတွေ၊ မိန်းမတွေ၊ ငိုသံတွေ ကြားရတယ်၊ ဆူညံပြီး အိပ်လို့တောင်မရဘူး။ ညက ကျွန်မဖြင့် ကြောက်လို့ တုန်တောင်နေတယ် ..."

"ဟုတ်တယ်ဗျ၊ ကျွန်တော်လည်း ကြားလို့ အထဲဝင်ပြီး ဓာတ်မီးနဲ့ ထိုးကြည့်တာ - ဘာမှလဲမရှိဘူး၊ ကျွန်တော်လည်း ကြက်သီးတွေ ထလာပြီး ကျောချမ်းလာတာနဲ့ ပြန်လာပြီး အိပ်နေလိုက်တယ်၊ အစ်ကိုတို့ ဖျက်မယ်ဆိုရင်လည်း ပိုင်ရာဆိုင်ရာတွေကို ခွင့်တောင်းကြ ခင်ဗျ၊ ဒီနေရာမှာ သိုက်ရှိတယ်လို့လည်း ပြောသံကြားတယ်၊ ကျွန်တော်တို့လည်း ဒီနေရာကိုရောက်တာ မကြာသေးဘူး၊ အစ်ကိုတို့မလာခင် တစ်လလောက်က မိန်းကလေးအချို့ကို ရိုးတိုးရိပ်တိပ် တွေ့တွေ့နေရတယ်၊ သူတို့နောက်မှာလည်း မည်းမည်းမြင့်မြင့်အရိပ်ကြီးကိုလည်း တွေ့ရတယ် ခင်ဗျ ..."



"ဟေ့ကောင်တွေ - အပေါ်တက်ရင် သတိထားကြဟေ့၊ ခြေတွေ၊ လက်တွေ မြဲမြဲစွဲစွဲကိုင်ကြနော်၊ ပေါ့ပေါ့ဆဆမလုပ်ကြနဲ့၊ သတိနဲ့ အတက်အဆင်း လုပ်ကြဟေ့ ..."

"ဟိုကောင် လှမြင့် - မင်းအပေါ်မှာ မျက်နှာမပြောင်နဲ့နော်"

နံနက်(၉)နာရီတွင် အလုပ်စ,လုပ်ကြရာ (၁၁)နာရီတွင် သွပ်ပြားများ အောက်သို့ ရောက်သွားပြီ၊ ဒိုင်းများများ၊ အောက်သို့ရောက်ရှိသွားသည်၊ ဂိုဒေါင်သည် (၁၀၀)ပေ၊ အလျား၊ အနံ (၅၀)ပေ ရှိပြီး အမြင့်မှာ (၃၀)ပေလောက်သာရှိသဖြင့် သိပ်အကြီးကြီးမဟုတ်သည့်အတွက် ညနေ (၅)နာရီ အလုပ်သိမ်းသောအခါ ဂိုဒေါင်တွင် အကာအချို့နှင့်တိုင်များသာ ကျန်တော့သည်၊ ညနေ(၆)နာရီတွင် ရေမိုးချိုးပြီးတော့ ထမင်းစားကြသည်၊ ကျွန်တော်တို့လူငယ်များသည် (၇)နာရီခွဲလောက်တွင် ရထားလမ်းအတိုင်း ဘူတာသို့သွားပြီး လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်များ မှာသောက်ကြသည်၊

ဆောင်းတွင်းဖြစ်သဖြင့် ညသည် အေးစိမ့်နေသည်၊ မြောက်လေရူးများကလည်း တသုန်သုန် တဖြူးဖြူး တိုက်ခတ်နေသည်၊ လက်ဖက်ရည်ဆိုင်မှ သစ်စက်ဝင်းဟောင်းသို့ မီးသီးမှိန်မှိန်ကလေးများအောက်တွင် ကျွန်တော်တို့ လှုစုပြန်လာခဲ့သည်၊ ရထားလမ်းတစ်လျှောက်တွင် လမ်းမီးများမရှိဘဲ မည်းမှောင်နေသည်၊ ခပ်လှမ်းလှမ်းတွင် မလည်ပတ်တော့သော ဆန်စက်ဟောင်းကြီးသည် မှောင်မှောင်မည်းမည်းထဲတွင် ထီးထီးကြီးတည်ရှိသည်မှာ ကျောချမ်းစရာကောင်းလှသည်၊

ညစောင့်ကင်းတဲဟောင်းလေးမှ မီးမလင်းချင် လင်းချင်နှင့် ခပ်မှိန်မှိန် လင်းနေသော အလင်းရောင်မှိန်မှိန်သည် မလည်ပတ်တော့သော ဆန်စက်ကြီး၏ မြင်ကွင်းမှာ ကျွန်တော်တို့ တခြားကမ္ဘာကိုများ ရောက်နေသလား အောက်မေ့ရသည်၊ လူသူကင်းဝေးပြီး ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရတော့ ဆန်စက်ကြီး၏ပတ်ဝန်းကျင်သည် ချောက်ချားစရာကြီး ဖြစ်နေသည်၊ ထိုစဉ်ဇန်ဒါပင်အိုကြီး၏ အကိုင်းတွင် ချိတ်ဆွဲထားသော မီးကင်း



www.burmeseclassic.com

www.burmeseclassic.com

အချက်ပေးသံချောင်းကြီးမှာ တဖြည်းဖြည်း လှုပ်ယမ်းလာသည်။ ကျွန်တော်တို့သည် ဆန်စက်ရှေ့မလှမ်းမကမ်းမှ ဖြတ်သွားကြသောအခါ ဆန်စက်အတွင်းမှ ဆန်စက်လည်သံများ၊ လူများ တစ်ယောက်နှင့်တစ်ယောက် အော်ပြောသံများကြားရသောကြောင့် ကြောင်ကြည့်နေစဉ် စက်ဘေးဘက် မှောင်မည်းနေသော မှောင်ရိပ်ထဲမှ ဟား - ဟား - ဟီး - ဟီး ဆိုသော ရယ်သံကြီးကြားလိုက်ရ၍ ကျွန်တော်လည်း သစ်စက်ဝင်းသို့ သုတ်ခြေတင်ပြေးကြတော့သည်။

"ကိုကြီးစိန် - အဲဒါ ဘာဖြစ်တာလဲ"

"ဟ - ငါလည်း ဘယ်သိမှာလဲကွ - မောင်တင့်ရ၊ မင်းနဲ့ငါနဲ့ အတူတူပြန်လာတာပဲ၊ တို့ကို သရဲခြောက်တာဖြစ်မှာပေါ့"

"ကဲ - ကဲ - ဘုရားသောက်တော်ရေခွန်းပြီး မင်းတို့ မျှသောက်လိုက်ကြ၊ စောစောကမှ ငါ ဘုရားရှိခိုးပြီး ပရိတ်တော်တွေ ရွတ်ထားတော့ နောက်ကို သိပ်ညဥ့်နက်အောင် မနေကြနဲ့ကွ၊ ဒါ - တို့အရပ်လည်း မဟုတ်ဘူး၊ မတော်တစ်ခုခုဖြစ်သွားရင် ငါတို့ လူကြီးတွေ စည်းကမ်းထိန်းသိမ်းမှုမရှိဘူးလို့ အပြောခံရနေမယ်၊ ကဲ - ကဲ - အိပ်ကြတော့၊ ည(၉) နာရီရှိပြီ၊ မနက် အလုပ်လုပ်ကြရဦးမယ်"

ကျွန်တော်တို့လည်း အိပ်ရာထဲ ဝင်ကြတော့သည်။ ကျွန်တော် နံနက် (၃)နာရီတွင် အသံတချို့ကြောင့် လန့်နိုးသွားသည်။ ကြက်ခြံထဲတွင် မီးများလင်းနေပြီး ကြက်များကို မိန်းကလေးများက အစာကျွေးနေကြသည်။

ကြက်စာခွက်များအတွင်းမှ စားကြွင်းစားကျန်များကို ဆေးကြောသန့်စင်နေသော ခမောက်နဲ့လူကြီးသည် အသားမည်းနက်လှသည်၊ မျက်နှာကိုတော့ မမြင်ပါ။ ကိုကြီးစိန်၊ လှမြင့်၊ သိန်းအောင်၊ မောင်တင့်တို့သည် မိန်းကလေးများနှင့် စကားလက်ဆုံကျနေကြသည်။

"ကိုကြီးစိန် - ဟောကောင် မောင်တင့် - လှမြင့်"

ကျွန်တော် အော်ခေါ်နေသော်လည်း တစ်ယောက်ကမျှ ကျွန်တော့်ကို လှည့်မကြည့်ကြပါ၊ ကျွန်တော်လည်း ဒေါသထွက်လာသဖြင့် အနီးရှိဝါးခြမ်းပြားနှင့် လှမြင့်ကို လှမ်းတို့လိုက်သည်။



ထိုအခါ အားလုံးသည် ကျွန်တော့်ကို တစ်ပြိုင်တည်း လှည့်ကြည့်လိုက်သည်၊ သူတို့၏မျက်နှာများသည် အလွန်ကြောက်မက်ဖွယ်ကောင်းပြီး အစွယ်ကြီးများနှင့် မျက်လုံးများမှာလည်း နီရဲပြီး သွေးစီးကြောင်းတွေနှင့် ကြောက်စရာကောင်းလှသည်။

"ငါတို့ကို နှောင့်ယှက်တဲ့အကောင် - ငါတို့နေတဲ့အိမ်ကို ဖျက်တဲ့အကောင်ကို သတ်ကြဟေ့" ဆိုပြီး လိုက်လာကြပါသည်၊ ကျွန်တော်လည်း လှည့်ပြေးရာ သူတို့အုပ်စုကြီးက နောက်မှ တစ်လှမ်းချင်း လိုက်ကြသည်၊ ကျွန်တော်လည်း သစ်ခွဲစက်စင်ဖောင်းကြီးဘက်သို့ ပြေးသွားလိုက်သည်၊ သူတို့သည်သစ်စက်၊ သစ်ခွဲဝင်းကြီးရှိရာ အနောက်ဘက်ဆီးပင်စပ် တောဘက်သို့ပတ်၍လိုက်လာကြသည်၊ ကျွန်တော်လည်း ကြောက်အားလန့်အားနှင့်သစ်ခွဲစက်စင်ကြီးပေါ်သို့ ပြေးတက်လိုက်သောအခါ သူတို့ တက်မလိုက်လာရဲကြပါ၊ သစ်ခွဲစက်စင်ပေါ်မှာ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးက ကြိမ်လုံးနှင့်ရိုက်သောကြောင့် ဆီးစပ်တောအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြတော့သည်။

"ကဲ - ကဲ - လူလေး - မင်းနေရာမင်းပြန်တော့"

ဟု ပြောလိုက်သောအခါ...

★

"မောင်စိုးတင့် - မောင်စိုးတင့် - မင်း ဘာဖြစ်လို့အော်တာလဲ"

အဘနှင့် ကိုကြီးစိန်တို့က ကျွန်တော့်ကို ထိုင်ကြည့်နေကြသည်၊

"ကျွန်တော် အိပ်မက်မက်နေတာပါ - အဘ"

"မင်းအိပ်မက်ကလည်း ကြောက်စရာအသံနဲ့ အော်လိုက်တော့ ငါတို့လည်း လန့်နိုးသွားတယ်"

နာရီကြည့်လိုက်တော့ နံနက် (၅) နာရီခွဲပြီးဖြစ်သဖြင့် မအိပ်ကြတော့ပဲ မျက်နှာသစ်၍ ရေနွေးအိုးကျိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - မောင်တင့်ရေ - ထမင်းကြော် မရသေးဘူးလားကွ"

"အာ - လုမြင့်ကလည်းကွာ၊ ဒီမှာကျက်တော့မယ် - ခဏစောင့်"

ကျွန်တော်တို့သည် ရေနွေးကြမ်း၊ ပဲပြုတ်ထမင်းကြော်စားပြီး ဖျက်သိမ်းရေးလုပ်ငန်းများ စတင်လုပ်တော့သည်။

"အဘ - ကျွန်တော် ညက အိပ်မက်မက်တယ် ခင်ဗျ။ အစုလုံမယ့်ခေါင်းရင်းတိုင်ကြီးကနေ လျှာကြီးထွက်လာပြီး ကျွန်တော့်ကို လျက်တယ် ခင်ဗျ။ မန်ကျည်းပင်ပေါ် အသားမည်းနက်နေတဲ့အကောင်ကလည်း မင်း အဲဒီတိုင်ကိုလှဲရင် ငါတိုင်နဲ့မင်းကိုဖိသတ်မယ်လို့ပြောပြီး တိုင်ကြီးကိုကျွန်တော့်အပေါ် တွန်းချပြီး ဖိထားတယ် ခင်ဗျ"

"အား - ပေါက်တတ်ကရ - ငါတစ်ယောက်လုံး ဒီမှာ ရှိပါတယ်၊ မင်းကောင် မလုပ်ရဲပါဘူး၊ ဘုရားပွဲလည်း ထိုးထားတော့ အစောင့်အရှောက်တွေက ဒီကောင်တွေကို နိုင်ပါတယ်၊ မင်းတို့ကို သက်သက်မဲ့ ကြောက်အောင် ခြောက်လှန့်နေတာပါကွာ၊ ကဲ - ကဲ - အဲဒီတိုင်ကို ဘုရားက သောက်တော်ရေစင် ဖြန်းလိုက်မယ်၊ အန္တရာယ်ကင်းသွားပါပြီကွာ ..."

တစ်ပတ်လောက်ကြာသောအခါ ဂိုဒေါင်အားလုံးလည်း ဖျက်သိမ်းပြီးသွားပြီဖြစ်သည်၊ သစ်စက်ဟောင်းကြီးအားလည်း ဖျက်သိမ်းပြီးသွားပြီဖြစ်သည်၊ အလုပ်တွေပြီးလို့ပြန်ကြတော့မည်ဖြစ်သည်၊ ကားတွေလည်းပစ္စည်းတွေတင်ဖို့ရောက်နေကြပြီဖြစ်သည်၊ ကျွန်တော်တို့လည်း အားလုံးတက်ညီလက်ညီဖြင့် ကားသုံးစီးကို ပစ္စည်းများ တင်ကြသည်၊ နစ်ရက်မြောက်တွင် နေ့မှာပြီးစီးခဲ့သည်မလိုအပ်သည်များ၊ စာရွက်စာတမ်းများကိုအဘဦးနီမောင်တို့အဖွဲ့ ပြည်တွင် သွားရောက်ယူပြီးသွားပြီ၊ နောက်နေ့တွင် ကားများထွက်ခွာတော့မည်ဖြစ်သည်၊ ကျွန်တော်တို့လည်း အထုပ်အပိုးများ ဝန်စည်စလယ်များကို ကားပေါ်သို့တင်ပြီးသွားပြီဖြစ်သည်၊ စားအိုးစားခွက်များလည်း ညနေစာ စားပြီးချိန်တွင် တိုက်ချွတ်ဆေးကြောပြီး ကားပေါ်သို့ တင်ထားပြီးပြီဖြစ်သည်၊

"မောင်စိုးတင့်ရေ - ပစ္စည်းတွေအားလုံး ကားပေါ်တင်ပြီးပလားကွ"



"ဟုတ်ကဲ့ - အဘ၊ ပစ္စည်းတွေအားလုံး တင်ပြီးပါပြီ၊ ကားထွက်ဖို့အဆင်သင့်ပဲ - အဘ"

"အေး - အေး - မနက်ဖြန် မနက် (၄)နာရီစ.ထွက်ကြမယ်၊ ဒါမှ ရန်ကုန်ကို စောစောဝင်နိုင်မှာ ..."

ကျွန်တော်တို့လည်း အလုပ်အားသဖြင့် ပေါင်းတည်မြို့ထဲရှိ ဘုရားများသို့ သွားရောက်ဖူးမြော်ကြပါသည်၊ ညနေတွင် စားပြီးတော့ ဘူတာလက်ဖက်ရည်ဆိုင်လေးတွင် သွားထိုင်ကြသည်၊ ည(၇)နာရီလောက်တွင် လက်ဖက်ရည်ဆိုင်မှ ပြန်လာကြသည်၊ ကျွန်တော်တို့သည် မနက်စောစော ပြန်မည်ဖြစ်သဖြင့် စောစောအိပ်ရာဝင်ခဲ့တော့သည်၊

★

ထိုညတွင် ကျွန်တော် အိပ်မက် မက်တော့သည်၊

"မင်းတို့ပြန်လို့မရဘူး၊ ဒီလိုသူများအိမ်ပေါ်မှာ ခွင့်မပြုဘဲ အတင်းလည်းဝင်နေသေးတယ်၊ နောက်ပြီး - မင်းတို့လူတွေနဲ့ ငါ့သမီးတွေနဲ့ မေတ္တာမျှနေကြပြီ၊ အိမ်ထောင်တွေလည်း ကျနေကြပြီကွ၊ ဒီလိုသူများသားသမီးကို ယူပြီး ပြန်သွားလို့တော့ ဘယ်ရမှာလဲကွ၊ မင်းတို့ ပြန်ချင်ရင် မင်းတို့ထဲက တစ်ယောက်ယောက် နေခဲ့ရမယ်၊ ဒီလိုမဟုတ်ရင် မင်းတို့ကို ပြန်မရအောင် ငါ တားထားမယ်"

"ကျွန်တော်တို့က ခင်ဗျားသမီးတွေကိုလည်း မသိဘူး၊ ခင်ဗျားသမီးတွေနဲ့ ကျွန်တော်တို့လူတွေ ဘာမှမဖြစ်ပါဘူးဗျ၊ ခင်ဗျားက တစ်ဖက်သတ် စွပ်စွဲနေတာပါ၊ ကျွန်တော်တို့ကတော့ မနက်ဖြန်ကျရင် ပြန်ရမှာပဲ ..."

"အေး - မင်းမယုံရင်လည်းနေ၊ မင်းလူတွေနဲ့ငါ့သမီးတွေ ရည်ငံနေတာကို ဒီနားမှာရှိတဲ့အကောင်တိုင်း သိတယ်ကွ"

အသက်(၆၀)လောက်ရှိတဲ့ အဖွားကြီးနှင့် နှစ်ထပ်အိမ်ကြီးဘေးတွင် န်းကလေးခပ်ချောချောကောင်မလေး၊ (၅)ယောက်၊ (၆)ယောက်လောက်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်၊ သူတို့နှင့်အတူ သိန်းအောင်၊ ပေါက်စ၊ လှမြင့်၊ မောင်တင့်၊ ကိုမြသိန်း၊ မောင်ဝင်းတို့က မိန်းကလေးများနှင့်အတူ တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြပြီး မခွဲနိုင်၊ မခွာရက်ဖြစ်နေကြသည်။ ကျွန်တော့်ကို လှည့်တောင်ပင် မကြည့်ကြပါ၊ ကျွန်တော်နှင့် အနီးဆုံးတွင်ရှိသော လှမြင့်ကို လှမ်းခေါ်သော်လည်း လှည့်ပင် မကြည့်ကြပါ၊ ကျွန်တော်လည်း ဒေါသဖြစ်သဖြင့် ခြေထောက်ဖြင့် လှမ်းကန်လိုက်ရာ -

"အလိုလေး - ငါ့ကို ဘယ်သူကန်လိုက်တာလဲ"

"ဟာ - ကိုကြီးစိန် - ကန်တော့ - ကန်တော့၊ ကျွန်တော် အိပ်မက်မက်သွားတယ်"

"မင်းအိပ်မက်ကလည်း ဒေါသကလူကို ပိတ်ကန်ရလားဟ"

"ဟေ့ - ဘာဖြစ်နေကြတာလဲ ဟေ့"

ဘုရားဝတ်ပြုပြီး ထလာသော အဘက လှမ်းမေးလိုက်သည်၊

"ဒီကောင် စိုးတင့် - ယောင်ပြီး ကျွန်တော့်ကို ခြေထောက်နဲ့ ကန်လို့ အဘ"

"ကဲ - ကဲ - (၃)နာရီခွဲပြီးသွားပြီ၊ အကုန်လုံးနိုးလိုက်တော့"

"မောင်တင့်ရေ - ထမင်းကျော်ပြီးပလားကွ"

"ထမင်းကျော် ကျက်ပြီ - အဘ၊ ရေနွေးကြမ်းလည်း ရပြီ - အဘ"

"အေး - ရရင် ဘုရားကို အရင်ဆွမ်းတော်ကပ်ကွ၊ ကဲ - ကဲ - အားလုံး ဘုရားဝတ်ပြုကြကွ"

"ဒီအထဲက သိန်းအောင်၊ ပေါက်စ၊ လှမြင့်၊ မောင်တင့်၊ မြသိန်း၊ မောင်ဝင်းတို့ ဂါ့ဆီလာကြကွ၊ အရေးကြီးတယ်"

"မင်းတို့ကို ငါမေးမယ်၊ မှန်မှန်ဖြေနော်၊ မင်းတို့ ဒီကကောင်မတွေနဲ့ ရည်ငံနေကြပြီမဟုတ်လားကွ ဟေ ..."

"ဟုတ်ပါတယ် - အဘ၊ ကျွန်တော်တို့ ရောက်စကတည်းက သူနဲ့ ကျွန်တော်အိပ်မက်ထဲမှာမကြာခဏတွေ့နေခဲ့ပါတယ် - အဘ၊အစကမက်ရိုးမက်စဉ် အိပ်မက်မက်တာပဲလို့ ထင်ခဲ့တယ် - အဘ၊ နောက်တော့ ညတိုင်း သူတို့



အိပ်မက်မက်ပြီး သူက ဒီမှာနေကြောင်း၊ ကျွန်တော့်ကို သူသဘောကျလို့ လာတွေ့တာဖြစ်ကြောင်း၊ နောက်ဆို ညတိုင်းတွေ့မယ်လို့ ပြောတယ်၊ အဘ - နောက်ကြာလာတော့ မေတ္တာမျှသွားပြီး သူနဲ့ အိပ်ထောင်ကျသွားတယ် - အဘ၊ဟိုကောင်တွေလည်း အိပ်မက်ထဲမှာ တွေ့ရတယ် - အဘ၊ သူတို့တွေက ကျွန်တော့်ကောင်မလေးရဲ့ညီမတွေနဲ့ မေတ္တာမျှပြီး အိပ်ထောင် ပြုကုန်ကြတယ်၊ ညက ကျွန်တော်တို့ကို မပြန်ဖို့ တားနေတယ် - အဘ၊ သူတို့လည်း ငိုကြတယ် - အဘ၊ သူတို့အဖေကြီးကလည်း မင်းတို့ မပြန်ရတော့ဘူး၊ငါ့သမီးတွေကို မင်းတို့ယူပြီးနေပြီ၊ ငါသဘောတူတယ်၊ ပြန်တဲ့ အကောင် ငါနဲ့တွေ့မယ်သာမှတ်ကြ၊ သူ မျက်ထောင့်နီကြီးနဲ့ ပြောတယ် - အဘ၊ အဲဒီအချိန်မှာ ဒီကောင်စိုးတင့်ပေါ့၊ အိမ်ပေါ်ကို ဘယ်လိုရောက် လာလဲမသိဘူး၊အဖွားကြီးနဲ့ အခြေအတင် ပြောကြတယ် - အဘ၊ ဒီကောင် စိုးတင့်က အဖွားကြီးကိုမကြောက်ဘူး - အဘ၊ အဖွားကြီးလည်းဒီကောင့်ကို မြင်မှ နည်းနည်းကြောက်သွားတယ် - အဘ၊ ဒီကောင့်ကို အတင်းမလုပ် ရဲဘူး၊ ကျွန်တော်တို့ကတော့ အဖွားကြီးကို ကြောက်ရတယ် - အဘ၊ ဒီကောင် - ကျွန်တော့်ကို ခြေထောက်နဲ့ တအားကန်လိုက်တော့မှ ကျွန်တော့်လည်း လန့်နိုးသွားတာပါ - အဘ"

"ကျွန်တော်တို့လည်း လှမြင့်ကို - စိုးတင့်ပိတ်ကန်လိုက်လို့နိုးသွားတာ ပါ - အဘ"

"စိုးတင့် ပိတ်ကန်လိုက်တာ လှမြင့်ကို မထိဘူးကွ၊ ငါ့ဒေါသကို ပိတ်ကန် လိုက်တာ - ဗိုက်တောင် အောင့်သွားတာပဲ"

"အဲဒါပေါ့ကွ၊ ဆွမ်းခံရင် ငှက်သင့်တယ်ဆိုတာ ..."

"လှမြင့်နော် - ငါ့ကို မစနဲ့၊ မင်းကိုတွေးမိရင်း ပိတ်ထိုးချင်တယ်"

"ကန်တာက စိုးတင့်လေ - ကိုကြီးစိန်ရဲ့"

"မင်းမကောင်းလို့ အကန်ခံရတာကွ၊ မင်းက ဒီကောင်တွေထဲမှာ အကြီးဆုံးဖြစ်ပြီး အလွန်မိုက်တဲ့အကောင်ပဲကွ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးစိန်မတွေ့လို့နော်၊ အရမ်းချောတာဗျ၊ ရုပ်ရှင်မင်းသမီးတွေတောင် ရှုံးသွားနိုင်တယ်"

"အေး - မဟုတ်တာတွေ နာနာလုပ် - မင်းတို့ ခံသွားမယ့် အကောင်တွေပဲ"

"ကဲ - ကဲ - တော်ကြတော့၊ ကားထွက်တော့မယ်"

"လာကြပါဦး ဟေ့"

ထိုစဉ်က ကားရာများဆီမှ အော်သံများ ထွက်လာသည်၊ အဘဦးစိုးမောင်နှင့် ကျွန်တော်တို့လည်း လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ထွက်ကြသည်၊ ကားသုံးစီးရှေ့တွင် လက်ကောက်ဝတ်ခန့်ရှိသော မြွေကြီးသုံးကောင်မှာ ပါးပျဉ်းကြီးများထောင်၍ နာတရှူးရှူးမှုတ်နေကြသည်၊ မျက်စိများ နီရဲပြီး ဒေါသထွက်နေကြသည်၊

အလယ်မှ မြွေဟောက်ကြီးမှာ အကြီးဆုံးဖြစ်သည်၊ ထိုမြွေကြီးသည် ကျွန်တော့်အား သေသေချာချာကြည့်၍ ခေါင်းကြီးကို ကျွန်တော့်ဘက် လှည့်၍ပေါက်ဟန်ခေါင်းတယမ်းယမ်းဖြစ်နေသည်၊ ညကတွေ့ခဲ့သောအဖွားကြီး၏မျက်လုံးရဲရဲကြီးနှင့် တစ်ထေရာတည်းတူနေသည်၊ ထိုစဉ်အဘသည် ဘုရားပွဲမှ ရေစင်တော်ဖြင့် ပက်ဖြန်းလိုက်ရာ မြွေများ မာန်ကျ၍ ဘေးရှိ ဆီးစပ်တောအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသည်၊

နံနက် (၄) နာရီခွဲတော့ ကားများ ထွက်လေသည်၊ သစ်ခွဲစက်ဝင်း၏ ဘေးဇီးစပ်တော၏ အနောက်ဘက်သချိုင်းချုံတောထဲမှ အလင်းရောင်များ ပြိုးပြိုးပြက်ပြက် လက်သွားသည်ကို တွေ့လိုက်ရသည်၊

ည(၇)နာရီခွဲလောက်တွင် ကားများ ရန်ကုန်သို့ ချောချောမောမော ရောက်လာကြသည်၊ ညကျတော့ ကျွန်တော်လည်း မောမောနှင့် စောစော အိပ်ရာဝင်သွားခဲ့သည်၊

အိပ်မက်ထဲတွင် အဖွားကြီးသည် ကျွန်တော့်အိမ်ရှေ့တွင်ရပ်၍ ...

"မင်းတို့ တော်တော်ကံကောင်းသွားတယ် မှတ်ပါ၊ နောက်ဆိုရင် - မင်းတို့ - ငါတို့နေရာကို ရောက်လာလို့ကတော့ မင်းတို့မလွယ်ဘူးမှတ်ပါ၊ အထူး



သဖြင့် မင်းကိုပါ သတိပေးလိုက်မယ်၊ မင်းကို မကျေနပ်ဘူး၊ မင်းကြောင့် ငါ့အစီအစဉ်တွေ ပျက်ကုန်တယ်"

ဟုပြောပြီး အဖွားကြီးအသွင်မှ ရောမမြွေကြီးအသွင် ပြောင်းပြီး ပျောက်ကွယ်သွားတော့သည်၊

"သားရေ - မင်းအဘ - လာတယ်ဟေ့"

အိမ်ရှေ့မှ အမေ့ရဲ့ခေါ်သံကြောင့် အိပ်ရာမှ လန့်နိုးသွားသည်၊

ဪ ... ဘဝသံသရာကြီးက အလွန်ကြောက်စရာကောင်းလှပါကလား၊ ပစ္စည်းဥစ္စာ၊ မြေများကို စွဲလမ်း၍ မကျွတ်မလွတ်ဖြစ်သွားရသူများသည် ဤကမ္ဘာကြီးတွင် များလှပါတကား၊ ယခုပစ္စုပ္ပန်မှာလည်း ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့သမီး၊ ငါ့မြေ၊ ငါ့အိမ်၊ ငါ့ကားဆိုပြီး တပ်မက်တွယ်တာသော လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတဏှာတွေရဲ့ စွဲလမ်းမှုတွေကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများသို့ ရောက်မယ့်သူများနေသည်၊ လူ၊ နတ်၊ ဗြဟ္မာဖြစ်မည့် သူကတော့ လက်ချိုး၍ပင် ရေတွက်လို့ ရနိုင်ပါသည်၊

နိဗ္ဗာန်ကို ဝင်ဖို့ဆိုတာကတော့ ရှိတော့ ရှိတယ်၊ အလွန်ရှားတယ်လို့ ပြောရမည်ဖြစ်သည်၊

"ကဲ - မောင်စိုးတင့်ရေ - ပြီးရင်လည်း သွားရအောင် ဟေ့"

ကျွန်တော်နှင့်အဘဦးစိုးမောင်တို့ကလည်း သစ်များထားရှိရာသို့ စာရင်းပြုလုပ်ရန်အတွက် အိမ်မှ ထွက်လာခဲ့တော့သည်တကား၊

**စာဖတ်သူအပေါင်း ကျန်းမာချမ်းသာပါစေ**

➡ ကိုအောင်ဦး
(အလိနီလည်ကျေးရွာ)

www.burmeseclassic.com

www.burmeseclassic.com





ား ရွာအဲနက်ပြာချောက်ရှိသည်။ ဝေးသီလွန်းလှသော

ကောင်းကင်ယံတွင် ကြယ်မှုန်ကလေးတွေ တလက်လက်

ိတုတ်မှိတ်တုတ် တောက်ပနေသည်ကိုသာ မှုန်ဝါဝါး

တွေ့နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

**လေမတိုက်ပဲ** ငြိမ်သက်နေသော ပတ်ဝန်းကျင်တွင် သက်ရင့်သစ်ပင်အိုကြီးများ ရှည်လျားစွာ ခါးကိုင်းနေကြ၊ အုန်းပင်၊ ကွမ်းသီးပင် စိပ်စိပ်များသာ မတ်တတ်ရပ်ကာ တိတ်ဆိတ်ငေးငြိမ်နေကြသည်၊ သူတို့သည် ပဋ္ဌမံတပ်သားများသဖွယ် ရပ်တန့်နေကြပုံမှာ မကြာမီဖြစ်ပွားတော့မည့် အရေးအခင်းတစ်ခုကို အသင့်အနေအထားနှင့် ငြိမ်သက်စောင့်ကြည့်နေသလို မှတ်ထင်ရသည်။ မြေတွင်းအောင်းပိုးပုရစ်ကလေးများ၏ တစီစီအော်မြည်သံ၊ လယ်ကွင်းပြင်ကို ကန့်လန့်ဖြတ် ပျံသန်းသွားကြသည့် ညဥ့်ငှက်များ၏ အော်သံ၊ သစ်ရွက်ကို လေတိုးမြည်သံသာ တစ်ရံမလပ် ထွက်ပေါ်လျက်ရှိလေသည်၊

လယ်ကွင်းစပ်နှင့် သောက်ရေကန်နံဘေး ကောက်ရိုးပုံတွင် အိပ်နေသောခွေးတစ်ကောင်၏ရန်လို မာန်ဖီသံကို ခပ်သဲ့သဲ့ကြားနေရသည်။ မြေကြွက် သို့မဟုတ် မြွေဆိုးတစ်ကောင်ကောင်ကို မြင်၍ ဟောင်နေခြင်းလား။

ရွာလယ် မန်ကျည်းပင်နှင့် ညောင်ပင်ကြီးကြားရှိ သူကြီး ဦးမြဒင်၏အိမ်တွင် လူစုလူဝေးဖြင့် အုတ်အုတ်ကျက်ကျက် ရှိနေသည်၊ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသော်လည်း သူကြီးအိမ်တစ်အိမ်တည်းသာ အောက်လင်းမီး တထိန်ထိန်နှင့် လူစည်နေခြင်းက ထူးခြားလှသည်၊ အားလုံး၏မျက်နှာအမူအရာများ ညှိုးငယ်၍ အပြုံးအရယ်မရှိခြင်းကလည်း ပြဿနာအရေးအခင်း တစ်ခု ရှိနေပြီဖြစ်ကြောင်း သိသာထင်ရှားလှသည်၊

သူကြီး ဦးမြဒင်မှာ ဖျာပုံနယ်တစ်ရိုး၏ ရွာလေးရွာကို အုပ်ချုပ်ရသော ရွှေဓားလွယ်ဆုရ သူကြီးတစ်ဦးဖြစ်သည်က ထူးခြားနေသေးသည်။ သူသည် နားရွက်တစ်ဖက် ပြတ်လျက်ရှိပြီး ထိုနားရွက်ပြတ်ကြောင့်ပင်လျှင် ရွှေဓားလွယ် နှစ်လုံးပြူးသေနတ်ကို အင်္ဂလိပ်အစိုးရက ချီးမြှင့်ထားခြင်း ဖြစ်လေသည်၊ ရွာထဲသို့ ဓားပြဝင်တိုက်သော ဓားပြသုံးယောက်ကို လက်ရဖမ်းဆီးနိုင်ခဲ့ပြီး ဓားပြခေါင်းဆောင်၏ ဓားခုတ်ချက်ကို နားရွက်ပြတ်ခံကာ နပန်းဝင်လုံးပြီး လက်ကို သွင်သွင်ကျိုးအောင် လိမ်ချိုးနိုင်ခဲ့လေသည်၊ သည်လိုနှင့်



သည်နယ်တစ်ရိုးမှာ နာမည်ကြီးဓားပြအဖွဲ့ ခြေငြိမ်သွားခဲ့ခြင်းဖြစ်သည်၊ သူကြီး ဦးမြဒင်လည်း နားပြတ်မြဒင်ဟု နာမည်ကြီးသွားတော့သည်၊

သူကြီး ဦးမြဒင်၏အိမ်ဝိုင်းထဲတွင် အောက်လင်းဓာတ်မီးကြီးနှစ်လုံးကို ရှေ့နောက်ဆိုင်ကာ ထွန်းညှိထားသဖြင့် နေ့ခင်းအလား ဝင်းထိန်လင်းပလျက်ရှိလေ၏။ ယောက်ျားကြီးများနှင့်သန်မာသောလူငယ်ဆယ့်ငါးယောက်ခန့်တို့သည် ဧည့်ခန်းတွင် ငြိမ်သက်လျက် ထိုင်နေကြပြီး ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြ၏။ ထူးခြားသည်မှာ အားလုံး၏မျက်နှာတွေ မကောင်း။

ဦးမြဒင်သည် ခေါင်းမှာ ပေါင်းထားသောပဝါကို ဖြေလိုက်သည်၊ သူ့မျက်နှာက တစ်စုံတစ်ခုသောဝေဒနာကြီးကြောင့် မှုန်မှိုင်းညိုပုပ်ကာ နှုတ်ခမ်းကိုပြတ်လုပြတ်တဲ ကိုက်ထားသည်၊ ဖျာပေါ်တွင် ရေနွေးဗန်း၊ ဆေးလိပ်၊ ကွမ်းအစ် ပြည့်စုံစွာ ချထားသော်လည်း မည်သူမျှ မနှိုက်။ မသောက်၊ မစား။ သူတို့အားလုံးသည် ဦးမြဒင်မျက်နှာကိုသာ စောင့်ကြည့်အကဲခတ်လျက်ရှိပြီး အပြစ်ရှိသော ဘုန်းကြီးကျောင်းသားအချို့က ဆရာတော်၏မျက်နှာကို မော်ဖူးစောင့်ကြည့်အကဲခတ်နေသကဲ့သို့ ဖြစ်သည်။

"အဟမ်း – ဟမ်း"

သူကြီးသည် ခေါင်းပေါင်းစဖြင့် မျက်နှာကို သုတ်နေလေသည်၊ ညိုပြောင်ပြောင် သူ့၏မျက်နှာသည် ပုဝါဖြင့် သုတ်လေမှ အောက်လင်းမီးရောင်အောက်တွင် ရာဝင်စဥ့်အိုးကဲ့သို့ ပို၍ပို၍ ပြောင်လက်လာသည်၊ ထို့နောက်ပဝါကို ပခုံးပေါ် တင်လိုက်သည်၊ သူ့၏မျက်ဝန်းညိုညိုများက ထိုင်နေသူရှိသတ်ကို ဝေ့ဝဲအကဲခတ်လိုက်၏၊ သူ၏အကြည့်များက ဒဏ်ရာရသားကောင် တစ်ကောင်၏ နာကြည်းချက်မျက်ဝန်းများနှင့် သဏ္ဍာန်တူသည်၊

"ကဲ – အားလုံးပဲ – ပြဿနာကတော့ ဖြစ်သွားပြီ"

သူကြီးအသံက တိတ်ဆိတ်နေသော ညဥ့်ယံကို မောင်းတီးလိုက်သလို ဟိန်းထွက်သွားသည်၊ အနောက်ဘက် ခပ်ကျကျဆီမှ တထောက်ထောက်ခွမ်းသီးညှပ်သံသည် ရုတ်တရက်ရပ်တန့်သွားသည်၊ အခန်းတွင်းရှိ လူအားလုံး၏မျက်နှာများသည် သူကြီး၏မျက်နှာသို့ ရွေ့ပြောင်း၍ ချိန်ရွယ်လိုက်ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

"သေတဲ့လူက သေပြီ - သေတဲ့ကောင်က ငါ့သား ..."

သူကြီး၏ကြေကွဲသံ ...၊ ဒါမှမဟုတ် ဒေါသနာကြည်းသံ။ သူသည်စကားကို အစမရှိ၊ အဆုံးမရှိ ပြောလိုက်သော်လည်း အားလုံးက ထိုစကားများ၏ အနက်အဓိပ္ပာယ်ကို သိရှိနေပြီးဖြစ်သည်၊

"ဖြစ်ပျက်ပုံကတော့ အားလုံးသိကြတဲ့အတိုင်းပဲ၊ ဖိုးတုတ်ရဲ့မိန်းမရွှေမိက စတာပဲ၊ ဖိုးတုတ် တောထဲ ထင်းခွေသွားတုန်း ရွှေမိကို ငါ့သား မိုးနက်က ဘလက္ကာယလုပ်သတဲ့၊ အဲဒီလိုကျင့်ကြံနေတုန်း အထမမြောက်သေးဘူး၊ ဒီအချိန်မှာ ရုတ်တရက် ဖိုးတုတ် ရောက်လာတယ်၊ အဲဒီအဖြစ်အပျက်ကို မြင်တော့ ဖိုးတုတ်က ဒေါသမထိန်းနိုင်တော့ဘဲ သူ့လက်ထဲက အသင့်ပါလာတဲ့ ကိုင်းခုတ်ဓားနဲ့ ပိုင်းလိုက်တာ ငါ့သား မိုးနက် ခေါင်းပြတ်လုပြတ်တဲ ဖြစ်ပြီး သွေးအိုင်ထဲမှာ ဆန့်ငင်ဆန့်ငင် အသက်ပျောက်သွားတာပါပဲကွာ၊ ငါ့သားလူမိုက် - အသိဉာဏ်မရှိတဲ့ကောင်၊ မိန်းမတွေ ပေါလွန်းလို့ကွာ၊ ငါ့သားမိုးနက်ကို ငါကောင်းတယ်လို့မပြောပါဘူး၊ ဒီကောင်ဟာ အကုသိုလ်ကောင် - မိဘကို အရှက်ခွဲပြီး ဒုက္ခတော်တော်ပေးတဲ့ကောင်၊ ကြည့်စမ်း - သေလဲ သေရ၊ သေတာတောင် အကောင်းအပြောမခံရဘူး၊ နာမည်ဆိုးနဲ့ သေရတာ၊ ဘယ်လောက် ရင်နာစရာကောင်းလိုက်သလဲ၊ မိုးနက်ဟာ မိဘ အရှိန်အဝါနဲ့ ဆိုးသွမ်းနေတာ မင်းတို့တွေအသိပဲ၊ စာ မသင်ဘူး၊ အလုပ်လက်ကြောတင်းအောင် မလုပ်ဘူး၊ အရက်ကလေး တမြမြနဲ့သူများ သားမယားကို ကြာခိုလို့ ဒီလို အသေဆိုးနဲ့ သေရတာ၊ လောကကြီးမှာ လူမိုက်တစ်ကောင် လျှော့သွားတာပေါ့ကွာ ..."

အခန်းထောင့်တစ်နေရာမှ ရှိုက်သံတစ်ချက် ထွက်လာသည်၊ သူကြီးကတော် ဒေါ်ခင်ဆုံသည် သားဖော ဖြင့် ရှုံးမတတ်ခံစားရကာ တစ်နေကုန်ငိုနေသည်၊ ယခုလည်း ငိုရှိုက်နေပြန်ပြီ၊ သူကြီးက အံတစ်ချက်ကြိတ်ကာ ဆက်၍ပြောသည်၊ မေးကြောကြီးတွေ ထောင်ထ လာသည်၊

"ငါ့သားပဲ သေသေ၊ ဘယ်သူပဲသေသေ သတ်တဲ့လူကတော့ ရာဇဝတ်မှုပဲကွ၊ မိအောင် ဖမ်းရမယ်၊ တရားဥပဒေအရ စီရင်ရမယ်၊ အင်္ဂလိပ်မင်းတ



ဒီလိုရာဇဝတ်မှုမျိုးကို လုံးဝလိုလားတာ မဟုတ်ဘူး၊ ဒီကောင် ဖိုးတုတ် - ဝေးဝေး မပြေးနိုင်ပါဘူးကွာ ...၊ မြို့ပေါ်မတက်ရဲပါဘူး၊ ဒီကောင် ဆွေမရှိ မျိုးမရှိ၊ လည်လည်ဝယ်ဝယ် မဟုတ်ပါဘူး၊ တောသားပါကွာ ...၊ ဒီကောင် ရွာအနောက်ဘက် တောကြီးထဲမှာ ဝင်ပုန်းနေမှာ သေချာတယ်"

"ဟုတ်တယ် - သူကြီး၊ ကျွန်တော်တို့ ဖိုးတုတ်ကိုဖမ်းဖို့ လူရွေးမှဖြစ်မယ်၊ တောက နက်တယ်၊ ထူတယ်"

ရာအိမ်မှူးသံခဲက ဝင်ပြောသည်၊ သံခဲသည် သူကြီးနှင့် တူတစ်ဝမ်းကွဲ တော်စပ်ကာ သူကြီးအိမ်ကို စားအိမ် သောက်အိမ် သဘောထားနေသူဖြစ်သည်၊

"လူရွေးစရာ မလိုပါဘူးကွာ၊ ဒီလူ - ဒီလူပဲ ရွာထဲက ဥစ္စာ၊ မနက်ကျရင် ဗျာပုံက ဌာနာအုပ်နဲ့ အဖွဲ့လာလိမ့်မယ်၊ အမှုကိုစစ်ကြဦးမယ်၊ ရွှေမိကိုလည်း ဘယ်မှမသွားစေနဲ့ဦး၊ သူ့ကိုလဲ စစ်မေးဦးမှာ ...၊ ဒီလိုရှိတယ်ကွ၊ ငါက ရွှေမိကိုလည်း သိပ်မသင်္ကာချင်ဘူး၊ ရွှေမိက အပျိုတုန်းက ရွာရဲ့ကွမ်းတောင်ကိုင်လေ ...၊ ရုပ်ရည်က ချောမောလှပတော့ ငါ့သားက သူ့ကို အတင်းလိုက်ကြိုက်တာတောင် သူက မကြိုက်ဘူး၊ ငါ့သားက အရက်သမား၊ ကဖော်သမား၊ လက်ကြောတင်းအောင် အလုပ်မလုပ်ဘူး၊ ပညာမသင်ဘူးပေါ့ကွာ၊ အေး - ဒီကိစ္စကို မင်းတို့ ဘယ်လိုယူဆသလဲကွ - ပြောကြစမ်း"

သံခဲသည် သူ့နောက်က လူအုပ်ကို တစ်ချက် လှမ်းကြည့်လိုက်သည်၊ လူအုပ်သည် ငြိမ်သက်နေဆဲ ...၊ တုပ်တုပ်မျှ မလှုပ်ချေ၊

"ဒီကိစ္စမှာ ရွှေမိပယောဂ မကင်းဘူးထင်တယ် - သူကြီး"

သံခဲသည် မျက်နှာလို မျက်နှာရ ဝင်၍ သူကြီးအားကိုးနှင့် ရမ်းတုတ်လေသည်၊ သူ့စကားဆုံးသည်နှင့် ဝိုင်းလယ်တွင် ထိုင်နေသော မြင့်ဆောင်သည် ကိုယ်ခန္ဓာတစ်ချက်တွန့်ပြီး ဦးခေါင်းသည် ဆတ်ခနဲ တုန်ခါသွားသည်၊ ထို့နောက် သံခဲကို စောင်း၍ကြည့်လေသည်၊ မြင့်ဆောင်သည် ရွှေမိ၏မောင် အငယ်ဆုံး ဖြစ်သည်၊ ယောက်ဖဖြစ်သူ၏လက်ချက်နှင့် သူကြီးသားမိုးနက် သေဆုံးရခြင်းအပေါ်အမှုသွား အမှုလာကို သိရှိလို၍ လူအုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ရောနောကာ နားစွင့်နေခြင်း ဖြစ်လေသည်၊ မြင့်ဆောင်သည် အစ်မဖြစ်သူ၏ဂုဏ်သိက္ခာကို ထိခိုက်ချင်သလိုလိုဖြစ်လာသဖြင့် သံခဲကို စောင်း၍ကြည့်လိုက်ခြင်း ဖြစ်လေသည်၊ ဘာမှတော့ ဝင်၍ စောဒက မတက်ပေ၊

"ရွှေမိက ရေလာမြောင်းပေးလုပ်လို့ သူ့ယောက်ျားဖိုးတုတ် မရှိတုန်း မိုးနက် ရောက်လာပါလိမ့်မယ်၊ ဒီအချိန်မှာ မမျှော်လင့်ဘဲ ဖိုးတုတ် တောတက်ရာက ပြန်လာတော့ ရှက်ရမ်းရမ်းပြီး တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတာလို့ ထင်ပါတယ် - သူကြီး"

"တောက် ..."

တောက်ခေါက်သံသည် မြင့်ဆောင်ထံမှ ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းဖြစ်လေသည်၊ သည်တစ်ခါတော့ မြင့်ဆောင်သည် သည်းခံစိတ်ကို ထိန်းချုပ်မရတော့ပေ၊ သံခဲကို စားမတတ်၊ ဝါးမတတ် မကျေမနပ် လှမ်းကြည့်ပြီးနောက် -

"ဟေ့ကောင် - သံခဲ - မင်း - ငါ့အစ်မကို စော်ကားလှချည်လားကွ၊ ငါ့အစ်မက ဗိုင်းကောင်းကျောက်ဖိမိန်းမကွ၊ မင်းအစ်မလို တစ်မုဆိုး ကိုးခုလတ် မဟုတ်ဘူး၊ မိုးနက်ကို အစကတည်းက မကြိုက်လို့ မယူတာပေါ့၊ ကြိုက်ရင် ညားတောင်နေပြီ၊ မင်းအဘက ယောက်ျားမရှိတုန်း အလစ်ဝင်ကြံတာ၊ မင်း ဘာသိလို့ မျက်နှာလို မျက်နှာရ ဝင်ပြီး အာချောင်ရတာလဲ၊ မင်း စကားပြောတာ ကြည့်ပြော ..."

ထိုအခါ သူကြီးက ဝင်၍ ဖျန်ဖြေရသည်၊ စိတ်ထဲကတော့ ကျေနပ်မှု ရှိပုံမရ၊ သူ့ဘူက အပြောမှားနေသည်ကိုး ...၊

"ကဲ - တော်ကြတော့ - တော်ကြတော့၊ စုမှတော့ အချင်းချင်းဖြစ်မနေကြနဲ့တော့၊ ဘယ်သူလွန်တယ်၊ မှားတယ်ဆိုတာ ကိုယ်စောင့်နတ်ကတော့ သိမှာပဲ၊ မနက်ဖြန် ဌာနာအုပ် လာရင် စစ်ကြ ဆေးကြဦးမယ်၊ ငါတို့ တရားခံကို ဖမ်းကြရမယ်၊ မနက် နေထွက်တပြု အရက်တက်တာနဲ့ ဒီကိုလာပြီး စုဝေးကြဦး၊ ဌာနာအုပ်က မနက်စောစောလာမှာ ...၊ ဒီမှာ ဘယ်နရက်ကြာကြာနေပြီး စစ်ကြ ဆေးကြမလဲ မသိဘူး၊ စားကြ သောက်ကြဦးမယ်၊ တို့က



အိမ်ရှင်ဆိုတော့ ဧည့်ဝတ်ကျေရမယ်၊ ကိစ္စနဲ့ လာကြတာ မဟုတ်လား၊ ကဲ - မနက်ဖြန်မနက်စောစော ဒီမှာပဲ လူစုကြတော့ ...၊ မောင်းမထုတော့ဘူး၊ မင်းတို့လည်း လယ်ကိစ္စ ခြံကိစ္စ အားလပ်နေကြတာပဲ၊ ခုက နေ့ဦးပေါက်ပြီ၊ ကဲ - ကဲ - လူစုခွဲရုပ်ကြတော့ ...၊ ညဉ့်နက်လှပြီ၊ သံခဲနဲ့ မြင့်ဆောင်လည်း ရန်မဖြစ်ကြနဲ့တော့ ...၊ တစ်ပူပေါ် နှစ်ပူဆင့်နေဦးမယ်၊ ကဲ - ကဲ - ပြန်ကြတော့"

— ◆ —

ရွှေမိသည် မျက်ရည်ဖြိုင်ဖြိုင်ကျနေရင်းမှ ဟုတ်တိုင်း မှန်ရာအဖြစ်အပျက်တို့ကို အမှန်အတိုင်း ဝန်ခံဖြောင့်ချက်ပေးလေသည်၊ ဌာနာအုပ်မြရွှေသည် ခေါင်းတညိတ်ညိတ်ဖြင့် ဖြောင့်ချက်ကို လိုက်လံရေးမှတ်နေသည်၊

"ကျွန်မယောက်ျား ကိုဖိုးတုတ် - ဘိုကလေးမိန်းမလှကျွန်းပေါ်မှာ ထင်းသွားခုတ်တာ ရက်နှစ်ဆယ်လောက်ပဲ ရှိပါသေးတယ်၊ ပြန်တော့ လာခါနီးပါပြီ၊ တစ်နေ့မနက် ကျွန်မနောက်ဖေးမှာ ဝက်စာကျွေးဖို့ ဆန်ကွဲကျိုနေတုန်း အိမ်ပေါ်ကို တက်လာတဲ့ ခြေသံတွေ ကြားလိုက်ရပါတယ်ရှင်၊ ဒါနဲ့ ကိုဖိုးတုတ်ပဲလို့ ထင်ခဲ့တယ်၊ ကိုဖိုးတုတ် တောတက်တာ ကြာပြီ၊ ပြန်လာပြီ ထင်တယ်လေ၊ ဒါနဲ့ ကျွန်မနောက်ဘက်ကို လှည့်မကြည့်ဘဲ "ကိုဖိုးတုတ်လား ..." လို့ မေးတော့ "အင်း" တဲ့၊ ထူးသံက တစ်မျိုးကြီးပဲ၊ အရက်မူးနေတဲ့အသံကြီးနဲ့၊ ကျွန်မယောက်ျား ကိုဖိုးတုတ်က အရက်မသောက်တတ်ပါဘူးရှင်၊ ဒါနဲ့ စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်တာနဲ့ အနောက်ကို လှည့်ကြည့်လိုက်တော့ ခြေသံက ကျွန်မနောက်ကျောဘက်နဲ့ တော်တော်ကပ်နေပါပြီ၊ နောက်ဘက်ကနေ အတင်းသိုင်းဖက်လိုက်တာကို ခံစားလိုက်ရပါတယ်ရှင် ..."

"နင့်ကို ချစ်တယ်၊ ခုထိ ချစ်နေတုန်းပဲ ..."

"နင်နော် - မိုးနက်၊ ဖယ် - ဖယ် - ခွေးမျိုး"

"ငါ ခွေးမျိုးမဟုတ်ဘူးဟဲ့ - သူကြီးမျိုး"

"နင်က ခွေးတောင် ရိုးရိုးခွေး မဟုတ်ဘူး - မြေခွေး"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အင်အားရှိသမျှ ရုန်းကန်ထွက်လိုက်ပါသည်။ သို့သော် ရုန်းကန်၍မရပါ၊ သန်မာသောလက်ကြီးများက သိမ်းကျုံးချုပ်နှောင်ဖက်တွယ်ထားသဖြင့် လှုပ်၍ပင် မရပါချေ။

"ဖယ်နော် - မသာကောင် - မြေခွေးကောင်။ နင့်လို သူကြီးမျိုးကို ဘာမှ အထင်ကြီးစရာမရှိဘူးဟဲ့။ အရက်သမား - အချောင်သမား"

မိုးနက်က ကျွန်မကို နေရာမှာတင် တွန်းလှဲပြီး ကြံစည်ဖို့ အားထုတ်ပါတော့တယ်၊ ကျွန်မမျက်နှာကို ငုံ့ကာ အားနှင့် ရုန်းကန်ပါသော်လည်း သူက ကျွန်မမျက်နှာနှင့် သူ့မျက်နှာ ထိကပ်ရန်သာ ကြိုးစားနေပါသည်။ ကျွန်မခါးကို ကိုယ်ထိလက်ရောက်ဖက်ကာ တွန်းလှဲပါတော့သည်။



မျက်လုံးကြီး ပြူး၊ ခန္ဓာကိုယ်ကြီး တဆတ်ဆတ် တွန့်လိမ်ကောက်ကွေးပြီး တဖျပ်ဖျပ်လူးလွန့်ကာ ပါးစပ်ပြဲကြီး ဟစီ ဟစီ ဖြစ်နေပုံမှာ ကုန်းပေါ်တင်ထားသည့် ဆားပက်ထားသော ငါးမြေမ တစ်ကောင်နှင့် တူနေပါသည်။ ခန္ဓာကိုယ်ကြီးက တွန့်ကွေးကာ တဆတ်ဆတ် တုန်နေသေးသည်။



ထိုအခါ မမျှော်လင့်သောအဖြစ်အပျက်က ဖြစ်ပွားသွားခဲ့ပါသည်၊ တဝုန်းဝုန်းတက်လာသောခြေသံများနှင့်အတူ -

"ဟေ့ - ဟေ့ - ဘာလုပ်တာလဲကွ"

ဟူသော မာကျောခက်ထန်သည့် ယောက်ျားအသံတစ်သံ ...၊ ကျွန်မ လွန်မင်းစွာ ဝမ်းသာသွားသည်၊ ကိုဖိုးတုတ်အသံ ...၊

"ကိုဖိုးတုတ် - ကိုဖိုးတုတ် - ဒီမှာ - ကျွန်မကို ကယ် - ကယ်"

"ဟေ့ - လူယုတ်မာ - စော်ကားလုရှည်လားကွ၊ သူကြီးသားဆိုပြီး သေပေတော့ ..."

ကိုဖိုးတုတ်အသံလည်းဆုံး ... ဒုတ်ခနဲ အသံကြီးနဲ့အတူ -

"အူး - ဟူး - ဟူး - အား - ဝူး"

လည်ချောင်းထဲက လေတွေပန်းထွက်သံနှင့်အတူ ကျွန်မကိုဖက်ထားသည့် မိုးနက်၏လက်ချောင်းတွေ ပြေကျသွားပါသည်၊ ကျွန်မ ကြောက်လန့်တကြား တွန်းဖယ်လိုက်ပါသည်၊

"ခွေးမသား - လူယုတ်မာ - မှတ်ထား"

ကျွန်မ မိုးနက် လဲပြိုကျသွားရာကို လှည့်မကြည့်ဖြစ်သေး၊ ပြေကျနေသည့်ထမီကို ပြင်ဝတ်ရပါသေးသည်၊ ထိုအခါမှ ကျွန်မကျောကုန်းပေါ်သို့ ချေးပျစ်ပူနွေးသည့် အရည်တွေ တပွက်ပွက်မြည်ကာ စဉ်ကျလာပါသည်၊

ကျွန်မ လှည့်ကြည့်လိုက်ပါသည်၊

"အမလေး ..."

ကျွန်မ ငယ်သံပါအောင် အော်ဟစ်လိုက်မိသည်၊ ဘုရား ... ဘုရား ...၊ မိုးနက်သည် ကြမ်းပြင်ပေါ်တွင် တစ်ကိုယ်လုံး အကြောဆွဲ အသက်ငင်ကာ လဲပြိုကျနေပါသည်၊ ကိုဖိုးတုတ်၏လက်ထဲမှ ထက်မြသောထင်းခွဲဓားက မိုးနက်၏ လည်ပင်းကို ငှက်ပျောပင် ခုတ်လိုက်သလို တစ်ချက်တည်း ခုတ်ချလိုက်ခြင်းပင်၊ လည်ပင်းပြတ်လုပြတ်တဲကြီးဆီမှ သွေးစေးတွေ တပွက်ပွက် လျှံထွက်နေပြီး ကျွန်မကျောကို လာစဉ်ခြင်း ဖြစ်ပါသည်၊ မျက်လုံးကြီး ပြူး၊ ခန္ဓာကိုယ်ကြီး တဆတ်ဆတ် တွန့်လိမ်ကောက်ကွေးပြီး



www.burmeseclassic.com

www.burmeseclassic.com

တဖျပ်ဖျပ် လူးလွန့်ကာပါးစပ်ပြကြီး ဟစီ ဟစီ ဖြစ်နေပုံမှာ ကုန်းပေါ်တင်ထားသည့် ဆားပက်ထားသော ငါးပြေမတစ်ကောင်နှင့် တူနေပါသည်။ ခန္ဓာကိုယ်ကြီးက တွန့်ကွေးကာ တဆတ်ဆတ် တုန်နေသေးသည်။

"ကို - ကို - ကိုဖိုးတုတ်"

ကိုဖိုးတုတ်သည် သွေးစေးတွေ ရွှဲပေနေသော ထင်းခုတ်ဓားကြီးကို ကိုင်ကာ အိပ်မက်မှ လန့်နိုးလာသူလို ကြောင်တောင်တောင်ကြီး ဖြစ်နေပါသည်။ ကျွန်မကို ပွေ့ဖက်ထားသည့် ကိုဖိုးတုတ်၏ခန္ဓာကိုယ်သည် ကြောက်စိတ်ကြောင့်လား၊ ဒေါသစိတ်ကြောင့်လား မသိ၊ တုန်ခိုက်နေပါသည်။

"လူယုတ်မာကို သတ်လိုက်ရလို့ ငါကျေနပ်တယ် - ရွှေမိ၊ နင် ကလေးနှစ်ယောက်ကို လူလားမြောက်အောင်၊ လူ့အောက်မကျအောင် ပြုစုပျိုးထောင် - ငါပြောပြီ - ရွှေမိ"

"ကိုဖိုးတုတ် - ကိုဖိုးတုတ်"

ကိုဖိုးတုတ်က ကျွန်မပါးနှစ်ဖက်ကို အားရပါးရ ဘယ်ပြန်ညာပြန် နမ်းရှုံ့ပြီး ချာခနဲ လှည့်ထွက်သွားပါသည်။ ထိုအချိန်က ပုဆိုးနက်ပြာကွက်တုံးကြီး ဝတ်ဆင်ပြီး ကျောပြောင်ကြီးနှင့် ဖြစ်ပါသည်။ သူဟာ ဓားကြီးကို ကိုင်ပြီး မြုံဝမှာ ပျောက်ကွယ်သွားပါသည်။

ကျွန်မ ကြမ်းပြင်ကို ငုံ့ကြည့်လိုက်တော့ လူယုတ်မာ မိုးနက်ဟာ သွေးအိုင်ထဲမှာ အသက်ပျောက် ငြိမ်သက်နေပါပြီ။

"ကျွန်မ အဖြစ်အပျက်က ဒါပါပဲရှင်၊ ကျွန်မ မကွယ်မဝှက် ပြောရတာပါ၊ လုပ်ကြံလိမ်ညာပြီးပြောတာ တစ်ခုမှ မပါပါဘူး"

ဌာနာအုပ်မြရွှေသည် စားပွဲကို လက်ဖြင့် တဒေါက်ဒေါက်ခေါက်ကာ စဉ်းစားခန်း ဝင်နေသည်။

"နင့်ယောက်ျား - ဘယ်ကို ထွက်ပြေးတယ် ထင်သလဲ ..."

"ကျွန်မ ဘယ်သိပါ့မလဲ၊ ဓားကြီးကိုင်ပြီး ဆင်းပြေးသွားတာပါပဲ"

မြရွှေသည် ရွှေမိကို တစ်ချက်စိုက်ကြည့် လိုက်သည်။ ကလေးနှစ်ယောက်အမေ - အပျိုပင် အရှုံးပေးရလောက်သည့် ကိုယ်လုံးကိုယ်ပေါက် - မျက်နှာ ...။ မိုးနက် ဖောက်ပြန်မည်ဆိုလျှင် ဖောက်ပြန်ချင်စရာ ...။



"နင် မလိမ်နဲ့နော် - မှန်မှန်ဖြေ"

"မလိမ်ပုံပါဘူး - ဌာနာအုပ်မင်းရှင့်၊ အမှန်အတိုင်း ပြောရတာပါ"

"ဒီကြားထဲမှာ နင့်ယောက်ျား နင့်ဆီ လာတွေ့ရင် ဒီကို ချက်ချင်း လာပြော၊ တို့ - ဒီရွာမှာ တစ်ပတ်လောက် ကြာဦးမယ်၊ ဒီအမှုအတွက် တရားခံ နင့်ယောက်ျားကို ဖမ်းမိဖို့ အရေးကြီးတယ်၊ ဒီအမှုက ဘယ်လောက်ကြီးလေးအပြစ်ရှိတဲ့ ရာဇဝတ်မှုကြီးဆိုတာ နင်သိတယ်နော်၊ ထိမ်ချန်မယ်တော့ မကြံစည်နဲ့ဖော့ ..."

ရွှေမိသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ယောင်ယမ်းကာ ခေါင်းညိတ်လိုက်မိသည်။

"ကဲ - ကဲ - သွား - သွား - အိမ်ပြန်တော့၊ စိတ်အေးအေးထားပြီးနေပါ၊ ဖြစ်တာတော့ ဖြစ်သွားပြီ၊ သတင်းထိမ်ချန်ရင် နင့်ပါ အမှုပတ်နေမယ်နော်၊ လိမ်ဖို့ မစဉ်းစားနဲ့၊ နင့်ပါ အချုပ်ထဲ ထည့်မယ် - ကြားလား"

ရွှေမိသည် မျက်ရည်စက်လက်ဖြင့် အိမ်ပြန်လာသည်၊ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို လင်ယောက်ျားဝရမ်းပြေးကို သတင်းမပေး၊ ထိမ်ချန်ရင် သူ့ကိုပါ ဖမ်းမတဲ့ ...။

—◆—

ကျုံတာရွာ၏ အနောက်ဘက်တွင် ရေမသစ်ပင်ကြီးများ၊ ရွှံ့နွံများ ထူထပ်သော တောကြီး ရှိသည်၊ ထိုတောကြီးထဲတွင် ကျား၊ ဆင်မှအပ တောဝက်၊ မျောက်၊ သမင်၊ ချေ၊ ဒရယ်နှင့် တောကြီးမြွေဟောက်၊ မြွေဆိုးများ ကျက်စားနေကြသော တောအုပ်ထူထူကြီး ဖြစ်သည်၊ ဂုံညင်းတန်းမြစ်၏ဘေးတွင် နွံသဖြင့် ရေငန်မိကျောင်းများ တစ်ခါတစ်ရံ ဝင်လာတတ်သေးသည်၊ ကိုင်းတောကြီးများ၊ လမု၊ ကနစိုနှင့် သရက်၊ မာလကာ၊ ပိန္နဲ၊ ကနစိုပင်များသည် ခုတ်ထွင်ရှင်းလင်းမည့်သူ မရှိဘဲ အလေ့ကျပေါက်ကာ ကြီးထွားချင်တိုင်း ကြီးထွားနေကြခြင်းပင်၊ ထိုအတူ တောနက်ထဲတွင် နွံတောအိုင်ကြီးလည်း သဲများလှပေရကား သဘာဝ မရဏ ထောင်ချောက်များဟုပင် ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွဲ၊ နွားများ ကျက်စားရင်း နယ်ကျွံကာ နွံအိုင်ကျော်၍ ဆုံးရှုံးရပေါင်း များလှပေပြီ။ တော်ရုံတန်ရုံ လူတစ်ယောက်ထဲ နှစ်ယောက်ထဲ အဆိုပါ ရွာအနောက်ဘက်တောအုပ်ထဲသို့ ဝင်ရောက်ရန်ပင် စိတ်ကူး၍ပင် ဝန်လေးသောနေရာပင်ဖြစ်သည်။ တစ်ခါတစ်ရံ တောလိုက်သူများတော့ ရှိတတ်သည်။ ထိုသူများသည် တောကျွမ်းသောမုဆိုးအုပ်စုများဖြစ်ရာ ရွာစဉ်တွေထဲမှပင် ဝင်ရောက် အမဲလိုက်သူများ ဖြစ်ကြသည်။

သို့သော် ထိုတောအုပ်ထဲသို့ ရာဇဝတ်ကောင် ဖိုးတုတ် ဇကန်မုချပြေးဝင်နိုလှုံနေနိုင်သည်ဟု ဌာနာအုပ်နှင့်တကွ သူကြီးမြဒင်က ယူဆထားပုံရသည်။ သူတို့ တွေးတောယူဆကြသည်ကလည်း သဘာဝကျပေသည်။

အမှုအခင်းဖြစ်ပြီး တတိယမြောက်ညမှ စတင်ကာ ဖိုးတုတ်၏သတင်းက ထွက်ပေါ်လာသည်။ ရွာပြင်လယ်ကွင်းစပ်တွင် တွေ့ရသလိုလို၊ မြစ်ထဲရေဆင်းငုပ်သလိုလို၊ ညဘက်ရွာထဲမှာ လှစ်ခနဲ တွေ့လိုက်ရသလိုလိုသတင်းတွေ ဟိုမှ သည်မှ ထွက်ပေါ်လာသည်။

အသံကြားရာဆီသို့ သူကြီး မြဒင်သည် သူ့တူတော်မောင်သံခဲအပါအဝင် နောက်လိုက်နောက်ပါတို့ကို ခေါ်ငင်ကာ ခေါင်းပေါင်းစ တလှုလှု၊ နှစ်လုံးပြူးသေနတ်ကြီး တကားကားနှင့် ကွတကွတ လိုက်ပါလာသည်။ ဖိုးတုတ်နှင့်သာ မျက်နှာချင်းဆိုင် တွေ့လိုက်ရမည်ဆိုပါက သားဖောဖြင့် ရင်ဘတ်ကိုအနီးကပ်တေ့ဆိုင်ကာ ခလုတ်မောင်းကို စီးစီးပိုင်ပိုင် အားရပါးရ ဖြုတ်ချလိုက်မည်ဟု ကြိမ်းဝါးထားသည်။

"ဖိုးတုတ်နဲ့သာ မျက်နှာချင်းဆိုင် တွေ့လိုက်ချင်စမ်းပါဘိတော့တယ်။ မင်းရင်ဘတ်ကြီး တိုးလျှိုပေါက် ဟောင်းလောင်းပွင့်ဖို့သာ ပြင်ထားပေတော့။ ရာဇဝတ်ကောင် ခွေးမသားရေ။ ဟေ့ - ဘယ်သူဖိုးတုတ်ကို တွေ့တာလဲ - ပြော။ တောစပ်မှာ တွေ့တယ်ဆို ..."

ဟိုနေရာစုစု၊ သည်နေရာစုစုဖြစ်နေသော လူအုပ်ကိုသူကြီးမြဒင်သည် အသံကို မာမာထန်ထန်ပြုကာ ဗိုလ်ဟောက်လေသည်။ ရွာသူရွာသားတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အူကြောင်ကြောင်ဖြစ်နေကြ



ပြန်သည်။ ဘယ်သူက ဖိုးတုတ်ကို တွေ့ပါလိမ့်၊ ဘယ်သူ - ဘယ် - ဖိုးတုတ်၊ ဟင် - ဖိုးတုတ်တဲ့ ...။

"သူကြီး - ကျုပ်တို့လဲ ကြားရတာပဲဗျ။ ရွာအလယ်ပိုင်းက တွေ့တယ်၊ ပြောကြတယ်။ ဖိုးတုတ် - မြစ်ထဲမှာ ရေကူးနေသတဲ့ ..."

သူကြီးသည် လေးလံထုံထိုင်းလှသော သူ့ခန္ဓာကိုယ် အထွာတောကြီးကို သယ်မ.ကာ ရွာလယ်ပိုင်းသို့ တပည့်များနှင့်အတူ ထွက်သွားပြန်လေသည်။ ခဏကြာလျှင် ဌာနာအုပ် မြရွှေသည် ကာကီရောင် ယူနီဖောင်းကားရားကားရား၊ သေနတ် ခါးကြားထိုးကာ ပြေးလိုက်သွားပြန်သည်။

သို့သော် သတင်းတို့မည်သည် ရေငုပ်ဖားများကဲ့သို့ ထိုအနီးသို့ရောက်လျှင် အသံတိတ်ဆိတ်ကာ ပျောက်ကွယ်သွားစမြဲပင်၊ ထိုအခါ သူကြီး၊ ဌာနာအုပ်တို့သည် မကျေမနပ်နှင့် သူကြီးအိမ်သို့ ပြန်လာကြပြန်သည်။

═◆═

နောက်တစ်နေ့တွင် သူကြီး၊ ဌာနာအုပ်၊ ပုလိပ်သား၊ ရွာသားအပေါင်းပါများ အပါအဝင် လူ (၁၅)ယောက်ခန့်သည် လက်နက်အပြည့်အစုံ၊ စားနပ်ရိက္ခာ စုံစုံလင်လင်ဖြင့် ရွာအနောက်ဘက် တောနက်ထဲသို့တရားခံကို တောနင်းရှာဖွေရန် ထွက်လာကြသည်။ ဌာနာအုပ်နှင့် သူကြီးက လှေတစ်စင်းစီးကာ မြစ်ရိုးအတိုင်း စုန်ဆန်ရှာဖွေရင်း ကျန်အဖွဲ့က တောထဲ ဝင်ကြလေသည်။

ဌာနာအုပ်အဖို့ ဧရာမရာဇဝတ်မှုကြီးဖြစ်သည့် လူသတ်မှုကြီး၏တရားခံတို့ဆောလျင်စွာ ဖမ်းမိနိုင်ဖို့ဖြစ်သလို၊ ရက်ကြာ၍လည်း မဖြစ်ပေ။ သို့မှသာ ရာဇဝတ်ဝန်၏မျက်နှာသာပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းကို ရယူခံစားရည်မဟုတ်လား ...။

သူကြီးအဖို့လည်း ထိုနည်းနှင်နှင်ပင် ...။ တရားခံဖိုးတုတ်ကိုမြန်မြန်ဖမ်းဆီး မြန်မြန်ရုံးတင်၊ ကြိုးပေး။ ဒါမှသာ သားဖြစ်သူအတွက် လက်စားချေရာရောက်သည့်ပြင် သူလည်း နောက်ထပ် ဆုတွေ ထပ်ရဦးမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဌာနာအုပ်သည် သူကြီးကို ဖိအားမျိုးစုံပေးကာ တရားခံကို လျင်မြန်စွာ ဖမ်းဆီးနိုင်ရေးအတွက် ရွာသားများကိုပါ လှည့်၍ ဝက်အူကြပ် လေသည်၊ သတင်းပေးသူကို ဆုချခြင်း၊ ထိမ်ချန်သူကို အချုပ်ထဲ ပို့မည်ဟု ခြိမ်းခြောက်ထားသည်၊

သူတို့သည် တောထဲတွင် တစ်နေကုန် တောနင်းရှာကြသည်၊ သို့သော် ဖိုးတုတ်၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ၊ ဌာနအုပ်သည် အကြံအိုက် ကာ သူကြီးလည်း စိတ်ဓာတ်ကျလာသည်၊ ဖိုးတုတ်သည် အရှောင်အတိမ်း ကောင်းကောင်းနှင့် မည်သည့်နေရာတွင် ပုန်းအောင်းနေသည်ကို မည်သူ မျှလည်း မသိနိုင်ချေ၊ ရွှေမိသည် နေ့စဉ်နှင့်အမျှ မျက်ရည်နှင့် မျက်ခွက် ...၊

သူတို့သည် ရွာနီးချုပ်စပ်သာမက မြစ်ထဲ စုန်ချည် ဆန်ချည် ကူးသန်း သွားလာနေကြသောလှေများ၊ သင်္ဘောများ၊ ဖောင်များကိုပါ ရပ်တန့်စစ် ဆေးမှု ပြုကြသော်လည်း ဖိုးတုတ်သည် ခြေရာဖျောက်ကောင်းလှသည်၊ ငှက်ပမာ ကောင်းကင်သို့ ပျံတက်သွားပြီလား၊ ဒါမှမဟုတ် ငါးကဲ့သို့ ရေ အောက်ငုပ်လျှိုးကာ ပျောက်ကွယ်သွားပြီလား၊ သည်လိုနှင့် ပဥ္စမမြောက် ရက်တွင် သူတို့အားလုံး ရွာသို့ ခြေကုန်လက်ပမ်းကျကာ ညနေစောင်းတွင် ပြန်ရောက်လာကြသည်၊

မောမောနှင့် ပြန်ရောက်လာကြသော ဌာနာအုပ်နှင့် အဖွဲ့သည် သူကြီး အိမ်တွင် ခေတ္တနားရိကာ စားပွဲသောက်ပွဲ ကျင်းပရန် ပြင်ဆင်နေစိုက် ရွာ သားတစ်ယောက် အူယားဖားယားနှင့် ရောက်လာပြန်သည်၊

"သူကြီး - သူကြီး - ရွာထဲကို ဖိုးတုတ်ရောက်နေပြီဗျ"

သူကြီးသည် ခေါင်းရင်းတွင် ချိတ်ထားသော နှစ်လုံးပြူးသေနတ်ကို ဆတ်ခနဲ ဆွဲယူကာ -

"ဘယ်မတုံး - ဘယ်မတုံး"

ရွာသားသည် ဟောဟဲဆိုက်နေရာမှ -

"သူ့တဲရှေ့မှာဗျ၊ ဓားကြီး ထမ်းပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေ တယ်"



သူကြီးသည် တစ်ချက် တွေဝေသွားသည်၊ အချိန်က နေဝင်ရီတရော၊

"ဟကောင် - သေချာရဲ့လား၊ လူမှားနေဦးမယ်"

"မမှားပါဘူး - သူကြီး၊ ခုမှ မှောင်ရီပျိုးခါစပဲ ရှိသေးတယ်၊ သူ့ထွက်ပြေး တဲ့နေ့ကဝတ်တဲ့ပုဆိုးနက်ပြာကွက်တုံးကြီးနဲ့ပဲ၊ မြန်မြန်လာပါ"

သူကြီးနှင့် ရဲသားနှစ်ယောက်သည် လျင်မြန်သော ခြေလှမ်းများဖြင့် လာခေါ်သော ရွာသားနှင့်အတူ လိုက်ပါသွားကြသည်၊

နာရီဝက်ခန့်ကြာလျှင် သူကြီးနှင့်အဖွဲ့ စိတ်ပျက်လက်ပျက်ဖြစ်ကာ ပြန် ရောက်လာကြပြန်သည်၊

"ခွေးမသား - လျင်လိုက်တဲ့ကောင်ရယ်ကွာ"

ဌာနအုပ်သည် သူကြီးအိမ်ရှေ့တွင် မတ်တတ်ရပ်ရင်း -

"တွေ့ခဲ့ရဲ့လား - ဖိုးတုတ်"

"မတွေ့ခဲ့ရပါဘူးဗျာ၊ သူ့တဲပတ်ပတ်လည် အနံ့လိုက်ရှာ၊ ရွာထဲလဲ နံ့ နေတာပါပဲ၊ မြစ်ထဲ ဆင်းပြေးသလား၊ တောထဲ ဝင်ပြေးသလား မပြောတတ် ဘူး၊ ဒီကောင် သူ့မိန်းမကို လာတွေ့တာနေမှာပေါ့ ..."

ဌာနာအုပ်သည် တောက်တစ်ချက် ခေါက်လိုက်လေသည်၊

"သူ့မိန်းမက ဘာပြောသလဲ ..."

"သူ့မိန်းမကလည်း ဖိုးတုတ် မလာပါဘူး၊ ကျိန်တွယ်ပြောတာပါပဲ၊ ကျုပ် တို့အိမ်ထဲ ဝင်ရှာသေးတယ်၊ မတွေ့ပါဘူးဗျာ၊ မယားကိုတွေ့ဖို့ လာတုန်းကျုပ် တို့အဖွဲ့ကို တွေ့လို့ ထွက်ပြေးသွားတာ ဖြစ်ပါလိမ့်မယ်"

"သူကြီး - တော့တော့ဆိုင်ဆိုင် တွေ့လို့ကတော့ အရှပွင့်သွားအောင် အုပ် ညှိလိုက်တော့ဗျို့၊ ကျုပ်တို့ကို တော်တော်ဒုက္ခပေးတဲ့ကောင်၊ ကျုပ်ကို အထက်ရာဇဝတ်ဝန်က ကြိမ်းလှပြီ၊ ရာဇဝတ်ကောင်ကို ချက်ချင်းမဖမ်းနိုင် ကောင်းလားလို့ - ခက်ပါတယ်ဗျာ"

သူကြီးသည် တဖြည်းဖြည်း မှောင်မိုက်စ ပြုလာသော အိမ်ထဲကို လှမ်း ကြည့်ရင်း -



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - မီးထွန်းကြစမ်းကွဲ၊ မှောင်လိုက်တာ - ဒီမှာ - ကိုမြရွှေ - မီလို့က တော့ သူကြီးအရာက ပြုတ်ချင်ပြုတ်ပစေ - ဒီကောင်ကိုအဆော်ပဲ၊ မြန်ခုခံလို့ လက်လွန်သွားတယ် ပြောလိုက်မယ်"

"ကြိုက်ပြီဗျို့ - လက်သံပြောင်ဖို့ လိုတယ်၊ ဘယ့်နယ့်ဗျာ - ဒီကောင်လို မဖလောက်လေးမဖလောက်စား၊ တောသားကများ ရွာနားမှာ ရစ်သီရစ်သီနဲ့ ပမာမခန့်လုပ်လို့ ..."

ထိုအချိန်တွင် သူကြီးကတော် ဖေါ်ခင်ဆုံသည် သမီးငယ်နှင့်အတူ တုန် တုန်ယင်ယင်ဖြင့် မီးခွက်ကိုင်ကာ ထွက်လာသည်။

"ကျုပ်တို့လဲ အိမ်ထဲက အိမ်ပြင် မထွက်ဝံ့ပါဘူးတော်၊ ဖိုးတုတ်ကို ကြောက်လို့၊ မတော် ဓားနဲ့တက်ခုတ်ရင် ဘယ့်နယ့်လုပ်ကြမလဲ၊ တော်တို့ အကုန်လုံး တောနင်းရှာနေကြတာမှတ်လား ..."

"ဒီကောင် ဒီလောက်အထိ အတင့်မရဲပါဘူးဟာ"

"ပြောနိုင်မလားတော် - သွေးဆာနေတဲ့ဟာကို ...၊ လက်ထဲက ဓားကြီး ကိုလဲ မချဘူးလို့ မြင်တဲ့လူက မြင်လို့ ... ပြောနေကြပြီ"

ဌာနာအုပ်သည် ယူနီဖောင်း လဲလှယ်ရင်း ဗျာပေါ်တွင် ပက်လက်ကြီး ဆန့်ကာ ဖိုးတုတ်ကို မဖမ်းမိနိုင်သေးသဖြင့် အံ့တကြိတ်ကြိတ် မကျေမနပ် ဖြစ်နေလေသည်၊ ကျန်သည့်ရဲသားများလည်း ရေချိုးသူ ချိုး၊ ထမင်းစားရန် ပြင်သူ ပြင်ဖြင့် အလုပ်ရှုပ်နေကြသည်။

"ဒီကောင် - ဒီရွာနားကနေ ဝေးဝေးမသွားနိုင်ပါဘူးဗျာ၊ ဒီကောင် - မိန်းမ နဲ့ကလေးတွေရှိနေတော့ ခပ်ဝေးဝေး မပြေးနိုင်တာ သေချာတယ်၊ ကျုပ်တို့ ကို မရှောင်နိုင်ပါဘူးဗျာ - ဟင်း - ဟင်း - ဟင်း"

"မိလို့ကတော့ အရေခွံ ဆုတ်ပစ်မယ်ဟေ့"

—◆—



သူငယ်အိပ်၊ တိတ်ဆိတ်ချိန်။

ရွာကလေးသည် အမှောင်ထုအောက်တွင် ငြိမ်သက်ငိုက်မြည်းစ ပြုနေ ပြီ၊ ခပ်ဝေးဝေး မြစ်ကမ်းပါးဆီမှ လှိုင်းရိုက်ခတ်သံ၊ ခနီရွက်ကို လေတိုးသံ တရှဲရှဲမြည်သံ ကြားနေရသည်။

သူကြီး၏ ရှောင်းဟန့်သံ၊ ဌာနာအုပ်၏ အရက် လေချဉ်ပျို့သံသာ သူကြီး အိမ်ထဲမှ ထွက်ပေါ်လာနေသည်၊ ဌာနာအုပ်သည် အိမ်ခေါင်းရင်းဘက်တွင် မွေ့ရာ၊ စောင်နှင့် မိန့်မိန့်ကြီး လဲလျောင်းနေတော်မူသည်၊ သူကြီးက သူ၏ နံဘေးတံခါးရွက်ကိုမှီကာ အတွေးတွေ မြန့်ကြက်နေဟန်ရှိသည်၊ မနက်ဖြန် ဆို ဌာနာအုပ်သည် မြို့သို့ ခေတ္တပြန်ကာ အထက်ကို လူသတ်မှုနှင့်ပတ်သက် ၍ အစီရင်ခံရဦးမည်၊ အထက်လူကြီးဟောက်သမျှ ဆဲဆိုငေါက်ငမ်းသမျှ ငြိမ်သက်စွာ ခံယူပြီး သူ၏ဝေဖန်ဆန်းစစ်ချက်ကို ပြန်လည်၍ တင်ပြရပေဦး မည်။

ယခု တစ်ပတ်ပြည့်လေပြီ ...၊ ရာဇဝတ်သားဖိုးတုတ်ကို မဖမ်းဆီးနိုင်ဘဲ လွတ်မြောက်လျက် ရှိနေသေးသည်၊ သည်ကြားထဲ အသံဗလံတွေက မျိုးစုံ ထွက်နေသေးသည်၊ ဖိုးတုတ်ကို ဟိုနေရာမှ တွေ့လိုက်ရသလိုလို၊ သည်နေ ရာမှ မြင်လိုက်ရသလိုလို၊ ရိပ်ခနဲမြင်သလိုလိုတွေ ချည်း များနေသည်။

ဖိုးတုတ်သည် သည်နယ်သားပီပီ နယ်မြေလည်း ကျွမ်းကျင်လှသည်၊ ဝင်စစ် ပုလိပ်အဖွဲ့နှင့် သူကြီးကို အရူးလုပ်နေခြင်းသာတည်း၊ ဖိုးတုတ် ရွာ ထိပ်သို့ ဝင်လာပြီဆိုသည်နှင့် ပြေး၍လိုက်ကြသည်၊ သို့သော် ဖိုးတုတ်၏ အရိပ်အယောင်မျှပင် မတွေ့ရခင် ချက်ချင်း ရှောင်ထွက်သွားနိုင်လေသည်၊ သည်လိုနှင့် လှည့်ဖြားအရူးလုပ်ခံရပေါင်းများလှပြီ၊ ပုလိပ်အဖွဲ့သည် တစ်ပတ် အတွင်းမှာပင် ဖိုးတုတ်၏ သင်ခန်းစာအမျိုးမျိုး အပေးခံရနေရပြီဖြစ်သည်။

ဖိုးတုတ်သည် ခပ်ဝေးဝေးသို့လည်း ရှောင်ပြေးတတ်ဟန်မတူ၊ ပြေး ရှောင်စရာ ကောင်းလှသည့် သည်ဒေသ၏ ထူထပ်စိမ်းစိုသော တော၊ မြစ်၊ ချောင်း၊ အင်းအိုင်များသည် ဖိုးတုတ်အဖို့ ရှောင်ပုန်းစရာ နေရာကောင်းများ၊ ဗိမာန်များ ဖြစ်ပုံရသည်၊ ရွာ၏ အနောက်ဘက် တောအုပ်ညို့ဆိုသည်က



www.burmeseclassic.com

www.burmeseclassic.com

လည်း ဆင်တစ်ကောင် ဝင်သွားလျှင်ပင် ရှာဖွေရန် လွယ်ကူသော ဒေသ မဟုတ်ချေတကား။

ဌာနာအုပ်သည် စီးကရက် တစ်ရှိုက် နှစ်ရှိုက်ဖွာရင်း ရုတ်တရက် အိပ် မပျော်နိုင်ပေ၊ သူ၏လက်အောက်ငယ်သားကလေးများကတော့ ခေါင်းရင်း အစွန်တွင် ရိုင်ဖယ်သေနတ်နှစ်လက်ကို ဖက်တွယ်ကာ တခေါခေါဖြင့် နှတ် သမီးအိပ်မက်တွေပင် မက်နေပေပြီ၊

ဩော်...မိုးတုတ်...မိုးတုတ်...တော်တော်လျင်မြန်တဲ့ အရှောင်ကောင်း သော ရာဇဝတ်ကောင်ပါကလား။ မြေလှိုး၍ မိုးပျံတတ်သော ကိုယ်ပျောက် ဆေးတွေ ထိုးနံ့ထားလေသလော၊ သူ့မိန်းမ မရွှေမိ ... လုံးကြီးပေါက်လှ၊ တင် ကားကား၊ ရင်ထွားထွား၊ နှုတ်ခမ်းက ထူထူဖောင်းဖောင်း၊ မျက်အိမ်ကျယ် ကျယ်၊ သူကြီးသား ဖောက်ပြန်ချင်မည်ဆိုလျှင်လည်း ဖောက်ပြန်ချင်စရာ၊

ဌာနာအုပ်သည် တံတွေးကို ဂလုခနဲ မျိုချလိုက်သည်၊ စီးကရက် တစ် ရှိုက် နှစ်ရှိုက်ဖွာသည်၊ အပြင်ဘက်သို့ ငေးကြည့်သည်၊ အမှောင်ထု၊ ထုထဲ ရေးပျစ်သောအမှောင်သားအထု ...၊

"သူကြီး ..."

"ဗျာ ..."

သူကြီးက အိပ်ချင်မူးတူး လေသံဖြင့် ထူးလေသည်၊ ကျောစန့်နေရာမှ ခန္ဓာကိုယ်ကို မတ်ကာ ပြန်ထိုင်သည်၊

"နက်ဖြန်မနက် ဗျာပုံကို တက်ပြီး အမှုသွား အမှုလာကို ရှင်းလင်းပြော ဆိုရဦးမယ်၊ အကြောင်းထူးမှ ဆင်းခဲ့မယ် - ဟုတ်ပြီလား၊ ဒီမှာ ပုလိပ်သား နှစ်ယောက် ကင်းပုန်းချထားခဲ့မယ်"

"ကောင်းပါပြီ - ကိုမြရွှေ၊ ကျုပ် - ဒီကောင်ကိုဒီတစ်ရက် နှစ်ရက်အတွင်း လက်ရဖမ်းပြမယ်၊ ခင်ဗျား စောင့်ကြည့်နေစမ်းပါ ..."

"အောင်မြင်ပါစေဗျာ ...၊ ဒါမှ ကျုပ်တို့ မျက်နှာကောင်းရမှာဗျ ..."

"ကဲ - ကဲ - အိပ်ကြစို့ - ကိုမြရွှေ"



သူကြီးသည် အိပ်ခန်းထဲသို့ ဝင်သည်၊ ဌာနာအုပ်သည် ခြင်ထောင် ထဲသို့ ဝင်မည်အပြုတွင် အိမ်ရှေ့မှ တဖုတ်ဖုတ်ခြေသံတွေကို ကြားလိုက် ရသည်၊မြို့ပြင်သို့ လှမ်းကြည့်လိုက်သည်၊ မီးရောင်ဖြင့် ရွာလမ်းမအတိုင်း ပြေးထွက်သွားသော လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်၊ ပုဆိုးအပြာ ကွက်တုံးကြီးနှင့် ...၊ ခန္ဓာကိုယ်ထွားကြိုင်းလှသောလူတစ်ယောက် ...၊ အရပ် ကလည်းမြင့်မားလှသည်၊ ခြေသံက ပြင်းထန်လှသည်၊

ဌာနာအုပ်သည်ကြက်သီးဖြန်းခနဲထ,သွားကာ ခြင်ထောင်အပြင်ဘက် သို့ ထွက်လိုက်သည်၊

"သူကြီး - သူကြီး"

မီးတုတ်၊ မီးအုပ်ဆောင်း (ဖားမီး)တွေကိုင်ကာ ခြံထဲသို့ ဝင်လာသော လူတစ်စု ...၊ လက်ထဲတွင် ဓားတွေ၊ လှံတွေ၊ မှိန်းတွေနှင့်၊ သူကြီးသည် အိပ် ပျော်ခါစပင် ရှိချေဦးမည်၊

"ဘာလဲဟေ့ - သံခဲလား"

"ဟုတ်ကဲ့ - သူကြီး၊ မိုးတုတ်ကို တွေ့လို့ ..."

သူကြီးသည် အိပ်ခန်းထဲမှ ပုဆိုးစွန်တောင်ဆွဲကာ ဗိုးရိုးဖားရား ထွက် လာသည်၊

"လာပြန်ပြီ၊ ဒီကောင် - ဘယ်မတုံး"

"ရွာအနောက်ဖျားက သပြေပင်ကြီးပေါ်မှာ သူကြီးရ ...၊ ဆေးလိပ်မီး ကြီး တရဲရဲ ဖွာပြီး မလေးမစားသောက်နေတာ ...၊ ကင်းသမားတွေ တွေ့လို့ ထွက်လိုက်ကြတာပါ၊ ခုန်ချပြီး ဒီဘက်ကို ထွက်ပြေးသွားတာ၊ လျှင်လိုက်တဲ့ကောင်ဗျာ၊ သပြေပင်က တော်တော်မြင့်တာဗျ၊ ပေ(၃၀) လောက်မြင့်မယ်၊ အဲဒီသစ်ပင်ထိပ်ဖျားကနေ ခုန်ချထွက်ပြေးသွားလိုက် တာများဗျာ - ကြောင်ကလေးတစ်ကောင်ကျနေတာပဲ၊ ဘာမှမဖြစ်ဘူးဗျ၊ လျှင်လိုက်တာလဲ မပြောပါနဲ့တော့ - သူကြီးရယ်၊ ဒီကောင် တောက်ပြား ဝင်စားသလား မသိဘူး၊ ဒီကောင် - လွန်ခဲ့တဲ့နှစ်တွေက အညာဘက်ကို လေ့ထိုးလိုက်ရင်းပြန်လာတော့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဆေးတွေ၊ အင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

မင်ကြောင်တွေထိုးလာတယ်ဗျ။ အဲဒီဆေးတွေကပဲ စွမ်းသလားမပြောတတ်ပါဘူးဗျာ"

ထိုအခါ ဌာနာအုပ်သည် ဖျတ်ခနဲ သတိရလိုက်လေပြီ။ သူ့မျက်မှောက်ရှေ့ရှာလမ်းမမှ ဖြတ်ပြေးသွားသော ပုဆိုးအပြာကွက်တုံးကြီးနှင့် ရောမလူထွားကြီးသည် ဖိုးတုတ်ပင်လော ...။ တကယ်ပင် ထွားကြိုင်းလာကာ သိသိမြောက်နေပြီလော။

"ကဲပါကွာ - အိပ်ချိန်လဲ တန်နေပါပြီ။ ဒီလောက် မှောင်မည်းနေတာ။ သူ့လက်ထဲမှာလည်း လက်နက် ပါချင်ပါနေမှာ ...။ ကိုယ့်အတွက် အန္တရာယ်များလှပါတယ်။ မနက်မှ လင်းလင်းထင်းထင်း ထပ်ရှာကြစို့ရဲ့...။ ကဲ - ကဲ - ပြန်အိပ်ကြပါတော့ ..."

"ဟုတ် - ဟုတ်ကဲ့"

ဝင်လာသူတွေ ပြန်ထွက်သွားသည်။ သူကြီးလည်း အိပ်ချင်မူးတူးဖြင့် ပြန်ဝင်သွားလေပြီ။

ညကား နက်မှောင်ဆဲ ...။ ဌာနာအုပ်သည် အတွေးကျယ်နေဆဲ ...။

— ◆ —

နောက်တစ်နေ့နံနက်ပိုင်း သံဃာများ ဆွမ်းခံကြွချိန်တွင် သူကြီးအိမ်သို့ ရွာသူအမျိုးသမီးနှစ်ယောက် အပြေးအလွှား ရောက်ရှိလာပြန်လေသည်။

"ဒေါ်ဂွက်ထော်နဲ့ မနင်းအိ - ဘယ်လိုဖြစ်လာကြတာတုံးဗျ"

ဒေါ်ဂွက်ထော်သည် ထမီစွန်တောင်ဆွဲကာ၊ မနင်းအိသည် အကြောက်ပြေသေးဟန်မတူသောမျက်နှာဖြင့် -

"သူကြီးရယ် - ကျွန်မတို့နှစ်ယောက် ကိုဖိုးတုတ်ကြီးကို ရွာအနောက်တောစပ်မှာ မနက်လင်းအရုဏ်မှာ တွေ့ခဲ့တယ်ရှင့် ..."



"ဟုတ်ပ - ကိုမြဒင်၊ ကျုပ်နဲ့ နင်းအိ ဂုံမင်းတွေ လိုက်ရှိုးနေတုန်း တောထဲကနေ ဖိုးတုတ် ဘွားခနဲ ထွက်လာလိုက်တာတော် ...အမလေး ...ကြောက်စရာကြီးပါတော်၊ လုံချည်အပြာကွက်တုံးကြီး ... ကြောပြောင်ကြီးနဲ့ ...၊ လက်ထဲမှာလဲ သွေးတွေပေရွှဲနေတဲ့ ထင်းခုတ်ဓားကြီးကိုင်လို့ ...၊ ကျုပ်တို့ဘက်ကိုလှည့်ပြီး ရယ်တောင် ပြလိုက်သေးတယ်၊ ကြောက်လိုက်တာတော် ..."

ဒေါ်ဂွက်ထော်သည် ဖိုးတုတ်ကို တွေ့မြင်သမျှ အစီရင်ခံလေတော့သည်၊ သူမကပင် ဆက်၍ -

"ဖိုးတုတ် - ဖိုးတုတ် - အမလေးတော်ရေ၊ သူ့မျက်နှာကလည်း ကြောက်စရာကြီးတော်ရေ့...၊ လူသတ်ဖူးသွားပြီကိုး ...၊ လက်ထဲက ဓားကြီးကလည်း သွေးတွေ ရွှဲပြီး ပြောင်လက်နေတာပါပဲတော် ...၊ တောထဲကနေ ဝုန်းခနဲ ထွက်လာတာတော် ...၊ လူကြီးကလည်း ထွားကြိုင်းလာလိုက်တာ ... ဘယ်လိုရယ်ဖြစ်တာလဲ မသိဘူး။ ဖိုးတုတ် - အရင်က ဒီလောက်ကြီး မထွားကြိုင်းပါဘူးတော် ...၊ တောထဲမှာ ပုန်းနေပြီး ဘာတွေများ စားလို့ ဒီလောက်တောင် ထွားကြိုင်းနေသလဲတော့ မသိတော့ပါဘူးတော် ..."

"ဟုတ်တယ် - ဟုတ်တယ် - သူကြီး"

သူကြီးကတော် ဒေါ်ခင်ဆုံသည် ဆူဆူညံညံအသံတွေကြောင့် အိမ်ရှေ့သို့ ထွက်လာသည်။

"ဟဲ့ - ဟဲ့ - မယ်ထော် - ပြောပါဦးဟဲ့"

"အင် - အဲဒါ - ဖိုးတုတ် - တောထဲမှာ ဟိုပုန်း သည်ပုန်းနဲ့ တွေ့ကရာတွေ လျှောက်စားတယ်ထင်ပါရဲ့လေ ...၊ မတည့်တာတွေ လျှောက်စားပြီး ကိုယ်ရေကိုယ်သားတွေ ပျက်နေပြီနဲ့ တူပါတယ်တော် ...၊ မျက်နှာက ဖောသွပ်သွပ် ... ဝိုင်းဝိုင်းပြုပြု ... ခန္ဓာကိုယ်တစ်ခုလုံးလည်း ဖောယောင်နေသလား မပြောတတ်ဘူး။ အရင်ခန္ဓာကိုယ်ထက် နှစ်ဆလောက်တောင် ရှိလိမ့်မယ်ထင်ပုံ၊ ကျုပ်နဲ့ နင်းအိဘက်ကို လှည့်ပြီး ရယ်ပြလိုက်တာ ...၊ အမလေး ... ကြွက်သွားများတောင် ထ,ပါရဲ့ ...၊ ပြီးတော့ သွေးတွေ ပေနေတဲ့ဓားကြီးကို မြှောက်



www.burmeseclassic.com

www.burmeseclassic.com

မြှောက်ပြီး ကိုင်းတောထဲ ဝင်သွားတာ မြန်လိုက်တာတော် ...။ လှစ်ခနဲပဲ ...။ နောက်ထပ် လူသတ်ချင်နေတဲ့ပုံပါပဲ ..."

"ကြောက်လိုက်တာ - သူ့ရုပ်ကြီးက သွေးဆာနေတာ"

မနင်းအိသည်ပခုံးကလေးတစ်ချက် တွန့်ကာ အသံတိုးတိုးကလေးဖြင့် ဝင်ပြောရှာသည်။

သူကြီးသည် တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်လေသည်။

"ဒီကောင် - ဒီတောနဲ့ ဒီရွာထဲကိုပဲ တစ်လှည့်စီ ဝင်ပြီး ရစ်သီရစ်သီ မွှေနောက်နေတာပဲကွာ။ ကျုပ်တို့ကို အရှုးဖြစ်အောင် လုပ်ပြနေတာ - ခင်းမွှေနေတာ"

ဒေါ်ဂွက်ထော်သည် တုန်တုန်ယင်ယင်ဖြင့် ...

"ဟုတ်တယ် - ဟုတ်တယ်။ မြန်မြန်မိအောင် ဖမ်းကြပါ။ ကြောက်လှပါပြီ။ ကြာရင် - ရွာထဲကလူတွေပါ လျှောက်သတ်ကုန်မှာ စိုးရတယ်"

"စိတ်ချပါဗျ - ဒေါ်ဂွက်ထော်ရဲ့ မပူပါနဲ့ - ကျုပ်တို့ ဒီရာဇဝတ်ကောင်ကို ဒီတစ်ရက်နှစ်ရက်အတွင်းမှာ မိအောင်ဖမ်းပြပါ့မယ်။ မနက်ကျရင် ဖျာပုံက ဌာနာအုပ် လာလိမ့်မယ်။ ခင်ဗျားတို့မြင်တာ တွေ့တာတွေကို သက်သေလာခံကြ - ပြောပြကြ - ဟုတ်ပြီလား"

"ဟုတ် - ဟုတ် - ဟုတ်ကဲ့ရှင့်"

"ဟုတ်ပါ့တော် - ကဲ - ပြန်ဦးမယ် - မယ်ဆုံရေ"

—◆—

နောက်တစ်နေ့တွင် ဌာနာအုပ်မြရွှေသည် ပုလိပ်အင်အားအပြည့်၊ ဆားပုလင်းတစ်ယောက်နှင့် ရောက်လာပြန်လေသည်။ သည်တစ်ခါတော့ တရားခံကို အမိဖမ်းရန် စီမံကိန်းဆွဲပြီး ထွက်လာပုံရသည်။

ဆားပုလင်းသည် ဖိုးတုတ်ကို မြင်လိုက်ရသည်ဟု ပြောကြသူများကို တွေ့ဆုံခေါ်ယူကာ မေးမြန်းစစ်ဆေးသည်။ ဖိုးတုတ်ကို မျက်မြင်တွေ့ရသူများက ညအချိန် သူ၏ တဲရှေ့၌လည်းကောင်း၊ မြစ်အတွင်း၊ ရေကူးနေစဉ်တွင်



လည်းကောင်း၊ တောစပ်၌လည်းကောင်း၊ သပြေပင်ပေါ်မှ ခုန်ချပုံတို့ကို လည်းကောင်း အသီးသီး ဝန်ခံထွက်ဆိုပြောပြကြသည်။

ဆားပုလင်းသည် ရွာသူရွာသားအသီးသီး၏ မျက်မြင်တွေ့ရှိချက်အသီးသီးကို ရယူပြီးနောက်ရွာသူရွာသားတွေကို မျက်လုံးလှန်ကြည့်သည်။ မျက်ထောင့်နီနှင့် ကြည့်လိုက်ပုံမှာ ချက်အရက်မူးနေသလော၊ ဒါမှမဟုတ် ခနီရည်မူးနေသလော မသိ၊ ဆားပုလင်း၏နာမည်မှာ လင်းမောင်ဆိုလား ... ဝင်းအောင်ဆိုလား ... မင်းနောင်ဆိုတား ...။ မသဲကွဲ ... မသိကြ၊ ကိစ္စမရှိ၊ ရွာသားတွေကတော့ နာမည်သည် အရေးတကြီးကိစ္စမဟုတ်၊ ဆားပုလင်းဆိုသူကို အမြဲမူးနေသည်ကိုသာ မြင်ရသဖြင့် ဆားပုလင်း ပုလင်းထောင်ဟုပဲ ပြောင်ပြောင်တင်းတင်း ခေါ်ဝေါ်ကြသည်။

ဆားပုလင်း ပုလင်းထောင်သည် အရက်အမူးမပြေသေးဟန် မျက်ထောင့်နီကြီးဖြင့် -

"ခင်ဗျားတို့ ဒီလောက် တိတိကျကျ မြင်နေ သိနေမှတော့ ဘာဖြစ်လို့ ဝင်မဖမ်းတာလဲဗျ ..."

မည်သူမျှ တုပ်တုပ်မလှုပ်ရဲသေး၊ သတင်းလည်း ပေးရသေး၊ အမှုက ကိုယ့်ဘက်သို့ မြားဦးလှည့်လာလေပြီ၊ ထိုအခါ ဆတ်ဆတ်ကြဲ မနင်းအိသည် လူအုပ်ရှေ့သို့ ဆိုးဆိုးဆတ်ဆတ် ထွက်လာသည်။

"ကျွန်မတို့က မိန်းမသားရှင့် ...။ လက်ထဲမှာ အပ်တိုတစ်ချောင်းတောင် ပါတာမဟုတ်ဘူး၊ ဓားကြီးကိုင်ထားတဲ့ ကိုဖိုးတုတ်ကို ကျွန်မတို့က ဖက်ပြီး နပန်းဝင်လုံးဖမ်းရမှာလား၊ အပြောကောင်း ...။ ရှင်တို့ ပုလိပ်တွေကကော သေနတ်ကြီးတွေ တကားကားနဲ့ ... ယောက်ျားကြီးတွေတန်မဲ့ ဝင်ဖမ်းကြပါလား၊ ဘာလုပ်နေတာလဲ၊ တကတဲ - နောက်ပြီး ဒီလူကြီးက တောထဲပုန်းနေပြီး တောထဲက ဘာတွေလျှောက်စားမှန်းမသိဘူး၊ သန်မာထွားကြိုင်းနေတာ - နဂိုရုပ်ထက် နှစ်ဆတောင် မကတော့ဘူး၊ မျက်နှာကြီးကလည်း အဆီတွေပျံ - တဝင်းဝင်း တပြောင်ပြောင်နဲ့ ...၊ ထွားအမ်းအမ်းကြီး ...၊ ကြောက်စရာကြီးရှင့် ...၊ လက်ထဲမှာလည်း ဓားကြီးက သွေးတွေပေလို့ ...။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ကို တဟီးဟီး ရယ်ပြပြီးတော့ထဲ ဝင်ပြေးသွားတာမှ မြန်မှမြန်ပဲ ...။ အဲဒီလို လူမျိုးကိုမိန်းမတွေက လက်ရဖမ်းရမယ် ဆိုတော့ - စဉ်းစဉ်းစားစားပြောပါဦး - သေနတ်နဲ့ လူကြီးရဲ့ . . . ရှင်တို့ပုလိပ်တွေ ဘာလုပ်နေကြတာလဲ"

မနင်းအိက ကက်ကက်လန်ပြောတော့ ဆားပုလင်း ပုလင်းထောင်သည် မထောင်နိုင်တော့ဘဲ ငြိမ်ဝပ်သွားသည်။ ဌာနာအုပ်သည် မနင်းအိကို တစ်လှည့်၊ သူ့ဘပည့် ဆားပုလင်းငမူးကောင်ကို တစ်လှည့်ကြည့်ကာ ကြောင်အအ ဖြစ်နေသည်။ ဆားပုလင်း ပုလင်းထောင်သည် မိန်းမငယ်ကလေးတစ်ယောက်၏ ရုတ်တရက် နှုတ်လှန်ထိုးမှုကြောင့် အငိုက်မှာ အနှပ်ခံလိုက်ရသော တိုက်ကြက်ဖကြီးလို လည်ပင်းကြီးစောင်းကာ တစ်ခုခုကို ပြန်ပြောရန် အားယူလိုက်စဉ် -

"ကဲပါ - နင်းအိ၊ လူကြီးကို ခံမပြောရဘူးလေ ...။ ငါတို့ကလည်း ဖြစ်စေချင် - တရားခံကို မြန်မြန်ဖမ်းမိစေချင်လို့ ပြောရတာပါ။ ကဲ - ကဲ - ပြန် - ပြန်တော့ - ရပြီ"

သူကြီးဝင်ပြောမှ မနင်းအိနှင့် ဒေါ်ငွက်ထော်သည် မကျေမနပ်နှင့် ထွက်သွားသည်။ သိပ်မကြာလိုက် - ကိုရင်ငယ်ကလေးတစ်ပါး သက်နှင်း ဖိုးရိုးဖားရားနှင့် ရောက်လာပြန်သည်။

"ဟို - ဟို - ဟို - ဘုန်းကြီးကျောင်း လှေဆိပ်မှာ ဦးဖိုးတုတ်ကြီး ရေချိုး နေတယ်ဗျ..."

"ဟုတ်လား - ကိုရင်၊ သူကြီး - ပုလိပ်သားနှစ်ယောက်ခေါ်ပြီး လိုက်သွားဗျာ ...။ ကျုပ် - ဒီမှာ အစီရင်ခံစာတင်ဖို့ ရှိသေးတယ်။ တွေ့ရင် အသေသာ ဖော်ထည့် - ဒီလောက်တောင် ဒုက္ခပေးတဲ့ကောင် ..."

သူကြီး၊ ပုလိပ်သားနှစ်ယောက် ရွာသားအချို့သည် လက်နက်များကိုယ် စီ ကိုယ်င ကိုင်ကာ ထွက်သွားကြသည်။ ဌာနာအုပ်တစ်ယောက်တည်း ကျ ရစ်ခဲ့လေ၏။ ဌာနာအုပ်သည် အသံကို နားစွင့်ရင်း အစီရင်ခံစာကို ရေးမှတ် သည်။ လှေဆိပ်မှ သေနတ်သံများ ဘယ်အချိန်ထွက်ပေါ်လာလေမလဲ



ရင်တထိတ်ထိတ် နားစွင့်နေ၏။ သို့သော် မည်သည့်သေနတ်သံမျှ ထွက်ပေါ် မလာချေ။

ဌာနာအုပ်သည် တစ်ချက်သမ်းဝေလိုက်သည်။ ထိုစဉ် သူ၏နောက်ကျောဘက်ဆီမှ ရိပ်ခနဲ ဝင်လာသော လူရိပ်တစ်ခုကို တွေ့လိုက်ရသည်။

"ဖျောင်း"

"ဒုန်း"

"အောင်မလေးဗျ - သေပါပြီ"

ဌာနာအုပ်၏ဖက်ပိုးဆီသို့ ပြင်းထန်သော လက်ဝါးကြီးတစ်ဖက်၏ ရိုက်ချက်က လျင်မြန်စွာ ကျရောက်သွားသည်။ မာရ်နတ်မင်း၏ လက်ဝါးရိုက်ချက်ကဲ့သို့ ပြင်းထန်ကောင်း ပြင်းထန်ပေလိမ့်မည်။ သူ၏ နဖူးပြင်နှင့် စားပွဲသည် ဂဟေဆက်သကဲ့သို့ ထိထိမိမိ ဒုန်းခနဲ မြည်အောင် ရိုက်ခတ်ဆောင့်မိသွားတော့သည်။ စားပွဲပေါ်မှ အကြွမ်းပန်းကန်လုံးများ၊ စားဖွယ် သောက်ဖွယ် ပန်းကန်ခွက်ယောက်များသည် လွင့်စဉ်ကုန်သည်။

ရိုက်ချက်ပြင်းထန်လွန်းရကား သူကား ရုတ်တရက် မထနိုင်။ နောက်မှ အားယူထကာ ခါးကြားမှ ခြောက်လုံးပြူးကို ဆွဲထုတ်လေသည်။

"ဘယ်ကောင်လဲကွ - ဖက်ပိုးအုပ်သွားတာ"

ပတ်ဝန်းကျင်ကို အထိတ်ထိတ် အလန့်လန့်ဖြင့် လှည့်ပတ်ကြည့်ရှုသေးသည်။ ထိုစဉ် လူတစ်ယောက်ခြံစည်းရိုးကြားထဲသို့ လှစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားသည်ကိုသာ တွေ့လိုက်ရသည်၊ သန်မာထွားကြိုင်လှသည့် ပုဆိုးကွက်တုံးနှင့် လူတစ်ယောက် ...။

"ဟီး - ဟီး - ဟီး"

လက်ထဲမှာ ဓားတစ်လက် ကိုင်ထားသည်။ ရယ်သံနက်နက်ကြီးတစ်သံ ...။ ဌာနာအုပ်သည် ရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးကာ အမှောင်ထဲသို့ ချိန်သမ်း၍ သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။

"ဒိုင်း ..."

နောက်တစ်ချက် -

"ဒိုင်း"

www.burmeseclassic.com

ကျည်ဆန်နှစ်တောင့် ပြောင်းဝမှ အူဝေကာ ထွက်သွားသည်။ အကျိုးမဲ့ ထွက်သွားသော ကျည်ဆန်တွေသာ ဖြစ်သည်။ သေနတ်သံကြောင့် သူကြီးနှင့်တကွ ထွက်သွားသူတွေ အလျင်အမြန် ရောက်ရှိလာပြန်သည်။

"ကိုမြရွှေ - ကိုမြရွှေ"

"ဆရာ - ဆရာ"

"ကိုမြရွှေ - သေနတ်သံ နှစ်ချက် ကြားလိုက်ရတယ်"

ဥာနာအုပ်သည် မျက်လုံးကြီးပြူးကာ၊ တစ်ကိုယ်လုံး တုန်ခိုက်ကာ ကြောင်တောင်တောင်ကြီး ရပ်နေသည်။ သေနတ်ပြောင်းက အောက်ကို စိုက်နေသည်။ သူ့လက်ထဲမှ ခြောက်လုံးပြူး ကျည်ဆန်သည် ဘယ်ပုံဘယ်နည်း ထွက်သွားသည်ကိုလည်း သိရှိဟန်ပင် မတူ၊ သူ့အနားသို့ မည်သူတွေ ရောက်လာသည်ကိုလည်း သတိရှိဟန်မတူ၊ ရုတ်တရက် လေဖြတ်သူလို မလှုပ်ရှားနိုင်တော့။

"ကျုပ် - ကျုပ် - ကျုပ်ကို"

သူ့တပည့်နှစ်ယောက်က -

"ဆရာ - ဆရာ - ဘာဖြစ်သလဲ၊ သေနတ်သံ - သေနတ်သံ"

ဥာနာအုပ်သည် တုန်တုန်ယင်ယင်ဖြင့် -

"ကျုပ် - ကျုပ်ဖက်ပိုးကို အုပ်ပြီး လူတစ်ယောက် ထွက်ပြေးသွားတယ်"

ထိုအခါ ဆားပုလင်း ပုလင်းထောင်က ဝင်၍ -

"ဘယ်သူလဲ - ဘယ်သူလဲ"

ဥာနအုပ်သည် ခြံစည်းရိုးတစ်နေရာကို လက်ညှိုးညွှန်ပြလေသည်။ သူ့ခန္ဓာကိုယ်ကြီးသည် ကွမ်းသီးပင်ကြီးလို ယိမ်းထိုးနေသည်။

"အဲဒီဘက်ကို ထွက်ပြေးသွားတယ်၊ ပုဆိုးကွက်တုံးကြီးနဲ့ ... လက်ထဲမှာလဲ ဓားကြီး ..."

"ဟာ ..."

"ဟင်"

"အို ..."



"အဲဒါ ဖိုးတုတ်ပေါ့ - ဥာနာအုပ်ရဲ့ ...၊ သေနတ်နဲ့ ပစ်လိုက်တာ ထိသွားသလား"

ဥာနာအုပ်သည် ခေါင်းခါပြလေသည်။

"ထိ - မထိတော့ မသိဘူး၊ ပြင်းလိုက်တဲ့ ရိုက်ချက်ဗျာ - မျက်စိထဲမှာ မီးတွေတောင် ပွင့်သွားတယ်၊ လက်အေးကြီးနဲ့ဗျာ"

"လေ့ဆိပ်မှာ ရေချိုးနေတယ် ဆိုသေးရဲ့ - ဒီကောင် ဘယ်လိုလုပ် ဒီဘက်ကို ရောက်လာသလဲ မသိဘူး၊ လျင်လိုက်တဲ့ကောင် - အံ့စရာပဲ၊ မြေလျှိုမိုးပျံ ရောက်လာသလား အောက်မေ့ရတယ်"

အားလုံးပြူးစုစု ဖြစ်သွားကြလေသည်။ အသံကျယ်ကျယ် ရယ်မော၍ မဖြစ်ပေ၊ လူအုပ်ထဲတွင် သူကြီးသားမိုးနက်ကို ကြည့်မရသူတွေ ပါဝင်နေသလို ဖိုးတုတ်ကို ကရုဏာသက်နေသူတွေလည်း ပါဝင်ကောင်း ပါဝင်ပေလိမ့်မည်၊ လူအုပ်ထဲတွင် ဖိုးတုတ် သူငယ်ချင်းတွေ ပါသည်၊ ကြိတ်၍ ဟားတိုက်ကြပေလိမ့်မည်၊ ခပ်ဝေးဝေးတစ်နေရာတွင် ကောင်မလေးတွေ တခစ်ခစ် ရယ်ကြလေသည်၊ နင်းအိအကဲဆုံး။

"ကောင်းတယ် - သေနတ်တကားကားနဲ့ ဟန်ရေးကြွယ်နေတာလေ ..."

"ဖိုးတုတ်ရယ် - ဖက်ပိုးကို အုပ်ထည့်ရသေးတယ်လို့ ...၊ တစ်ခါတည်း ဖက်ကို ဓားနဲ့ ပိုင်းလိုက်ပါလားဟ ..."

ဥာနအုပ်နှင့် သူကြီးကွယ်သည်နှင့် အားလုံးက တဟားဟား ရယ်မောကြပြန်သည်။

"ဟား - ဟား - ဟား"

"ဟီ - ဟီ - ဟီ"

"ခစ် - ခစ် - ခစ်"

— ◆ —

ရွာပုံသို့ ပြန်သွားသော ဥာနာအုပ်သည် နှစ်ရက်ခန့်ကြာလျှင် မျက်နှာသာမယာနှင့် ရွာသို့ ပြန်ရောက်လာပြန်သည်၊ သည်တစ်ကြိမ်တွင် လက်

www.burmeseclassic.com

ရွှေစင်ပုလိပ်အချို့ပါဝင်လာသည်။ အမှုလိုက် ကျွမ်းကျင်သော ဆားပုလင်း တစ်ယောက် ထပ်၍ ပါလာသည်။ သူတို့သည် အထက်မှ အဆင့်ဆင့် ကြိမ်း မောင်းထုထောင်းခြင်း ခံလာရဟန်တူသည်၊ သည်တစ်ကြိမ်တော့ တရားခံ ဝရမ်းပြေးဖိုးတုတ်ကို အမိအရ ဖမ်းပြီး ကြိုးစင်ပို့ရန် သန္နိဋ္ဌာန်ချထားကြဟန် တူသည်။ သူကြီး မြဒင်၏ ပြောပြချက်အရ ပုလိပ်မင်းကြီးသည် ဌာနာအုပ်နှင့် သူကြီးကို သည်ရက်ပိုင်းအတွင်း တရားခံကို မိအောင် မဖမ်းနိုင်ပါက အလုပ် ဖြုတ်၊ ရာထူးချမည်ဟု ကြိမ်းမောင်းထားသည်ဟု ပြောလေသည်၊ သူကြီး လည်း သားတစ်ယောက် ဆုံးရှုံးရသည့်အပြင် သူ၏ သူကြီးဟူသောရာထူး ကိုပါ ထိခိုက်လာပြီဖြစ်သဖြင့် ဘာဆက်လုပ်ရမည်မသိအောင် အာရုံတွေ ပြားလျက် ရှိသည်။

ပုလိပ်အဖွဲ့သည် ရွာ၏ စည်းရိုးအတွင်းအပြင်ကို စည်းစနစ်ကျကျ လှ ဖြန့်နေရာယူကာ စောင့်ဆိုင်းနေကြလေသည်၊

"ခွေးမသား – ဖိုးတုတ်ကို သတ်မှတ်ထားတဲ့ရက်အတွင်း မမိရင်တော့ ရာထူးချခံရဖို့ သေချာပြီ၊ ဟင်း – တွေ့ရင်တော့လား – အသေပဲ၊ အရှင်မဖမ်း ဘူး – သူကြီး၊ ပြန်ခုခံလို့ လက်လွန်သွားတယ် အစီရင်ခံလိုက်မယ်"

"ဟုတ်တယ် – ကိုမြရွှေ၊ ဒီကောင်ကို အသေချသင့်တယ်၊ ခပ်ဝေးဝေး လဲ ရှောင်မပြေးဘဲနဲ့ ...၊ ဒီရွာနဲ့ တောအုပ်ကြားမှာတင် တွေ့တွေ့နေရတာ အခံရခက်လှတယ်ဗျာ၊ တစ်ရွာလုံး ရွာသားတွေကိုလည်း ဖိုးတုတ်ကို ဝိုင်း ဖမ်းဖို့ ကျုပ်ဆော်ဩပြီးပြီ၊ ကျုပ် ရွာထဲ လျှောက်ပြီး စနည်းနာကြည့်လိုက် ဦးမယ်ဗျာ၊ ပြီးတော့ – ဌာနာက လူတွေစားဖို့သောက်ဖို့ဝက်တစ်ကောင် ဖော် နိုင်းလိုက်မယ်"

"လုပ်စမ်းပါဗျာ – ဝက် ဝမ်းတွင်းသားနဲ့ မီးတောက်ချက်အရက် ကလေး"

ဌာနာအုပ်သည် လျှာကို သိမ်း၍ ဝမ်းသာအားရပြောသည်၊

ထို့နောက် ပုလိပ်အဖွဲ့လည်း တာဝန်ထမ်းဆောင်ရန် အသီးသီးထွက် ခွာသွားကြသည်၊ သူကြီးအိမ်တွင် သူကြီးကတော်နှင့် တူမလေးတစ် ယောက်က ညစာချက်ပြုတ်ရန် စီစဉ်ဆောင်ရွက်ရင်း ကျန်ရစ်ခဲ့သည်၊





ငုတ်တုတ်ထိုင်နေသော

လူတစ်ယောက်သည် လေးဖိသော

ဝက်သားတွဲကြီးကိုရင်ခွင်တွင်

ပွေ့ပိုက်ကာ အားပါးတရမြိန်ရေ

ရှက်ရေ စားသောက်ဝါးမျိုနေခြင်း

ပေတည်း။ သူ့ဘေးတွင်သွေးစေးတွေ

ပေကျံနေသော ဓားကြီးတစ်လက်ကို ချထားသေးသည်။

ထူအမ်းအမ်း ဖောသွပ်သွပ် အဆီပြောင်နေသော မျက်နှာပြဲကြီးဖြင့်

အစာရေစာ ဝေါ်ပြတ်နေသော လင်းတတစ်ကောင်လို ဝက်သားတွေကို

အစိမ်းလိုက် စားသောက်နေခြင်းပေတကား။

---

အချိန်ကား ညနေစောင်းပင် ရှိသေးသည်၊ မြစ်ယံဆီမှ လှိုင်းပုတ်သံ၊ အိပ်တန်းတက်ငှက်တို့၏ ဘာသာဘာဝ သာယာသော တွန်သံ၊ မြည်ကျူး သံတွေကိုသာ တစ်ရံမလပ် ကြားနေရသည်၊

ဒေါ်ခင်ဆုံသည် တူမလေးနှင့်အတူ လူအယောက်နှစ်ဆယ်စာခန့်ကို ချက်ပြုတ်နေရသဖြင့် ပင်ပန်းလှလေသည်၊ ထမင်းကျွေးရရုံတင် မဟုတ်၊ အရက်ကလည်း ပါသေးသည်၊ ညစာကို စားကြ၊ သောက်ကြပေဦးမည်၊ ဖိုးတုတ်ကို မမိမချင်း ရွာတွင် မည်မျှမည်မျှကြာအောင် နေထိုင်ကြဦးမည် မသိချေ၊ သားစိတ်ကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ရသည့် အထဲ ဝရမ်းပြေးဖိုးတုတ်ကို ဖမ်းမမိသေးသည်က ပိုဆိုးသည်၊ ဖိုးတုတ်သည် ဝေးဝေးလည်း မပြေး၊ ရွာနားတွင် ရစ်သီရစ်သီ လုပ်နေသည်က တော်တော်



www.burmeseclassic.com

www.burmeseclassic.com

ဆိုးသည်၊ တကယ်တော့ ဗိုးတုတ်သည် ဥပဒေကိုအာခံကာ သူကြီးနှင့်ပုလိပ်အဖွဲ့ကို မျက်နှာပြောင်တိုက် လှည့်ဖြားအရှုးလုပ်နေခြင်းသာ ဖြစ်ပေသည် တကား။

"မိစိန် - မီးခွက်ထွန်း - မီးခွက်ထွန်း"

မှောင်စ ပျိုးနေပြီဖြစ်သဖြင့် နောက်ဖေးတွင် ထမင်းချက်နေသော ဒေါ်ခင်ဆုံက တူမကလေး မိစိန်ကို မီးမိုးတလူလူကြားမှ လှမ်းပြောလိုက်သည်၊ ဟင်းက မချက်ရသေး၊ ဝက်သားချက်ရမည်၊ ချဉ်ရည်ဟင်းချက်ရမည်၊

"ပြီးရင် - ဝက်သားတွေကိုင်တော့ကွယ့်၊ ဝက်သားအချိန်ဘယ်လောက်မှာထားတာတုံး ..."

"လေးပိဿာ - ဒွေးလေး၊ မနက်စာအတွက်ပါ ရောမှာထားတာ၊ လူတွေက များတယ် - ဒွေးလေး၊ အလုံတစ်ခုလောက် ရှိရော့မယ်"

"အေး - ဝက်သားကိုင်တော့"

မိစိန်သည် ထရံတွင် ထိုးထားသော ဓားမကို ယူကာ စဉ့်တီးတုံးကို လိုက်ရှာသည်၊

"ဒွေးလေး - ဘယ်မှာလဲ ဝက်သားတွဲကြီး"

"ဟဲ့ - ရေကပြင်မှာလေ"

မိစိန် အပြင်သို့ ထွက်သွားသည်၊ အပြင်တွင် မှောင်ရီပျိုးစ ပြုနေပြီ၊ မိစိန်သည် ဟိုဟိုသည်သည် လျှောက်ရှာသေးသော်လည်း ဝက်သားတွဲကြီးကို မတွေ့ရချေ၊ မိစိန် နည်းနည်း တွေဝေသွားသည်၊

"ဒွေးလေး - ဝက်သားတွဲကြီးက မရှိပါလား"

"ဟဲ့ - ကွယ် - ရှိပါသကော၊ စဉ့်အိုးဘေးမှာလေ ...၊ နီးကြီးတွေနဲ့ တုပ်ထားတာ မတွေ့ဘူးလား"

"မရှိဘူး - ဒွေးလေးရဲ့၊ လာရှာပေးဦး"

ဒေါ်ခင်ဆုံသည် ထမီတိုတို ပြင်ဝတ်ကာ ရေကပြင်သို့ ထွက်လိုက်လေသည်၊ မြေကြီးပေါ်သို့ ဒေါ်ခင်ဆုံ ခြေချလိုက်သည်နှင့် ရေခဲရိုက်ထားသော လက်အေးကြီးလို အေးစက်စက်လက်အေးကြီးတစ်ဖက်ဖြင့် ဒေါ်ခင်ဆုံ၏ တင်ပါးကို ဖြန်းခနဲ လာရိုက်လေသည်၊



"အောင်မလေး - ဘယ်မသာ - ငါ့ဖင်ကို ချတာလဲ ဟဲ့"

ဒေါ်ခင်ဆုံသည် မီးခွက်ကို မြှောက်ကာ ဟိုဟိုသည်သည် လိုက်ရှာသည်၊ မည်သူမျှ မရှိ၊

"ငါ့ဖင်ကို ချသွားတာ ဘယ်သူလဲလို့ မေးနေတယ်လေ"

ဒေါ်ခင်ဆုံ ကြွက်သီးတွေ တဖြန်းဖြန်းထ လာသည်၊

"မိစိန် - နင့်ဘေးက မီးခွက်ပြစမ်း၊ တော်တော် လက်သရမ်းတဲ့ကောင်၊ ဘယ်ကောင်လဲမသိဘူး၊ လူလည်း မတွေ့ရသေးဘူးဟဲ့ ..."

ရုတ်တရက် ကြောက်မက်ဖွယ် ရယ်သံကြီးတစ်ခု ...၊

"ဟီး - ဟီး - ဟီး"

"အမလေး - ဘယ်သူ့ရယ်သံကြီးလဲ - ကြောက်လိုက်တာ"

ဒေါ်ခင်ဆုံသည် မီးခွက်ကိုမြှောက်ကာ ရယ်သံလာရာဆီသို့ အထိတ်တလန့် လှမ်းကြည့်လေသည်၊

"အမလေး - လေး - ဘုရား - ဘုရား"

ဒေါ်ခင်ဆုံသည် အမေလေးသာ တ နိုင်ပြီး နှလုံးသွေးရပ်သလို ဖြစ်ကာ တောင့်တောင့်ကြီး ဖြစ်သွားသည်၊ လက်ထဲက မီးခွက်ကို ပစ်မချ၊ စဉ့်အိုးကြီးဘေးတွင် ငုတ်တုတ်ထိုင်နေသော လူတစ်ယောက်သည် လေးပိဿာ ဝက်သားတွဲကြီးကို ရင်ခွင်တွင် ပွေ့ပိုက်ကာ အားပါးတရ မြိန်ရေရှက်ရေ စားသောက်ဝါးမျိုနေခြင်းပေတည်း၊ သူ့ဘေးတွင်သွေးစေးတွေ ပေကျံနေသော ဓားကြီးတစ်လက်ကို ချထားသေးသည်၊ ထူအမ်းအမ်း ဖောသွပ်သွပ် အဆီပြောင်နေသော မျက်နှာပြဲကြီးဖြင့် အစာရေစာ ဝတ်ပြတ်နေသော လင်းတတစ်ကောင်လို ဝက်သားတွေကို အစိမ်းလိုက် စားသောက်နေခြင်း ပေတကား၊

"အ - အ - အ - အမလေး - ဗိုးတုတ် - ဗိုး - ဗိုးတုတ်ဟဲ့"

"အမေရေ - ငုတ်တုတ်ကြီး"

ဒေါ်ခင်ဆုံတစ်ကိုယ်လုံး နတ်ပူးသလို ဖြစ်ကာ တဆတ်ဆတ်တုန်နေလေသည်၊ မိစိန်သည် "ငုတ်တုတ်ကြီး" ဟုသာ တစ်ချက်သာ အော်ပြီး အိမ်ခေါင်သို့ တက်ပြေးတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ဖိုးတုတ်သည် ပါးစပ်ပြဲကြီးတစ်ဝိုက်တွင် ဝက်သွေးနီနီတွေက ပေကျံနေသေးသည်။ ရှည်လျားသော လျှာကြီးကလည်း ထွက်လာလိုက်သေးသည်။ တပျပ်ပျပ်မြည်ကာ စားသောက်နေခြင်းဖြစ်လေသည်။

"ဖိုးတုတ် - ဖိုးတုတ် - ငါ့သားကို သတ်သွားတဲ့ဖိုးတုတ်ဟဲ့"

ဒေါ်ခင်ဆုသည် ဆက်၍ပြောရန် အသံပင် မထွက်နိုင်တော့ဘဲ ရုတ်တရက် လေဖြတ်သူကဲ့သို့ ဖေါင်ဖေါင်ကြီးမတ်တတ်ရပ်နေမိသည်။ ထို့နောက်မှ သတိဝင်လာကာ အိမ်ပေါ်သို့ တက်ပြေးလေသည်။

အိမ်ပေါ်ရောက်လျှင် တံခါးတွေကို အလုံပိတ်ကာ တံခါးကြားမှ ချောင်းကြည့်နေသည်။ ထိုအချိန်တွင် နောက်ဖေးရှိစဉ့်အိုးကြီးကို ရိုက်ခွဲသံ၊ ပန်းကန်ခွက်ယောက်တွေကို ပေါက်ခွဲသံ၊ တဲတိုင်တွေကို ဓားဖြင့် ဒေါသတကြီး တဒုန်းဒုန်း ခုတ်ထစ်နေသံတွေ ကြားနေရသည်။

စဉ့်အိုးကြီးကို ရိုက်ခွဲ၍ အုန်းခနဲအသံနှင့်အတူ၊ ရေတွေ တရဟော ထွက်ကျသံနှင့်အတူ ဝက်သားတဲ့ကြီးကို တပျပ်ပျပ် စားသောက်နေသံပါ ထွက်ပေါ်လာပြန်လေသည်။

ဖိုးတုတ်သည် စိတ်ရှိ လက်ရှိ သောင်းကျန်းပြီးသောအခါ ခြံအပြင်သို့ ဓားကြီး ဆွဲလျက်ထွက်သွားလေသည်။ ဒေါ်ခင်ဆုတို့တူဝရီးနှစ်ယောက်သည် မူလခန္ဓာကိုယ်ထက် နှစ်ဆမက ထွားကြိုင်းသန်မာကာ ဘီလူးသရဲစိတ်ပေါက်နေသော ဖိုးတုတ်ကို တုန်တုန်ခိုက်ခိုက် ချောင်းကြည့်ရင်း အသံပင် မထွက်ရဲကြချေ။

"ဘုရား - ဘုရား - သေခြင်းဆိုးဖိုးတုတ် - မျက်လုံးကြီးကလည်း ပြူးထွက်လာလိုက်တာ - မျက်နှာပြဲကြီးနဲ့"

ဒေါ်ခင်ဆုသည် ကြောက်ရွံ့လွန်းသဖြင့် ရှုံးရှုံးတွေ ထွက်ကျကုန်သည်။ မိစိန်သည် ရယ်ချင်စိတ်ကို အံကြိတ်၍ မျိုချနေရသည်။

ဒေါ်ခင်ဆုနှင့် မိစိန်သည် တံခါးကြားထဲတွင် ပုန်းအောင်းနေရာမှ သေလုမတတ် ကြောက်လန့်နေကြစဉ် အိမ်ထဲသို့ ဆူဆူညံညံဖြင့် ဝင်လာသောလူကြောင့် တံခါးကြားမှ တုန်တုန်ရီရီ ထွက်လာလေသည်။ ရွာထဲမှ ဗိန္ဒောဆရာ



ကြီး ဦးရွှေရပင် ခေါ်းပေါင်းစ,တလှုလှုနှင့် လိုက်ပါလာလေသည်။ အကြောင်းထူးတော့ ရှိမည်။

ဌာနာအုပ်မြရွှေသည် ခြောက်လုံးပြူးကြီးကို လက်ကမချဘဲ လက်ကားကား ခြေကားရားဖြင့် -

"တော့တော့ဆိုင်ဆိုင် တွေ့လိုက်ရပြီးမှ မပစ်လိုက်ရတာ နှာသကွာ ...။ တကယ့်ကို ကျုပ်နဲ့ ဖိုးတုတ် တော့တော့ဆိုင်ကြီးပါဗျား၊ ပုဆိုးကွက်တုံး ကျောပြောင်ကြီးနဲ့ ...။ ဟုတ်ပါပြီ - ဓားကြီးကလည်း တဝင့်ဝင့်နဲ့ ...။ ကျုပ်ကို ပြေးခုတ်တော့မယ့်အတိုင်းပဲ ...။ ကျုပ်လည်း ခြောက်လုံးပြူးကို မောင်းတင်တုန်းရှိတာ ထွက်ပြေးသွားတာ လျင်လိုက်တာဗျာ ..."

ဒေါ်ခင်တုတ်သည် အကြောင်းစုံကို ရှင်းပြလိုက်သည်။

ထိုအချိန်တွင် တစ်ချိန်လုံး ငြိမ်သက်နားထောင်နေသော ဗိန္ဒောဆရာကြီး ဦးရွှေရသည် အသံတုန်တုန်ဖြင့် ဝင်၍ မှတ်ချက်ပြုစကားဆိုတော့လေသည်။

"မဟုတ်ခါမှလွဲရော - ဒီကောင်ထိုးထားတဲ့ - ပြီးဆေးတွေက ခုမှ တကယ်အာနိသင်ပြနေပြီထင်တယ်။ ဝက်သားတွေ စားတာ အကြောင်းမဲ့ မဟုတ်ဘူးကွ။ ပြီးဆေးတစ်မျိုးက ဝက်သားနဲ့ ဖော်စပ်ရတာ ရှိတယ်။ အင်းဆံအကွရာတွေကို မိုင်းကိုင်စတ္တူမှာ ခဲတံနဲ့ရေး၊ ဝက်သား ငါးဆယ်သားကို ဆီငါးကျပ်၊ ငရုတ်၊ ကြက်သွန် သင့်တင့်အောင်ထည့်ပြီး ဆီပြန်ချက်၊ ဆီးသားယောက်မနဲ့ မွှေရမယ်။ သက်ဆိုင်တဲ့ဂါထာကို ပိမိသက်စေ့ရွတ်၊ ရာဇမတ် ကာထားတဲ့အထဲကနေချက်ရမယ်။ ကျက်ပြီဆိုရင် ထမင်းလွတ် ဝက်သားကို တစ်ထိုင်တည်း ကုန်အောင်စား။ အမလေး - အင်မတန်ကောင်းတဲ့ဆေးကွယ်။ ရန်ကို အောင်မြင်တယ်၊ ခရီးလျင်မြန်တယ်၊ ရေမနစ်ဘူး၊ ကိုယ်ပျောက်တယ်၊ ကောင်းကင်သို့ပင် ပျံတက်နိုင်တယ်။ အေး - သီလတော့ မြဲရမယ်၊ ငါးပါးသီလ လုံခြုံရမယ်"

ဌာနာအုပ်မြရွှေသည် ဗိန္ဒောဆရာကြီး ဦးရွှေရ၏စကားကို မကြားတစ်ချက်၊ ကြားတစ်ချက်ဖြင့် ရူးချင်သလိုလို ငိုချင်သလိုလိုဖြစ်ကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးရယ် - ဒီကောင် - ဆရာကြီးပြောသလို မြေလျှိုးမိုးပျံပေါက် မြောက်နေပြီထင်ပါရဲ့...။ ဒီအတိုင်းဆို ကျွန်တော်တို့တော့ အရှက်ကွဲအကျိုးနည်းရပြီထင်ပါရဲ့ခင်ဗျာ။ ဒီကိစ္စ မြန်မြန်ပြီးမှ အေးမှာပါ။ စစ်ပုလိပ်တွေ ပြန်ပြီး ဆင့်ခေါ် - အင်အားဖြည့် - တောနင်းရှာ - မြေလှန်ရှာမှဖြစ်တော့မယ် ထင်ပါရဲ့ခင်ဗျာ"

ထိုအခါ သူကြီးက ဝင်၍ -

"ဟုတ်တယ် - ကိုမြရွှေ။ ဒီကောင် မြေလျှိုးမိုးပျံသိဒ္ဓိပေါက်နေပြီဗျ၊ အဲဒါ အသာထားဦး - ကျုပ်တို့တော့ ဒီည ဝက်သားဟင်းနဲ့တော့ ဝေးပြီဗျို့...။ ဝက်သားလေးပိသာလုံး ဖိုးတုတ်မျိုသွားပြီ မဟုတ်လား - ဘုရား - ဘုရား - ဒီကောင် ငတ်ပြတ်နေပြီ"

ထို့နောက် မနက်က ကျန်နေသော ကြက်သားအရိုးအရင်းများနှင့် ဘူးသီးကို ရောနှောကာ ကာလသားချက် ချက်လိုက်ရတော့သည်။ ထိုအခါ ဖိုးတုတ် ၏ယောက်ဖ မြင့်ဆောင်သည် ဆပ်ကပ်လူပြက်မျက်နှာကဲ့သို့ ပရိသတ်ဘက်သို့လှည့်၍ ပြောင်ချော်ချော်လုပ်ပြသည်။

"ကောင်းလိုက်တာ ... ဝမ်းသာတယ်"

—◆—

ကျွဲတာကျေးရွာကလေးတွင် နံနက်လင်းအားကြီး ကျေးငှက်တွေ အိပ်နိုးထ,ရုန်းမှစ,ကာ အနောက်ဘက်တောအုပ်တွင် ဆူဆူညံညံ ဖြစ်နေကြပြီ။ ဌာနာအုပ်မြရွှေ၊ ဆားပုလင်း ပုလင်းထောင် အပါအဝင် စစ်ပုလိပ် စစ်ခွေးများပင် အင်ပြည့် အားပြည့် ပါလာကြလေသည်။ စုစုပေါင်း လူအင်အားတစ်ရာခန့် ရှိပေမည်။

"ဟော့ - မြစ်ထဲမှာလည်း လှေတွေနဲ့ စောင့်တဲ့အဖွဲ့က စောင့်နေရမယ်ကြ၊ နေရာမလွတ်စေနဲ့ ...။ ကျန်တဲ့လူတွေ တောထဲဝင်ပြီး မြေလှန်ရှာမယ် ပေါက်တူး၊ ဂေါ်ပြားပါမကျန် သယ်လာခဲ့ကြ။ ဒီနေ့မှ ဒီကောင့်ကို မမိရင် ငါ အလုပ်ထွက်မယ်၊ ဟော့ - စစ်ခွေးတွေ ခေါ်လာခဲ့ကြတော့ ...။ လက်နက် အပြည့်အစုံနဲ့ တောခြောက်တောနင်းရှာကြမယ်။ တွေ့ရင် လက်မနှေးနဲ့ ...။ နောက်ပြသနာ နောက်နောင်ကြည့်ရှင်းကြမယ်"

ဗြိတိသျှပုလိပ်အဖွဲ့မှ အထူးလေ့ကျင့်သင်တန်းပေးထားသော စစ်ပုလိပ် စစ်ခွေးများသည် တရှူးရှူး တရှဲရှဲ မာန်ဖီကာ ဆွဲထားသည့် သံကြိုးလည်ပတ်များကိုပင် ရုန်းကန်ထ,ကြွကာ သောင်းကျန်းနေကြသည်။ စစ်ပုလိပ်ခွေးများသည် ဟိန်းဟောက်ကာ တကြွကြွဖြစ်နေကြပြီ။ ကိုက်ဖဲ့ချင်နေကြပြီ။ ဖိုးတုတ်ရေ - လွတ်အောင်သာ ပြေးပေတော့ ဟော့ ...။

"ကဲ - ကဲ - ကိုယ့်တာဝန်ကိုယ် သိကြပစေ"

သူကြီးနှင့် ဌာနာအုပ်မြရွှေသည် နစ်လုံးပြူး၊ ခြောက်လုံးပြူးကိုယ်စီနှင့် လက်အောက်ငယ်သားများကို ဟိန်းဟောက်မာန်သွင်းကာ တောနက်ထဲသို့ စတင်ဝင်ရောက်လာပြီဖြစ်သည်။ မြစ်ပြင်ပေါ်တွင် ဝိုင်းပတ်ပိတ်ဆို့ထားသော လှေသမ္ဗန်များပေါ်၌ ပုလိပ်များကလည်း ရေလမ်းကြောင်းတွင် ပိတ်ဆို့ရှာဖွေမှုကို ပြုလုပ်နေကြသည်။ မြစ်ထဲမှာ ဆူညံပွက်လောရိုက်နေကြပြီ။

မြစ်လမ်းတစ်လျှောက် ရွာများသည် တရားခံ ဖမ်းဆီးပွဲကို ပွဲတော်ကြီးတမျှ ကမ်းလုံးညွတ် လာရောက်ကြည့်ရှုကြကုန်သည်။ တောထဲတွင်လည်း တစ်နေကုန်နေကြရမည်မို့ ရိက္ခာသယ်သူသယ်၊ အထုပ်အပိုးပြင်သူပြင်နှင့် မှုရှက်ဆိတ်တွေလို အလုပ်ရှုပ်နေကြလေသည်။

သူကြီးသည် နစ်လုံးပြူးသေနတ်ကြီးကို ထမ်းကာ ရှေ့ဆုံးမှဦးဆောင်၍ တောထဲသို့ ဝင်နေစဉ် သူ့ဘေးမှ ဌာနာအုပ်ကလည်း ကျီးကန်းမျက်စိကဲ့သို့ ဘတ်ဝန်းကျင်ကို တောင်ကြည့်၊ မြောက်ကြည့် အကဲခတ်ရင်း လိုက်ပါလာသည်။ ပုလိပ်သားများ၊ ရွာသားများသည် ကိုင်းခုတ်ဓားများဖြင့် ခုတ်ထွင်ကာ တောနက်ထဲသို့ တဖြည်းဖြည်း ဝင်လာကြလေပြီ။

စစ်ပုလိပ်ခွေးများကလည်း လျှင်မြန်ဖျတ်လတ်စွာ မာန်သွင်းကာ ဘဟဲဟဲ အော်မြည်၊ ဟိုချုံဝင် သေးပန်း၊ သည်ချုံဝင် မစင်စွန့်နှင့် ထင်တိုင်းကြဲနေကြတော့သည်။ ဟန်ရေးကြွယ်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ပုလိပ်သားတစ်ယောက်သည် ခွေးတစ်ကောင်ကို ကြိုးဖြေပေး လိုက်သည်။ ခွေးသည် မာန်သွင်းဟိန်းဟောက်ကာ တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ရွာသားနှင့် ပုလိပ်အဖွဲ့သည် တောထဲသို့ ပျော်ပွဲစားထွက်လာကြသည့် ပမာ ရယ်မောလျှောက်ပြောင် စားသောက်ရင်း တရွေ့ရွေ့တိုးဝင်လာကြပြီ။ တောချုံများကား ရှုပ်ထွေးလှပါသည်။ ကြီးမားသောသစ်ပင်ကြီးများသည် စိမ်းညို့အုပ်ဆိုင်းနေကာ ကြောက်မက်ဖွယ် ထူပိန်းနက်မှောင်ကာ နေပြောက်ပင် မထိုးပေ။ ရေအိုင်ငယ်များ၊ ရွှံ့နွံများသည် နေရာအနှံ့ ရှိနေပြီး တောဝက်ခြေရာ၊ တိရစ္ဆာန်ခြေရာများကို တွေ့ရသည်။

တစ်နာရီခန့် ကြာသွားသည်။ မည်သို့မှ ထူးခြားမလာပေ။

ထိုစဉ် ခွေးများသည် ရှေ့သို့ တိုး၍ တိုး၍ သွားနေရာမှ ရုတ်တရက်ရှေ့ သို့ မတိုးကြတော့ဘဲ ရပ်တန့်ကာ တစီစီ မြည်နေကြတော့သည်။

"ဒီကောင်တွေ ဘာဖြစ်တာလဲကွ ..."

ပုလိပ်ကြပ်တစ်ယောက်သည် သူ့လက်ထဲမှ ခွေးကို ချော့မြူရင်း အံ့ဩ သောမျက်နှာဖြင့် -

"ဒီကောင်တွေ တစ်ခါမှ ဒီလို တအီအီမမြည်ဖူးဘူး၊ တစ်ခုခုတွေ့ပြီး ကြောက်လန့်နေပုံပဲဗျ။ ဌာနာအုပ်ကြီး - ခွေးတွေ အမြီးကုပ်ကုန်ကြပြီဗျ"

ဌာနာအုပ်သည် မျက်နှာကြီး တစ်ချက်မဲ့ရွဲ့ကာ -

"ဘာဖြစ်ကြတာလဲ၊ ဒီခွေးတွေက စောစောကတော့ရန်သူကိုဗိုလ်မထား ကိုက်တော့၊ ဖွဲ့တော့မယ့်အတိုင်းပဲ။ ခု - ဘယ်လိုဖြစ်လို့ ကြောက်ချေးပါ ကုန်ကြတာလဲ ..."

ပုလိပ်ကြပ်တစ်ယောက်က မျက်စိ မျက်နှာပျက်ပြီး -

"ဟုတ်တယ် - ဒီခွေးတွေက အင်္ဂလန်ကနေ အထူးလေ့ကျင့်သင်တန်း ပေးပြီး ဒီကိုပို့လိုက်တာ၊ လက်ရွေးစင် စစ်ခွေးတွေပါခင်ဗျ။ ရန်သူကိုတွေ့ရင် နောက်မဆုတ်တမ်း အသေခံပြီး ရင်ဆိုင်ဝံ့တဲ့ကောင်တွေ၊ အမိန့်ကို ဖြေဝယ် မကျ နာခံတတ်တယ်၊ ဒီကောင်တွေ - ခု - ဘယ်လိုဖြစ်ပြီး တွန့်ဆုတ်တွန့်



ဆုတ်ဖြစ်နေကြပြီး တောထဲက ခွေးတွေနဲ့ပေါင်းပြီး အူနေရတာလဲ၊ အဲ - ကိုယ့်လူတွေ သတိထားကြဟေ့၊ တစ်ခုခုတော့ တစ်ခုပဲ - ထူးခြားတယ်"

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။ ရွေ့လျားနေရာမှ စုရပ် တွင် ရပ်တန့်လိုက်ကြသည်။ ခွေးများသည် ရှေ့သို့ ဆက်၍မတိုးဝံ့တော့ သည်သာမက မာန်ပင် မဖီနိုင်တော့ဘဲ ခွေးဇာတိပြကာ အမြီးကုပ်၍ အူကြ လေတော့သည်။ တချို့ကောင်တွေ ဖင်တရွတ်ဆွဲနေကြပြီ။

"အူ - ဝူး - ဝူး - အူ"

"အူ - ဝူ - ဝူ"

"အူ - အူ - ဝူး - ဝူး"

ပုလိပ်ခွေးများသည် တစ်ကောင်နှင့်တစ်ကောင် အချက်ပေးလိုက် သကဲ့သို့ ဖြစ်ပြီး ခွေးပီပီ မူလဇာတိရုပ်ကို သိက္ခာကျမခံဘဲ သံပြိုင်ညီညာ တက်ကြွစွာ အူကြပြန်လေသည်။

နေ့ခင်းကြောင်တောင်ကြီး ခွေးတွေ တစီစီအူကြပြန်သဖြင့် အားလုံး ရင်တုန်ပန်းတုန် မျက်စိမျက်နှာပျက်ကာ ကြောင်တောင်တောင် ဖြစ်နေကြ လေပြီ။

"အူ - ဝူး - ဝူး"

ထိုအခါ အားလုံး တထိတ်တလန့် ဖြစ်ကာ မီးခိုးမှိုင်းတိုက်ခံရသော မြေ တွင်းထဲမှ ကြွက်တွေလို ကုန္တေ့မရ ဖြစ်လာကြသည်။

"ဘယ်လိုဖြစ်ပြီး - ဒီအသေခံခွေးတွေက အူနေကြရတာလဲ၊ ကျက် သရေယုတ်လိုက်တာကွာ ..."

"ဟုတ်တယ် - တခြားတောထဲက အလေ့ကျခွေးတွေပါ ရောယောင်ပြီး အူကုန်ကြပြီ"

မှန်ပေသည်။ တောထဲတွင် အလေ့ကျပေါက်ဖွားကာ နေထိုင်ကြသော တောခွေးများကိုပင် ဘုမသိဘမသိ ကူးစက်ပြီး အူကုန်ကြလေပြီကော။

"တစ်ခုခုတော့ - တစ်ခုခုပဲဟေ့ - သတိနဲ့နေကြ"

"ခွေးတွေ ကြောက်စရာတစ်ခုခု တွေ့လို့ပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသော ယောက်ျားရင့်မာကြီးများသည် ရှေ့လည်း မတိုးဝံ့၊ နောက်လည်း မဆုတ်ဝံ့ကြဘဲ ရပ်တန့်ငေးမောနေကြစဉ် ကိန် - ကိန် - ကိန် ဟူသော ငယ်သံပါအောင် အော်ဟစ်လိုက်သော ပုလိပ်ခွေးတစ်ကောင်သည် တောထဲမှ သွေးရူးသွေးတန်း ပြေးထွက်လာကာ ခြေလေးချောင်းကို ကိုင်၍ အပစ်ခံလိုက်ရသကဲ့သို့ လေထဲသို့ မြောက်တက်သွားပြီ၊ "ဂိန် - ဂု" ဟုသာ အော်နိုင်ပြီး လူအုပ်စုရှေ့သို့ ခွေးကျကျလာလေသည်၊ ထို့နောက် လဲကျနေရာမှ ကုန်းရုန်းထ.ကာ ဖက်ကြိုးကိုင် မူလသခင် ပုလိပ်ခြေကြားထဲသို့ ကြောက်လန့်တကြား တိုးဝင်ပြီး တစ်ကိုယ်လုံး တုန်ခိုက်နေသည်၊ ခွေးစွမ်းကောင်း အာဂခွေးမျိုးတွေပါတကား။

"ကိန် - ကိန် - ဂု - အု"

နောက်တစ်ကောင် အော်သံ ကြားရပါပြီ၊

"ဟိုက်"

"အမလေး"

"ဟင်"

"ခွေးတစ်ကောင် - လေထဲမှာ မြောက်တက်လာပြီဟေ့"

"ဟိုက် - ခွေးကျကျပဟ"

ထိုခွေးသည် ပထမဦးဆုံး ကြိုးဖြေလွှတ်လိုက်သော ခွေးဖြစ်သည်၊ ခွေးသည် လေထဲတွင် အမြင့်ပြေးဖရီးကစ် ဘောလုံးကဲ့သို့ ပျံဝဲမြောက်တတ်သွားပြီး လမုပင်ကြီးနှင့် ထိမှန်ကာ ပင်ခြေသို့ ပြုတ်ကျလေသည်၊ ယက်ကန်ယက်ကန်ဖြစ်နေသည်၊

"ကိန် ..."

လူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြပြန်သည်၊ ရန်သူသည် ကိုယ်ဖျောက်ကာ တိုက်ခိုက်နေပြီလော၊ လမုပင်အောက်သို့ ပြုတ်ကျလာသောခွေးသည် ငယ်သံပါအောင် အော်ဟစ်ရင်း ကြောက်ရွံ့ခြင်းကြီးစွာဖြင့် ဇင်တရွတ်ဆွဲကာ ချာလပတ်လည်နေသည်၊ ကျန်သည့်ခွေးများလည်း အမြီးကုပ်ကာ အူပင် မအူရဲကြတော့ပေ၊



"ဟေ့ - ထူးဆန်းတယ်ဟေ့၊ ဘာဖြစ်တာလဲမသိဘူးကွ"

"သတိနဲ့နေကြဟေ့ - အန္တရာယ် ရှိနေပြီ"

"ဟုတ်တယ် - ခွေးတွေ အမြီးကုပ်ကုန်ပြီ"

သူကြီးနှင့် ဌာနာအုပ်သည် ရှေ့တိုးရန်လည်းအခက်၊ နောက်ဆုတ်ပါကလည်း သိက္ခာကျတော့မည်မို့ အကြံအိုက်နေစဉ်မှာပင် ဆိုးဝါးပြင်းထန်သော အနံ့ကြီးတစ်ခုကို ရှူရှိုက်မိကြသည်၊

— ◆ —

"ဟာ - ဘာအနံ့ကြီးလဲ၊ ပုပ်အက်အက်ကြီး၊ ဆိုးဝါးလိုက်တာ - ထွီ"

"ဝေါ့ - ထွီ"

"အမလေး - ပုပ်စော်နံလိုက်တာဟော့"

ဌာနာအုပ်သည် ခြောက်လုံးပြူးကို ခြောက်ခနဲ မောင်းတင်လိုက်သည်၊ ခရိုနိကျမှ မထူးတော့၊ သေနတ်ကြီး ကိုင်ထားပါလျက် နောက်ဆုတ်၍မဖြစ်တော့ပေ၊ သတ္တိကြောင်ရာ ကျတော့မည်၊ သည်လိုတော့ အဖြစ်မခံ။

"ကဲ - ရှေ့ကို တက်ကြမယ်ဟေ့"

သူကြီးသည် သူ၏ နှစ်လုံးပြူးကြီးကို ရှေ့သို့ ထိုးချိန်လိုက်လေသည်၊ ရှေ့သို့ ခြေတစ်လှမ်း မတ့်မရဲလှမ်းသည်၊ ပုလိပ်ခွေးတွေက အူနေကြဆဲ ...၊

လေသည် တသွင်သွင် စုန်၍တိုက်နေလေရာ ဆိုးဝါးနံစော်လှသော အပုပ်နံ့သည် သူတို့အားလုံး၏ နှာခေါင်းထဲသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာလေသည်၊ လေစုန်တွင် လွင့်မျောပါလာသော အပုပ်နံ့သည် မေ့လဲကျမတတ် နံစော်လွန်းလှရကား သူကြီးသည် ချောင်းတဟွတ်ဟွတ် ဆိုးတော့သည်၊ ဌာနာအုပ်နှင့် ပုလိပ်သားများသည် နှာခေါင်းကို လက်ဝါးဖြင့်အုပ်၍ ပိတ်ထားကြသော်လည်း ရန့်က လိုက်၍လိုက်၍ တက်လာမြဲ ...၊ တချို့တဝေါဝေါဖြင့် ပျို့အန်နေကြပေပြီ၊

ထိုအချိန်တွင်တောကျိုးကန်းအချို့၏ ရုတ်တရက်လန့်ပြိုသံ၊ ငှက်များ၏ အလန့်တကြား တဖြုန်းဖြုန်း ထ.ပျံသံ၊ တောထဲမှ အလေ့ကျတောခွေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပုလိပ်ခွေးများ၏ ကြောက်ခွဲဖွယ် အူသံများသည် ကြောက်မက်ဖွယ် ထွက်ပေါ်လာပြန်လေတော့သည်။

သူကြီးသည် နစ်လုံးပြူးသေနတ်ကြီးကို ကိုင်ထားပါလျက်နှင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ တောထဲမှ လူအုပ်ကြီးသည် ပြန့်ကြဲနေရာမှ တဖြည်းဖြည်း စုစည်းလာကာ နီးစပ်ရာ ဝါးရုံတောအေးရှိ သစ်ပင်ကြီးတစ်ပင်ဆီသို့ စုဝေးပြေးကပ်လာကြသည်။

"ဒီနေရာက ပိုဆိုးနေပါလား - နံလိုက်တာ"

"ဟုတ်တယ် - ဝေါ့ - ထွီ"

"ဆိုးလိုက်တဲ့အပုပ်နံ့ ..."

ခွေးများသည် ကြောက်မက်ဖွယ်အူသံကြီးများဖြင့် ဝမ်းခေါင်းသံ ထွက်အောင် အူကြပြန်ပါလေသည်။ ထိုအခိုက် သူကြီးသည် ဌာနာအုပ်၏ ဦးခေါင်းထက်ရှိ ဦးထုပ်နှင့် ပခုံးပေါ်တွင် တစ်စုံတစ်ရာတွေ လွင့်စဉ်ကျလာသည်ကို လှမ်းမြင်လိုက်ရသည်။

"ကိုမြရွှေ - ကိုမြရွှေ - ခင်ဗျားဦးထုပ်နဲ့ ပခုံးပေါ်မှာ လောက်ကောင်တွေဗျ ..."

"ဟင်"

မှန်ပေသည်။ ရေမလောက်ကောင်ကြီးဆယ့်ငါးကောင်ခန့်သည် ဌာနာအုပ်၏ဦးထုပ်၊ ပခုံးပေါ်တွင် တလူးလူး တလွန့်လွန့် တရွရွ ပြုတ်ကျ၍ လှုပ်ရှားနေသည်ကို တွေ့လိုက်ကြရလေသည်။

"ဟုတ်တယ်ဗျ - ကျုပ်ကိုယ်ပေါ်မှာတင်မကဘူး။ နေပါဦး - မြေကြီးပေါ်မှာလည်း လောက်တွေ ဖွေးဖွေးလှုပ်နေပါကလားဗျ"

"အေးဗျ - လောက်တွေ - လောက်ကောင်တွေ"

သူကြီး၏စကားဆုံးသည်နှင့် ပုလိပ်သားတစ်ယောက်က သူတို့၏ အထက်ရှိ သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်သောအခါ -

"အမလေးဗျ"

ပုလိပ်သား၏အော်သံဆုံးသည်နှင့် အားလုံး သစ်ပင်ပေါ်သို့ စုပြုံမော့ကြည့်လိုက်ကြတော့သည်တကား။



"ဟိုက် ..."

"ဟင် ..."

"အမလေး"

"ဘုရား - ဘုရား"

"အမလေး - လူသေကောင်ကြီးဟေ့။ ခြောင့်တန်းလန်းနဲ့ သေနေပါပကောလားဗျ။ ကြည့်စမ်း - ဘယ်သူလဲဟေ့"

မှန်ပေသည်။ တစ်ကိုယ်လုံးပုပ်ပွဖောယောင်ကာ အပုပ်ရည်တွေ စီးကျပြီး လောက်ကောင်တွေ တဖွားဖွားကျနေပြီဖြစ်သော လူသေအလောင်းကောင်ကြီးသည် လေအဝေ့တွင် ဝှေ့ယမ်းနေလေသည်။ ဝါးရုံတောမှ ဝါးကိုင်းတံဖြင့် ညွှတ်၍ထောင်ထားသော တောဝက်ထောင်ချောက်တွင် မိနေကာ ရင်ဘတ်ပွင် ဝါးချွန်ခြောင့်တစ်ခုက ထုတ်ချင်းခတ် စိုက်ဝင်နေသည်။

အလောင်းကောင်ကြီးသည် ကြိုးတန်းလန်းဖြင့် ဖောက်ထိုးမိနေခြင်းဖြစ်ပြီး ရင်ဘတ်ရှိဝါးခြောင့်က ရေတ်သီးသီသကဲ့သို့တန်းလန်းဖြစ်နေသည်။ လက်ထဲတွင် သွေးတွေ ခြောက်နေပြီဖြစ်သော ဓားကြီးတစ်လက်ကို မလွှတ်တမ်းဆုပ် ကိုင်ထားဆဲ ...။ အကျီဖလာ၊ ပုဆိုးအပြာကွက်တုံးကြီးနှင့် ...။

"လာဟေ့ - ဒီအလောင်းကောင်ကြီးကို သေချာကြည့်ကြစမ်း"

"ဟုတ်တယ်ဟေ့ - ဘယ်သူလဲဆိုတာ"

ရွာသားတစ်ယောက်က ရှေ့သို့တိုးထွက်လာပြီး အလောင်းကောင်ကြီးကို မော့ကြည့်လေသည်။ လောက်ကောင်တွေ တဖွားဖွားပြုတ်ကျနေဆဲ။

"ဟာ - ဟုတ် - ဟုတ်တယ် - သူကြီး။ ဒါ - ဒါ - ဖိုးတုတ် - ဖိုးတုတ်"

လောက်ကောင်တွေ တရွရွတက်နေသော အလောင်းကောင်ကြီးကို ကြည့်ကာ ဖိုးတုတ်နှင့် ရင်းနှီးသော ရွာသားအားလုံးက "ဖိုးတုတ်"၏ အလောင်းကောင်ဖြစ်ကြောင်း အတည်ပြုပြောကြားနိုင်တော့လေသည်။ ဤတွင်မှ ဖိုးတုတ်ရှာဖွေဖမ်းခြင်းလုပ်ငန်းသည် တစ်ခန်းရပ်ပေတော့သည်တကား။

ဖိုးတုတ်သည် လူသတ်ပြီး ဓားတစ်လက်ဖြင့် ရွာအနောက်ဘက် တောနက်ကြီးထဲတွင် ပုန်းအောင်းနေရာမှ မည်သူထောင်ထားမှန်း



www.burmeseclassic.com

www.burmeseclassic.com

မသိရသောတောဝက်ထောင်ချောက်တွင် မတော်တဆ ထောင်ချောက်မိကာ သေဆုံးရခြင်း ဖြစ်ပေသည်။ သည့်တော့မှ သူကြီး၊ ဌာနာအုပ်၊ ရွာသူရွာသားတို့သည် ဖိုးတုတ် အသေဆိုးနှင့် သေပြီး တစ္ဆေသရဲဖြစ်ရာမှ ရွာကို စွဲပြီး လက်ရဲဇက်ရဲ ခြောက်လှန့်ခြင်း၊ အရိပ်အယောင် လျှင်မြန်စွာပြခြင်း၊ သားစိမ်း ငါးစိမ်း စားသောက်ခြင်းတို့ကို ဇာတ်ရည်လည်ပေတော့သည် တကား။

---

၁၉၄၀ – ခုနှစ်ခန့်က ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ရွာကလေး တစ်ရွာတွင် ဖြစ်ပွားသွားခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခုကို မူရင်း နာမည်များ လွှဲပြောင်းပြီး ရေးသားကြောင်း ဝန်ခံပါသည်။

---

➡ မင်းဘုန်းသိစ်သူ

**စာမူရှင်များသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့
မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

**အယ်ဒီတာအဖွဲ့**
**ဂန္ထရုလောက မဂ္ဂဇင်း**



ထောင်မှူးကြီး

# အစိပ်မက်ဘုရား

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ဘုရား

ဆောင်မှူးကြီး သိန်းဝင်း

ကျွန်တော်တို့ အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းဆိုသည်မှာ မြို့ပေါ်က ထောင်ကြီးများတွင်သာ တာဝန်ထမ်းဆောင်ရသည် မဟုတ်၊ လူသူနှင့်ကင်းဝေးသည့်တောကြို့အုံကြား၌လည်း တာဝန်ထမ်းဆောင်ရတတ်ပါသည်။ စေလိုရာစေ၊ တာဝန်ကျရာသို့လည်း မသွားလို့မဖြစ်။ "ပြစ်မှုကြွေး၊ ချွေးဖြင့်ဆပ်မည်" ဟူသော အကျဉ်းဦးစီးဌာနဆောင်ပုဒ်မှာ အပြစ်ဒဏ်ကျခံရသော ရဲဘက်အ၀ကျဉ်းသားများအတွက်ဖြစ်သော်လည်း အုပ်ချုပ်ရေးဝန်ထမ်းများမပါ၍မဖြစ်။ အုပ်ချုပ်ရန်၊ လုံခြုံရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ စားဝတ်နေရေးကိစ္စ၊ လုပ်ငန်းအောင်မြင်ရေးကိစ္စ၊ သာရေးနာရေးကိစ္စများက ကျွန်တော်တို့ အုပ်ချုပ်သူ၊ ဝန်ထမ်းအဆင့်ဆင့် မပါ၍မဖြစ်ပါ။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် တောထဲတောင်ထဲ၌ ရန်ကုန် - မန္တလေး အမြန်လမ်းစခန်းများ(ပဲခူးရိုးမ)



လေ့လော့အင်းစခန်း၊ မင်းတုန်းစခန်း၊ ရေနက်ကြီးစခန်း၊ သုံးတန်ကူးစခန်း၊ မအူပင်ဆိပ်စခန်း၊ ဖောင်းတူစခန်းခွဲနှင့် နောက်ဆုံး အစွန်အဖျားဆုံးစခန်း လျှော်တုံးစခန်းအထိ တာဝန်ထမ်းဆောင်ခဲ့ရပြီး ငှက်ဖျားရောဂါလည်းဖြစ်၊ တောမှုဆိုးလည်း ဖြစ်ခဲ့ရပါသည်။

ထို့အပြင် ၁၉၈၄ - ခုနှစ်က စပြီး ကော့သောင်းဆီအုန်းစိုက်ပျိုးရေးစခန်းများဖြစ်ကြသည်။ ပါဆယ်ပါညွန်းအုပ်စု၊ အော်ကြီးစခန်းများ၊ ဟပ်စတင်းသို့လည်း (၂)နှစ်ကျော်ခန့် အုပ်ချုပ်နေထိုင်ခဲ့ရပါသည်။ ထို့အပြင် နာမည်ကြီးလှသော ဘီလင်းမြို့နယ်၊ နောင်ရိုး၊ အောင်မြေစခန်းများ၌လည်း တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုစခန်းများမှာ တောတောင်ထူထပ်ပြီး သောင်းကျန်းသူများနယ်မြေဖြစ်သဖြင့် စခန်းတာဝန်ခံ ဦးကျော်လှိုင်၊ စခန်းတာဝန်ခံ ဦးသိန်းဝင်း၊ နာမည်တူသူတို့ ရက်စက်စွာ အသတ်ခံခဲ့ကြရသော နာမည်ကြီးသော ကြံစိုက်ပျိုးသည့်စခန်းများ ဖြစ်ကြပါသည်။

နောင်ရိုးစခန်းမှာ ဘီလင်းမြို့အနီး၊ ရာဇသေန ပဗ္ဗတဓတောင်အနီးတွင် ရှိသည်။ ကြံစိုက်ပျိုးသော ရဲဘက်စခန်း ဖြစ်သည်။ ထွက်ရှိသော ကြံများကို ကုန်ကြမ်းအဖြစ် ဘီလင်းသကြားစက်သို့ သွင်းရသည်။

၁၉၈၉ - ခုနှစ်မှ ၁၉၉၂ - ခုနှစ်အထိ ကျွန်တော် နောင်ရိုးစခန်းတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၉၉ - ခုနှစ်၊ ဖွန်လအတွင်း၌ ဦးတေဇဝန္တာ ဟူသော ဆရာတော်တစ်ပါး၊ နောင်ရိုးစခန်းသို့ ကြွရောက်လာပါသည်။ ဆရာတော်မှာ နောင်ရိုးစခန်း၏ အနောက်ဘက်တောကြီးအတွင်းမှ တစ်ပါးတည်း၊ ကျောင်းငယ်ကလေးဆောက်၍ သီတင်းသုံးနေသောရဟန်းတစ်ပါးဖြစ်သည်။

ကျွန်တော်တို့စခန်း၊ ဝန်ထမ်းမိသားစုများနှင့် ပတ်ဝန်းကျင်အနီးအနားရွာများမှ သာရေး၊ နာရေးကိစ္စများတွင် မှီခိုအားထားရာ ဆရာတော်တစ်ပါးဖြစ်ချေသည်။ ကျွန်တော်က ဆီးကြိုနှုတ်ဆက်၍ စခန်းရုံးအတွင်း ညှိခန်းသွင် နေရာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က ညှော်ခန်းဆက်တီစားပွဲ၊ ကုလားထိုင်၌ နေရာယူပြီးသည်နှင့် -

"ဒကာကြီး - ဘုန်းကြီး အိပ်မက် မက်တယ်၊ စခန်းနောက်ကျောက တောင်ကုန်းပေါ်မှာ အများပြည်သူ ကြည်ညိုကိုးကွယ်နိုင်အောင် စေတီတစ်ဆူတည်ပါတဲ့၊ အဲဒါ - ဒကာကြီးက ကမ္မကထလုပ်ပြီး ဆောင်ရွက်ပါလို့ အိပ်မက်ပေးတယ်။ အဲဒီတောင်ကုန်းက နယ်နယ်ရရ မဟုတ်ဘူး၊ ရာဇသေနပဗ္ဗတတောင်လို့ ခေါ်သတဲ့၊ စေတီတည်ရန်လည်း ဌာပနာပစ္စည်းတွေ ထောက်ပံ့မယ်လို့လည်း ဆိုတယ်"

"ဘယ်သူက အိပ်မက်ပေးတာလဲ - ဘုရား"

"မမေးနဲ့ - ဆိုင်ရာ ပိုင်ရာလို့ပဲ မှတ်လိုက်ပါ"

ကျွန်တော် ရုတ်တရက် တွေးလိုက်မိသည်၊ ထိုတောင်ကုန်းမှာ မြေပြန့်ကြံစိုက်ခင်းကြီးအနီး၌ သီးသီးခြားခြားမြင့်မားသော တောင်ကုန်းတစ်ခုဖြစ်သည်၊ အနောက်ဘက်က မြိုင်တောကြီး။

ပတ်ဝန်းကျင်စိမ်းစိမ်းတွင် တောင်ကုန်းပေါ်မှ ရွှေစေတီနှင့် လွန်စွာလွန်စွာ လိုက်ဖက်ပြီး သပ္ပါယ်တင့်တယ်ပေလိမ့်မည်ဟု စိတ်ထဲတွင် မြင်ယောင်နေမိသည်၊ ထို့ကြောင့် -

"ဆရာတော် ဖြစ်စေချင်သလို တပည့်တော်လည်း ဖြစ်စေချင်ပါတယ် ဘုရား၊ ဆရာတော်နဲ့ တပည့်တော် - ပူးပေါင်းဆောင်ရွက်ရင် အကောင်အထည် ပေါ်လာမှာပါ - ဘုရား၊ တပည့်တော် - ကြိုးစားပါ့မယ်"

"လုပ်ငန်း စ.မယ်ဆိုရင်တော့ - လူပုဂ္ဂိုလ်တို့ ဆောင်ရွက်သင့်တာကို တပည့်တော်က တာဝန်ယူပါ့မယ်၊ သံဃာဘက်က ဆောင်ရွက်ရမယ့် ကိစ္စတွေကိုတော့ ဆရာတော်က တာဝန်ယူပေးပါ - ဘုရား"

အမှန်တကယ်လည်း ကျွန်တော့်ဘက်က အတွေ့အကြုံမရှိသဖြင့် အရိုးခံအတိုင်း ပြောမိခြင်းဖြစ်ပါသည်၊ ကျွန်တော့်မှာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင် ဖြစ်သော်လည်း လူလတ်ပိုင်းအရွယ်ဖြစ်ပြီး တာဝန်ဝတ္တရား များပြား၍ ဘာသာရေးကိစ္စများတွင် အလှူအတန်းလုပ်၊ ရေစက်ချ၊ အမျှအတမ်းဝေခြင်း လောက်သာသိရှိနားလည်ပြီး ဥပုသ်သီလပင်မစောင့်ဖြစ်ပါ၊ အသက် (၄၀) ၌



ပတ်ဝန်းကျင်ဖြစ်သော်လည်း ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကြောင့် ဘာသာရေးဘက်တွင်ထဲထဲဝင်ဝင်၊ အသိမပြည့်စုံ၊ မကြွယ်ဝသေးပါ၊ ကျောင်းကန်ဘုရား တည်ထားလှူတန်းခြင်းကိစ္စကတော့ လွန်စွာမွန်မြတ်သော ကုသိုလ်ဖြစ်ကြောင်း ကျွန်တော် သိပါသည်၊

သို့သော် စေတီတည်လျှင် ကုန်ကျမည့်ကိစ္စက အတော်များမည်၊ ထိုကိစ္စကိုကျွန်တော်တို့တွင် ရှိထားသည့်ပစ္စည်းဥစ္စာရတနာများဖြင့် လောက်ငပါ့မလားဟု တွေးရင့်၍ ပူမိသည်ကတော့ အမှန်ပင်၊ ထို့ကြောင့် စခန်းတွင် ခေတ္တ လာရောက်နေထိုင်သော ဖနီးသည်နှင့် တိုင်ပင်ကြည့်တော့ - ဖနီးကလည်း အားတက်သရော သဘောတူရှာပါသည်၊

စေတီတည်မည့် "ရာဇသေနပဗ္ဗတ" တောင်ကုန်းကို ကျွန်တော်တို့ အလျင်က မသိပါ၊ နောင်ရိုးကြံစိုက်ပျိုးရေးစခန်းကို စတင်ဖွင့်လှစ်ခဲ့သူမှာ ပြည်ထဲရေးဝန်ကြီး ဦးစိန်လွင် ဖြစ်သည်၊ ဝန်ကြီးသည် စခန်းသို့ မကြာခဏ လာရောက်၍ ကြံခင်းများကို စစ်ဆေးကြည့်ရှုရာတွင် ယင်းတောင်ကုန်းပေါ်သို့ တက်၍ အပေါ်စီးမှဆီး၍ ကြည့်လေ့ရှိသဖြင့် ကျွန်တော်တို့စခန်းဝန်ထမ်းများက "ဝန်ကြီးကုန်း" ဟု မတိုင်ပင်ရဘဲ အမည်မှည့်ခေါ်ထားကြပါသဖြင့် အမည်တွင်နေခြင်း ဖြစ်သည်၊

တောရကျောင်းဆရာတော် ဦးတေဇဝန္တာမှာ စေတီတည်ရန် အကြံပေးစဉ်က မိုးရာသီဖြစ်၍ မိုးကုန်မှ လုပ်ငန်းစတင်နိုင်မည်ဖြစ်သောကြောင့် ချက်ချင်း အကောင်အထည်မဖော်ဖြစ်ခဲ့ပါ၊ ဝန်ကြီးကုန်းသို့သွားရာလမ်းမှာ ကြံခင်းများကို ဖြတ်သန်းသွားရသဖြင့် အုတ်ကား၊ သဲကားများ မသွားလာနိုင်ပါ၊ လမ်းက မကောင်းပါ၊

ထို့အပြင် ကျွန်တော်သည် ရှုလိုင်လထဲ၌ ဗဟူးတပ်မြို့ အခြေခံတပ်ခွဲမှူးသင်တန်းကို တက်ရပြီးနောက် ပြင်ဦးလွင်မြို့ တပ်ရင်းအုပ်ချုပ်မှုအရာရှိသင်တန်းကိုလည်း ဆက်လက်တင်ရပြန်ရာ နှစ်ကုန်ခါနီး နိုဝင်ဘာလဆောင်းရာသီတိုင်မှ နောင်ရိုးစခန်းသို့ ပြန်ရောက်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က မွန်ပြည်နယ်တွင် သောင်းကျန်းသူများ ဆူပူလှုပ်ရှားနေချိန်ဖြစ်သည်။ ကျိုက်ထိုမြို့တွင်းသို့ပင် အလုံးအရင်းဖြင့် ဝင်ရောက်၍ တိုက်ခိုက်ဖျက်ဆီးခဲ့သည်က မကြာသေးပါ။ ရဲဖန်ရံခါ နောင်ရိုးစခန်းအနီးသို့ပင် အလုံးအရင်းဖြင့် ဖြတ်သန်းသွားလာနေကြသေးသည်။ ထို့ကြောင့် အချိန်အခါ အခြေအနေအရ ကျွန်တော် ကြံ့စိုက်ခင်း လှည့်ပတ်စစ်ဆေးလျှင်ပင် လက်နက်ကိုင် လုံခြုံရေးအဖွဲ့ဖြင့် အမြဲသတိထား၍ သွားလာနေရသည်။ နေ့ညလည်း စခန်းလုံခြုံရေးအတွက် ကင်းချထားရသည်။ ထို့အပြင် တောဝက်၊ မြွေနှင့် အခြားတောရိုင်းတိရစ္ဆာန်များ ကျက်စားရာ တောထူထပ်သောနေရာလည်း ဖြစ်သဖြင့် သွားလေရာ လက်နက်ကို ဆောင်သွားရပါသည်။

ဏ ꩜ ဏ



"ရှူး - ရှူး" ဟူသော အသံကြားမိ၍ ကြည့်လိုက်ရာ (၅)ပေခန့် အကွာတွင် အလွန်ကြီးမားပြီး မျက်လုံးတစ်စုံ နီရဲ၍ တစ်ကိုယ်လုံးမည်းနက်ပြောင်ချောနေသော မြွေနက်ကြီးတစ်ကောင် ပါးပျဉ်းထောင်နေသည်ကို တွေ့ရသည်။ ပါးပျဉ်းမှာ လူတစ်ရပ်နီးနီး ရှိသည်။ ကိုယ်လုံးမှာ ထွာဆိုင်ခန့်ရှိပြီး ကိုယ်အလျားအရှည်က (၁၀)ပေခန့်အမြီးက တုတ်သေးသည်။ ထို့ကြောင့် အဆိပ်ရှိသော မြွေဆိုးမှန်း သိသာသည်။



(၁-၁-၁၉၉၁)ရက်နေ့မှာ ထူးခြားသော နေ့ရက်တစ်ခု ဖြစ်ခဲ့ပါသည်။ ထိုနေ့က ကျွန်တော်သည် လက်နက်ကိုင်ဆောင်၍လည်းကောင်း၊ လက်နက်ကိုင်လုံခြုံရေးအဖွဲ့ဖြင့်လည်းကောင်း အမြဲတမ်း သွားလာတတ်သော်လည်း ယနေ့မနက်(၇)နာရီခန့်တွင်မနက်စာစားပြီးလမ်းလျှောက်ရင်း ဝန်ကြီးကုန်းပေါ်သို့တစ်ရိုးတည်းတက်သွားမိသည်။ လက်ထဲ၌လက်နက်ဆို၍ တုတ်တစ်ချောင်းပင် ပါမလာပါ။

ဝန်ကြီးကုန်းတစ်ဝက်ခါးလယ်ခန့်တွင် တောင်ပတ်လမ်းငယ်တစ်ခုရှိသည်။ ထိုလမ်းငယ်မှ တောင်ထိပ်ပေါ်သို့ တည့်တည့်တက်မရသလို၊ တောင်အောက်သို့လည်း တည့်တည့်ဆင်းမရပါ။ ကျွန်တော် တောင်ပတ်လမ်းအလယ်ကောင်တွင်ရပ်၍ နောင်ရိုးစခန်း ကြံ့စိုက်ခင်းကို အပေါ်စီးမှ စီးမိုး၍ကြည့်ရှုနေမိစဉ် ကျွန်တော်၏လက်ဝဲဘက်မှ "ရှူး - ရှူး" ဟူသော အသံကြားမိ၍ကြည့်လိုက်ရာ (၅)ပေခန့်အကွာတွင် အလွန်ကြီးမားပြီး မျက်လုံးတစ်စုံနီရဲ၍ တစ်ကိုယ်လုံးမည်းနက်ပြောင်ချောနေသော မြွေနက်ကြီးတစ်ကောင် ပါးပျဉ်းထောင်နေသည်ကို တွေ့ရသည်။ ပါးပျဉ်းမှာ လူတစ်ရပ်နီးနီးရှိသည်၊ ကိုယ်လုံးမှာ ထွာဆိုင်ခန့်ရှိပြီး ကိုယ်အလျားအရှည်က (၁၀)ပေခန့်အမြီးက တုတ်သေးသည်၊ ထို့ကြောင့် အဆိပ်ရှိသော မြွေဆိုးမှန်း သိသာသည်။ အပြန်တောင်ဆင်းလမ်းကို ပိတ်ဆီးထားခြင်းဖြစ်သည်၊ ထို့ကြောင့် တောင်ထိပ်ပေါ်သို့တက်ပြေးရန် တောင်တက်လမ်း၊ လက်ျာဘက်သို့ စောင်းကြည့်တော့လည်း ကျွန်တော်နှင့် (၅)ပေခန့်အကွာ၌ပင် အရွယ်တူ မြွေဝါကြီးတစ်ကောင်က လမ်းကြောင်းပိတ်၍ ပါးပျဉ်းထောင်နေပြန်ပါသည်၊ လမ်းကြောင်းပိတ်၍ မြွေကြီးနှစ်ကောင်က ကျွန်တော့်အား ဝိုင်းထားခြင်းကို ခံနေရခြင်း ဖြစ်ပါသည်။

ကျွန်တော်အလွန်ကြောက်၍ပြီးဆံပင်များထောင်သွားမိသည်၊ သို့သော် မြွေကြီးများမှာ ရှေ့သို့လည်း တိုးမလာ၊ ရန်ပြုခြင်းလည်းမရှိ၊ ထို့ကြောင့် ကျွန်တော့်စိတ်ထဲသို့အသိတစ်ခု အလိုလို ဝင်ရောက်လာသည်၊ စေတီတည်မည်ဆိုပြီး မေ့လျော့နေမိသဖြင့် သတိပေးတာများလားဟု၊ ထို့ကြောင့် စိတ်ထဲမှ -



www.burmeseclassic.com

www.burmeseclassic.com

"သတိပေးတာဆိုရင်လည်း ပိုင်ရာဆိုင်ရာများကို တောင်းပန်ပါတယ်၊ ကိုယ့်လမ်းကိုယ်သွားပြီး လမ်းဖယ်ပေးကြပါ၊ စေတီတည်မည့်အစီအစဉ် ယနေ့ပဲ စ,လုပ်ပါ့မယ်"

ဟု စိတ်ထဲမှ ပြောလိုက်မိသည်နှင့် တစ်ပြိုင်တည်း ဝဲဘက်က မြွေနက်ကြီးက ပါးပျဉ်းချပြီး တောင်ပေါ်သို့ စ,တက်တော့သည်၊ လက်ျာဘက်က မြွေဝါကြီးကလည်း ဦးခေါင်းပါးပျဉ်းကြီး ချသွားသည်နှင့် ကျွန်တော် တောင်အောက်သို့ အပြေးတစ်ပိုင်း ဆင်းပြေးရတော့သည်၊ နောက်ဘက်သို့ တစ်ချက်ကလေးမျှ လှည့်မကြည့်ရဲတော့ပါ။

စခန်းသို့ ပြန်ရောက်ပြီး စခန်းရုံးအတွင်းသို့ အရှေ့ပေါက်မှ အပြေးဝင်ခိုက်၊ သေးပေါက်မှ တောရကျောင်းဆရာတော် ဦးတေဇဝန္တာ ဝင်ရောက်လာသည်၊ တိုက်ဆိုင်လွန်းလေစွ၊ ကျွန်တော် - ဆရာတော်အား ပဋိသန္ထာရ စကားဖြင့် နှုတ်မဆက်နိုင်၊ ရုံးစခန်းအတွင်း ရေအိုးစင်သို့ အပြေးသွားပြီး ရေတစ်ခွက် သောက်ရသည်၊

"ဒကာကြီး - ဘာဖြစ်လာတာလဲ"

"စေတီတည်မယ့်ကိစ္စ - ဒီနေ့စ,လုပ်မှာပါ ဘုရား"

ဟု ဆိုပြီး ဝန်ကြီးကုန်းပေါ်မှ မြွေကြီးများနှင့် ဆုံခဲ့ပုံကို ပြောပြတော့ ဆရာတော်က -

"အစောင့်မြွေကြီးတွေက ဘုန်းကြီးထက်တောင် သတိပေးတာ မြန်လှချည်လား၊ ဒကာကြီးလည်း အလုပ်ကိစ္စတွေ များတော့ - မေ့လျော့နေဟန်တူပါရဲ့..."

"မှန်ပါ - ဘုရား"

"ကဲ - အဲ့ဒါဆိုရင်"

"မှန်ပါ - ဒီနေ့ပဲ - ဘုရားတည်မယ့်ကိစ္စ - စတင်ဆောင်ရွက်ပါ့မယ် ဘုရား"

ကျွန်တော် ကတိပေးခဲ့သည့်အတိုင်း ထိုနေ့မှာပင် စခန်းမှ ဘာသာရေးကိုင်းရှိုင်းသူ တပ်ကြပ်ကြီး ဦးတင်ချစ်ကို အုတ်သဲ၊ ဘိလပ်မြေများ ဝယ်ခိုင်းပြီး ဘုရားပန်းရန်ဆရာအဖွဲ့ကို ရှာခိုင်းရတော့သည်၊ စေတီတည်မည့်လုပ်ငန်းကို (၁ - ၁ - ၁၉၉၁) ရက်နေ့က စတင်ခဲ့ခြင်း ဖြစ်သည်၊ နောက်ရက်များ၌လည်း ပန်းရန်ဆရာအဖွဲ့နှင့် တိုင်ပင်၍ ဘုရားတည်ဆောက်ရန် လိုအပ်သော ပစ္စည်းများကို ဝယ်ယူစုဆောင်းရတော့သည်၊



စခန်းမှ မိသားစုများကလည်း တောင်ပေါ်သို့ သယ်တင်၍ လုပ်အားပေး ကုသိုလ်ယူကြသည်၊ အလုပ်နားရက်များ၌လည်း ဝန်ထမ်းနှင့် ရဲဘက်များက လူ့အင်အားဖြင့် တောင်ပေါ်တက်လမ်း အစရေးပေါ်ပေါက်၍ ဖြတ်လမ်းဖြင့် ပစ္စည်းများ သယ်တင်ကြသည်၊ အားလုံး၏ တက်ညီလက်ညီ လုပ်အားစေတနာကြောင့် အခက်အခဲမရှိ၊ လုပ်ငန်းများ လျင်မြန်ချောမွေ့အောင်မြင်ခဲ့ပါသည်၊ စခန်းမိသားစုမိန်းမနှင့် ကလေး၊ သက်ကြီးရွယ်အိုပါမကျန် ဘိလပ်မြေ အုတ်သဲ၊ ကျောက်စရစ် တစ်နိုင်သယ်ယူကြသည့်မြင်ကွင်းက လွန်စွာကြည်နူးစရာ ကောင်းလှသည်၊

(၇ - ၁ - ၁၉၉၁) ရက်နေ့ မနက်အရုဏ်ဦးတွင် စေတီတော် တည်ထားမည့်နေရာတွင် ပန္နက်တင် မင်္ဂလာအခမ်းအနား ပြုလုပ်မည်ဖြစ်သဖြင့် ဆရာတော်ဦးတေဇဝန္တာမှ ဘီးလင်းမြို့နှင့် အနီးတစ်ဝိုက်ရှိ သံဃာတော်များအား ဖိတ်ကြားထားပါသည်၊ သက်ဆိုင်ရာကျောင်းတိုက်များတွင် ကျောင်းထိုင်ဆရာတော်များမရှိကြ၊ ဘီးလင်းမြို့ လေသာကျောင်းတိုက်တွင် ဒုတိယသဲအင်းဂူဆရာတော်ဘုရားကြီး ကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တ ဦးဝါယမ ရောက်ရှိနေသဖြင့် ဩဝါဒခံယူရန် သွားကြရသည်၊ ဦးတေဇဝန္တာလည်း လေသာကျောင်းသို့သွားပြီး ကျောင်းအသီးသီးက ဆရာတော်များကိုပင့်ဖိတ်နေသောအချိန်၊ သဲအင်းဂူဆရာတော်ကြီးက လှမ်းခေါ်ပါတော့သည်၊

"ဘာအကြောင်းများ ရှိသလဲ - ကိုယ်တော်"

"နောင်ရိုးရဲဘက်စခန်းအနီးက တောင်ကုန်းပေါ်မှာ အိပ်မက်အရ စေတီတည်ဖို့ပါ - ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"အိမ်း - ကျုပ်ကိုလည်း ဖိတ်ပါ၊ လုပ်မယ့်အချိန်သာ ပြော - ဆက်ဆက်ကြွခဲ့မယ်"

"တင်ပါ့ - ဘုရား၊ ဖိတ်ကြားပါတယ် - ဘုရား"

ဦးတေဇဝန္တာက ပြုလုပ်သည့်အချိန်နှင့် နေရာကို အသီးအခြား လျှောက်ထားခဲ့ပါသည်။

ဦးတေဇဝန္တာ ... စခန်းသို့ ပြန်လာပြီး ကျွန်တော့်ကို မိန့်တော့ ... အလွန်ဦးနောက်ခြောက်သွားမိသည်။ ထိုစဉ်က ဆရာတော်ကြီးမှာ နဝတ အတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီးတင်ဦး ကိုးကွယ်လျက်ရှိပြီး သွားလေရာ စစ်ဗိုလ် ဆရာဝန်များ၊ သူနာပြုများ အနီးကပ်စောင့်ရှောက်နေကြသဖြင့် တပည့်အသိုင်းအဝိုင်းက အလွန်ကောင်းလှသည်။ ထို့ကြောင့် ဧည့်ခံဖို့ကအစ ကြီးကျယ်သွားပေတော့မည်။ ဆရာတော်ကြီး ... စခန်းသို့ကြွလျှင် ဘီးလင်းမြို့ရှိ သံဃာတော်များနှင့် မြို့သူမြို့သားများကလည်း နေမည်မဟုတ်၊ အားလုံးလာကြပေလိမ့်မည်။ အကျဉ်းချုံးလုပ်မည်ဟု စိတ်ကူးထားသော်လည်း လွန်စွာကြီးကျယ်ခမ်းနားသွားပေတော့မည်။

(၃ - ၁ - ၁၉၉၁) ရက်နေ့ အရုဏ်ဦးမှာ သံဃာတော်များအားလုံး ဝန်ကြီးကုန်းပေါ်တွင် ဆုံကြသည်၊ စေတီတည်မည့်တောင်ထိပ်ပေါ်တွင် ပန္နက်တင်မင်္ဂလာပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်၊ ပြီးတော့ - အရုဏ်ဆွမ်းကပ်သည်၊ ကြွရောက်လာသူအားလုံး အမျှဝေ၍ သာဓုခေါ်ကြသည်၊ ကျွန်တော်မထင်မှတ်ထားသဖြင့် လွန်စွာ အားရဝမ်းသာပီတိ ဖြစ်မိသည်။

အရုဏ်ဆွမ်းကပ်ပြီးနောက် ဆရာတော် ဦးဝါယမက ကျွန်တော့်အားခေါ်ပြီး မိန့်မှာနေစဉ် ပရိသတ်ထဲမှ အဖွားအိုတစ်ယောက်အား မမြင်အပ်သော ပရလောကသားတစ်ယောက်က ဝင်ပူးပြီး ပြောတော့သည်။

"မကျေနပ်ဘူး ဟေ့ - မကျေနပ်ဘူး"

ထိုအဖွားကြီးက နောင်ရိုးစခန်းက ဝန်ထမ်းတစ်ဦး၏ မိခင်အိုကြီးတစ်ဦး ဖြစ်သည်၊ စိတ်သဘော အလွန်ကောင်းပြီး ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးလည်း ဖြစ်သည်၊ အဖွားကြင် ဟူ၍ စခန်းက လူတိုင်းအားလုံး သိကြပြီး ချင်ကြသည်၊ ဆရာတော်များ ရှိနေသည့်အချိန်တွင် မမျှော်လင့်ဘဲ အဖွားကြင် ထ.ဖောက်သဖြင့် ပရိသတ်အားလုံး အံ့သြကြရသည်။

ဆရာတော်ကြီးက အဖွားကြင်အား အနားခေါ်ပြီး -

"ဘာမကျေနပ်တာလဲ" လို့ မေးတော့ -

"စေတီတည်တာကို ကျေနပ်ပါတယ်၊ ဒါပေမဲ့ - တပည့်တော်က တောင်ပိုင်ပါ၊ တပည့်တော်ကို ခွင့်မတောင်း၊ အသိမပေးဘဲ စခန်းထောင်ပိုင်က သူ လုပ်ချင်တာ လုပ်တာကို မကျေနပ်တာပါ"

ဆရာတော်ကြီးက -

"ထောင်ပိုင်က မသိ နားမလည်လို့ ခွင့်မတောင်းမိတာကို အပြစ်မတင်နဲ့ ခွင့်လွှတ်လိုက်ပါ၊ ဒီနေရာမှာ သာသနာဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီကြပါ"

ဟု မိန့်တော့ -

"တင့်ပါ ဘုရား" ဆိုပြီး အဖွားကြင် လဲကျသွားလို့ ဝိုင်းဝန်းပြီး ပြုစုကြရတယ်၊ ထိုအချိန်တွင် ဆရာတော် ဦးတေဇဝန္တာက တောင်ပိုင်နဲ့ ထောင်ပိုင် နားလည်မှု လွဲတာပါလို့ မှတ်ချက်ချတယ်။

ဆရာတော်ကြီး ဦးဝါယမက -

"စေတီတော်ရဲ့ ဉာဏ်တော်အမြင့် ဘယ်လောက်လဲ - ဒကာကြီး"

"ကိုးတောင်ပြည့်ပါ - ဘုရား"

"ဒါလောက်ပဲလား - ဒကာကြီးစိတ်ထဲမှာ ဘယ်လောက်ဖြစ်ချင်တာလဲ"

ဆရာတော်ကြီးက အသိုင်းအဝိုင်းတောင့်လို့ မေးတာပါ၊ ကျွန်တော်ကလည်း တစ်ဦးတည်း နိုင်သလောက် တည်ထားကိုးကွယ်ချင်တာမို့ -

"ကိုးတောင်ပြည့်ဘုရားပဲ တည်ချင်ပါတယ် ဘုရား"

"အိမ်း - အိမ်း - ဒကာကြီးဆန္ဒအတိုင်း ကိုးတောင်ပြည့်ဆိုရင်လည်း ကိုးတောင်ပြည့်ပဲ တည်ကြတာပေါ့၊ ဘုန်းကြီးရဲ့အာရုံထဲမှာ မကြာခဏ ပေါ်လာနေလို့ အဲဒီနေရာဖြစ်မလားလို့ ကိုယ်တိုင်ကြွခဲ့တာ - နေရာအမှန်ဖြစ်နေတယ်၊ နောင် - ဒီနေရာမှာ ဘုရားပုထိုးကျောင်းကန်ဇရပ်တွေနဲ့ သာသနာအမှန် ထွန်းကားမယ့်နေရာ ဖြစ်တယ်"





www.burmeseclassic.com

www.burmeseclassic.com

"ဒီကုန်းမြေကို ရာဇသေန ပဗ္ဗတ တောင်လို့ ရှေးက အမည် ရှိတယ်၊ ဒါကြောင့် - ကိုးတောင်ပြည့်စေတီကိုလည်း ဘုန်းကြီးကို အိပ်မက်ပေးတဲ့အတိုင်း "မွေစကြာရှင် စေတီတော်" လို့ဘွဲ့တော်သတ်မှတ်ပေးခဲ့မယ်၊ ဘုရားတည်ပြီးလို့ အနေကဖာတင်ရင်လည်း ဘုန်းကြီးကို ဖိတ်ပါ၊ ဘယ်အရပ်ရောက်နေနေ ကြွလာခဲ့မယ် ဒကာကြီး"

ပန္နက်တင်ပြီးလျှင် ဘုရား တည်ဆောက်ရေးလုပ်ငန်းစာတင်ရမှာ ဖြစ်သော်လည်း ဘုရားပန်းရန်ဆရာကောင်းကောင်းက မရသေး၊ ကျွန်တော်က သဘာရင့် ဘုရားပန်းရန်ဆရာကိုသာ လိုချင်သည်၊ "အိမ်ထောင်ဦး၊ ဘုရားတည်၊ ဆေးပန်းချီ၊ စုတ်ထိုး" ဟူသော ရှေးစကားပုံအတိုင်း အထာမကျ၍ ပြန်ဖျက်သည့်လုပ်ငန်း လုပ်ကောင်းသည်မဟုတ်၊ ထို့အပြင် သပ္ပါယ် ကြည်ညိုဖွယ်ရာလည်း ဖြစ်စေချင်သည်၊

နောက်နှစ်ပတ်ခန့်အကြာ နံနက်(၇)နာရီခန့်တွင် ကရင်လူမျိုး၊ အသက်(၆၀)ခန့် သင်္ကန်းဝတ် ဦးပဉ္စင်းတစ်ဦး စခန်းသို့ ရုတ်တရက် ကြွလာသည်၊ ကျိုက်ထီးရိုးတောင်ခြေတစ်လျှောက် စေတီဘုရားများတည်၍ ကုသိုလ်ပြုနေသူဖြစ်ကြောင်း သိရသည်၊ ထို့ကြောင့် ကျွန်တော်က ရန်ကုန်မြို့မှ ဆူးလေစေတီတော်ဓာတ်ပုံကိုပြ၍ ထိုပုံစံအတိုင်း တည်လိုကြောင်း၊ တည်ဆောက်ရန် လက်ခကို မေးတော့ - ဦးပဉ္စင်းကြီးက -

"ဒကာကြီး - ကျုပ်ဘုရားတည်နေစဉ်အရက်သွမ်းနဲ့ နေ့သွမ်းကို သွမ်းရုံပဲပါးပီးသာ ကပ်ပါ၊ အဲဒါ - လက်ခပဲ"

လို့ပြန်မိန့်တယ်၊ အလွန်အံ့သြစရာပဲ၊

တစ်ခါ "ဘယ်တော့လုပ်ငန်းစမလဲ - ဘုရား" ဆိုတော့လည်း -

"အခုပဲ - လုပ်ငန်းစမယ်" လို့ ဖြေပြန်တယ်၊

အဲဒါကြောင့် စခန်းက ပန်းရန်လုပ်ငန်းနားလည်တဲ့ တပ်ကြပ်ကြီး ဦးထင်ချစ်နှင့် ရဲဘက်တွေ၊ ဝန်ထမ်းတွေကို စုဆောင်းပေးရတယ်၊



အဲ့ဒီနေ့က (၂၁-၁-၁၉၉၁)ရက်နေ့ နံနက်(၉)နာရီမှာ တောင်တန်းပေါ်တက်ပြီး လုပ်ငန်းစကြသည်၊ ကျွန်တော်က သံလိုက်အိမ်မြှောင်ကို အသုံးပြုပြီး အရပ်မျက်နှာ အတိအကျ သတ်မှတ်ပေးသည်၊ အုတ်မြစ်စီလုပ်ငန်း စတင်သည်၊ နေ့လယ်(၁၂)နာရီခန့် ကျွန်တော် စခန်းသို့ ပြန်ခဲ့ပြီး တောင်ပေါ်သို့ထမင်းဟင်းပို့ခိုင်းပြီး နေ့လယ်စာ စား၍ခေတ္တအနားယူနေစဉ် ဘုရားဦးဆောင်တည်နေသော ဦးပဉ္စင်း ရောက်လာသည်၊

"စေတီတော် - ပြီးပြီ - ဒကာကြီး"

"အခုမနက်မှ လုပ်ငန်းစတာ၊ ဟုတ်ပါ့မလား - ဦးပဉ္စင်း"

"မယုံရင် လိုက်ကြည့်ပေါ့ - ဒကာကြီးရယ်" တဲ့၊

ထို့ကြောင့် ကျွန်တော် မယုံမရဲနှင့် တောင်ပေါ်သို့ တက်ကြည့်ရပြန်သည်၊ တောင်ပေါ်ရောက်တော့ ... စေတီက ပြီးစီးနေပြီ၊ ထီးတော်နေရာမှာတော့ နဂါးရုပ်ကြီးတစ်ကောင်က စေတီကိုပတ်ပြီး ပါးပျဉ်းနဲ့ အုပ်မိုးထားသည်၊ စေတီဘေး၊ ရင်ပြင်တော်ပေါ်မှာတော့ ရဟန်းတစ်ပါးက တင်ပျဉ်ခွေပြီးတရားထိုင်နေသည်၊ ပြန်သတိရတော့ ... ကျွန်တော် စခန်းရုံးအတွင်း ပက်လက်ကုလားထိုင်၌ မှေးစက်နေရင်း အိပ်မက်လိုလို တကယ်လိုပုံ သဏ္ဌာန်ကို ထင်ရှားစွာ မြင်မက်ခြင်း ဖြစ်သည်၊

ကျွန်တော် ချက်ချင်း တောင်ပေါ်တက်သွားတော့ စေတီတော်ကို ပန္နက်ပြီး စတင်တည်နေတုန်းပါ၊ ကျွန်တော်က ဦးပဉ္စင်းကို အိပ်မက်အကြောင်း ပြောပြတော့ - ဦးပဉ္စင်းက -

"အောင်ပြီ - အောင်ပြီ" လို့ ထအော်သည်၊

"ကဲ - ဒကာ - တောစောင့်နတ်၊ တောင်စောင့်နတ်တွေက ခွင့်ပြုလိုက်ပြီ၊ ဒီနေရာက နဂါးသိုက်နေရာပဲ၊ အခု - သူတို့ခွင့်ပြုပြီး ကူညီကြလိမ့်မယ်၊ ဒကာကြီး - စိတ်အေးအေးသာထားပြီး စခန်းပြန်နားချေ၊ ကျုပ်တို့ ဆက်လုပ်မယ်"

ဘုရားတည်ပြီးရင် ဌာပနာဖို့ ရွှေငွေအဖိုးတန်ပစ္စည်းတွေက လိုပြန်သည်၊ ကျွန်တော့်မှာ ပြည့်စုံအောင် မရှိပေ၊ ကေလာသတောင်မှာ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

တည်နေတဲ့ ဦးပဉ္စင်းလေးဆီသွားတော့ ... ရဟန္တာဓာတ်တော်တွေကို ခွဲဝေပေးသည်။ စခန်းပြန်ရောက်တော့ ... သဲအင်းဂူဆရာတော်ကြီးက လူကြုံနဲ့ ဌာပနာပစ္စည်းနဲ့ လာပင့်ဖို့ လူကြုံနဲ့ အကြောင်းကြားပါသည်။

(၁၁ - ၂ - ၁၉၉၁) ရက်နေ့မှာ သဲအင်းဂူဆရာတော်ဘုရားကြီးကျောင်းကို သွားတော့ ... ဌာပနာပစ္စည်းတွေက နဝရတ်ကိုးပါး၊ ရွှေစေတီ၊ ငွေစေတီ၊ ရဟန္တာဓာတ်တော်များနဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို လှူဒါန်းပါသည်။ (၁၈ - ၂ - ၁၉၉၁) ရက်နေ့မှာ ဦးတေဇဝန္တာ ဦးစီးပြီး ဌာပနာတိုက်ပိတ်ပွဲပြုလုပ်ပြီး (၂၁ - ၂ - ၁၉၉၁) ရက်နေ့မှာ စေတီတော်ကြီးနဲ့ အရံစေတီတော်တွေကို ထုံးသကန်း ကပ်လှူပြီးစီးသည်။ အပ်နှံထားသော ထီးတော်များရောက်လာပြီး သဲအင်းဂူဆရာတော်ဘုရားကြီး၏ နဝရတ်ကိုးပါးစီ စိန်ဖူးတော်ကြီးလည်း တိုက်ဆိုင်စွာ တစ်နေ့တည်း ရောက်လာပါသည်။ ထို့ကြောင့် ထီးတော်တင်၊ စိန်ဖူးတော်ကပ်၊ အနေကဇာတင်ရန် သဲအင်းဂူဆရာတော်ဘုရားကြီး ရွေးပေးသည့် (၂၇ - ၂ - ၁၉၉၁) နေ့ကို သတ်မှတ်လိုက်ပါသည်။

(၂၇ - ၂ - ၁၉၉၁) ရက်နေ့တွင် ထီးတော်တင်ပွဲ ပြုလုပ်ပါသည်။ သဲအင်းဂူဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြွရောက်၍ အနေကဇာတင်ပေးသည်။ ဘီးလင်းမြို့က တစ်မြို့လုံး နီးနီးလာကြသည်။ အကျေးအမွေးကလည်း ပြင်ပအလှူရှင်များပါ ပေါ်လာသဖြင့် အလွန်စည်ကားသည်။ တွေလာသမျှ ရဟန်း၊ ရှင်လူအပေါင်းအား ပြည့်စုံစွာ ကျွေးမွေးနိုင်သည်။ မဖိတ်ရဘဲ ရောက်လာသည့် ကရင်ဒုံးယိမ်းအဖွဲ့ကြောင့်လည်း ပို၍စည်ကားသွားသည်။ ဤသည်မှာ ကျွန်တော့်ဘဝတွင် မထင်မှတ်ဘဲ ပြုလုပ်ဖြစ်ခဲ့သော "မမွေစကြာရှင် စေတီတော်" လှူဒါန်းပူဇော်ပွဲ ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီး သိန်းဝင်း



www.burmeseclassic.com

# ရူးဝိုးဖုံမြင်

[illegible]

ယခု ကျွန်တော်ရေးပြမည့် ဇာတ်လမ်းကို ယုံချင်လည်းရ၊ မယုံချင်လည်းရပါသည်။ တကယ် ကြုံတွေ့ခဲ့သည့် အဖြစ်အပျက်ကို လက်ခံချင်လည်း ရပါသည်၊ လက်မခံချင်လည်း ရပါသည်။ ယနေ့ထက်တိုင် ကျွန်တော်ကိုယ်တိုင်လည်း ယုံရကောင်းနိုးနိုး မယုံရကောင်းနိုးနိုး၊ လက်ခံရကောင်းနိုးနိုး လက်မခံရကောင်းနိုးနိုး ဖြစ်နေပါသည်။

သို့သော် ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းဖြစ်ပါသည်။ အံ့သြဖွယ်ကောင်းသည့် အဖြစ်အပျက်တစ်ခုလည်း ဖြစ်ပါသည်။ ဂမ္ဘီရဆန်သော ကိုယ်တွေ့ ဇာတ်လမ်းဖြစ်ပါသည်။ ထိုဇာတ်လမ်း၏အဓိက ဇာတ်ကောင်မှာ ကိုသိန်းထူး ဆိုသူ ဖြစ်ပါသည်။ ကိုသိန်းထူးသည် လက်ဖက်ရည်ဆိုင် ပိုင်ရှင်တစ်ဦးသာ အသက် (၃၅) နှစ်ခန့်ရှိပြီး ဇနီး၊ မယား၊ သမီးသားများနှင့်တင့်တောင့်တင့်တယ် နေထိုင်နိုင်သူတစ်ဦး ဖြစ်ပါသည်။ သူ့ဇနီး၏အမည်မှာ မတင်သန်းဖြစ်ပြီး သားတစ်ယောက် သမီး (၂) ယောက်ထွန်းကားခဲ့ပါသည်။ သူ့လက်ဖက်ရည်ဆိုင်မှာ အိမ်ဆိုင်ဖြစ်ပါသည်၊ သူ့လက်ဖက်ရည်ဆိုင်ကို ကျွန်တော်တို့ တစ်မြို့လုံး သိကြပါသည်။ "ဗိတိ" လက်ဖက်ရည်ဆိုင် ခေါ်ပါသည်။

မြို့ကလေးက ကျဉ်းကျဉ်းကလေးမို့ အရှေ့ဘက်ခြမ်းတွင် လက်ဖက်ရည်ဆိုင်နှင့် အနောက်ဘက်ခြမ်းတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၊ စုစုပေါင်း လက်ဖက်ရည်ဆိုင် နှစ်ဆိုင်သာရှိသော မြို့ကလေးဖြစ်ပါသည်။ အရှေ့ဘက်ခြမ်းတွင်ကျွန်တော်နေထိုင်ပါသည်၊ "ဗိတိ" လက်ဖက်ရည်ဆိုင်သို့မနက်တိုင်း ကျွန်တော်သွားထိုင်လေ့ရှိပါသည်။ အဲဒီမှာလက်ဖက်ရည်သောက်ရင်း၊ စာဖတ်ရင်း၊ စကားပြောရင်း၊ နိုင်ငံတကာ စကားလက်ဆုံကျရင်း ပျင်းရိပြီးငွေ့ဖွယ် အချိန်ကာလများကို ဖြတ်သန်းခဲ့ပါသည်။

တစ်ခုသော နေ့တစ်ရက်က ဤဇာတ်လမ်းကို စပါသည်၊ ကျွန်တော်တို့ ဆိုင်သောက် ဧည့်သည်များ စုံလင်စည်ကားနေသော နံနက်ချိန်ခါသမယ ဖြစ်ပါသည်၊ စကားသံများ၊ ပန်းကန်ခွက်ယောက်အသံများ၊ နံပြားရိုက်သံများ၊ တားပွဲထိုးတို့၏ အော်သံများ စသည့်အသံဗလံများဖြင့် ညံစည်နေပါသည်၊ ထိုနေ့က ကိုသိန်းထူးသည် ဆိုင်ပိုင်ရှင် ဖြစ်သော်လည်း နံပြားရိုက်သူ မလာသဖြင့် ကိုယ်တိုင် ဝင်ရိုက်နေရ၏။ ထိုအချိန်တွင် ရုတ်တရက် အော်သံတစ်သံ ထွက်ပေါ်လာ၏။

"ဟေ့ ... ကိုသိန်းထူး ခင်ဗျား ... ခြေထောက်အောက်မှာ ခင်ဗျား မပူဘူးလား၊ မီးခဲကြီး ... မီးခဲကြီးကို နင်းထားတယ်ဗျို့"

သူ့အော်သံကြောင့် ကျွန်တော်တို့လည်း သူ့အော်သံဘက်ကို လှမ်းကြည့်လိုက်ကြ၏။ ကိုသိန်းထူးကား အံ့သြဖွယ်ရာမီးခဲကြီးကို နင်းထားပါလျက် ပူခြင်း၊ လောင်ခြင်းကို အလျဉ်းမသိ၊ သူ့မျက်နှာတွင် ဘာခံစားမှုမှ မတွေ့ရ။ မီးနင်းပွဲများတွင် မီးနင်းကြသော ကုလားတွေကမှ ကသုတ်ကရက်နိုင်သေး၏၊ ပျာယာခတ်လျက် ဖြတ်နင်းကျော်နင်းကြ၏၊ မျက်နှာများ ရှုံ့မဲ့နေကြ





www.burmeseclassic.com

www.burmeseclassic.com

သည့် ခံစားချက်များကို မြင်တွေ့ရပေမည်။ ယခုကိုသိန်းထူးမှာတော့ သို့မဟုတ်၊ အေးအေးဆေးဆေးပင်။ မီး၏လောင်မြိုက်ခြင်းကိုမမှု၊ မီးခဲကိုခြေထောက်တစ်ဖက်ဖြင့် အလယ်ကောင်တည့်တည့်ကြီး ကျကျနန နင်းထား၏။ ဣန္ဒြေတစ်ချက်မျှမပျက်။

အတန်ကြာမှ သူငုံ့ကြည့်လိုက်၏။ သူ့ခြေထောက်ကို မကြည့်လိုက်၏။ မီးခဲက ခြေထောက်တွင် ကပ်ပါလာ၏။ ထိုအခါကျမှ သူခါချလိုက်မိ၏။ ဒေါက်ခနဲမီးခဲတုံးကြီးကကျသွား၏။ သူ့ခြေပြားကိုသူစမ်းကြည့်ပြီး သူ့ဘာသာ



ကုသပုံဆေးမြီးတိုကား ဤသို့တည်း။ သူ့လို ဆီးချိုဝေဒနာတစ်ဦးကသူ့ကိုယ်တွေ့ဆေးမြီးတိုတစ်ခုကို ပြောပြ၏။ ထိုဆေးမြီးတိုမှာ အခြားမဟုတ်။ ရှေ့က တင်ပြခဲ့သလို ချောက်ချားဖွယ် ဖြစ်နေ၏။ သချိုင်းကုန်းနှင့်လည်း ဆက်စပ်နေ၏။



အံ့သြနေဟန်တူ၏။ ကျွန်တော်တို့လည်း အံ့သြပြီးရင်းအံ့သြစွာဖြင့်ကြည့်ပြီး မင်တက်နေမိကြ၏။ ထိုအချိန်မှစ၍ သိရသည်မှာ ကိုသိန်းထူးတွင် ဆီးချိုရောဂါစွဲကပ်နေပြီဟု။

✣ ✣ ✣

သို့ဖြင့် ကိုသိန်းထူးတစ်ယောက် အထူးကုဆေးခန်းတစ်ခုပြီးတစ်ခုကို ပြသ၏။ သက်သာတာပဲရှိသည်။ လုံးဝပျောက်ကင်းသည်မရှိ။ သူ့ကိုကြည့်ရသည်မှာ ဝေဒနာကိုအပြင်းအထန် ခံစားနေရဟန် တူ၏။ သူ့မျက်နှာမှာအုံ့မှိုင်းနေသော မိုးကောင်းကင်လို ထာဝစဉ်ညှိုးမှိုင်းနေ၏။ တစ်နေ့တခြား ပိန်ချုံးကျုံလိုလာ၏။ အင်္ဂလိပ်ဆရာဝန်များနှင့် မရသောအခါ မြန်မာဆရာများနှင့် ကုသ၏။ မသက်သာသဖြင့်မြန်မာဆရာတစ်ယောက်ပြီးတစ်ယောက်ပြောင်း၍ ကုသ၏။ ဆရာများ သားသေသည့်ကိန်းသို့ တဖြည်းဖြည်း ဆိုက်နေ၏။ တစ်နေ့တစ်နေ့သူ့အတွက် ကုရသဖြင့် ငွေကြေးအကုန်အကျကလည်းများလာ၏။ လှူခန်းလာသလိုရေခန်းလာ၏။ နွေမိုးဆောင်းရာသီတွေသာ ပြောင်းသွားသည်၊ သူ့ရောဂါက ထူးမခြားနား။ နောက်ထပ်သိရသည်မှာ သူ့တွင် ဆီးချိုရောဂါအပြင် သွေးတိုးရောဂါ၊ နှလုံးရောဂါတို့ပါ ထပ်မံကပ်ငြိနေသည်ဟုကြားသိရ၏။ ကျွန်တော်တို့လည်း ဘေးမှကြည့်ပြီး သနားကရုဏာသက်ရုံကလွဲလို့ ဘာမျှ မတတ်နိုင်။

ကြာတော့မြန်မာတို့၏ထုံးစံအတိုင်းပင် ဆေးမြီးတိုများဖြင့်ရောက်တတ်ရာရာ၊ ကောင်းနိုးရာရာတို့ဖြင့် ကုသလာပြန်၏၊ ဒီလိုနှင့် ရသည့်သတင်းမှာ ချယ်ရမလိုင်ရမလိုဖြစ်ရသည်အထိ သူကုသည့် ဆေးမြီးတိုအကြောင်းတားဆန်းကြယ်လှ၏။ ကြောက်မည်ဆိုလည်း ကြောက်လောက်၏။ ထိတ်မည်ဆိုလည်း ထိတ်လောက်၏။ လန့်မည်ဆိုလည်း လန့်လောက်၏။



www.burmeseclassic.com

www.burmeseclassic.com

ကုသပုံဆေးမြီးတိုကား ဤသို့တည်း။ သူလို ဆီးချိုဝေဒနာတစ်ဦးက သူကိုယ်တွေ့ဆေးမြီးတိုတစ်ခုကို ပြောပြ၏။ ထိုဆေးမြီးတိုမှာ အခြားမဟုတ်၊ ရှေ့က တင်ပြခဲ့သလို ချောက်ချားဖွယ် ဖြစ်နေ၏။ သချိုင်းကုန်းနှင့်လည်း ဆက်စပ်နေ၏။ အဘယ်သို့ဆိုသော် သချိုင်းကုန်းမှ လူရိုးကိုအရယူရမည့် အရေးကား ခက်ခဲပါဘိတောင်း။ သူတို့ အကြံထုတ်ကြ၏။ ဘယ်နည်းနှင့်မျှ ကိုယ်တိုင် သွားရောက်ရှာဖွေယူ၍ ရနိုင်မည် မဟုတ်ရေ။ သချိုင်းစောင့်နှင့် ပတ်သက်ဆက်စပ်ကြည့်မှ ရမည့်ကိန်းဆိုက်နေသည်။ ထို့ကြောင့်တွင် ထိုဆေးမြီးတိုကို ပေးသူကပင် မည်သူမည်ဝါကို အကူအညီတောင်းက ရနိုင်ပါသည်ဟူသော ပြောဆိုလမ်းညွှန်မှုဖြင့် လမ်းစကိုရှာတွေ့စေ၏။ ရွာထဲတွင် ဖိနပ်ချုပ်နေသူ အန်ီသကောင့်သားနှင့် ဆက်သွယ်လိုက်သော အရိုးတစ်ချောင်းကို ရလာ၏။ ကာယကံရှင်များသည် ထိုအကြောင်းကို လူသိမခံဝံ့၊ လျှို့ဝှက်ထားကြ၏။ တိုးတိုးတိတ်တိတ်ကြိတ်ပြီး ကြံစည်ကြခြင်း ဖြစ်၏။

ဆေးမြီးတို၏ အညွှန်းမှာ လူရိုးကိုတစ်နေ့သုံးကြိမ် တစ်ကိုယ်လုံးတွင် လိမ်းကျံရန်ဖြစ်၏။ တစ်ခါလိမ်းလျှင် လက်ဖက်ရည်ပန်းကန်လုံးတစ်လုံးလောက် ကြဲကြဲဖျော်ရ၏။ ဟုတ်သလား၊ မဟုတ်သလားတော့ ဂဃဏန သေသေချာချာတော့ မသိ၊ သက်သာသည်ဟုဆို၏။ သူသတ်မှတ်ချက်မှာ (၉)ရက်ခန့် လိမ်းကျံရန် ဖြစ်သည်တဲ့။

✣ ✥ ✣

သူ့ဆေးမြီးတိုကား လူသေနှင့် ပတ်သက်နေသဖြင့် ဂန္ဓာရဆန်နေ၏။ လူရိုးကိုသွေးလိမ်းကျံရသဖြင့်ပုံပြင်ဆန်လှသည်ဟုလည်း ဆိုနိုင်၏။ တစ်နေ့မနက်တွင်ကိုသိန်းထူးတစ်ယောက်သွက်သွက်ခါအောင်ရူးသလိုဖြစ်သွား၏။ သူ့နှုတ်မှလည်း "ပေးပါ့မယ် - ပြန်ပေးပါ့မယ်" ဟူ၍ အော်နေ၏။ သူ့ကိုကြည့်ရသည်မှာပါးရင်းတွေကျပြီးညှဉ်းသိုးသိုးဖြင့် ကြည့်ရဆိုးနေ၏။ လမ်းလျှောက်ပြေးအော်ဟစ်နေ၍ ဖမ်းချုပ်ကာ ကြိုးတုပ်ပြီး တိုင်မှာ ချည်ထားရ၏။

ဒီလိုနှင့်ရှိုင်ကိုလည်း ပိတ်ထားရ၏။ ပယောဂဆရာဖြင့် ကုသမည်ဟုလည်းကြားရပြန်၏။ နောက်ထပ်အဖြစ်အပျက် အလုံးစုံကို ကြားရသည်မှာ နလုံးတုန် ရင်တုန်စရာ ဖြစ်ရ၏။ သူတို့တစ်အိမ်လုံးလည်း ထိတ်လန့်ချောက်ချားနေကြ၏။ ဖြစ်ပုံကား မယုံနိုင်စရာပင်။

ကြားရသည်မှာ ကျော့ချမ်းစရာကောင်းလှ၏။ ကိုသိန်းထူးတစ်ယောက် လူရိုးကိုသွေးပြီးလိမ်းနေသည်မှာ (၉)ရက်ကြာမျှမကရှိခဲ့ပြီ၊ နောက်ကျတော့ လိမ်းတစ်ရက်၊ မလိမ်းတစ်ရက်ရှိရာမှ လုံးလုံးလှည့်မကြည့်တော့သည့်အခြေသို့ ရောက်လာ၏။ သို့ဖြင့် လူရိုးကိုလည်း မေ့မေ့လျော့လျော့ ဖြစ်လာ၏။

တစ်နေ့၌ သန်းခေါင်ယံတွင် ကိုသိန်းထူး၏ အသံနက်ကြီးဖြင့် အော်သံကို အိမ်နီးနားချင်းတွေပါ ကြားလိုက်ရ၏။ ကိုသိန်းထူး၏ တစ်ကိုယ်လုံးရေချိုးထားသည့်အလား ချွေးဖော့သံတွေ ရွှဲရွှဲစိုလျက် လန့်နိုးလာ၏။ ပါးစပ်မှလည်းအသံနက်ကြီးဖြင့် အော်ဟစ်ရင်းပုန်းခနဲ ပြေး၏။ အိမ်သားတွေလည်း နောက်မှ ပြေးလိုက်၍ဝိုင်းဆွဲထားကြရ၏။ ရှန်းရင်းကန်ရင်း တဝူးဝူး တဝါးဝါးနှင့် အတင်းချော့မေးကြမှ သတိရလာပြီး အတန်ကြာမှ ပြောပြ၏။ သိရသည်မှာ သူ့ကိုအမွေးဖွားဖွားနှင့်သတ္တဝါကောင်ကြီးက တင်းပုတ်ကြီးဖြင့် ချိန်ရွယ်လျက် သူ့အရိုးကိုပေးဟုတောင်း၏။ မပေးမကမ်းပါက တင်းပုတ်ကြီးနှင့်ထုလိုက်မည်ဟုခြိမ်းခြောက်၏။ သူကရှေ့မှနေ၍တအားကုန်ကြောက်အားလန့်အားဖြင့် ပြေး၏။ နောက်မှ သူ့ကို အသေထုရန် တင်းပုတ်ကြီးဖြင့် ချိန်ရွယ်လိုက်၏။ နောက်မှနေ၍ အသံနက်ကြီးဖြင့် "ငါ့အရိုးပေး - ငါ့အရိုးပေး" အော်သတဲ့။

✣ ✥ ✣





www.burmeseclassic.com

www.burmeseclassic.com

ညစဉ်ညတိုင်းကိုသိန်းထူးမှာအိပ်ဖို့ရန်ဝန်လေးနေ၏။ မှေးခနဲ အိပ်ပျော်သွားသည်နှင့် ထိုအကောင်ကြီး ရောက်လာ၏။ “ငါ့အရိုးပေး” ဟု တစာစာတောင်း၏။ ကိုသိန်းထူးမှာ သွေးပျက်ခမန်း အထိတ်ထိတ်အလန့်လန့်နှင့်။

နောက်ကျတော့ ပယောဂဆရာတစ်ဦး၏ ညွှန်ကြားမှုဖြင့် လူရိုးကို သချိုင်းကုန်းသို့ ပြန်ပို့ရန် စီစဉ်ကြတော့သည်။ ထိုကဲ့သို့အရိုးကို ပြန်ပို့မည်ဆိုပါမှ အရိုးက ရှာမတွေ့တော့။ အိမ်ထဲက ကျောက်ပျဉ်နားက သနပ်ခါးတုံးထည့်ထားသည့် တောင်းထဲတွင် ထည့်ထားပါလျက် ယခုအခါ ထိုနေရာတွင် လူရိုးကို ရှာမတွေ့တော့။ သူတို့တစ်အိမ်သားလုံး နေရာအနှံ့ လိုက်ရှာကြ၏။ လူတွေလည်း တစ်နေကုန် လုန်လျောရှာဖွေရသဖြင့် ဖတ်ဖတ်ကို မောနေကြ၏။ အဆုံးသတ်ကျတော့မှ ကလေးတွေကိုအိမ်အောက်ထဲ ဆင်းရှာခိုင်းတော့ အိမ်အောက်မှ အရိုးကို ရှာတွေ့တော့၏။ ထိုအခါကျမှ တစ်အိမ်သားလုံး ဟင်း – ချနိုင်ကြတော့သည်။

သို့ရာတွင် ညနေစောင်း၍အချိန်ကာလကား မှောင်ရီပိုးတဝါး သွားဖြစ်သွားပြီ။ ဘယ်သူမှ သချိုင်းကုန်းသို့အရိုးကို သွားမပို့ရဲဖြစ်နေကြ၏။ ထိုအခါ တစ်ယောက်သူ၏အကြံပေးချက်အရကနဦးကယူလာသောဲဗီနပ်ချုပ်သမားလက်သို့ အပ်လိုက်ရ၏။ ညတွင်းချင်း ပို့ပေးပါရန် တောင်းပန်ခိုင်းစေရ၏။

ထိုအခါကျမှပင် အရိုးပြန်ပေးရမည့် ပြဿနာ ပြေလည်သွားတော့၏။ ထို့ပြင် ကိုသိန်းထူးမှာလည်း အရိုးပိုင်ရှင်၏ ပူးကပ်ခြိမ်းခြောက်ခြင်း အလျဉ်းမရှိတော့သလိုဖြစ်သွား၏။ ထိုညများမှစ၍ ကိုသိန်းထူးတစ်ယောက် ကောင်းမွန်စွာ အိပ်ပျော်ခွင့်ရသွားလေတော့၏။

✣ ✣ ✣



ထိုအဖြစ်အပျက်မှာ ကျွန်တော်တို့ မြို့ကလေးတွင် တကယ်ဖြစ်ခဲ့သော ဂမ္ဘီရဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ ယုံချင်လည်း ယုံပါ၊ မယုံချင်လည်း နေပါ။ လက်ခံချင်လည်း လက်ခံပါ။ လက်မခံချင်လည်း လက်မခံပါနှင့်။

ဤကဲ့သို့ ဖြစ်ရပ်များမှာ လောကတွင် အနမတဂ္ဂ ရှိပါသည်။ ထို့ကြောင့်လည်း ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဟိုမှသည်မှ ထွက်ပေါ်လာသည်ကိုကြားသိခြင်းဖြစ်ပါသည်။ စင်စစ် ဤဖြစ်ရပ်များသည် ပြောမယုံ ကြုံဖူးမှ သိဆိုသကဲ့သို့ တစ်ဆင့်ဖောက်သည်ချလိုက်ရပါသတည်း။

➤ မြစကြာ


စာမူများ ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com





# ပထမပိုင်း

“အာကာသ” ထဲမှ ရုတ်တရက် ရူးရှင်းပေါက်ကွဲ လွင့်ထွက်
လာသည့် ထိတ်လန့်စရာ အသံဆိုးကြီးတစ်ခုကြောင့် ရုတ်ခနဲ
သူ ကောင်းကင်ကို မော့ကြည့်မိသည်။
သူ ... မြင်လိုက်ရသည့် မြင်ကွင်းက အလွန် ထူးဆန်းပြီး
အလွန်လည်း အသည်းထိတ်စရာကောင်းသည့်
မြင်ကွင်း တစ်ခု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေရောင်ဝင်းဝင်းတောက်နေသည့် ကောင်းကင်ကြီးထဲမှ အရာဝတ္ထု တစ်ခုကို သူ ဖျတ်ခနဲ မြင်လိုက်ရသည်။ ထိုအရာဝတ္ထုက "ပိန်းပိန်းနက်နက်" မည်းမှောင်နေသည့် "မဟူရာဥက္ကာပျံကြယ်ကြီးတစ်ပွင့်" ဖြစ်နေသည်၊ ထို ကြယ်နက်ကြီးက မီးလျှံတွေ တဖြန်းဖြန်း တောက်လောင်နေလျက် စကြွန် ပိုင်းအတွင်း "ဝုန်းခနဲ" တစ်ရှိန်ထိုး လွင့်ပျံလာကာ ဂျင်တစ်လုံးကဲ့သို့ လည်ပတ်လျက် သူထံ စိုက်ထိုးလွင့်ပြေးဝင်လာပါတော့၏။

အလွန် လျင်မြန်သည့် အလျင်နှုန်းတစ်ခုနှင့်စကြွန်ပိုင်းအတွင်းတန်း ဝင်လာသောထိုမဟူရာဥက္ကာပျံကြယ်နက်ကြီးကိုသူ ဘယ်လိုမှမရှောင်တိမ်း နိုင်တော့ချေ။ ဥက္ကာပျံမဟူရာ ကြယ်နက်ကြီးက ထိတ်လန့်စရာ အဟုန် ကြမ်းကြီးနှင့် သူ့နှလုံးသားထဲ ထိုးဖောက်ဖြတ်ဝင်သွားပါတော့၏။

သူအလန့်တကြားသည်းထိတ်ရောက်ရှားစွာအင်အားရှိသမျှအသံနက် ကြီးဖြင့် ဖျစ်ညှစ်ပြီး ကြုံးအော်လိုက်ပါတော့သည်၊

"အား"

= ■ =

"ဟဲလို"

အလွန်ညှို့အားပြင်းပြီး ဆွဲဆောင်မှုရှိသည့်အမျိုးသမီးတစ်ဦး၏ထူးဆန်း သော အသံနှင့်သင်းပျံ့သောရဲဗလွှန် ရေမွှေးနံ့၊ သောတအာရုံနှင့်ဃာနနှစ်ခုကို သူ တစ်ပြိုင်နက်ခံစားလိုက်ကာ မျက်လုံးတွေကို ဖျတ်ခနဲ သူ ဖွင့်ကြည့်လိုက် သည်။

"အဟင်း . . . ဟင်း . . . ရှင် အိပ်မက်လှလှလေးတွေ မက်နေတယ် ထင်တယ်ဟုတ်စ . . . မွန်စီယာ"

"အမေရိကန်နီဂရိုး" လေသံဖြင့် လွင်ရှရှ ချိုညက်ညက်လေး ကျီစယ် လိုက်သည့် သူနံဘေးမှအနောက်တိုင်းသူလေးကို သမင်လည်ပြန်အူ ငဲ့ကြည့်လိုက်သည်၊



သူ ... အလန့်တကြား ရင်ထဲ၌ အံ့သြမှုတွေ စီရွှဲသွားသည်၊ "မွန်စီယာ" ဆိုသည့် ပြင်သစ်စကားအသုံးသတ် အသုံးအနှုန်းလေးကလည်း သူ့ကို ဖမ်းစားလိုက်သည်။ မွန်စီယာဆိုသည်မှာအင်္ဂလိပ်လို "မစ္စတာ" ဟုအဓိပ္ပာယ် ရသည်၊

သူ နီဂရိုးမ မဟူရာနတ်သမီးလေးကို သေချာ ပြန်စိုက်ကြည့်လိုက် သည်၊ သူ့ရင်ဘတ်တစ်ခုလုံး ဗီညာဉ်လိပ်ပြာရောင်စုံတွေ ဝရုန်းသုန်းကား လွင့်ပျံထွက်ကုန်သည်၊

သူ့နံဘေးမှ သူ့ကို လှမ်းပြီးကျီစယ် နှုတ်ဆက်လိုက်သော ဒေဝစ္ဆရာ နီဂရိုးမလေးက တခြားသူမဟုတ်၊ ကမ္ဘာကျော်စူပါမော်ဒယ် နီဂရိုးမ "နာအိုမီကင်းဘဲလ်" ဖြစ်နေသည်ကို သူ အံ့သြစွာ မြင်လိုက်ရသည်၊

သူ့နှုတ်က အဆီအငေါ် မတည့်သည့် "ဟစ်ဟော့" သီချင်းတစ်ပုဒ်လို လွင့်မြောက်သွားသည်၊

"ဟာ...မင်းကမ္ဘာကျော်စူပါမော်ဒယ် "နာအိုမီကင်းဘဲလ်" မဟုတ်လား ဟင်"

အလှဘုရင်မ နီဂရိုးလိပ်ပြာ ဒေဝစ္ဆရာက ခြူးသံမြမြ မြူးရှရှလေး ရယ်သွင်းလိုက်ကာ အင်တာနေရှင်နယ် မိန်းမပီပီ စကားနာလှလှလေး ထိုးလိုက်သည်၊

"သိပ်ဟုတ်တာပေါ့ရှင် ... ကျွန်မ နာအိုမီကင်းဘဲလ် အစစ်ပါပဲ၊ ကျွန်မ ဒီ - "ထိုင်းသစ်ခွလေယာဉ်" ပေါ်နောက်ဆုံးတက်လာတဲ့ခရီးသည်ပါ၊ ကျွန်မ ရှင့်နံဘေးက ထိုင်ခုံထဲမှာ ဝင်ထိုင်ချလိုက်တုန်းက ရှင်က စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးနဲ့ ဖတ်နေတာမို့ရှင်သတိမထားလိုက်မိတာပါ၊ အခုမှ ရှင် အိပ်မှုန် စုံမွှားနဲ့ အိပ်မက်ပြီး အလန့်တကြား လန့်နိုးလာတာ ထင်ပါရဲ့ - ဟင်း - ဟင်း"

သူလေးဆယ်ရာခိုင်နှုန်း (Forty Percent) လောက်၊ နည်းနည်း ဘလေးရှက်သွားခဲ့သည်၊ အမှန်တကယ်လည်း သူ့လေယာဉ်ပေါ်မှာ "စက်သုံ" ဘဝယ်လာခဲ့သည့် "Opposition of Dreams" အိပ်မက်များ၏ ထန်ကျ



www.burmeseclassic.com

www.burmeseclassic.com

ဘက်) ဆိုသည့်စာအုပ်ကို သူ သဲသဲမဲမဲဖတ်ပြီး မေးခန် အိပ်ပျော်သွားခဲ့ခြင်း ဖြစ်သည်။

ပြီးနောက် သည်စာအုပ်၏ပြင်းထန်သည့် ဆွဲဆောင်ရိုက်ခတ်မှုကြောင့် ပဲလားတော့မသိ၊ သူ မသိစိတ်နှလုံးသားထဲကို အာကာသထဲမှ မီးလျှံတွေ တောက်လောင်နေသည့် ဥက္ကာပျံကြယ်နက်ကြီးတစ်လုံးက "ဝုန်း" ခနဲ ပျံဆင်း လာပြီး ထိုးဖောက်ဝင်ရောက်သွားသော "စိတ်နယ်လွန်အိပ်မက်" တစ်ခုထဲ သူ ကျွံနစ်သွားခဲ့ခြင်းဖြစ်၏။

"ဆောရီးဗျာ ... ဟုတ်တယ် ကျွန်တော် အိပ်မက်ကမ္ဘာလေးတစ်ခုထဲ လွင့်ကျသွားပြီး မဟူရာနတ်သမီးလေးတစ်ပါးနဲ့ တွေ့နေလို့ဗျ၊ ကျွန်တော့် မျက်လုံးလည်းဖွင့်ကြည့်လိုက်ရော စူပါမော်ဒယ်မဟူရာနတ်သမီးလေးဖြစ် နေတယ်၊ အဟက် - ဟက် - ကျွန်တော် ဘယ်လောက် ကံကောင်းသွား သလဲနော်"

သူက သူ့အိပ်မက်ကို သူ့ဘာသာအနက်ဖွင့်ပြီး စူပါမော်ဒယ်ဒေဝန္တရာ မဟူရာနတ်သမီးအား စိတ်ကြွေသွားအောင် နောက် ရွှတ်ရွှတ်လေး ပြန်ကျီ စယ်လိုက်သည်။

မဟူရာနတ်သမီးက ရွှန်းနက်တောက်ပစွာ သူ့ကိုစိုက်ကြည့်ပြီး သူ့ ပေါင် ပေါ်တွင် မှောက်လျက်သား တင်ထားသော စာအုပ်ကို ဖျတ်ခနဲ လှမ်းကြည့် ကာ မအံ့သြဟန် လေသံငွေ့ပြုံးလေးနှင့် ပြန်ပြောသည်။

"ဒါဆို ... အခု ရှင်ဖတ်နေတဲ့ "အိပ်မက်များ၏ဆန့်ကျင်ဘက်" ဆိုတဲ့ စာအုပ်အတိုင်းဆိုရင်တော့ ရှင့် သက်သက်လီဆယ်နေတယ်ဆိုတာ ကျွန်မ နားလည်ရလိမ့်မယ်၊ အေးလေ - ဘာပဲဖြစ်ဖြစ် ရှင်နဲ့ကျွန်မ အခုမတော်တဆ မိတ်ဆွေ ဖြစ်သွားကြတာ ဝမ်းသာပါတယ်၊ ဒါနဲ့ ရှင်က "ဗီယက်နမ်" လား "ထိုင်း" လား ဟင် - မွန်စီယာ" ချောကလက်ရင့်ရောင်၊ ကျွန်းသားရောင် အသားအရည်ပေါ်တွင် ရွှေအိုရောင်နှင့်ငွေပြာရောင်ဝတ်စုံဆန်းကို ဝတ်ဆင် ထားသော "နာဒိုမီ" က တည်ငြိမ် ရင့်ကျက်စွာနှင့်သူ့ကို ပြန်လည် ဆန်းစစ် လာသည်။



သူ နီဂရိုးလူကောရီအား အောက်နှုတ်ခမ်းကိုသွားနှင့်ဖွဖွကိုက်ထား လျက်ညင်သာစွာခေါင်းခါယမ်းပြလိုက်ရင်းသူ့နှုတ်မှ "မြင်သစ်" လို့လွှတ်ခနဲ ပွင့်ထွက်သွား၏။

"နှမ်း ... မက်ဒမွိုင်ဇယ်၊ ဂျဆွီး ... ဘေရမ္ဗန်း"

သူက နီဂရိုးချောကလက်ဘုရင်မကို "ဟင့်အင်း ... မစ္စ - ကျွန်တော် "မြန်မာ" ပါဟု ပြုံးပြုံး ချက်ချင်းပြန်ဖြေလိုက်သည်။

ဤတွင်နီဂရိုးစူပါမော်ဒယ် နာဒိုမီမျက်လုံးတွေပြူးကျယ်ဝင်းစက်သွား ပြီး သန္တာရောင်နှုတ်ခမ်းထူစိုစိုလေးတွေ ပွင့်ဟသွားပါသည်။

"အိုး ... ဗူဇက်ဘေရမ္ဗန်း ထရက်ဗျန်း"

သူမနှုတ်မှလည်း "အို - ရှင်မြန်မာ - သိပ်ကောင်းတာပေါ့" ဆိုသည့် ပြင်သစ်သံစဉ်၊ စကားလုံးတွေ ရောင်ပြန် ပဲ့တင်လှိုင်းခတ် ပွင့်ထွက်လာ သည်။

သူ ... နီဂရိုးအလှဘုရင်မကို အံ့သြစွာ ဆန့်ကျင်ဘက် ဆွဲအားတစ်ခုဖြင့် ပြန်လှမ်း၍စိုက်ကြည့်လိုက်သည်။

ထိုတဒင်္ဂလေးတွင် အလွန်ပြင်းထန်စူးရှသည့် သည်းထိတ်ရောက်ချား ဖွယ်ရာ အသံနက်ကြီးတစ်ခုက အာကာသထဲမှ ရုတ်တရက် လွင့်မြောက် ထွက်လာသံ သူ ကြားလိုက်ရပြီး ထူးဆန်းစွာ တစ်ပြိုင်နက်တည်း သူ့ရှေ့မှ မဟူရာဒေဝန္တရာ "နာဒိုမီ" သည်လည်း "ရွှေရောင်ကြယ်ပွင့်ကြီးတစ်ပွင့်" အသွင်၊ တစ်မဟုတ်ချင်း ပြောင်းလဲသွားကာ မီးလျှံတွေ တလွင့်လွင့် တောက် လောင်လျက် အာကာသထဲသို့ ထိုးဖောက်လွင့်ပျံတက်သွားပါလေတော့ သည်။

ပြီးနောက် လေယာဉ်ကြီးတစ်စင်းလုံး ကြောက်မက်ဖွယ်ရာ လင်းထိန် တောက်ပသွားကာ စတ္တန့်ပိုင်းလေးအတွင်း "ဝုန်း" ခနဲ မြည်ဟီး ပေါက်ကွဲ သွားလေတော့သည်။

= ■ =



www.burmeseclassic.com

www.burmeseclassic.com

"မင်းခေါင်အုပ်" သည်ထိတ်လန့်ချောက်ချားဖွယ်အိပ်မက်ဆိုးမှ ဖျတ်ခနဲ လန့်နိုးလာသည်။ သူ့ စိတ်လှုပ်ရှားမှု ပြင်းထန်နေလျက် နဖူးပြင်၌ ချွေးစေးတွေ စီးကျနေသည်။

သူ့သိစိတ်အာရုံတွေကိုပြန်စုစည်းလိုက်ကာပတ်ဝန်းကျင်ကို သူအလျင်အမြန် အကဲခတ်ဝေ့ကြည့်လိုက်သည်။

သူချက်ချင်း ပြန်သတိရသွား၏။

သူ "ဘန်ကောက်မြို့" မှ "ရွှေသစ်စွပ်ဟိုတယ်" ပေါ်ရောက်ရှိနေခဲ့ခြင်းဖြစ်ပါသည်။ သူ့ဆိုဖာမွေ့ယာပေါ်မှ ထထိုင်လျက် ပန်းရောင်မှန်ချပ်ထူကြီးတွေကို ဖြတ်ပြီး ပြာလဲ့လဲ့ "မဲနမ်မြစ်" ရေပြင်ကို လှမ်းကြည့်လိုက်သည်။

ဘန်ကောက်မြို့ဖြတ်၏ အရုဏ်ဦးရွှေရောင်ပိုးခြည်နုတွေက မဲနမ်မြစ်ပေါ်၌ စိတ္တဇဆန်စွာ လွှမ်းချထား၏။

သူ မနေ့က ထိုင်းလေကြောင်းခရီးစဉ်နှင့် "စင်ကာပူ" မှ လာခဲ့စဉ် လေယာဉ်ပေါ်မှာ နီဂရိုးအမျိုးသမီး မဟူရာနတ်သမီးလေးတစ်ဦးကို အမှတ်တမဲ့တွေ့မြင်လိုက်ရသည်။ "မင်းခေါင်အုပ်" သူ့ "အိပ်မက်များ၏ ဆန့်ကျင်ဖက်စာအုပ်ကိုပင် စိတ်မဝင်စားနိုင်တော့လောက်အောင် နီဂရိုးမလေး၏ ညို့စက်ကွင်းတွေက သူ့နှလုံးသားတွေကို ဖမ်းစားနေသည်။ မင်းခေါင်အုပ်ကလည်း သူများနှင့်မတူ တစ်မူထူးခြားစွာ "အသားနက်မလေးတွေ" ကို စွဲလမ်းယစ်မူးစွာ ဆန္ဒပြင်းပြင်းနှင့် နှစ်သက်သဘောကျသူဖြစ်၏။

ထို့ကြောင့်သူ လေယာဉ်ပေါ်မှာ ခရီးစဉ်တစ်လျှောက်လုံးသူ သူ့ရှေ့တန်းကျော်မှ ဘေးတိုက် (Prosile) စောင်းစောင်းပုံစံလေးမြင်နေရသည့် ငွေ့ပြာရောင်နှင့်ရွှေရောင်တွေ ဝတ်ထားသည့် နီဂရိုးမဒေဝီရာလေးကို ခိုး-ခိုးကြည့်ရင်း သက်ပြင်းမောတွေ လိုက်ဖိုချနေခဲ့ရသည်။

ယင်းစိတ္တဇအစွဲကပဲ သူ့ကိုဖမ်းစားခြောက်လှန့်လေရော့သလားမသိ၊ သူ စူပါမော်ဒယ် "နာအိုမိ" အလှဘုရင်မကို သူ့မသိစိတ် "စိတ္တဇအိပ်မက်ကလေး"ထဲသို့ နီဂရိုးမ လှသက်ထားလေးကိုယ်စား အတင်းဖန်ဆင်း ညှို့သွင်းခဲ့သည်ထင်သည်။

မင်းခေါင်အုပ် ထိတ်လန့်ချောက်ချား စိတ်နယ်လွန်အိပ်မက်တစ်ခုထဲ လွင့်ကျသွားခဲ့ရခြင်း ဖြစ်သည်။

သူ မဲနမ်မြစ်ပေါ်မှ အကြည့်ကိုပြန်ရုပ်သိမ်းပြီး မွေ့ရာပေါ်မှ လှမ်းထလိုက်သည်။

ထိုစဉ် - တံခါးခေါက်သံကလေး သုံးချက် ဖွဖွပေါ်လာသည်။

"ခေါက် - ခေါက် - ခေါက်"

မင်းခေါင်အုပ် မျက်လုံးတွေ အခန်းတံခါးဝဆီ အကြည့်လွင့်သွားကာ နောက်မှ အသံပါ ဆက်ပွင့်ထွက်သွားသည်။

"ခရိုင် ... ကမ်းအင်"

သူ ထိုင်းလို တစ်ဝက် အင်္ဂလိပ်လိုတစ်ဝက် "ဘယ်သူလဲ ဝင်ခဲ့ပါ" ဟု လှမ်းပြောလိုက်သည်။

အခန်း၏ကျွန်းတံခါး ဖြည်းညင်းစွာ ပွင့်ဟသွားပြီလျှင် အဖြူရောင်ဝတ်စုံနှင့် ဟိုတယ်ဝန်ထမ်း ထိုင်းအမျိုးသားလေး လှမ်းဝင်လာသည်။ သူ့အရှေ့သို့ လျှောက်လာပြီး လက်အုပ်ချီဦးညွှတ်ကာ "ဆဝပ်ဒီခရပ်" "မင်္ဂလာနံနက်ခင်းပါ ခင်ဗျား" ဟု ထိုင်းလို ဦးစွာ နှုတ်ဆက်၏။

သူကလည်း "ဆဝပ်ဒီခရပ်" ဟု ယဉ်ကျေးမှုအရ ပြန်နှုတ်ဆက်လိုက်သည်။ ဟိုတယ်ဝန်ထမ်း "ထိုင်း" အမျိုးသားလေးက ပုံစံသွင်းထားသည့် စက်ရုပ်တစ်ရုပ်လို သူ့ အလွတ်ကျက်မှတ်ထားသော "အင်္ဂလိပ်" စကားလုံးလေးတွေနှင့် ကြက်တူရွေးလေးလို ဆက်ပြောသည်။

"မြန်မာလူကြီးမင်းကို ဟိုတယ်အောက်ထပ်ဧည့်ခန်းထဲမှာ ဧည့်သည်တစ်ယောက် တွေ့ချင်လို့ စောင့်နေပါတယ်ခင်ဗျာ"

မင်းခေါင်အုပ်၏ ဦးနှောက်ဆားကစ်ထဲ၌ ဖျတ်ခနဲ "မစ်မိုရီ" လေးတစ်ခု သက်ဖြာတောက်ပသွားသည်။ သူ ချက်ချင်း ပြန်သတိရလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးနေ့ နံနက်က မင်းခေါင်အုပ် "မြန်မာပြည်"မှ လေယာဉ်ကွင်းသို့ မသွားခင် သူ "ထိုင်းနိုင်ငံ"မှ "ဇောင်နာထရာ" ဆီ သောကြာနေ့ ညနေတွင် "ထိုင်း"သို့ "ဝင်ကာပူ"မှရောက်မည်ဖြစ်ကြောင်း "စနေနေ့"နံနက်စောစော၌ သူကို " ရွှေသစ်စွ" ဟိုတယ်တွင် လာတွေ့ဆုံရန် ဖုန်းဆက်အကြောင်းကြားထားခဲ့၏။

ထို့ကြောင့် အောက်ထပ်ဧည့်ခန်းထဲ၌ ဗီရိယပိုလှသော သူ့သူငယ်ချင်း "ထိုင်းသူဌေး"လေး ရောက်နေပြီဟု မင်းခေါင်အုပ်နားလည်လိုက်သည်။ သူ နံရံဆီ လှမ်းမော့ကြည့်လိုက်သည်။ နံရံပေါ်မှ သစ်ကနက်ဘောင်နှင့် ရွှေရောင် (SEIKO) နာရီကြီးက (၆း၀၅) နာရီကို ဖော်ပြနေသည်။

မင်းခေါင်အုပ်က ဇောင်နာထရာကို စိတ်ထဲမှ ချီးမွမ်း ကျေးဇူးတင်လိုက်၏။

"အေး...ဟုတ်ပြီ ကျေးဇူးပဲကွာ။ သူ့ကိုပြောလိုက် ကိုယ်ရေချိုးအဝတ်အစားလဲပြီး ဆင်းလာခဲ့မယ်၊ စောင့်နေပါလို့နော်၊ အော် ... တို့နှစ်ယောက်အတွက် မနက်စာကောင်းကောင်းပြင်ထားပေးပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ ခင်ဗျာ။ ကျွန်တော် ဆောင်ရွက်ထားလိုက်ပါ့မယ်"

ရွှေသစ်စွ၏ ပုံစံသွင်းထားသည့် ဟိုတယ်ဝန်ထမ်းလေးက ရိုကျိုးစွာ တုံ့ပြန်လျက် အခန်းထဲမှ ခြေသံလုံစွာနှင့် ပြန်ထွက်သွားလေတော့၏။

မင်းခေါင်အုပ် အလျင်အမြန်လေး လှုပ်ရှားလိုက်သည်။ သူ၏ "အိုနာဇီကင်းဘဲလ်" နှင့် အာကာသဥက္ကာပျံကြယ်နက်ကြီးတို့၏ "စိတ်နယ်လွန်အိပ်မက်စိမ်း" ကလေးကိုလည်း သူ တဒင်္ဂ မေ့သွားသည်။

မင်းခေါင်အုပ် ဂျက်ကူဇီ ဇိမ်ခံရေချိုးခန်းလေးထဲ လှမ်းဝင်လာခဲ့သည်။

= ■ =



စစ်စစ် မင်းခေါင်အုပ်သည် တစ်ကိုယ်ရည်တစ်ကာယသမားဖြစ်သည်။ ထို့ကြောင့် သူသည် သူ့ကိုယ်သူ စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်စွာနှင့် နေထိုင်ခဲ့သူဖြစ်သည်။ သူ့မှာ စိတ်ပူပန်စရာဘာမျှမရှိ။ မည်သည့်အနှောင်အဖွဲ့မှလည်း မရှိချေ။ သူ့ဘဝက လွတ်လပ်သလိုပဲ၊ သူ့စိတ်တွေကလည်း အမြဲနှောင်ကြိုးကင်းစွာ လှုပ်ရှားနိုင်ခဲ့သည်။

သူ စိတ်သွားတိုင်း ခန္ဓာကိုယ်က လိုက်ညွှတ်နိုင်ခဲ့သည်။ ညွှတ်နိုင်အောင်လည်း ငွေကြေးက ပြည့်စုံစွာ ဖန်ဆင်းပေးသွားခဲ့သည်။

သူ့မှာ ရှားရှားပါးပါး ရှိခဲ့သည့် သူ့အမေ၏ ညီမအရင်း၊ သူ့ကို ပညာသင်ပေးခဲ့သော ကျေးဇူးရှင် အဒေါ်ကလည်း ဤလောက၌ မရှိခဲ့တော့ပြီ၊ လွန်ခဲ့သော ငါးနှစ်ခန့်လောက်က ဆုံးသွားခဲ့သည်၊ ထိုအဒေါ်၏သား သူ့ညီ တစ်ဝမ်းကွဲ နောင်မင်းဘွားကလည်း လွန်ခဲ့သည့် ခုနစ်နှစ်လောက်ကတည်းက အမေရိကကို ရောက်နေတာ ဟိုမှာ အိမ်ထောင်ကျပြီး ခု - နေသားကျနေပြီဖြစ်သည်။

မင်းခေါင်အုပ်ကား ဘဝပင်လယ်ပြင်ထက်က ကြင်ဖော်မဲ့ဖင်ယော်ငှက်အသွင်။

သူ "ရန်ကုန်တက္ကသိုလ်"မှ "ရက္ခဗေဒဘာသာရပ်"ဖြင့် ဘွဲ့ရခဲ့ပြီးနောက် နောက်နှစ်တွင် သူ ကံအားလျော်စွာ ပညာသင်ဆုရပြီး ပြင်သစ်နိုင်ငံ ဆော့ဘွန်းတက္ကသိုလ်တွင် ရက္ခဗေဒဘာသာ "မဟာသိပ္ပံဘွဲ့"ကို ထူးချွန်စွာ အောင်မြင်ခဲ့သည်။

ထို့နောက် သူ မြန်မာနိုင်ငံသို့ပြန်လာခဲ့ပြီး လျှင်ပြင်သစ်တွင် သစ်ပင်နှင့် ပန်းပွင့်များဆီမှ အဆီနှင့် ရနံ့ ထုတ်ယူနည်းကို သင်ကြားလေ့လာခဲ့သည့်အတိုင်း ပိတောက်ပန်းပွင့်မှ အဆီနှင့် ရနံ့ထုတ်ယူကာ ကုမ္ပဏီတစ်ခု ထူထောင်လျက် မြန်မာ့ပိတောက်ရနံ့ (Myanmar Petout's Odour) ဆိုသည့် ရေမွှေးကို စတင်ထုတ်လုပ်ခဲ့သည်။

တစ်နှစ်အတွင်း အံ့သြဖွယ်ရာ သူ အောင်မြင်ခဲ့၏၊ "မြန်မာ့ပိတောက်ရနံ့" အမည်ဖြင့် ရေမွှေးများသာမက ကိုယ်လိမ်းပေါင်ဒါ၊ အသားဆီ၊ မိတ်ကပ်



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုး၊ နှုတ်ခမ်းဆိုးဆေး အရောင်အမျိုးမျိုးကိုပါ အောင်မြင်စွာ ထုတ်လုပ်လျက် စက်ရုံမှတစ်ဆင့် အာရှနှင့်ဥရောပနိုင်ငံများသို့ သူ တင်ပို့ရောင်းချနိုင်ခဲ့သည်။

မင်းခေါင်အုပ်သည် နေ့ချင်းညချင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦး အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ဖြစ်လာခဲ့သည်။ ထိုလုပ်ငန်းဖြင့် သူ့ကျေးဇူးရှင် အဒေါ်၊ သူ့မွေးစားမိခင်ကို နှစ်နှစ်ခန့် သူ ကျွေးမွေး ကျေးဇူးဆပ်နိုင်ခဲ့ပြီ၊ သူ ညီဝမ်းကွဲ နောင်မင်းဘွားကိုလည်း သူ ပညာသင်ထောက်ပံ့နိုင်ခဲ့သည်၊

ယခုတော့ သူ အောင်မြင်ထင်ရှားသည့်နိုင်ငံတကာလုပ်ငန်းရှင် သူဌေး တစ်ဦး ဖြစ်လာခဲ့၏၊ ထို့ကြောင့် သူ၏လုပ်ငန်း "ပရိမိုးရှင်း" မြင့်မားရေး အတွက် သူ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ထိုင်းနှင့် ဥရောပတစ်ခွင်ကို မကြာခဏ ခရီးထွက်နေခဲ့ရခြင်း ဖြစ်သည်၊

ယခုလည်း သူ "ထိုင်း" ကိုလာခဲ့ရသည့်ကိစ္စက ထိုင်းနိုင်ငံမှ "ထိုင်း ပိတောက်" များကိုမြန်မာနိုင်ငံသို့အင်ပို့သွင်းရန်ကိစ္စအတွက် ရောက်လာခဲ့ခြင်းဖြစ်သည်၊

မင်းခေါင်အုပ် ထိုင်း၏နတ်ရေကန်လေးထဲမှာ "ဆယ့်ငါးမိနစ်" ခန့် ထိုင်း သီချင်းသံလေးကိုနားထောင်ခံစားရင်း ရေမိုးချိုးသန့်စင်ကာ သူ့အခန်းထဲမှာ အဝတ်အစားတွေ လဲလိုက်သည်၊

မင်းခေါင်အုပ်က အသက်သုံးဆယ်နား ...လပိုင်းမျှသာ လိုတော့သော် လည်း သူ့အသွင်က လူငယ်ဟန် လူငယ်စတိုင်လ် မပျောက်သေး၊ ဆံပင်ပုံ ကလည်း ထိုင်းအဆိုတော် "ထုံ့ချိုင်း" ပုံစံဖြစ်သည်၊ သူက သူ့အကြိုက်ဆုံး အစိမ်းနက်ရောင် ဂျပန်ရှမ့်ပိုင်းအနောက်တိုင်းဝတ်စုံကိုရွေးပြီး ဝတ်ဆင်လိုက် သည်၊ ပြီးနောက် သူ့ကိုင်တိုင် ဖော်စပ်ထုတ်လုပ်ပြီး ဈေးကွက်ထဲ၌ အောင် မြင်စွာ ထိုးဖောက်ထားသည့် သူ့ကိုယ်ပိုင် ရေမွှေး "မြန်မာ့ပိတောက်ရနံ့" ဖြင့် ဆွတ်ကာ အောက်ထပ်သို့ ဆင်းလာသည်၊

= ■ =



မင်းခေါင်အုပ် ဓာတ်လှေကားခန်းထဲမှ လှမ်းထွက်လာခဲ့ပြီး ဟိုတယ် အရှေ့ဘက်ဝရံတာစကြံကိုဖြတ်လာကာ ညစာခန်းမဆီဦးတည်လာခဲ့သည်၊ ညစာခန်းရှေ့ ပန်းရောင်မှန်ချပ် တံခါးဝ၌ သူ့ကို သတင်းပို့သည့် ဟိုတယ် ဝန်ထမ်းလေးက အသင့်ရပ်စောင့်ကြိုနေသည်၊

ဟိုတယ်ဝန်ထမ်းလေးက ခါးညွှတ်လျက် မှန်တံခါးချပ်ကို ဆွဲဖွင့်ပေးကာ Table No. 3 ကို လက်ညှိုးညွှန်ပြရင်းဆိုသည်၊

"ဆရာ့ရဲ့ဧည့်သည် ... ဟိုစားပွဲနံပါတ် (သုံး) မှာ ထိုင်စောင့်နေပါတယ် ခင်ဗျာ"

"ခေါ့ပ် - ခွန် - မှာ့ခ် - ခရပ်"

သူက ဟိုတယ်ဝန်ထမ်းလေးကိုကျေးဇူးတင်ကြောင်းပြောပြီး ဧည့်ခန်းထဲ လှမ်းဝင်လိုက်ကာ စားပွဲနံပါတ်သုံးဆီ သူ့အကြည့်က တစ်ပြိုင်နက် လွင့်သွား ၏၊ ကျွန်းစားပွဲဝိုင်းနှင့်ကုလားထိုင်တွေပေါ်မှာ ရွှေရောင်ပိုးထည်စတွေနှင့် လှပ လွင့်မျောစွာ ဖုံးလွှမ်းထားပါသည်၊ အစိမ်းရောင်မီးပွင့်တွေအောက်မှာ ရွှေရောင်စားပွဲဝိုင်းက ခန်းနားတောက်ပ ထည်ဝါလွန်းနေသည်၊

အမျိုးသမီးတစ်ဦးက ထိုင်ခုံတစ်လုံးတွင်နောက်ကျောပေးလျက် ပန်းပု ရုပ်ထု တစ်ရုပ်လို တောင့်တောင့်လေး ငြိမ်လျက်သား ထိုင်နေသည်ကို မင်းခေါင်အုပ် ရုတ်တရက် လှမ်းမြင်လိုက်ရသည်၊

သူ - အံ့ဩသွားသည်၊

အမျိုးသမီးက အလွန်လှပသည့် ထိုင်းတော်ဝင်ပန်းတစ်ဖက်ဖွင့် အစိမ်း ရင့်ရောင် ပိုးဝတ်စုံကို ကျော့ရှင်းစွာ ဝတ်ဆင်ထားလျက် နို့နှစ်ရောင်ဖဲခြုံပုဝါ ကို ပခုံးထက်တွင် ပတ်ခြုံလွှမ်းထား၏၊ နက်မှောင်နေသည့် ဆံပင်ရှည်ကို နောက်ကျောတစ်ဝက်ထိ ဖုံးလွှမ်းချထား၏၊

မင်းခေါင်အုပ် စိတ်ထဲမှာ တူးဆန်းနေသည်၊

သူ အသက်ရှူရန်ပင် သတိမရတော့ဘဲ အိပ်မက်နေသူလို စားပွဲကို ဖြည်းညင်းစွာ ပတ်လာပြီး မြစိမ်းရောင်ထိုင်းဒေဝစ္ဆရာလေးနှင့် မျက်နှာချင်း

www.burmeseclassic.com

ဆိုင်ထိုင်ခုံနောက်တွင် ဝင်ရပ်လိုက်သည်။ သူ မြစိမ်းပွင့်ထိုင်းမလေးကို အိပ်မက်နေသလို စိုက်ကြည့်လိုက်သည်။

မင်းခေါင်အုပ် လိပ်ပြာလွင့်သွားသလား ထင်ရ၏။ သူ့စိတ်တွေကို မနည်းချုပ်တီးလိုက်ရသည်။

ထိုင်းမလေးက အလွန်ကိုလှပသည့် ညိုပြာညက် လှယမင်းလေးတစ်ဦးဖြစ်၏။ ထူးထူးခြားခြားကိုလှသည့် အမျိုးသမီးကလေးဖြစ်သည်။ အပြာရောင်မျက်လုံးတစ်စုံက စိန်ပြာရောင်နှစ်ပွင့်လို တောက်ပရွှန်းလက်နေသည်။ ထိုင်းမလေးတွေထဲမှာ ညိုပြာညက်အသားရောင်တွေနှင့် အမျိုးသမီးပေါင်းမြောက်မြားစွာ ရှိကြပါသည်။

သို့ရာတွင် ယခု ဤထိုင်းနတ်သမီးကလေး၏ အသားရောင်က အလွန်ရှားပါးလှစွာ မပေါ်ဂနီကျွန်းသားရောင် ပြောင်လက်တောက်ပနေသည်က အစိမ်းဖဲရောင် မာကျူရီမီးရောင်တွေအောက်မှာ အီဂျစ်မင်းသမီးကလေးတစ်ပါးလား ထင်ရသည်။

မင်းခေါင်အုပ် နှလုံးသားစိတ်ဝိညာဉ်ထဲမှာ လိပ်ပြာရောင်စုံတွေ အော်ပရာ က,နေကြသည်။

ထိုင်းညိုပြာညက် ဒေဝစ္ဆရာလေးက သူမထိုင်ခုံမှ ဝေ့ခနဲ လှုပ်လျက် ထရပ်လိုက်သည်။ သူမ၏ ရင်ညွန့်ထက်မှ ကျောက်စိမ်းလည်ဆွဲလေးနှင့် ပြောင်ခေါင်းစိမ်းနားဆွဲလေးတွေက ဝရန်းသုန်းကားလေး ဘာရိုတ်ဒန့်စ်က သွားကြသည်။

"ဟဲလို ... ဆဝပ်ဒီခရပ်"

နီဂရိုးမလေးအသွင်မပေါ်ဂနီထိုင်းမဟူရာနတ်သမီးလေးကိုမင်းခေါင်အုပ်က ဦးစွာ နှုတ်ခွန်းဆွေးလိုက်သည်။ ညိုပြာညက် ထိုင်းကလေးက သူ့ကို ဦးညွှတ်လိုက်ကာ ထိုင်းသံဝဲဝဲနှင့် အင်္ဂလိပ်လို ပီသသွက်လက်စွာ ပြန်ပြောသည်။



ညကကိုယ် ကြေဝင္ဘာကြီးထဲက
ကြယ်နက်ကြီး တစ်ပွင့်
ကြွေကျလာတာကို အိပ်မက်ထဲမှာ
မြင်လိုက်ရပြီး မဟူရာ ဒေဝစ္ဆရာ
နတ်သမီးတစ်ပါးကို ဘွားခနဲ
မြင်တွေ့လိုက်ရတယ်။
ဟာ ... ဒီမနက်လည်း ကျရော ခင်ဗျားက ကျုပ်ဆီကို
'ထိုင်းမဟူရာနတ်သမီးလေး' တစ်ပါးကို စေလွှတ်လိုက်တာဆိုတော့
ကိုယ်ဘယ်လို ဝမ်းသာရမှန်း မသိတော့ဘူး ...



"ဆဝပ်ဒီခ ... မြန်မာအစ်ကို ညီမနာမည် "အနုးတီတျာ" ပါရှင်။ ဓောင်နာဆရာရဲ့မားကက်တင်း မန်နေဂျာပါ။ သူ မနေ့ညက ရုတ်တရက် အဓအေးမိပြီး နာစေးချောင်းဆိုးဖြစ်လို့ အိပ်ရာထဲက မထနိုင်တာနဲ့ သူ့ကိုယ်စား ညီမကို လွှတ်လိုက်လို့ လာခဲ့တာပါ။ ညီမ ဆောင်ရွက်ရမယ့်တာဝန် အသေးစိတ်ကို သူညွှန်ကြားလိုက်ပါတယ်။ မြန်မာအစ်ကိုရဲ့လိုအပ်ချက်တွေ အားလုံးကို ညီမ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးဖို့ အဆင်သင့်ပါပဲရှင်"

"အို ... ကျေးဇူးပါပဲ ညီမရဲ့၊ အရမ်းကို ကျေးဇူးတင်တယ်။ ဓောင်နာထရာကိုတောင် ကိုယ် အတိုင်းမသိ ကျေးဇူးတင်လွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ကိုယ်အရမ်းပျော်သွားပြီကွာ။ ညက ကိုယ့်အိပ်မက်က အခုမှ Perfect လုံးဝကို ပြည့်စုံသွားပြီ။ ကဲ ... ကိုယ်တို့ ပျော်ရွှင်ခြင်းအထိမ်းအမှတ်နဲ့ "ရွှေသစ်ခွနံနက်စာ" ကို အတူစားရင်း ဒီနေ့ အလုပ်ကိစ္စအစီအစဉ်တို့ ဆွေးနွေးကြတာပေါ့ကွာနော် အနုး"



www.burmeseclassic.com

www.burmeseclassic.com

"တီတျာ ... ပါရှင်"

သူတို့နှစ်ဦးရွှေရောင် ဖိတ်ဖိတ်တောက်နေသော စားပွဲတွင် မျက်နှာချင်း ဆိုင် ထိုင်လိုက်ကြသည်။

ရွှေသစ်ခွာ၏နတ်သုဒ္ဓါ နံနက်စာတွေက စားပွဲအပြည့် လှပမြိုင်ဆိုင်စွာ ခင်းကျင်းပြင်ဆင်ထားသည်။ မွှေးပျံ့ကြိုင်လှိုင်နေသော စားသောက်ဖွယ်ရာ ဟင်းခွက်နှင့်သစ်သီးအကြော်အလှော်ပန်းကန်တွေပေါ်မှာ နှင်းဆီပန်းရောင် စုံတွေနှင့်သစ်ခွပန်းမျိုးစုံတို့ကိုထိုးစိုက် အလှဆင်ထားသည်ကလည်း စိတ်ကို လန်းဆန်းကြည်နူးသွားစေသည်။

"ကဲ ... လွတ်လွတ်လပ်လပ်သာ စိတ်ကြိုက်စားနော် ... အနူးတီတျာ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ရှင့်"

မင်းခေါင်အုပ် ကြည်နူးခြင်း ကမ္ဘာသစ်လေးထဲ မသိစိတ်နှင့်တဒင် လွင့်မျောသွားသည်။ ထိုင်းမဟူရာနတ်သမီးလေးက နိုဂရိုးမ "နာအိုမီကင်း ဘဲလ်" နှင့်အပြိုင်လှနေသလို သူမ၏နာမည်ကလည်း ကဗျာဆန်စွာ လှနေ သည့်အတွက် အလွန်ရင်ဖိုစရာ သူ့ကံကြမ္မာကို မင်းခေါင်အုပ် အံ့ဩနေ သည်။ နက်မှောင်လှပသည့် ထိုင်းမဟူရာကပြားမလေးက ဘာမျှ မသိရှာ လေပါ။

သူ ဗောင်နာထရာကို ဖုန်းနှင့်ကျေးဇူးတင်စကား လှမ်းပြောရန် စိတ်ကူး မိလိုက်သည်။

ထိုစဉ် -

သူ့ခါးကြားတွင် ထိုးထားသော "ထိုင်းဖုန်းနီနီ" လေးအား ထိုင်းသီချင်းသံ မြူးမြူးလေးတွေ လွင့်မျောစီးထွက်လာသည်။ သူ ဖုန်းကို ဆွဲထုတ်ယူပြီး ဖုန်းနီနီလေးကို ငုံ့ကြည့်လိုက်ရင်း သူ့မျက်နှာပေါ်မှာ အစိမ်းရောင် အပြုံးပွင့် တွေ ဖြာလက်သွားသည်။ သူ ဟန်းဖုန်းကလေးကို မျက်နှာအနီးသို့ ဆွဲယူ ကပ်လိုက်သည်။

"ဟဲလို ... ဗောင်နာထရာလား။ ကိုယ်လည်းအခုပဲ ခင်ဗျားဆီ ဖုန်းဆက် တော့မလို့ဗောင်နာထရာ။ ခင်ဗျားကိုကျေးဇူးသိပ်ကျေးဇူးတင်သွားပြီဗျာ။ ညက



ကိုယ် စကြဝဠာကြီးထဲက ကြယ်နက်ကြီး တစ်ပွင့် ကြွေကျလာတာကို အိပ်မက်ထဲမှာမြင်လိုက်ရပြီး မဟူရာ ဒေဝန္တရာနတ်သမီးတစ်ပါးကို ဘွားခနဲ မြင်တွေ့လိုက်ရတယ်။ ဟာ ဒီမနက်လည်း ကျရော ခင်ဗျားက ကျုပ်ဆီကို "ထိုင်းမဟူရာနတ်သမီးလေး" တစ်ပါးကို စေလွှတ်လိုက်တာဆိုတော့ ကိုယ် ဘယ်လိုဝမ်းသာရမှန်း မသိတော့ဘူး။ သင့်ခယူဆိုးမက်ရှုံခေါ်ခွန်မာစရပ် ဗောင်နာထရာ - အခုကိုယ် မင်းပို့လိုက်တဲ့ ထိုင်းသစ်ခွနက်နတ် မဥ္ဇူလေးနဲ့ နံနက်စာ စားနေကြတာကွ။ ဗောင်နာထရာ"

"ဟုတ်လား ... အိုကေ ... အိုကေ သူငယ်ချင်း - ခင်ဗျားကြည်နူးပျော်ရွှင် သွားတဲ့အသံတွေ ကြားလိုက်ရတာ။ ကျွန်တော် အင်မတန် ဝမ်းသာ ဂုဏ်ယူ လိုက်မိတယ်ဗျာ။ အမှန်တော့ ကိုယ် ... သိပ်နေမကောင်းဖြစ်နေတာ မဟုတ် ပါဘူး။ နာစေးချောင်းဆိုးရုံကလေးပါ။ ဒါပေမဲ့ - ခင်ဗျားသိပ်ပျော်သွားအောင် လို့ ကျွန်တော် တမင် ကျွန်တော့်ရုံမန်နေဂျာ အနက်ရောင်ထိုင်းဒေဝီကလေး ကို ခင်ဗျားဆီ လွှတ်လိုက်တာပါ မစ္စတာမင်းခေါင် - ဒါပေမဲ့ သူဟာ တခြား သူတော့ မဟုတ်ပါဘူး။ ကိုယ်ရဲ့ညီမတစ်ဝမ်းကွဲ ထိုင်းတောင်ပေါ်သူ "အခါနဲ့ လီဆူး" (AKha & lisu) ကပြားမလေးပါ။ "ချူလာလောင်ကွန်ယူနီဗာစီတီ" က "ရုက္ခဗေဒဘာသာရပ်" နဲ့ ဘွဲ့ရထားတယ်လေ။ ခင်ဗျားက ထူးထူးခြားခြား သူများနဲ့ မတူပဲ "အသားမည်းမလေး" တွေကိုစိတ်ဝင်စားတယ်လို့ တစ်ခါက ပြောခဲ့ဖူးတာ။ ကိုယ်ကြားခဲ့မိပြီ။ ခင်ဗျားရဲ့ "First Love" အချစ်ဦးကလည်း မြင်ဦးလွင်သူနီဓပါလ်နှင်းဆီနက်သတို့သမီးလေးလို့ခင်ဗျား ပြောခဲ့တာကို သတိရပြီး အနူးတီတျာ မဟူရာထိုင်းနက်သမီးလေးကို ခင်ဗျားဆီ လွှဲအပ် လိုက်တာပဲ။ မစ္စတာမင်းခေါင်၊ ဒါဟာ ကိုယ့်ရဲ့မင်းအတွက် "အိမ်ရှင်နိုင်ငံ" သားရဲ့ ယဉ်ကျေးမှု ဧည့်လက်ဆောင်" ပါပဲ။ ခင်ဗျား ဒီနိုင်ငံက မထွက်ခွာခင် အတွင်း "ဒီရတနာပွင့်" ကလေးဟာ ခင်ဗျားရဲ့ကိုယ်ပိုင်ပစ္စည်းကလေးတစ်ခု၊ ဒီလောက်ဆို ခင်ဗျားလည်း ခေတ်ပညာတတ်လူငယ်တစ်ဦးပဲ၊ နားလည်ပါ လိမ့်မယ်။ Luck သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com

ဖောင်နာထရာ၏ထိုင်းအင်္ဂလိပ်စပီကင်သံဝဲရှုရှုလေးက သူ၏နလုံးသား ထဲသို့ ရင်ဖိုဖြိမ့်ဖြိမ့် စီးဝင်လာခဲ့သည်။ သို့သော် ဖောင်နာထရာ၏ နိဂုံးချုပ် အဆုံးသတ် စကားလေးတွေကတော့ သူ့နလုံးသားတွေကို သည်းထိတ် စိတ်လှုပ်ရှားသွားစေသည်။

ဖောင်နာထရာ ဘာကိုဆိုလိုပါလိမ့်မလဲ။ "ယဉ်ကျေးမှုခြည့်လက်ဆောင် " ဆိုပါလား" မင်းခေါင်ရင်ထဲမှာ နဝေတိမ်တောင် တွေဝေသွားလေသည်။

ပြီးနောက် ဖောင်နာထရာက အနိုင်နင့်ပိုင်းပြီး သူ့ဖုန်းကို ပိတ်ချသွား လေတော့၏။ မင်းခေါင်အုပ်ကွန်ပျူတာဦးနောက်ထဲမှဆော့ဖ်ဝဲတွေမွှန်းကြပ် သွား၏။ သူ ဖုန်းကိုပိတ်ပြီး ထိုင်းသစ်ခွမဟူရာနတ်သမီးလေးဆီ အကြည့် ရွှေ့လိုက်သည်။ ရာသီဥတုက လှပသာယာသည်။

အနူးတီးတာက အပြာရောင်မျက်ဝန်းပွင့်လေးတွေနှင့် သူ့ကိုရွှန်းလဲ့လဲ့ ပြုံးပြသည်။ သူ လိမ္မော်ရည်ဖန်ခွက်ကို လှမ်းယူပြီး ထိုင်းညီပြာညက်မလေး နှင့်အတူ နတ်သုဒ္ဓါစားပွဲဝိုင်းလေးထဲ ကြည်နူးပျော်ရွှင်စွာ လွင့်ကျသွားလေ တော့သည်။

သူ - ကြက်ဥထောပတ်နှင့်ပုဇွန်ချိုချဉ်တစ်ဖတ်ကိုခက်ရင်းနှင့်ထိုးကော် ယူလိုက်ပြီး မြည်းစမ်းကြည့်လိုက်သည်။ သူ့ရင်ထဲမှာ အရသာလေးမျိုးမကာ ရောသမပြီး လျှာလည်သွားလေသည်။ ပြီးတော့ နည်းနည်းလည်း စပ်သွား လေသည်။

"ဟတ်ခ်ိ ဟူး"

မင်းခေါင်အုပ်လျှာပူသွားပြီး လေပူတွေမှုတ်ထုတ်လိုက်၏။ အနူးတီတာ က သူ့ကို မော့ကြည့်ကာ အပြုံးနလေးတစ်ပွင့်နှင့်အတူ ငွေဖလားလေးထဲမှ သန်လျက်ပုံ သဏ္ဍာန် အစိမ်းရောင်သစ်ရွက်လေး တစ်ခက်ကိုရွေးယူပြီး မင်းခေါင်အုပ်ကို ကမ်းပေး၏။

"ရော့ ... ဒီအရွက်လေးတွေ စားလိုက် အစ်ကိုမြန်မာ"



မင်းခေါင်အုပ် ဈာတ်ခနဲ လှမ်းယူပြီး အစိမ်းလိုက် ဝါးစားချလိုက်သည်။ ချက်ချင်းရေသောက်ချလိုက်သလိုစိမ့်အေးဆင်းသွားပြီး တစ်ဖန် ချိုမြမြလေး အရသာပေါ်လာသည်။ မင်းခေါင်အုပ် ပျော်လည်းပျော် အံ့ဩလည်း အံ့ဩ သွား၏။

"ဟာ ... တယ်ဟုတ်ပါလား။ ရင်ထဲမှာ ချက်ချင်းအေးသွားပြီး ရှိုသွား တယ်နော်"

"ဟုတ်တယ် ... အဲဒါ ထိုင်းလို "ပျားရည်သစ်ခွရွက်" လို့ခေါ်တယ်၊ မီးလောင်တဲ့အနာ၊ ထိခိုက်ဒဏ်ရာရပြီး သွေးထွက်တဲ့အနာတွေလည်း ထည့် ပေးရင် ချက်ချင်း သက်သာတယ်၊"

"ဗဲရီးဂွတ် ... ကျေးဇူးပဲ - အနူးတီတာ၊ အော် ... ဒါနဲ့ မင်းက ဘော်တနီနဲ့ ဘွဲ့ရထားတယ်ဆို ဖောင်နာထရာက ပြောတယ် ဟုတ်လား"

လှပသည့် အနူးတီတာ၏ အပြာရောင်မျက်လုံးလေးတွေ ဝင်းလက် တောက်ပသွားသည်။

"ဟုတ်ပါတယ် .... အစ်ကိုခေါင်၊ နူး - ကွာလီဖိုင်းဝင်ပါတယ်၊ အဆင်ပြေ ရင်တော့ စကော်ပူဒါမှမဟုတ် ဩစတေးလျားမှာ မာစတာဆက်တက်ဖို့စိတ်ကူး ထားပါတယ်"

"ဟာ ... ဂွတ်အိုင်ဒီယာပဲ နူး . . . ။ လိုအပ်မယ်ဆိုရင် ကိုယ်ဘာကူညီရ မလဲပြောပါ၊ ကိုယ်အတတ်နိုင်ဆုံး ကူညီမယ် နူး . . ."

မင်းခေါင်အုပ်၏ နူးညံ့သည့် နလုံးသားတွေ ပေါက်ကွဲပွင့်ထွက်သွား သည်။

"ကျေးဇူးတင်ပါတယ် ... အစ်ကို မလိုပါဘူး၊ နူးမှာ ဘုရားသခင် ဖန်ဆင်း ပေးထားတဲ့ ခြေတွေလက်တွေ ရှိပါသေးတယ်"

ထိုင်းမဟူရာသစ်ခွနက်ဒေဝဏ္ဏရာလေးကလည်း သူမ၏ လှပသည့် မာန လေးတွေကို ပွင့်လင်းစွာ ထုတ်ပြခဲ့သည်။

"နူးက အခါနဲ့ လီဆူးတိုင်းရင်းသား ကပြားမလေးဆို"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်အစ်ကို - နူးဟာထိုင်းတောင်ပေါ်သူတိုင်းရင်းသားစစ်စစ် တစ်ဦးပါအစ်ကို၊ နူးရဲ့အဖေက အခါနှစ်ခြင်းအသင်းအုပ်ဆရာတစ်ဦးဖြစ်ပြီး အမေက လီဆူးမျိုးနွယ် ကျောင်းဆရာမတစ်ဦးပါ၊ နူးက အဖေနဲ့ စကားပြောရင် "အခါ" လို့ပြောပြီးအမေနဲ့ကျရင် "လီဆူး" လို့ပြောပါတယ်၊ ဒါပေမယ့် နူးတို့သားအမိသားအဖ ရန်ဖြစ်ကျရင်တော့ အင်္ဂလိပ်လိုပြောပြီး ရန်ဖြစ်ကြတယ် အစ်ကိုရဲ့ - အဟင်း - ဟင်း"

"ဟာ ... ဟုတ်လား ပျော်စရာကြီးပေါ့"

"ဒါပေါ့ ... ဒါပေါ့ ... ဒါပေမဲ့ ... တစ်ခုတော့ရှိတယ် အစ်ကို၊ အဖေက တောင်ပေါ်သားလည်းဖြစ်ပြီး ယောက်ျားဆိုတော့ အသားညိုတယ်၊ အမေကတော့ ရှမ်းမတစ်ဦးလိုပဲ ဖြူတယ်၊ အဲ - ဒါပေမဲ့ - ကျွန်မကတော့ နီဂရိုးကပ္ပလီမလေးတစ်ဦးလိုပဲ မည်းနက်နေတာဆိုတော့ မထူးဆန်းနေဘူးလားဟင် - အစ်ကို"

"အို ... နူးက - ကျီးကန်းမလေးတစ်ကောင်လို မည်းနက်နေတာမှ မဟုတ်တာ၊ အမေရိကန် နီဂရိုးကပြားမလေးတစ်ဦးလို မဟော်ဂနီကျွန်းသားရောင် ပြောင်လက်တောက်ပပြီး လှနေတာပဲ၊ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး ဒယ်လ် "နာအိုမီကင်းဘဲလ်" ရဲ့ချောကလက်အသားရောင်မျိုးပါ၊ အီဂျစ်ဘုရင်မ "ကလီယိုပါထရာ" ဟာလည်း ဒီအသားရောင်ပဲလေ"

"ဒါဆို နူးက ထိုင်းချောကလက်ရောင်မလေးကလီယိုပါထရာနာအိုမီကင်းဘဲလ်ပေါ့နော်၊ ဟင်း - ဟင်း - ဟင်း အင်း ... ထူးဆန်းအံ့သြစရာ စိတ်နယ်လွန်အဖြစ်အပျက်တစ်ခု အစ်ကို့ကို ပြောပြရဦးမယ်၊ အစ်ကို ယုံမလားတော့ မသိဘူး၊ ကျွန်မကို မမွေးခင်မှာ အမေက အိပ်မက်ခဲ့တယ်၊ စကြဝဠာကြီးထဲက မဟာ့ရာကြယ်နက်ကြီးတစ်ပွင့်ဟာ အမေ့ဗိုက်ထဲ ထိုးဆင်းကြွေကျလာတယ်လို့မြင်မက်ခဲ့တယ်၊ ပြီးတော့ အမေက ရုပ်ရှင်မင်းသမီးဒယ် "နာအိုမီကင်းဘဲလ်" က သူ့ဆီလာလည်တယ်လို့လည်း အိပ်မက်တယ်တဲ့၊ အဲ့ဒီနောက် ကျွန်မကို ကိုယ်ဝန်ရပြီး အခုလို ပုလဲနက်ရောင်မလေး "နူး" ကို အမေက မွေးခဲ့တော့တာပဲ၊ ကျွန်မအဖေက တစ်နှစ်တစ်ခါ ကျွန်မ တက္ကသိုလ်တအိမ်ပြန်လာတိုင်း ငါ့သမီး "ပုလဲနက်အမြုတေမလေး" ပြန်လာပြီဟော့ဆိုပြီး အဖေက ကျွန်မနဖူးကို အမြတ်တနိုး နမ်းလေ့ရှိတယ်၊ အဲဒီအခါ ကျွန်မ ဘယ်လိုပျော်မှန်းမသိဘူး - သိလား၊ ဟင်း - ဟင်း - ဟင်း"

အနူးတီတျာ ဒေါင်းစိမ်းဒေဝီလေးက ကလေးငယ်လေးတစ်ဦးလို ကြည်နူးစွာ ရယ်မောလိုက်လေသည်၊ မင်းခေါင်အုပ် အံ့သြနေသည်၊ နူး၏ အမေ့အိပ်မက်နှင့်သူ့အိပ်မက်တို့က ထူးဆန်းစွာ လာတူနေသည်၊ "ကိုယ်ကတော့ မင်းကို ကျက်သရေရှိတဲ့ ဒေါင်းနက်မလေးလို့ပဲ မြင်မိတယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ်က "အနက်ရောင်" တွေကို စွဲလမ်းတကြီး ချစ်မြတ်နိုးတတ်တဲ့ "မဟာ့ရာစိတ္တဇမင်းသား" လေ၊ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ကိုယ်တက္ကသိုလ်မှာတုန်းက ကိုယ်ရဲ့ငယ်ချစ်ဦး ရည်းစားလေးဟာ ပြင်ဦးလွင်သူ နီပေါလ်အမျိုးသမီးအသားမည်းမလေးတစ်ဦးပဲ၊ သူ့အသားရောင်ကလည်း "သပြေသီးမှည့်ရောင်" နက်မှောင်ပြီးလှပကျော့ရှင်းနေတယ်၊ သူဟာကိုယ်ရဲ့ မဟာ့ရာနတ်သမီးလေးပဲ"

"သူ့နာမည် ဘယ်လိုခေါ်သလဲဟင်၊ သူ အခု ရှိသေးလား"

"သူ့နာမည်က "ယသော်တာရာ" တဲ့သူမရှိတော့ပါဘူးနူးရယ်၊ သူနဲ့ကိုယ် "ဘွဲ့" ရပြီး သုံးလလောက်အကြာ ကိုယ်တို့နှစ်ဦးလက်ထပ်ကြမယ့်ဆဲဆဲမှာ သူက သူ့ဆွေမျိုးတွေရှိတဲ့ "ကျောက်မဲမြို့" ကို သွားလည်ရင်း တောင်ပေါ်မှာ မမျှော်လင့်ပဲ ရုတ်တရက် ပိုးထိပြီး သေဆုံးသွားရှာတယ် နူး"

"အော် ... ပိုးထိတယ်ဆိုတာ ဘာကိုပြောတာလဲအစ်ကို"

"အော် ... ပိုးထိတယ်ဆိုတာ မြွေကိုက်ခံရပြီး သေတာကိုပြောတာ၊ တို့မြန်မာတွေက မြွေဟာ မကောင်းဆိုးဝါးတွေရဲ့ဝိညာဉ်လိပ်ပြာလို့ စွဲလမ်းယုံကြည် ကြောက်လန့်နေကြတာမို့ မြွေကိုက်တာလို့ တိုက်ရိုက် မပြောရဲကြပဲ၊ ပိုးထိတယ်လို့ သွယ်ဝိုက်ပြီး လှည့်ပြောကြတာပါ"





www.burmeseclassic.com

www.burmeseclassic.com

"အော် ... ဟုတ်လား နူးတို့ထိုင်းလူမျိုးတွေမှာလည်း မြွေဟာ စုန်း၊ နတ်၊ တစ္ဆေ၊ သရဲတွေရဲ့ "ဝိညာဉ်တမန်" လို့ ယုံကြည်ကြတယ်၊ အတူတူပဲနော်"

"ထိုင်းနဲ့မြန်မာက အတူတူပဲလေ၊ ဒါပေမဲ့ နူး - ယသော်တာရာ သေဆုံးပုံကတော့ နည်းနည်းထူးတယ်၊ ဂမ္ဘီရဆန်တယ်လို့ပဲ ပြောရမလား မသိဘူး၊ တခြားလူတွေ မြွေကိုက်ခံရပြီးသေရင် မြွေဆိပ်ကြောင့် မြွေကိုက်ခံရသူဟာ သေပြီးရင် ပြာနှမ်းသွားကြတယ်၊ ဒါပေမဲ့ - ယသော်တာရာကို ကိုက်တဲ့ မြွေကတော့ ဘယ်လိုမြွေမှန်း မသိဘူး၊ သူ သေဆုံးပြီး နောက်နေ့ ကိုယ်လိုက်သွားပြီး ဆေးရုံမှာကြည့်တော့ ထူးထူးဆန်းဆန်းကွာ သူ့အသားအရည်က တစ်ကိုယ်လုံး "နှီနှစ်ရောင်" တောက်ပပြီး ဖြူဖွေးနေတာ ကိုယ်တွေ့ခဲ့ရတယ်၊ ကိုယ်အရမ်းအံ့ဩသွားတယ် နူး ..."

"အင်း ... ကျွန်မ ကြားဖူးတဲ့ တရုတ်ရှေးဟောင်းစကားပုံတစ်ခုရှိတယ်၊ သေခြင်းတရားဟာ "ဘုရားသခင်ရဲ့နောက်ဆုံးပဋ္ဌလက်ပန်းချီကားတစ်ချပ်" ပဲတဲ့၊

"ဟုတ်တယ် ... နူး၊ ဒါ - ဘုရားသခင်ရဲ့ ပဋ္ဌလက်ပန်းချီကားတစ်ချပ်ပဲ"

သူတို့နှစ်ဦးစလုံး၏ရှိုက်သက်ပြင်းချသံဝှေ့ဝှေ့ကလေးက နှစ်ကိုယ်ကြား ထွက်ပေါ်သွားသည်၊ သို့သော် - ဗိုင်းနှင်းရှမ်းခန်းမထဲမှ ထိုင်းသီချင်းသံ မှုမှု လောင်လောင်တွေကို သူတို့၏ ဖွန်းသံ၊ ခက်ရင်းသံလေးတွေက တဒင်္ဂမျှ ဖုံးလွှမ်းသွား၏၊

အချိန်က မိနစ်ပိုင်းမျှလောင်ကျွမ်းသွားခဲ့သည်၊

"အင်း ... ကိုယ်တို့နှစ်ဦး သက်သက်မဲ့ အတိတ်က စိတ္တဇပန်းချီကားတွေကို တူးဆွပြီး အချိန်ဖြုန်းပစ်ခဲ့ကြတယ်၊ အချိန်တွေ သိပ်နှမျောစရာကောင်းတာပဲ၊ ကဲ - အခု ကိုယ်တို့ လှပတဲ့ပစ္စုပ္ပန်ကာလလေးထဲမှာ အချိန်မဖြုန်းနဲ့၊ ဒီနေ့ လုပ်ရှားရမယ့် လုပ်ငန်းအစီအစဉ်လေးတွေကို စနစ်တကျ ရွေးချယ်ကြရအောင် နူးရေ၊ ကဲ ... မင်းရဲ့ Arrangement အစီအစဉ်တွေ ဘာတွေ ရှိသလဲ ပြောစမ်းကွာ"



မင်းခေါင်အုပ်က အိပ်မက်မှ ရုတ်တရက် လန့်နိုးသွားသူလို သူ လတ်တလော ပစ္စုပ္ပန်ကာလထဲမှ စီးပွားရေးလုပ်ငန်း Markting တွေဆီ အာရုံပြောင်းလိုက်သည်၊

အနူးတီတျာ ပုလဲနက်နတ်သမီးကလည်း စတွဲန်မခြား သူ့ကိုတမ္ဘာသစ် တဖျက်နာလေးတစ်ခုဆီ ချက်ချင်းကြည်နူးစွာ ခေါ်ဆောင်သွားပါသည်၊

"ဟုတ်တယ် ... အစ်ကို ကျွန်မတို့ ထိုင်းတွေမှာ စာဆိုတစ်ခုရှိတယ်၊ "အတိတ်" ဆိုတာ လူတစ်ယောက်ရဲ့ "မီးလောင်ပြင်" ပဲ၊ "ပစ္စုပ္ပန်" ဆိုတာက လူတစ်ယောက်ရဲ့ "လက်ဝှေ့ကြိုးဝိုင်း" တဲ့၊ အဟင်း - ဟင်း "ဒီနေ့ နူးနဲ့အစ်ကို လှုပ်ရှားရမယ့် လုပ်ငန်းအစီအစဉ် "ကစ်ဘောက်ဆော" အာဂျင်ဒါ (Agenda) တွေ အသေးစိတ်ရေးဆွဲလာခဲ့ပါတယ် အစ်ကို၊ နူးမှာ ကားပါလာတယ်၊ ပထမဦးဆုံး နူးနဲ့အစ်ကိုဒီကနေ "ချွန်ဘူရီ" (Chonburi) ကိုသွားကြမယ်၊ အဲဒီမှာ ကေသုံးဆယ်ရှိတယ်၊ Golden Flower ပီတောက်ခြံကို ဝင်ကြည့်မယ်၊ ဒီခြံက တစ်နှစ်ကို ပီတောက်ပွင့်တန်ချိန် ငါးတန်ခွဲထွက်ရှိတယ်၊ အစ်ကို့ အနေနဲ့ ပန်းရဲ့ အမျိုးအစား (Quality)နဲ့ ဈေးနှုန်း (Price)ကို ဆွေးနွေးသဘောတူပြီး ကြိုက်ရင် အဲဒီက မန်နေးဂျင်းဒါရိုက်တာနဲ့ကျွန်မတို့ စာချုပ်ချုပ်ကြမယ်၊ သူတို့က အစ်ကို့ကို ကြိုဆိုဂုဏ်ပြုတဲ့ အထိမ်းအမှတ်နဲ့ "ရမ်တိုင်ယ်" (Ran- thai ) ထိုင်း ရိုးရာအကနဲ့ နေ့လယ်စာစားဖို့ စီစဉ်ထားကြတယ်၊

မင်းခေါင်အုပ် ထိုင်းမဟူရာလိပ်ပြာမလေး၏ ခရီးစဉ်လေးကို ကြည်နူးစွာနားထောင်ရင်း သူပြုံးလိုက်သည်၊ ထိုင်း၏ဖုံသံလေးနှင့်မောင်းသံမြူးမြူးလေးတွေကို သူ့အာရုံထဲ၌ ကြားယောင်လာသည် ထင်လိုက်သည်၊

"စိတ်ဝင်စားစရာပဲ ... ဆက်ပြောပါဦး မင်းရဲ့အစီအစဉ်ကို"

"ပြီးရင် နူး အစ်ကို့ကို ဘန်ကောက်ကနေ တောင်ဘက်ကို ၁၄၇ ကီလိုမီတာဝေးတဲ့ "ပတ္တရားကမ်းခြေ" ကို လိုက်ပို့ဖို့ စီစဉ်ထားတယ်၊ အစ်ကို စိတ်ဝင်စားမယ်ဆိုရင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - သိပ်ကောင်းတယ် နူး၊ ကိုယ် ပင်လယ်ကမ်းခြေကို သိပ်သဘောကျတယ်၊ လှိုင်းပြာပြာတွေကိုလည်း ချစ်တယ်"

"နူးလည်း အစ်ကိုလိုပဲ လှိုင်းတွေကို သဘောကျတယ်၊ နောက် - အဲဒီကနေ အစ်ကိုကို နူး - ချန်တာဘူရီက "ခါအိုဆွိုင်းဒါအို" ရေတံခွန်ကို လိုက်ပြမယ်လို့ ရွေးချယ်ထားတယ်၊ အဲဒီကနေ နူးတို့ ညနေချမ်းလေးမှာ လေညင်းခံရင်း ဘန်ကောက်ကို ကားမောင်းပြန်လာကြမယ်"

"ဝွတ် ... သိပ်ကောင်းတဲ့ ရင်ခုန်စရာ ညနေခင်းလေးပေါ့၊ ခေါ်ပ်ခွန်မှာ့ခရပ်" သူတို့နှစ်ဦး ရွှင်မြူးစွာ ရယ်မောလိုက်ကြသံလေးတွေ ရွှေရောင်တားပွဲခင်းပေါ် ဖိတ်စဉ်ကျ ကုန်သည်၊

= ■ =

မြန်မာစီးပွားရေးလုပ်ငန်းရှင် "သန်းကြွယ်သူဌေး" လေး မင်းခေါင်အုပ်နှင့်ထိုင်းလိပ်ပြာနက်မဟူရာနတ်သမီးလေးအနူးတီတျာတို့ မြစိမ်းရင့်ရောင်စုံတွဲနှစ်ဦး၊

"ရွှေသစ်ခွဟိုတယ်" ထဲမှ ထိုင်းစံတော်ချိန် နံနက် (၇း၃၀) နာရီတွင် လှမ်းထွက်၍ လာကြလေသည်၊

ဘန်ကောက်မြို့တော်၏ လှပခမ်းနားသော နံနက်ခင်းရဲ့ စိတ္တဇမြူမှုန်ပွင့်တွေက မာကျူရီရောင်စုံမီးပွင့်တွေကြားမှာ အိပ်မက်ဆန်စွာ လွင့်မျောနေကြ၏၊

အနူးတီတျာက ရှေ့ဆောင်ပြီး ဟိုတယ်မှန်တံခါးရှေ့မှ လှမ်းထွက်လာခဲ့သည်၊ ဟိုတယ်ရှေ့တွင် ခရစ်ဘီယံပင်လယ် စိမ်းပြာရောင် ပြိုင်ကားမှုန် "စယ်လီကာဂျီတီ" ကားလေးတစ်စီး ရပ်ထား၏၊

မင်းခေါင်အုပ် ဂျီတီကားလေးကို လှမ်းကြည့်ပြီး ရင်တလုပ်လုပ် ခုန်သွားသည်၊ အာမေဋိတ်သံလေးတွေ သူ့နှလုံးသားထဲက ဆူပွက်ကခုန်ထွက်သွားသည်၊

"ဟာ ... ကားက အပျံစားလေးပါလား၊ ကြက်သီးထစရာ ကောင်းလိုက်တာ၊ မိုက်တယ် ..."

မင်းခေါင်အုပ်က ကားခရေဇီမို့ ရူးသွပ်စွာ ပွင့်ထွက်သွား လေသည်၊

"မိုက်လား ... ဒါ - နူးရဲ့ကားပါ၊ နူးဘွဲ့ရပြီး ချင်းရိုင်မှာ တိုးရစ်စ်ဂိုက်လုပ်ရင်း လစာလေးစုပြီး ဝယ်ထားတာလေ၊ ဟင်း - ဟင်း - ကဲ - ဘော့စ် ကားပေါ်တက်၊ နူး - မောင်းမယ်"

"အနူးတီတျာ ဒေဝစ္ဆရာထိုင်းမလေးက သူမ၏ သန်းကြွယ်သူဌေးလေး "ဘော့စ်" အား နောက်ခန်းကားတံခါးကို ဆွဲဖွင့်ပေးပြီး ရိုသေလေးစားစွာဖြင့် ကိုယ်ကို ညွတ်ကိုင်းလျက် ဖိတ်ခေါ်လိုက်သည်၊

မင်းခေါင်အုပ် အံ့အားသင့်သွား၏၊ အလုပ်သဘောလည်း ဆန်လွန်းသောကြောင့် သူ ထိုင်းမလေးကို အားနာသွားသည်၊ သူ ပျာပျာသလဲလေး ကန့်ကွက် ငြင်းဆိုလိုက်သည်၊

"နီး ... ကိုယ်လက်မခံဘူး၊ နူး ကိုယ့်ရှေ့ကာပဲ မင်းနံဘေးက ထိုင်ပြီးစီးမယ်၊ ကိုယ်ရဲ့စိတ္တဇအိပ်မက်လေးတွေကို မင်း တန်ဖိုးထားနိုင်မယ်ဆိုရင်ပေါ့"

"အိုကေ ... ဒါဆို အစ်ကိုရဲ့ စိတ္တဇအိပ်မက်တွေကို အနူးတီတျာဆိုတဲ့ ထိုင်းမလေးက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုဂုဏ်ပြုပါတယ်ရှင်"

ပိတုန်းရောင်ထိုင်းနတ်သမီးလေးက ကားရှေ့ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်၊ ပြီးနောက် ထိုင်းနတ်သမီးလေးတို့ မြစိမ်းရင့်ရောင်နှစ်ဦး "ဂျီတီ" ကားလေးကို ဟိုတယ်ရှေ့မှ တစ်ဟုန်ထိုး မောင်းထွက်လာခဲ့ကြသည်၊

အနူးတီတျာက သူမ၏ ဂျီတီကားလေးကို ကျွမ်းကျင်စွာဖြင့် ဘန်နာထရက် အဝေးပြေး လမ်းမကြီးပေါ်မှ ကီလိုမီတာ (၁၀၀) နီးပါးဝေးသည့် "ချွန်ဘူရီ" သို့ ဦးတည် မောင်းထွက်လာခဲ့၏၊

ချွန်ဘူရီသည် ထင်ရှားသည့် ပင်လယ်ကမ်းခြေမြို့တစ်မြို့ ဖြစ်ရုံမက စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း ထွန်းကားသော မြို့ဖြစ်သည်၊ ကြံ၊ ပီလောပီနံ



www.burmeseclassic.com

www.burmeseclassic.com

နှင့် အုန်းသီးစိုက်ပျိုးခြင်းတို့ကို အထူးအဓိကထား၍ ရေနက်ပိုင်း ငါးဖမ်းလုပ်ငန်း၊ လုပ်ကိုင်ကြသည်။

"တောတော... ချင်းရှိုင်မှာ နူး - တို့ရစ်စ်ဂိုက်လုပ်ခဲ့တယ်လို့ပြောလိုက်တာကိုယ်ကြားလိုက်တယ်၊ အဲဒါ..."

အဝေးပြေးလမ်းမကြီးပေါ်ကိုတိကားလေးလွင့်ပြေးလာနေစဉ်မှာ သူက နူးကိုစိတ်ဝင်စားစွာ လှည့်ပြီး မေးလိုက်သည်။

"အော် ... ဟုတ်တယ် အစ်ကို၊ နူး - ကျောင်းပြီးပြီးချင်း ဒီဂိုက်အလုပ်ကို စိတ်ဝင်စားတာနဲ့ ဝင်လုပ် ဖြစ်သွားတာ၊ ချင်းရှိုင်က နူးရဲ့ဇာတိ ထိုင်းနိုင်ငံရဲ့ မြောက်ဘက် အစွန်ဆုံးဒေသပေါ့အစ်ကို၊ အဲဒီမှာ တောင်ပေါ်တိုင်းရင်းသား မျိုးနွယ်စုတွေ အများကြီး နေထိုင်ကြတာလေ၊ ယာအို၊ အခါ အပြာနဲ့ အဖြူ မဲအို၊ လီဆူ၊ လားဟူ၊ စကောနဲ့ကရင်မျိုးနွယ်အုပ်စုတွေအများကြီးရှိကြတယ်၊ အဲဒီမှာ နူးက ဂိုက်လုပ်ရင်း နူး အားတဲ့အချိန်မှာ တောင်ပေါ်တိုင်းရင်းသား ကလေးငယ်လေးတွေကို ထိုင်းဘာသာနဲ့ အင်္ဂလိပ်ဘာသာ သင်ပေးခဲ့တယ်၊ သူတို့က ဆင်းလည်းဆင်းရဲကြပြီး ကျောင်းလည်း မနေနိုင်ကြဘူး အစ်ကိုရဲ့၊ အင်မတန် သနားစရာကောင်းတယ်၊ အဲဒါကြောင့် နူး ရတဲ့လစာတစ်ဝက် ကျော်ကျော်ကို အဲဒီတိုင်းရင်းသားတွေအတွက် ဆေးဝါးပစ္စည်းတွေ အဝတ်အစားတွေနဲ့ အစားအသောက်တွေ နူး လစဉ် ဝေငှပေးခဲ့တယ်၊ ကမ္ဘာလှည့်ခရီးသည်တွေကလည်း ကျွန်မကို ချစ်ကြတယ်၊ သူတို့က နူးကို "ထိုင်း နီဂရိုး ကပ္ပလီမင်းသမီးလေး" တဲ့ ဟင်း - ဟင်း" နူးက သူမ၏စကားအဆုံးတွင် မရှိ ပြုံးကလေး ဖွဖွရယ်သည်၊ သူမ၏ နှလုံးသားထဲ၌ ထိခိုက်နာကျင်နေသည့် အငွေ့အသက်လေးတွေ လွှမ်းနေသည်ဟု ထင်သည်။

မင်းခေါင်အုပ် သူ့စိတ်ထဲ၌ ထိခိုက်ကြေကွဲသွားသည်။

"အင်း ... မင်းဟာ ကိုယ်ထင်ထားတာတွေထက်တောင် ပိုပြီး အံ့သြစရာ ကောင်းတဲ့ တော်ဝင်သစ်ခွနက်ပန်းလေးတစ်ပွင့်ပါပဲလား နူးရဲ့၊ အင်း ... တိုက်ဆိုင်လိုက်တာ၊ တစ်ခါက ကိုယ့်ရဲ့မြင်ဦးလွင်သူ "နှင်းဆီနက်" နီပေါလ်



မလေး "ယသော်တာရာ" ကလည်း မင်းလိုပဲ ဆင်းရဲသား တောင်ပေါ်သား ကလေးတွေကို သိပ်ချစ်တဲ့ဆရာမလေးပေါ့၊ သူလည်း အဲဒီရွာလေးမှာ အခွကျောင်းသားလေးတစ်ဦး နေမကောင်းနေတာကို သွားကြည့်ရင်း အပြန်မှာ မြွေကိုက်ခံရပြီး သေဆုံးသွားရတာ"

"ဟင် ... ဟုတ်လား စိတ်မကောင်းစရာပဲနော်"

"နူး - မင်းကကော ဘာကြောင့်ဒီဂိုက်အလုပ်ကို စွန့်လွှတ်ပြီး တောင်ပေါ် တိုင်းရင်းသားလေးတွေကို ပစ်ထားရစ်ခဲ့တာလဲဟင် ပြောပါဦး"

သူက မရိုတင်ကဲစွာဖြင့် ထိုင်း နီဂရိုးမလေးကို အညှာတာကင်းမဲ့စွာ ပြန်မေးမိလိုက်သည်။

အနူးတီတျာက ကားကို ဟိုင်းဝေးလမ်းမပေါ် ကျွမ်းကျင်စွာ မောင်းနှင်လာရင်းမှ အပြင်သို့ ငေးရည်စွာ လှမ်းကြည့်လိုက်ကာ သက်ပြင်းဖွဖွချသည်၊ ပြီးနောက် သူမက မင်းခေါင်အုပ်ဘက် ဖြည်းညင်းစွာ လှည့်လျက် ပြုံးမျက်နှာလေးဖြင့် မျက်စောင်းလေးထိုးကာ ကန့်ကလန့်ဆိုသည်။

"ဘာကြောင့်လဲဆိုတာ သူဌေးဖြစ်ချင်လို့လေ ... အဟင်း ... ဟင်း"

"ဘယ်လို ... ဘယ်လို သူဌေးဖြစ်ချင်လို့ ဟုတ်လား"

မင်းခေါင်အုပ်၏ ထိတ်လန့်အံ့သြ ပေါက်ကွဲသွားသံက ထိုင်းမဟုရာဒေဝဆရာမလေးကို တုန်ခါသွားစေသည်၊ သို့သော်လည်း မဟုရာမလေးက မြူးသံလေးတွေနှင့် လွင်လွင် ရယ်မောလိုက်လေသည်၊ ပြီးမှ သူမ စကားဆက်သည်။

"ဒီလိုပါ အစ်ကိုရဲ့ - ကျွန်မ ချင်းရှိုင်မှာ ဂိုက်လုပ်နေရင်း တစ်နေ့ မမျှော်လင့်ပဲ "ဆုစ်နီရန်" (Suck Niran) ဟိုတယ်မှာ နူးရဲ့တစ်ဝမ်းကွဲအစ်ကို တောင်နာထရာနဲ့ အမှတ်မထင် ဆုံတွေ့ခဲ့ကြရင်း စကားစပ်မိသွားကြပြီး တောင်ကနူးကို ပြောတယ်၊ နင် ဒီတောင်ပေါ်က တောင်ကြို့အုံကြားမှာ ဒီဂိုက်လစာလေးနဲ့ပဲ ကြည်နူးရောင့်ရဲပြီး နစ်မျောနေရင်တော့ နင် - ဒီတစ်သက် လူမွဲလူတောင် ပြောင်တော့မှာ မဟုတ်ဘူး နူး၊ ကြီးပွား ချမ်းသာချင်ရင် ကိုယ်ပိုင် လုပ်ငန်းလုပ်ရတယ်သိလား အေး ... နင် - ကြီးပွား



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာချင်တယ်ဆိုရင်တော့ ငါ့ဆီ မြန်မြန်ဆင်းလာခဲ့၊ ဘန်ကောက်မှာ ငါ့ကုမ္ပဏီရှိတယ်၊ ငါနဲ့ အလုပ်လာလုပ်၊ အေး ... နှင်စဉ်းစားပေါ့လို့ နူးကို ပြောတယ်"

အနူးတီတျာ သူမစကားကို ခေတ္တရပ်ပြီး သူမ၏ရှေ့တည့်တည့်မှ ဟိုင်းဝေးလမ်းတစ်ဖက် တစ်ချက်ရှိမြစိမ်းရောင်လယ်ကွင်းတွေဆီ တည်ငြိမ်စွာ ငေးကြည့်သည်၊

ပြီးမှ - သူမ ဆက်ပြောသည်၊

"ကျွန်မအဲဒီနေ့ကပြင်သစ်တိုးရစ် အဖွဲ့တစ်ဖွဲ့ကိုလိုက်ပို့ပေးပြီးညဘက်ကျတော့ ကျွန်မအခန်းထဲမှာ ကျွန်မတစ်ညလုံး စဉ်းစားကြည့်တယ်၊ ဟုတ်တယ် - တောင် ပြောတာ မှန်တယ်၊ ကျွန်မ ဒီဂိုက်အလုပ်ကလေးနဲ့တော့ တစ်သက်မကြီးပွားမတိုးတက်နိုင်ဘူး၊ကြာရင်ကျွန်မတဖြည်းဖြည်း စုတ်ပြတ်သွားဖို့ပဲ ရှိတယ်၊ ကျွန်မ ချက်ချင်း နားလည်လိုက်တယ်၊ ကျွန်မ သူဌေးဖြစ်မှ ဖြစ်မယ်၊ ဖြစ်ကိုဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုရင် ကျွန်မ သူဌေးဖြစ်မှ ကျွန်မချစ်တဲ့ဒီတောင်ပေါ်ဒေသနဲ့ ဒီတောင်တန်းတွေပေါ်က တောင်ပေါ်တိုင်းရင်းသားတွေနဲ့ခေတ်နောက်ကျပြီးဆင်းရဲလှတဲ့ကလေးငယ်တွေရဲ့ဘဝကိုကျွန်မ ထိထိရောက်ရောက် ပံ့ပိုးကူညီနိုင်မယ်၊ ဟောလီးဝုဒ်က ရုပ်ရှင်မင်းသမီး ဂျိန်းဖောင်ဒါလို ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး "အိန်ဂျလီနာဂျိုလီ" နဲ့ ဗြိတိန်မင်းသမီး "ဒိုင်ယာနာ" တို့လို လူမှုရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်မယ်၊ ကျွန်မ မီလျံနာသူဌေးမတစ်ဦး ဖြစ်လာရင် "အနူးတီတျာ ဖောင်ဒေးရှင်း" တစ်ခုတည်ထောင်ပြီးကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်၊ ဟင်း...ဟင်း... အနူးတီတျာ၏ကြည်နူးလှိုက်ဖိုစွာနှင့် မှုန်းရှုရှုလေးရယ်မောလိုက်သည့်ပုံတင်သံတွေက မင်းခေါင်အုပ်၏ရင်ဘတ်ထဲ၌ လိုက်ဂူကြီးတစ်ခု မြေလျှင်လှုပ်ပြီး ပြိုကျသွားသလို တုန်လှုပ်အံ့ဩသွားသည်၊



အနူးတီတျာ၏ ရယ်သံလှိုင်းတံပိုးလေးတွေ မမြောက်သေးသွားခင်မှာ ပင် သူမ၏အားမာန်ပါသော ဂီတသံလေးတွေ ဆက်လက်ပေါက်ကွဲလွင့်ထွက်လာသည်၊

"အဲဒီ ရည်ရွယ်ချက်ကြောင့် နူး တောင်နာထရာရဲ့ "ပန်းမာလာများနှင့် ဆေးဖက်ဝင်အပင်များ ကုမ္ပဏီ" မှာ မားကတ်တင်းမန်နေဂျာ အဖြစ် ဝင်လုပ်ခဲ့တာ၊ ပြီးတော့ အခု နူး ကိုယ်ပိုင် ဓာတ်ခွဲခန်းတစ်ခု ဖွင့်ထားပြီး ကမ္ဘာမှာ အင်မတန်ရှားပါးပြီး စိန်လိုပဲ တန်ဖိုးကြီးတဲ့ ထိုင်းနိုင်ငံမြောက်ပိုင်းက သစ်ခွ တစ်မျိုးဖြစ်တဲ့ "အနီရောင်ဂျာရေနီးယမ်းသစ်ခွ" (Red geranium Orchid) မျိုးစိတ်ရှာတွေ့ထားတယ်၊ နူး စမ်းသပ်သုတေသန လုပ်နေတယ်၊ 95% အောင်မြင်နေပါပြီ၊ အဲဒီ စမ်းသပ်မှု အောင်မြင်ရင် နူးလည်း အစ်ကို့လိုပဲ "ထိုင်းသစ်ခွနီ" ရေမွှေးနဲ့ အလှကုန်ပစ္စည်းတွေထုတ်ပြီး တစ်ကမ္ဘာလုံးကို ဖြန့်းမယ်၊ အဲဒါ နူးရဲ့ နိုင်မာပြတ်သားတဲ့ "စိတ်နယ်လွန်အိပ်မက်စီမံ" တွေပဲ အစ်ကိုရဲ့ ဟင်း ... ဟင်း"

အနူးတီတျာ ဒေါင်းနက်မလေး၏ စိတ်အားတက်ကြွနေသော ရယ်သံနွေးနွေးလေးတွေက သူ့နှလုံးသားတွေကို စီမံကျင်စိုရွှဲသွားလေတော့သည်၊

"နူး ... အောင်မြင်မှာပါ၊ အစ်ကို ပြောရဲတယ်၊ နူးဟာ အင်မတန် စိတ်ဓာတ်ပြင်းထန်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ တကယ်လို့ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး အခက်အခဲ ရှိလာခဲ့ရင် ကိုယ့်ကိုပြောပါ၊ နူးကို ကိုယ် ကူညီဖို့ အသင့်ပဲနော်"

"ခေါ့်ပ် - ခွန် - မာ့ခ် - ခ"

နူးက မျက်စောင်းပြာလေးထိုးလျက် ကျေးဇူးတင်စကားလေး ပြန်ပြော၏၊ သို့ရာတွင် သူမ၏ မျက်ဝန်းနက်ပြာပြာလေးထဲ၌ မာနရောင်လေးတွေ တောက်နေသည်ကိုတော့ မင်းခေါင်အုပ် တွေ့မြင်လိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com

အနုးတီတျာက လီဗာကို ဖြည်းညင်းစွာ နင်းချလိုက်သည်၊ သူမ၏ စိမ်းပြာရောင်ဂျီတီကားလေးက ဘန်နာထရက်ဟိုင်းဝေးလမ်းမပေါ်သို့ ရွှေအိုရောင်နေခြည်တွေကြားဝယ် တစ်ဟုန်ထိုး လွင့်ပြေးထွက်လာလေသည်၊

= ■ =

"ရွှန်ဘူရီ" သည် ထိုင်းနိုင်ငံ၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး သာယာလှပ ကြည်နူးဖွယ်ကောင်းသော ပင်လယ်ကမ်းခြေ မြို့လေးတစ်မြို့ ဖြစ်သည်၊

မြန်မာနိုင်ငံ မွန်ပြည်နယ်ရှိ "ကျိုက္ခမီ" ပင်လယ်ကမ်းခြေမြို့လေးနှင့်တူသည်၊ အုန်းပင်၊ ရာဘာပင်၊ ဝိတောက်ပင်တွေနှင့်စိမ်းဝေနေပြီး ကမ္ဘာလှည့်ခရီးသွား ဧည့်သည်တွေ စိတ်ဝင်စားစွာ ဝင်ထွက်သွားကြသည့် ထိုင်း၏ ချစ်စရာမြို့လေး ဖြစ်သည်၊

သူနှင့် အနုးတီတျာတို့နှစ်ဦး၏ စိမ်းပြာရောင် ဂျီတီကားလေး Golden Flower ဝိတောက်မြို့ကြီးထဲသို့မောင်းဝင်လာကြသည်နှင့် ကိုက်လေးရာခန့်အကွာတွင် ထိုင်းပုံစံ အမိုးနီနီလေးနှင့် ဘိုတဲမဏ္ဍာပ်ဖြူဖြူလေးအတွင်းရှိ မန်နေဂျင်း ဒါရိုက်တာနှင့် ရွှေဝါရောင်ထိုင်းဝိတောက်ပန်းကုမ္ပဏီ ဝန်ထမ်း မိသားစုတွေက လှပကျက်သရေရှိသည့် ထိုင်းဝတ်စုံရောင်စုံတွေနှင့် အသင့်ကြိုဆိုနေကြသည်၊

အနုးဟီတျာက ဂျီတီကားလေးကို ထိုင်းဘိုတဲနီလေးရှေ့တံခါးပေါက်ဝ၌ ညင်သာစွာ ငြိမ့်ခနဲ ထိုးရပ်လိုက်သည်၊

မန်နေဂျင်းဒါရိုက်တာအမျိုးသမီးက ရှေ့ဆုံးမှ လှမ်းထွက်လာသည်၊ သူမက ဖြူဖွေးနွေတဲနေကာ အရပ်ငါးပေခြောက်လက်မခန့်မြင့်လျက် အရိုးအစားကျနတင်းရစ်ပြီး ဆင်စွယ်ထိုင်းပိုးသား "ဘဲလ်ဘော်တွန်" ဘောင်းဘီရှည်ကို လှပစွာဝတ်ဆင်ထားသည်၊ အပေါ်က ရွှေရောင်ဖဲဝါအင်္ကျီလက်ရှည်



ကို သပ်ရပ်ကျော့ရှင်းစွာ ဝတ်ဆင်ထားသည်၊ ရင်ဘတ်နှင့်ကော်လံတွင် ဖောင်းကြွနှင်းဆီပွင့်တွေထိုးထားသောထိုင်းစတိုင်လ် "လိုက်ကုတ်" အင်္ကျီကို အနောက်တိုင်းဆန်ဆန် ဝတ်ထားသည်၊

မန်နေဂျင်းဒါရိုက်တာအမျိုးသမီးက အသက်သုံးဆယ်ဝန်းကျင်ခန့်သာရှိလိမ့်ဦးမည်၊ သူမက ရွှေဝါရောင် ထိုင်းဝိတောက်ပန်း ကုမ္ပဏီဝန်ထမ်းတွေကြားမှာ ထင်းထင်းလေး ထင်ရှားလွင့်မျောပြီး ကျက်သရေရှိစွာ ပေါ်လွင်တောက်ပနေသည်၊

သူမ၏ မျက်နှာကလည်း ထူးခြားလှပ ကျက်သရေရှိစွာ ထိုင်းဘုရင့်မိဖုရားကြီး "သီရိခေတ်" ငယ်စဉ်ကရုပ်နှင့်ဆင်တူကာ မဟာဆန်စွာအလှချင်းပြိုင်၍နေပါသည်၊

ပြီးနောက် သူမက "ချူလာလောင်ကွန်တက္ကသိုလ်မယ်ဘွဲ့" Miss Chulalongkorn University နှစ်ထပ်ကွမ်း ရရှိခဲ့သူဖြစ်သည်ဟု သိရသည်၊ သူမသည် ထိုင်းနိုင်ငံ၏ ရှေးဟောင်းမြို့တော် အယုဒ္ဓယမြို့သူ ဖြစ်ပြီး သူမ၏နာမည်ကလည်း ထူးဆန်းလှစွာ ကွန်ဘိုလီယန်ဟု ဆိုပါသည်၊

သူတို့နှစ်ဦးကားထဲမှ လှမ်းထွက်လာပြီး ဘိုတဲနီလေးထဲသို့ စကြံမှ လျှောက်ဝင်လာခဲ့ကြသည်၊ ကွန်ဘိုလီယန်က တံခါးဝမှစောင့်ကြိုပြီး တောက်ပလန်းဆန်းသော အပြုံးပွင့်တွေနှင့် ဆီးကြိုကာ လက်ဆွဲနှုတ်ဆက်သည်၊

သူမက မနိမ့်မမြင့်အနက်ရောင် ထိုင်းဖန်တောင့်မြင့် ပမ့်ရှူးကို ဝတ်ထားသည့်အတွက် သူမ၏ အနက်ရောင်ပုလဲမျက်လုံးတွေနှင့်မင်းခေါင်အုပ်၏ မျက်လုံးတွေ တစ်တန်းတည်း ဖြစ်နေသည်၊

"ကျွန်မ ... ရွှေဝါရောင် ထိုင်းဝိတောက်ပန်းကုမ္ပဏီရဲ့မန်နေဂျင်းဒါရိုက်တာ မစ္စကွန်ဘိုလီယန်ပါ၊ လူကြီးမင်းကို အားလုံးရဲ့ကိုယ်စား ကျွန်မ လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com

မင်းခေါင်အုပ်ရုတ်တရက် သူမ၏နာမည်ကိုကြားလိုက်ရစဉ်ဘာကြောင့်ရယ် မသိ၊ သူ့စိတ်ထဲက မြန်မာနိုင်ငံမှ ရှန်းသစ်စ ရုပ်ရှင်မင်းသမီးလေး ထွန်းအိန္ဒြာဗိုကို ဖျတ်ခနဲ သတိရလိုက်မိကာ ပြုံးဖြစ်သွားလေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျေးဇူးတင်ပါတယ်၊ မစ္စကွန်ဘို"

"ကျွန်မကလည်း ထပ်တူထပ်မျှပါပဲ၊ အထဲကြွပါရှင်၊ လူကြီးမင်းကို ကျွန်မတို့ရွှေဝါရောင်ထိုင်းမိသားစုက ဧည့်ဝတ်ကျေပြွန်စွာ ပြုစု ဧည့်ခံပါစေရှင်"

ကွန်ဘိုလီယန်က အလွန်ပီသသည့် အောက်စ်ဖို့လေသံ အင်္ဂလိပ်ဘာသာနှင့်ရှန်းရှန်းဝေဝေအောင် ကြိုဆို ဖိတ်ခေါ်လိုက်လေသည်။

မင်းခေါင်အုပ် ရင်ဘတ်ထဲမှာ အပြာရောင်ရက်ပ်သီချင်းလေးတွေ ခုန်ပျံမြူးလွင် ထွက်သွားသည်။

ထို့နောက်ရွှေဝါရောင်ထိုင်းပိတောက်ပန်းမိသားစု၏ဧည့်ခံပွဲကလေးကိုလှပခမ်းနားစွာဖြင့် တည်ခင်းအစပျိုးလေတော့သည်။ ဧည့်ခံပွဲကလေးကသံတမန်အခမ်းအနားကလေးတစ်ခုအသွင် ထည်ဝါခမ်းနားနေသည်။

စားပွဲပေါ်သို့ လိမ္မော်ရည်ဖလ်ကလပ်ခွက်ရှည်ကလေးတွေ ရောက်လာပြီး စားသောက်ပွဲကလေးကို စတင်လိုက်စဉ်မှာပဲ အနုးတီတျာက သူမထိုင်ခုံမှထပြီး ရွှေဝါရောင်ထိုင်းပိတောက်ပန်းမိသားစုနှင့် မင်းခေါင်အုပ်ကို မိတ်ဆက်ပေးကာ မားကတ်တင်းအစီအစဉ်ကို ဆွေးနွေးရန် အားလုံးကို သူမက အင်္ဂလိပ်လိုပင် ကြေညာလိုက်ပါသည်။

တောင်နာထရာက ထိုင်းနိုင်ငံ၏ ပန်းအဝယ်တော် "ကိုယ်စားလှယ်" အဖြစ် အားလုံးတာဝန်ယူထားပြီး စနစ်တကျ ကျွမ်းကျင်စွာ ဆောင်ရွက်ထားပြီး ဖြစ်သဖြင့် နောက်ထပ် ဘာမျှ သိပ်အထွေအထူး ဆွေးနွေးရန် မလိုအပ်တော့ချေ။

အနုးတီတျာကသာ မားကပ်တင်းစာချုပ် အရောင်းအဝယ်ကိစ္စတို့ ကျွမ်းကျင်စွာနှင့် သူ့ကိုယ်စားတင်ပြ အစီရင်ခံသွားသည်။



မင်းခေါင်အုပ်ကတော့ မားကက်တင်းစာချုပ်ထက် ဒီစားသောက်ပွဲ အစီအစဉ်လေးမှာ ထိုင်းပုလဲရွှေရောင်နတ်သမီး "ကွန်ဘိုလီယန်" နှင့် ထိုင်းလိပ်ပြာမဟူရာနတ်သမီးလေး "အနုးတီတျာ" တို့နှစ်ဦး၏ ထူးခြားဆန်းကျယ်လှသည့် ဆန့်ကျင်ဘက်အားပြိုင်မှု အလှတရားနှစ်ခု၏ ညှိုနှိုင်းထားသည့် ဆွဲဆောင်မှု အိပ်မက်ထဲ၌ လွင့်မျောနေသည်။

သူ့ကွန်းရှပ်စ် (Conscious) ထဲတွင် "ဘာထရန်ရပ်ဆယ်" ၏ စကြဝဠာ၏ သစ္စာတရား (Turth) ဖြစ်သော၊ အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း နှစ်ခု၏ ဆန့်ကျင်ဘက် သဘောတရားကို ပြန်တွေးသတိရလိုက်မိကာ ပြုံးလိုက်မိသည်။

ယင်းအခိုက် . . .

မစ္စ . . . ကွန်ဘိုလီယန်က သူမ၏ဝန်ထမ်းအမျိုးသမီးလေးတစ်ဦး ယူလာပေးသော ငွေလင်ဗန်းထဲမှ ပလက်တီနမ်အကြည်နှင့် ထုပ်ထားသည့် ထိုင်းပိတောက်ပွင့်ပန်းစည်းကို သူ့ရှေ့သို့ ကိုင်းညွတ်ပြီး လှမ်းပေး၏။

"မစ္စတာမင်းခေါင် - ဒါ - ကျွန်မတို့ရဲ့ (Golden Flower) ခြံက ထွက်တဲ့ ထိုင်းပိတောက်ပွင့်နမူနာပါ၊ အရောင်အဆင်း အနံ့အသက် မပျက်အောင် "သဘာဝပန်းထိန်းသိမ်းနည်း" နဲ့ သိုလှောင်ထားတဲ့ ထိုင်းပိတောက်ပန်း စစ်စစ်ပါ၊ ဒီကွာလတီ (Quality) ဒီအရည်အသွေး အပြည့်စစ်မှန်ကြောင်း ကျွန်မတို့ တာဝန်ယူပါတယ်၊ လူကြီးမင်း လေ့လာကြည့်ပါ"

ကွန်ဘိုလီယန်၏အောက်စ်ဖို့သံလေး ဆုံးသည်နှင့်မင်းခေါင်အုပ်နံဘေး၌ အသင့်ရပ်နေသည့် ကုမ္ပဏီဝန်ထမ်း ထိုင်းအမျိုးသမီးလေးက ငွေကတ်ကြေးလှလှလေးနှင့်ပလက်တီနမ်အိတ်လေးကိုညှပ်ဖွင့်ပေးသည်၊ ပြီးနောက် ပိတောက်ပန်းစည်းကို သူ့လက်ထဲ ထည့်ပေးသည်။

ထိုင်းပိတောက်ပန်းနှဲ့ သင်းရှုဖွဖွလေးက မင်းခေါင်အုပ် ရင်ဘတ်ထဲသို့ စပရေးဘူးနှင့် လှမ်းပြီးပက်ဖျန်းဆွတ်လိုက်သလို စိမ့်မွှေးဝေ့ပျံ့သွားသည်၊ ထိုင်းပိတောက်ကအဝါနရောင်ဖျော့ဖျော့သမ်းလျက်ပွင့်ဖတ်အရွယ်အစား



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ပိတောက်ပွင့်ထက်တော့ အရွယ်ငယ်ကာ ပွင့်ဖတ်အလျားသွယ်သည်၊

"ယုံကြည်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ မစ္စကွန်ဘို၊ ကျွန်တော်လိုက်လုံ ကျေနပ်ဂုဏ်ယူပါတယ်"

ထို့နောက် မင်းခေါင်အုပ်နှင့်ကွန်ဘိုလီယန်တို့နှစ်ဦးက ပိတောက်အရောင်းအဝယ် "မားကတ်တင်းစာချုပ်" ပေါ်တွင် အပြီးသတ် သဘောတူလက်မှတ် ရေးထိုးလိုက်ကြသည်၊ တစ်ဆက်တည်းမှာ ဂုဏ်ယူဝမ်းမြောက်ဖွယ် ပျော်ရွှင်ကြည်နူးဖွယ်ရာ ဩဘာလက်ခုပ်သံလေးတွေ ဘိုတဲနီ ညည့်ခန်းဆောင်လေးထဲ၌ လွှမ်းမိုးသွားလေသည်၊ သည်စဉ်ကလေးမှာပင် ...

သူတို့ရှေ့လေးမှ ကတ္တီပါလိုက်ကာ ပြာလွင်လွင်လေးက တရွေ့ရွေ့လွှင့်မြောက်တက်ပြီးလျှင် ထိုင်းရိုးရာ "ရမ်ဆိုင်း (Ram-thai) တေးသံလေးတွေက လွှင့်မြောက်ထွက်ပေါ်လာပါတော့၏၊

ထိုင်းရိုးရာငွေမောင်းသံနှင့်ပုံတိုသံလေးတွေက ရှေးဦးစွာ မြူးမြူးကြွကြွထွက်ပေါ်လာလေသည်၊ ပြီးနောက် စင်မြင့်ထက်၌ ထိုင်းတော်ဝင်မင်းသမီးဝတ်စုံဖြင့် အမျိုးသမီးတစ်ဦးက ထိုင်းရိုးရာအကနှင့်ဖျော်ဖြေတင်ဆက်လေသည်၊ သူမနောက်မှ ထိုင်းမင်းသမီးကလေး "ရှစ်ဦး" က တစ်ဖက် လေးယောက်စီ ဂငယ်ပုံသဏ္ဌာန်စီပိုင်းလျက် နွဲ့ကခုန်နေကြ၏၊

မင်းခေါင်အုပ်၊ ထိုင်းဘုရင့်နန်းတော်ထဲသို့ ရောက်နေသော အိမ်မှရှေ့မင်းသားတစ်ပါးကဲ့သို့ နစ်မျောသွားသည်၊ ပြီးနောက် မင်းသမီးလေး၏တော်ဝင်ကကြိုးလေးက ပုံတိုသံလေးတွေနှင့်အတူ ပျော်ဝင်နိဂုံးချုပ်သွားလေ၏၊

ထို့နောက် သူတို့၏ ထိုင်းပိတောက်ပန်းသံတမန် ညည့်ခံပွဲလေးဆီမှ ဩဘာလက်ခုပ်သံတွေက လွှမ်းမိုးဆူညံသွားလေတော့သည်၊

ဤတွင် ထိုင်းကချေသည်မင်းသမီးလေးက သူတို့စားပွဲဆီ ဒူးထောက်ဦးညွှတ်ပြီး ဂါဝရပြု အရိုအသေပေးလိုက်စဉ် ဂါဝန်ဖြူဝတ်ထိုင်းအမျိုးသမီး



လှလှလေးနှစ်ဦးတို့က ပန်းကုံးကြီးတစ်ကုံးကို သယ်ယူလာခဲ့ကြပြီးနောက် ကချေသည် ခေါင်းဆောင်မင်းသမီးလေးကို ကမ်းပေးလိုက်ကြသည်၊

ပန်းကုံးက စံပယ်ပွင့်တွေ ဖွေးဖွေးလှုပ် ဖြူစွတ်နေသော စံပယ်ပန်းကုံးကြီး တစ်ကုံးဖြစ်ကာ လှပစွင့်ကားနေသည့် အနီရောင်ရဲရဲထိုင်းနှင်းဆီပွင့်များကို ပန်းကုံးပေါ်တွင် ခြောက်လက်မကြား တစ်ပွင့်စီသီကုံး၍ အပွင့်ဖော်စိုက်ထိုးထားသည့် မင်္ဂလာပန်းကုံးတစ်ကုံးဖြစ်၏၊

ခေါင်းဆောင်ကချေသည် ထိုင်းရွှေမင်းသမီးလေးက ထိုစံပယ်ဖြူနှင်းဆီပန်းကုံးကြီးကို သယ်ယူလျက် စင်မြင့်ထက်မှ လှမ်းဆင်းလာပြီးလျှင် မင်းခေါင်အုပ်ထံ လျှောက်လာကာ သူ၏ခေါင်းပေါ်မှ ယဉ်ကျေးစွာဖြင့် စွပ်ချပေးလိုက်ပါလေသည်၊

အားလုံးဆီမှ မင်္ဂလာလက်ခုပ်ဩဘာသံတွေ ဒုတိယအကြိမ် ဝေဆာလွှင့်မြူးစွာ ထွက်ပေါ်လာပါသတည်း၊

သည်တွင် ထိုင်းကချေသည်မလေး၏ ထိုင်းသံဝဲဝဲနှင့်အင်္ဂလိပ်လို မပီတစ်ဝက်ပီတစ်ဝက်လေး၊ တိုးတိုးကပ်ပြောလိုက်သည့် စကားသံလေးအချို့ကို မင်းခေါင် ထူးဆန်းစွာလျှင် ကြားလိုက်ရပါသည်၊

ထိုစကားလေးကား -

"ရှင် ... ဒီအသားမည်းမ" ကို သတိထား၊ သူ - လမ်းမှာ ရှင့်ကို အသက်အန္တရာယ်ထိခိုက်အောင် အနှောင့်အယှက်ပေးလိမ့်မယ်" ဟူ၍တည်း၊ မင်းခေါင်အုပ် အံ့ဩတုန်လှုပ် ထိတ်လန့်သွားသည်၊ ဒါကြိုတင်နိမိတ်စိမ်းလား၊ "အသားမည်းမ" ဆိုသည်မှာ "အနူးတီတျာ" ကို ညွှန်းမှန်းသူ နားလည်သည်၊

မျက်နှာမပျက်အောင် သူ မနည်း စိတ်ကို ထိန်းချုပ်ထားရသည်၊

သူ ဟန်ဆောင်ပြီးပြုံးနေလိုက်ရသည်၊ ရင်ထဲမှာတော့ လိပ်ပြာရိုင်းတွေ ရှုန်းရင်းဆန်ခတ် ဖြစ်နေသည်၊ ထိုင်းတွေက နားလည်ရခက်သည်၊ လျှို့ဝှက်သိပ်သည်းကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဒါ...ဘာအဓိပ္ပာယ်ပါလိမ့်၊ ကြိုတင်နိမိတ်ဖတ်လိုက်သည့်အတိတ်စိမ်း "ပဟေဠိတမ်း" တစ်ခုလေလား၊ နိမိတ်ဆိုး "အာရုံအသိ" တစ်ခုလေလား၊ သူမဝေခွဲတတ်ပါလေတော့၊

မင်းခေါင်အုပ် ကြက်သီးထသွားသည်၊

ကချေသည်မလေးကတော့ ဣန္ဒြေရရနှင့် ပြန်၍ လှည့်ထွက်သွားလေသည်၊



၆ မစ္စတာခေါင် ... အပြန်ခရီးကို ရှင်ကိုယ်တိုင်
ကားမောင်းပြီး ပြန်ပါ။ ကျေးဇူးပြုပြီး
ကျွန်မ စကားကို ယုံပါ။ နို့မဟုတ်ရင်
ရှင့်ရဲ့ ဒေါင်းနက်မလေးက
ရှင့်ရဲ့အသက်ဇီဝိန်ကို ခြွေပစ်လိမ့်
မယ်ဆိုတာ ရှင် မမေ့ပါနဲ့။ ဘုရားသခင်
ရှင့်ကို စောင့်မပါစေ ၆



သူ့အခြေအနေကို အကဲခတ်နေသည့် မစ္စကွန်ဘိုလီယန်က နားလည်လိုက်ကာ သူ့မအံ့နေရာမှ ထရပ်လိုက်ပြီးလျှင် ကျွမ်းကျင်လိမ္မာစွာ အစီအစဉ်တစ်ခုကို ပြုံးရွှင်ကြည်နူးစွာ ကြေညာလိုက်၏၊

"ကျွန်မတို့ယခု နောက်ဆုံး အစီအစဉ်နဲ့ မစ္စတာမင်းခေါင်အုပ်ကို ကျွန်မတို့ရဲ့ Golden Flower ပိတောက်ခြံကို ခေတ္တလိုက်ကြည့်ဖို့ နှုတ်ဆက်လိုက်လဲ့စွာ ဖိတ်ခေါ်အပ်ပါတယ်ရှင်၊ ယခုအချိန်မှာ ပိတောက်ဖူးသစ်တွေလည်း စတင် ဖူးပွင့်နေချိန် ဖြစ်ပါသောကြောင့် လူကြီးမင်း နှစ်သက် သဘောကျလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်မိပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်ရှင်"

မစ္စကွန်ဘိုလီယန်က လိမ္မာပါးနပ်စွာ အာရုံပြောင်းလျက် မင်းခေါင်အုပ်ကို သွေးဆောင် ဖြားယောင်း စည်းရုံးလိုက်ပါတော့သည်၊ မင်းခေါင်အုပ်၏ စိတ္တဇအာရုံနတွေ ဖျတ်ခနဲ လွင့်သွားသည်၊

ကွန်ဘိုလီယန်က သူတို့အားလုံးကို ဦးဆောင်လျက် မဂ္ဂလာဘိုတဲနီ ညည့်ခန်းဆောင်ထဲမှ လှမ်းထွက်လာခဲ့ကြသည်၊ မင်းခေါင်အုပ်က ကွန်ဘိုလီယန်နှင့် အနားတီတျာတို့နှစ်ဦး တစ်ဖက်စီခြံရံလျက် ရှေ့ဆုံးမှ ပိတောက်ခြံထဲ၌ မြေနီလမ်းအတိုင်း လျှောက်လာခဲ့ကြသည်၊

စိမ်းဝေဝေ ပိတောက်ဖူးသစ်တွေ၏ မွှေးရနံ့ယဉ်ယဉ်လေးက လေပြေနတွေထဲ ဝဲပျံလွင့်နေသည်၊ ချက်ချင်း သူ့စိတ်တွေ လန်းဆန်းကြည်လင်သွား၏၊ ထူးခြားသည့် အာရုံသစ်ပတ်ဝန်းကျင်တစ်ခုထဲ ရုတ်တရက် ရောက်သွားသလို ကြည်နူးသွားတော့သည်၊

သူတို့အားလုံး မြစိမ်းရောင် ပိတောက်တောလေးထဲ ငေးမောရင်း လျှောက်လာခဲ့ကြသည်၊ အနောက်ဘက်မှ ထိုင်းမလေးတွေအုပ်စုက ထိုင်းလို ပြောရင်း ရွှင်လန်းစွာ ရယ်မောလာနေကြသည်၊ ပိတောက်တောကလေးထဲမှာ ကျေးငှက်ကလေးများ၏ ဂီတသံစဉ်လေးတွေကလည်း စိတ်လှုပ်ရှားဖွယ် လွင့်ပျံနေသည်၊ အပင်တိုင်းမှာ ပိတောက်ဖူးအငုံလေးတွေ အဆုပ်လိုက် အခဲလိုက်သီးနေဖူးနေကြသည်က အသည်းယားဖွယ်ကောင်းသည်၊ လိမ္မော်ရောင်စုံတွေက ပိတောက်တောထဲ လွင့်ဝဲနေ၏၊



www.burmeseclassic.com

www.burmeseclassic.com

"နောက်လဆိုရင် ပိတောက်တွေ ပွင့်ကြတော့မယ်၊ မစ္စတာခေါင်"

မစ္စကွန်ဘိုလီယန်၏ဆွဲဆောင်မှုပါသည့်အသံနွေးနွေးက ငှက်တေးသံတွေကြားမှ စီးမျောလာသည်။

"ဟုတ်တယ် ... အစ်ကိုမြန်မာ နောက်လဆို - နူးတို့ထိုင်းနိုင်ငံဟာ ရွှေရောင်လွှမ်းတဲ့လပါပဲ အစ်ကို"

အနူးတီတျာကလည်း ပြုံးရွှင်ဂုဏ်ယူစွာဖြင့် ကွန်ဘိုလီယန်၏အဆိုကို ထောက်ခံ ဖြည့်စွက်ပြီး သူမ၏ နိုင်ငံကို ချစ်မြတ်နိုးစွာ အမွှန်းတင်လိုက်သည်။

သူတို့နှစ်ဦးက ထိုင်းနိုင်ငံသူတွေ ဖြစ်ကြပြီး အသွေးအရောင် ခြားနားကြသော်လည်း ထိုင်းနိုင်ငံကို ချစ်မြတ်နိုး တန်ဖိုးထားကြပုံခြင်းကမူ အံ့ဩစွာ ထပ်တူညီနေကြ၏။

မင်းခေါင်အုပ် သူတို့နှစ်ဦး၏ နလုံးသားစံယူချက်ကို လေးစားဂုဏ်ယူမိသည်။

"ဟုတ်တယ်လေ ... ထိုင်းနဲ့မြန်မာက အမြွှာညီအစ်ကိုပဲလေ၊ အသွေးအရောင်ချင်းလည်း တူတယ်၊ အတွေးအခေါ်ချင်းလည်း တူကြတယ်၊ ထိုင်းဟာ မြန်မာပါပဲ၊ မြန်မာဟာလည်း ထိုင်းပါပဲ"

မင်းခေါင်အုပ်က လေးနက်စွာ ဆိုလိုက်သည်။

သူ့ဒဿနနှင့် သူ့အဘိဓမ္မာက မစ္စကွန်ဘိုလီယန်နှင့် အနူးတီတျာတို့ ထိုင်းမလေးနှစ်ဦး၏ နလုံးသားနုနုလေးတွေကို ထိမိုက်တိုက်စားသွားပါသည်၊ သူမတို့နှစ်ဦးကလည်း ယဉ်ကျေးသည့် ကျေးဇူးတင်သော အပြုံးနုနုလေးတွေနှင့် မင်းခေါင်အုပ်ကို ပြိုင်တူလှည့်ပြီး ဦးညွှတ်ဂါရဝ ပြုလိုက်ကြသည်။

ပိတောက်ဖူးတွေ၏ စိမ်းဝေဝေရနံ့မွှေးတွေနှင့်ငှက်ကျေးသာရကာတို့၏ မာဂဓေတေးသံစဉ်တွေက ပိတောက်တောအုပ်လေးထဲ တိုက်ခတ်နေဆဲရှိသည်။



သူတို့ပိတောက်တောအုပ်လေးထဲ နောက်ထပ် ကေဝက်တော့်ကျော့ ဆယ့်ငါးမိနစ်ခန့် အပြာရောင်ခံစားချက်ကို ယ်စီဖြင့် "လိုကေးရှင်း" (Location)ဆက်ထွက်ခဲ့ပြီးလျှင်မကျွာပ်နီ ထိုင်းဘိုတဲလေးဆီပြန်လာခဲ့ကြသည်။

ထိုင်းနေခြည်ဝင်းနုနုကလေးက ဘိုတဲနီမကျွာပ်လေးပေါ် ဆမ်းချထားသည်၊ မင်းခေါင်အုပ်က ဘိုတဲရှေ့၌အားလုံးကိုလက်ဝှေ့ယမ်းပြနှုတ်ဆက်ပြီးနောက် ကျေးဇူးတင်စကားပြောကာ နောက်ဆုံး၌ မစ္စကွန်ဘိုလီယန်ကို လက်ဆွဲ နှုတ်ဆက်သည်။

ဤ၌တွင် မစ္စကွန်ဘိုလီယန်က ထူးဆန်းစွာ သူ မျှော်လင့်မထားသည့် အံ့ဩ ထိတ်လန့်ဖွယ် စကားတစ်ခွန်းကိုလေသံတိုးတိုးဖြင့် အသံအုပ်ပြီး သတိပေး စကားဆိုလိုက်၏။

"မစ္စတာခေါင် ... အပြန်ခရီးကို ရှင်ကိုယ်တိုင် ကားမောင်းပြီး ပြန်ပါ၊ ကျေးဇူးပြုပြီး ကျွန်မ စကားကိုယုံပါ၊ နို့မဟုတ်ရင် ရှင့်ရဲ့ဒေါင်းနက်မလေးက ရှင့်ရဲ့အသက်ဇီဝိန်ကို ခြွေပစ်လိမ့်မယ်ဆိုတာ ရှင် မမေ့ပါနဲ့၊ ဘုရားသခင် ရှင့်ကို စောင့်မပါစေ"

မင်းခေါင်အုပ် ထူးဆန်းအံ့ဩလျက် ရှောက်ချားထိတ်လန့် ရင်ခုန်သွားပါသည်။

မစ္စကွန်ဘိုလီယန်၏ သတိပေးစကားတွေက သူ့အသည်းနလုံးသားတွေကို တုန်လှုပ်သွားစေခဲ့သည်။

မင်းခေါင်အုပ်အတွက် ဒါဟာ နိမိတ်ဆိုး အတိတ်စိမ်းတစ်ခုဟု ထင်သည်။

သူ ... မစ္စကွန်ဘိုလီယန်၏ညိုနက်နက် မျက်လုံးတွေကို စူးစိုက်ပြီး စိမ်းညို့ညို့စိုက်ကြည့်လိုက်၏။

"အနက်ရောင်ဆိုတာ မကောင်းဆိုးဝါးရဲ့သင်္ကေတ၊ ကံကြမ္မာအမှောင်ထုရဲ့နိမိတ်လက္ခဏာ ... ရှင် သေသေချာချာမှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com

မင်းခေါင်အုပ် ထူးဆန်းစွာ သူ့စိတ်ထဲက အသံတစ်ခုကို ကြားလိုက်ရသည်၊ မည်သူ့အသံမှန်းတော့ သူမသိ၊ မစ္စကွန်ဘိုလီယန်၏ အသံမဟုတ်သည်ကတော့သေချာသည်။ ထိုအသံမှန်းတော့သူမသိ၊ မစ္စကွန်ဘိုလီယန်၏ အသံမဟုတ်သည်ကတော့ မသိ၊ သူ မသိစိတ် နှလုံးသားထဲမှ ဝေ့ဝေ့ ညင်သာစွာကလေး သူကြားလိုက်ရခြင်း ဖြစ်သည်၊ ထူးဆန်းသည်၊

"ကျေးဇူးတင်ပါတယ် မစ္စကွန်ဘို ခေါ်ပ်စွန်မှာ်၊ ခရပ် - ဘိုင့် - ဘိုင်"

သူ့အသံ ကတုန်ကယင်နှင့် မစ္စကွန်ဘိုလီယန်ကို တိုးညင်းဖွဖွ နှုတ်ဆက်လိုက်ပြီး ဘိုတဲနီလေးရှေ့မှ စိမ်းပြာရောင် "စပယ်လီကာဂျိုတီ" ကားလေးထဲ၌ အသင့်ထိုင်စောင့်နေသော သူ၏ အစိမ်းရောင်ဒေါင်းနက်မလေးအနူးတီတျာဆီ ခြေလှမ်းသွက်သွက်နှင့်လှမ်းလာခဲ့သည်၊

သူ မြစိမ်းရောင် ဒေါင်းနက်မလေးနံဘေးမှာ ဝင်ထိုင်လိုက်သည်၊ ဂျိုတီကားကလေးကမြားတစ်စင်းပစ်လွှတ်လိုက်သလို တစ်ဟုန်ထိုး လွှင့်မြောက်ထွက်လာခဲ့သည်၊

= ■ =

ဂျိုတီ - ခရစ်ဘီယံ ကားလေးက ထိုင်းနိုင်ငံတောင်ဘက်ဆီ နတ်မြင်းပျံအလား တစ်ဟုန်ထိုး လွှင့်ပြေးလာခဲ့သည်၊

မင်းခေါင်အုပ်နှင့်အနူးတီတျာတို့နှစ်ဦး၊ တိတ်ဆိတ်ငြိမ်သက်စွာ ရှုခင်းတွေကိုခံစားငေးမောရင်းအတွေးကိုယ်စီနှင့်လိုက်ပါလာခဲ့ကြ၏၊ အနူတီတျာက သူမ၏ပြိုင်ကားလေးကို (Racer) "ရေဇာ" တစ်ဦးလို ကျွမ်းကျင်စွာ သွန်မောင်းလာခဲ့သည်၊

မကြာမီ လမ်းတစ်လျှောက် ရှုခင်းတွေက ပြောင်းလဲလာသလို ဆားနံ့သင်းသည့် ပင်လယ်လေ၏ အနံ့အသက်လေးတွေကို မင်းခေါင်အုပ် သတိထား ခံစားမိလိုက်သည်၊ သူ ပင်လယ်လေကို နှစ်ခြိုက်မက်မောစွာ



အဆုတ်ထဲ ရှူသွင်းလိုက်၏၊ ဟား ... သူ့တစ်ကိုယ်လုံး လန်းဆန်းလတ်ဆတ်ပြီး နုပျိုသွားသလို အပျော်ငွေ့လေးတွေ ရင်ထဲ စီးဝင်လာသည်၊

သို့သော် သူ့ရင်ထဲက အပြာရောင် ငြိမ်းချမ်းရေး ဗီလင်လေးတွေကို နံဘေးမှ အနူးတီတျာ မဟူရာ မင်းသမီးလေးက ရုတ်တရက် ကာလာ "ချိုးနှိမ်း" ပေးလိုက်သည်၊

"အစ်ကို ဘာတွေ တွေးနေလဲ၊ အစ်ကို့ကို ဟို ... ရမ်ထိုင်းကချေသည် မင်းသမီးက ဘာတွေ ပြောလိုက်လဲ၊ ဟင် ... အစ်ကို တစ်ချက် မျက်နှာပျက်သွားတာ နူး ... သတိထားလိုက်မိတယ်၊ ဟင်း ... ဟင် - နူးက အင်တာနေရှင်နယ်တိုးရစ်ဂိုက် တစ်ယောက်ပါ၊ ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးပေါင်းစုံရဲ့ မျက်နှာတွေကို ဘာသာပြန်ပြီး ဖတ်တတ်တယ်၊ ယုံလား ဟင်း ... ဟင်း ... ဟင်း"

သူမ၏ ရယ်သံစိမ်းစိမ်းလေးက ဂျိုတီကားလေးထဲမှာ တွင်းတာဝါ ဖောက်ခွဲခံလိုက်ရသလို ထိတ်လန့်စရာ ပေါက်ကွဲသွားလေသည်၊

ရုတ်တရက် မင်းခေါင်အုပ် ဘာပြန်ပြောရမှန်းမသိ၊ အသိရခက်သည့် ထိုင်းမလေးတွေ၏ အဆင့်မြင့်အာရုံခံစားမှုများကို အံ့ဩထိတ်လန့်နေမိသည်၊ ထိုစဉ် သူမက ဆက်ပြောပြန်ပါသည်၊

"ပြီးတော့ - ဟိုမြွေဖြူမကွန်ဘိုလျှံကကော အစ်ကို့ကိုထွက်လာခါနီးမှာ ဘာတွေကပ်ပြောလိုက်သေးလဲ၊ အစ်ကို့မျက်နှာ သွေးရောင်လျှမ်းသွားတာ နူး အသေအချာ မြင်လိုက်တယ်၊ နူး ရိပ်မိလိုက်ပါတယ်၊ အဟင်း ... ဟင်း ကျွန်မတို့ ထိုင်းတွေက သိပ်အယူသီးတယ်၊ "ဗဲရီးစူပါစတေးရှပ် (Very Superstitious) ဖြစ်တယ် အစ်ကို၊ နူး သိတယ်၊ သူတို့က "အနက်ရောင်ကို "ကံဆိုးမိုးမှောင်ကျတတ်တယ်" လို့ အယူသီး စွဲလမ်းတတ်ကြတယ်၊ ဟုတ်တယ်၊ သိပ်စိတ်ပျက်စရာ ကောင်းတယ်၊ ခေတ်ပညာတတ်တွေဖြစ်ပြီး ဒီအစွဲတွေက မလွတ်မြောက်နိုင်ကြသေးဘူး၊ အဖြူလည်းလှပါပဲ၊ အဝါလည်း လှပါပဲ၊ အနက်ရောင်လည်းလှပါပဲ၊ လူသားချင်းအတူတူ မချစ်နိုင်တာ သူတို့မှာ "မေတ္တာတရား" မရှိလို့ပဲလို့ နူးထင်တယ်၊ နူး ဘယ်နေရာသွားသွား အပြ



www.burmeseclassic.com

www.burmeseclassic.com

စွပ်စွဲဝေဖန်ခံနေရတယ်၊ ရစ်ထ် သိပ်အောက်တန်းကျတယ်၊ နူးကိုလည်း သူတို့က နာမည်ပေးထားကြသေးတယ်၊ "ခွပ်ဒေါင်းနက်မလေးတဲ့၊ ဟား-ဟား-ဟား"

အနုးတီတျာဒေါင်းနက်မလေး၏ စိမ်းစိမ်းနက်နက် ဟားတိုက်ရယ်မောလိုက်သံတွေက ဂျီတီကားလေးထဲ၌ ထိတ်လန့်စရာ ပေါက်ကွဲသွားလေသည်၊

သူမ စွပ်စွဲအနက်ဖွင့်လိုက်သည့် လျှောက်လဲချက်ဒီဂရီတွေကလည်း သွေးထွက်အောင် ကွက်တိမှန်နေလေသည်၊

မင်းခေါင်အုပ် စိတ္တဇဆန်သည့် ထိုင်းနတ်သမီးသုံးယောက်ကြား၌ ဘယ်လိုရုန်းထွက်ရမှန်းမသိအောင်ရုတ်တရက်ပိတ်မိနေသည်၊ ထိုင်းမလေးသုံးဦး၏ထူးဆန်းသည့်အာရုံသိမှု (Strange Sense) ကိုသူ့စိတ်က လိုက်မမီအောင် နားလည်ရခက်နေသည်၊

အဆုံးတွင် သူ့ သံတမန်နည်းဖြင့် လိမ္မာပါးနပ်စွာ ဝန်ခံလိုက်ပါသည်၊

"ဟုတ်တယ်... နူး - သူတို့ကမင်းနဲ့အတူခရီးသွားရင်ကံဆိုးတတ်တယ်၊ သတိထားလို့ ကိုယ့်ကို (Message) ပေးလိုက်တယ်၊ ဒါပေမဲ့ ကိုယ်က ဒီလို "အယူသီးမှု" တွေကိုယုံလည်း မယုံဘူး၊ တွေးပြီးတော့လည်း ကြိုးကြောက်လန့်မနေဘူး၊ အဲဒါကိုတော့ နူးသိထားပါနော်"

"ကျေးဇူးတင်ပါတယ် အစ်ကို - နူး အစ်ကို့ကို သိပ်ချစ်သွားပြီ၊ ဟင်း-ဟင်း"

မဟူရာထိုင်းနတ်သမီးလေးက ပွင့်လင်းစွာဖြင့် လွှတ်ခနဲ ဖြူစင်သည့် ကလေးငယ်လေးတစ်ဦးလို ရင်ခွင်တံခါးလေးဖွင့်လျက် လွတ်လပ်စွာ ရယ်မောလိုက်သည်၊

မင်းခေါင်အုပ် သူမကို ခပ်စိမ်းစိမ်းလေးစိုက်ကြည့်မိလိုက်ပြီး အံ့ဩကြည်နူး သွားလေသည်၊



ဂျီတီကားလေးက မြင်းရိုင်းအပျိုမလေးတစ်ဦးလို လွင့်ပြေးခုန်ပျံထွက်လာခဲ့၏၊ သူတို့နှစ်ဦး "ပတ္တရားကမ်းခြေ (Pattaya Beach) သို့ ရောက်လာသည့်တိုင်ငြိမ်သက်စွာ လိုက်ပါလာခဲ့ကြ၏၊

လှပပြီး ကဗျာဆန်သည့် ပတ္တရားကမ်းခြေ၏ သဲသောင်ပြင်၌ သူတို့နှစ်ဦး တစ်နာရီခန့်မျှအချိန်ဖြုန်း၍ "ချန်တာဘူရီ" မှ နာမည်ကျော် "ခါအိုဆွိုင်း ဒါအို" ရေတံခွန် (Khao Soi Dao Waterfall) သို့ ဆက်ထွက်လာခဲ့ကြသည်၊

ခါအိုဆွိုင်းသည် နာမည်နှင့်လိုက်အောင်လှပြီး ကဗျာဆန်စွာ ရင်ဖိုစရာကောင်း၏၊ စိတ္တဇဆန်သည့်ပဥ္စလက်ဝိဉာဉ်ရေတံခွန်ဟုပင် ပညတ်ကမ္ပည်းတင်လိုက်သည်၊

ခါအိုဆွိုင်းမှ အပြန်မှာတော့ ကောင်းကင်ပြင်က ပဖွန့်ဆီရင့်ရောင်ကာလာပြောင်းနေပြီ ဖြစ်သည်၊ ဆည်းဆာသွေးနလိမ္မော်ရောင်လေးက ကြိုဆိုနေပြီ၊

အနုးတီတျာ၏ ဂျီတီစိမ်းပြာရောင်ကားလေးကမူ ဘွန်နာထရက်အဝေးပြေးလမ်းမပေါ်၌ တငြိမ့်ငြိမ့် လွင့်ပြေးထွက်လာသည်၊

မကြာမီ အနက်နရောင်ညဒီဖိုင်းတွေ မှောင်ရိပ်သမ်းပြီး ဆမ်းကျလာလေသည်၊ လမ်းနံဘေးမှ မာကျူရီမီးရောင်ပြာလဲ့လဲ့လေးတွေက လင်းချင်းတောက်ပလာ၏၊

ထို့နောက် သူတို့ "ဆရီရာချာ" နှင့် "ဆမက်ဆာကွန်း" ဟိုင်းဝေးလမ်းမပေါ်ရောက်လာခဲ့ကြသည်၊ ညလေသွေးတွေက ခပ်ကြမ်းကြမ်း တိုက်ခတ်စပြုလာသည်၊ လမ်းနံဘေးဝဲယာနှစ်ဖက်တွင် သစ်ပင်များ ထူထပ်အုံ့ဆိုင်းနေသောတောအုပ်ခင်တန်းကလေးတစ်ခုထဲ သူတို့၏ကားလေးက ဖြတ်ဝင်လာခဲ့သည်၊

လရောင်န မပွင့်တပွင့်လေးက ယင်းတောအုပ်ခင်တန်းလေးပေါ် မလုံ တစ်ဝက်၊ လုံတစ်ဝက် ဖြန့်ခင်းဖြာကျနေသည်၊



www.burmeseclassic.com

www.burmeseclassic.com

အနုးတီတျာက လရောင်ဖွေးကျနေသောတောတန်းကွေ့ကွေ့ကောက်ကောက်လေးတစ်ခုထဲသို့ ကားကို စဝိ ခပ်မြင့်မြင့်လေးဖြင့် စိတ်လွတ်ကိုယ်လွတ် ဖွင့်မောင်းဝင်လာခဲ့လိုက်သည်။

ထိုစဉ် ရုတ်တရက်၊

တောင်ကမ်းပါးယံကွေ့လေးတစ်ခုထဲသို့ ချိုးကွေ့အဝင်လိုက်မှာ မြန်းဆိုဘယ်ဘက် သစ်ပင်တွေကြားမှ ရုတ်တရက် –

ညဗီးကွက် မည်းမည်းကြီးတစ်ကောင်က "ဝုန်း" ခနဲ ထိုးပျံ လွင့်စဉ်လာပြီး ကားလမ်းကို တစ်ရှိန်ထိုး ဖြတ်သန်းလိုက်သည့်အတွက် အနုးတီတျာတို့၏ ရှေ့ကားမှန်ချပ်နှင့် "ဖုန်း" ခနဲ ဟိန်းထွက်သွားပြီး အရှိန်ပြင်းစွာ တိုက်မိုက်တော့၏။

ဗီးကွက်နက်ကြီးမှာလည်း အဝေးသို့ စဉ်ထွက် လွင့်မြောက်သွားပါတော့၏။

ယင်းအခိုက်အတန့်ကလေးတွင် အနုးတီတျာ၏သိစိတ်တွေ တစ်စီလွင့်စဉ်ကွဲထွက်သွားသည်၊ သူမ ထိတ်လန့်တကြားနှင့်ကားစတီယာရင်ကို ညာဘက်သို့ အားကုန်ဆွဲ ကွေ့ချလိုက်မိသည်၊ ဂျီတီပြိုင်ကားလေးက တောင်ကမ်းပါးယံအောက်ဘက်ဆီ ထိုးပုံ ခုန်ဆင်းသွားပြီး တောင်ပျဉ်းမပင်ကြီးတစ်ပင်ဆီ အရှိန်နှင့်ပြေးဝင်သွားပါသည်။

"ဟာ … သွားပြီ"

မင်းခေါင်အုပ် … နှလုံးသည်းပွတ်တွေပွင့်ထွက်သွားသည့်နှယ်၊ အသည်းတုန် လိပ်ပြာလွင့်သွားမတတ်၊ ချောက်ချားထိတ်လန့်စွာနှင့် သူ့မျက်လုံးတွေကို မှိတ်ချလိုက်သည်၊ သို့သော် …

အနုးတီတျာ အရှိန်မီ စက္ကန့်ပိုင်းလေးအတွင်း သတိကြီးစွာနှင့်လီတာကို လွှတ်လိုက်ပြီး ဘရိတ်နှင့်ကလပ်ကို စုံနင်းချလိုက်သည်၊

ဂျီတီကားလေးကပြိုင်မြင်းတစ်ကောင်ဒလကြမ်းပြေးနေရာမှဇက်သတ်ထိုးရပ်လိုက်သလို တုန့်ခနဲ ရပ်သွား၏၊

"ဝူး … ကျွိ … ဝုန်း"

မင်းခေါင်အုပ် လိပ်ပြာလွင့်စဉ်သွားသလို အလန့်တကြား မျက်လုံးတွေပွင့်ထွက်သွားသည်၊ သူက အသက်နှင့်ကိုယ် တစ်စစီဖြစ်သွားပြီဟု ထင်လိုက်သည်၊ သို့သော် သေမင်းနှုတ်ခမ်းမှ သီသီကလေး လွတ်သွားသည်၊

ကားက တောင်ပျဉ်းမပင်ကြီး၏ ပင်စည်ရှေ့ ခြောက်လက်မခန့်အကွာတွင် အရှိန်မီကလေး စဆောင့်ရပ်သွားခြင်း ဖြစ်သည်၊

"အမလေး … တော်ပါသေးရဲ့"

မင်းခေါင်အုပ်ရင်ထဲက မပွင့်တပွင့် တိုးသည်းလိုက်သံလေး လိုက်ထွက်သွားသည်၊ တစ်ဆက်တည်းသူ "ဟူး" ခနဲ အသက်ကို မှုတ်ထုတ်လိုက်ကာ အနုးတီတျာကို လှည့်ကြည့်လိုက်သည်၊

အနုးတီတျာကလည်း "ဝပ်ဇရားခအို" ဟု ထိုင်းလို ဘုရားတလိုက်ကာ သူမ၏ခေါင်းကို ကားလက်ကိုင်ပေါ် ခါယမ်းမှေ့လျက် သူ့ကို လှည့်ကြည့်လိုက်သည်၊ သူတို့နှစ်ဦး အကြည့်စိမ်းစိမ်းလေးတွေ လရောင်ထဲ တောက်ပသွားကြသည်၊

အနုးတီတျာက အလွန် ဝမ်းနည်းစိတ်မကောင်းသွားသည့်သဏ္ဌာန်၊ ညိုမှုက်ဝန်းဝေ့ဝေ့တွေနှင့်သူ့ကို တောင်းပန်နေဟန် စူးစိုက်ရီဝေ မြန်ငေးကြည့်နေသည်၊

တစ်ဖန် သူမ နှုတ်မှလည်း ရှိုက်ငင်သံလေး ပွင့်ထွက်လာသည်၊

"နူး … တောင်းပန်ပါတယ် အစ်ကို၊ နူး … သိပ်ပေါ့ဆသွားတယ်၊ နူးကို ခွင့်လွှတ်ပါနော်"

အနုးတီတျာက သူမ၏လွတ်ချော်သွားသည့်စိတ်တဒင်္ဂပဟန်အတွက် နှုတ်ဖြင့်လည်း ဖွင့်ဟတောင်းပန်ရှာသည်၊ သူ ခေါင်းနက်မလေးကို သနားသွားသည်၊

"ပထမတော့ နူးသိပ်ထိတ်လန့်သွားတယ်၊ ငါးပြည်ကိုအရှင်လတ်လတ် ဖောက်ထိုးကျသွားပြီလို့ ထင်လိုက်တာ၊ ဒါပေမဲ့ သိပ်ထူးဆန်းတယ်၊ အဲဒီအရှိန်ပိုင်းလေးမှာ နူးအာရုံထဲမှာ အသံစိမ်းစိမ်းတစ်ခု ဖျတ်ခနဲ ကြားလိုက်ရ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တယ်၊ "ဘရိတ်ကို ဆောင့်နင်းလိုက် ဘရိတ်ကို ဆောင့်နင်းလိုက်" လို့ သတိပေးသံထွက်ပေါ်လာတယ်၊ ဒါနဲ့ နူးသတိရပြီး လီဗာကိုလွှတ်ပြီး ဘရိတ်နဲ့ ကလပ်ကိုပြိုင်တူစုံနင်းချလိုက်တာ၊ ကားဝုန်းခနဲ ထိုးရပ်သွားသည်၊ နို့မဟုတ် ရှေ့က သစ်ပင်နဲ့ ဝင်ကြုံးပြီး နူးတို့ နှစ်ယောက်စလုံး ပွဲချင်းပြီး သွားမှာ - ဟင်း "ဝပ်ဇရားခအို" မြဘုရား ကယ်ပေလို့"

သူမက ရင်ခုန်သံလွှမ်းလျက် ထူးဆန်းသည့် "နိမိတ်စိမ်းအာရုံထူး" ကလေးရဲ့ပုံကိုတစ်နံတစ်လျားလေးရှင်းပြလာသည်၊ ဒါသဘာဝလွန် (Super Natural) တစ်ခုဖြစ်နိုင်သည်၊

မင်းခေါင်အုပ် အထိတ်တလန့်စိတ်လေး တဒင်္ဂလွင့်သွားပြီး အံ့ဩနေသည်၊ စစ်စစ် သူ ခေါင်းနက်မလေးကိုလည်း အပြစ်မတင်ရက်အောင် သူနှလုံးသားထဲက စေ့ဆော်မှုတွေပိတ်လှောင်မွန်းကြပ်နေသည်၊ သို့သော် သူ့ သိစိတ်ထဲကမူ "ရမ်ထိုင်းကချေသည်မလေး" နှင့် မစ္စကွန်ဘို" တို့နှစ်ဦး၏ သတိပေးစကားတွေကို ရုတ်တရက် ပြန်ကြားယောင် လိုက်မိသည်၊

"ရှင် ... ဒီ "အသားမည်းမ" ကို သတိထား၊ သူ လမ်းမှာ ရှင့်ကို အသက်အန္တရာယ် ထိနိုက်အောင် အနှောင့်အယှက်ပေးလိမ့်မယ်"

"မစ္စတာခေါင် - အပြန်ခရီးကို ရှင် ကိုယ်တိုင် ကားမောင်းပြီး ပြန်ပါ၊"

"ကျေးဇူးပြုပြီး - ကျွန်မစကားကိုယုံပါ၊ နို့မဟုတ်ရင် ရှင့်ရဲ့ "ခေါင်းနက်" မလေးက ရှင့်ရဲ့အသက်ဇီဝိန်ကို ခြွေပစ်လိမ့်မယ်ဆိုတာ ရှင် မမေ့ပါနဲ့၊ ဘုရားသခင် ရှင့်ကို စောင့်မပါစေ"

မင်းခေါင်အုပ် ပြုံးနုနုလေးနှင့် သူ့ခေါင်းကို ဖြည်းဖြည်းခါယမ်းခဲ့လိုက်သည်၊

"ကိုယ်လည်း ... ရုတ်တရက် ပထမတော့ သိပ်လန့်သွားတယ်၊ ဒါပေမဲ့ ဒါမင်းအပြစ်လည်း မဟုတ်ပါဘူးလေ၊ ငှက်ကြီးက အရှိန်နဲ့ ထိုးဝင်လာတော့ ဘယ်တတ်နိုင်မှာလဲ၊ မင်းအချိန်မီ ဘရိတ်အုပ်ဆောင့်ရပ်လိုက်နိုင်တာကိုပဲ မင်းကို ကိုယ် ကျေးဇူးတင်ရလိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့ သစ်ပင်ကြီးနဲ့



ဝင်ကြုံးပြီး ဇုလောက်ဆို မင်းနဲ့ကိုယ် ဘဝပြောင်းပြီး နတ်စိမ်းတွေ ဖြစ်နေလောက်ပြီ၊ ဟင်း ... ဟင်း

"ဟင်း ... ဟင်း ... ဟင်း သေရှာတာပေါ့"

သူတို့နှစ်ဦး အကြောက်ပြေပြုံးလွင့်လွင့်လေး ရယ်လိုက်ကြသည်၊

အနူးတီတျာက ကားကို စက်ပြန်နိုးပြီး နောက်ကိုညင်သာစွာပြန်ဆုတ်သည်၊ မင်းခေါင်အုပ်က သူ့ကိုယ်သူ စိတ်အားတင်းပြီး ပြန်ရဲဆေး တင်လိုက်သည်၊

"အို ... ငါ ယောက်ျားပဲ ဘာ ... ကြောက်စရာရှိလဲ၊ လူတိုင်း သေတစ်နေ့ မွေးတစ်နေ့ပဲ ကံစီမံရာပေါ့၊ ဘာမဟုတ်တဲ့ မိန်းမနှစ်ဦးရဲ့ ရှုတ်ဖတ်သရမ်းယှက်လိုက်တဲ့ "နိမိတ်စိမ်း" ကြောင့်တော့ ငါဒီလောက် တုန်လှုပ်ချောက်ချားစရာ မလိုပါဘူး၊ လူတိုင်းဟာ မသေမချင်း ခရီးသွားနေကြတာပဲလေ၊ သေချင်ရင် တိုက်ခန်းထဲမှာနေတဲ့လူလည်း တိုက်ကြီးပြိုကျပြီး သေနိုင်တာပဲ၊ "သေခြင်းတရား" ဆိုတာ ဘုရားသခင်လက်ထဲမှာပဲရှိတယ်၊"

သူ တွေဝေ မွန်းကြပ်နေသော သူ့မသိစိတ်အမှောင်တံခါးကို သတိသမ္ပဇဉ် ဆင်ခြင်ခြင်းတရားနှင့် ပြန်နှိုင်းချိန်လိုက်ပြီး စိတ်ပေါ့ပါးသွားသည်၊

အနူးတီတျာက သူမ၏ဂျီတီကားစိမ်းပြာငှက်ကလေးကိုကားလမ်းမပေါ် အရှိန်နှင့်နောက်ပြန် ပြန်မောင်းတက်လာခဲ့သည်၊

အနူးတီတျာ ခေါင်းနက်မလေးက သူမ၏ဂျီတီကားလေးကိုလမ်းစောင်းပေါ်ထိုးရပ်လိုက်သည်၊ ထိုစဉ် သူတို့နှစ်ဦး၏ကားရှေ့လမ်းမပေါ်မှ ဆယ်ကိုက်ခန့်အကွာရှိလား၊ ရှေ့မီးရောင်အောက်၌ တစ်ဖျတ်ဖျတ်ခုန်ပျံလျက် မူးဝေယိမ်းယိုင်ကာလူးလွန့်အသက်ငင်နေသောအနက်ရောင်ဇီးကွက်ငှက်ကြီးကို အံ့ဩစွာ မြင်လိုက်ကြရ၏၊

"ဟာ ... ဟိုမှာအစ်ကိုဇီးကွက်နက်ကြီး သနားပါတယ်၊ ဘာဖြစ်သွားသလဲ မသိဘူး မှန်နဲ့ရိုက်မိပြီး မူးသွားတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ဆန့်ငင်ဆန့်ငင်နဲ့ ဒယိမ်းဒယိုင် ဖြစ်နေတယ်၊ လာ - ကိုယ်တို့ သွားကြည့်လိုက်ရအောင်"

သူတို့နှစ်ဦး ကားပေါ်မှ ဆင်းလိုက်ကြပြီး ငှက်ကြီးဆီသို့ လျှောက်လာခဲ့သည်၊ ငှက်ကြီးကား မူးဝေနေသည်၊ သူတို့နှစ်ဦးပြိုင်တူ အနားကပ်သွားကြသည်၊ မင်းခေါင်အုပ်က ဇီးကွက်နက်ကြီးကို ဖမ်းပွေ့ပြီး အသက်ပြန်ရှင်ရန် ကြိုးစားပြီး ပြန်လွှတ်ပေးရန် စိတ်ကူးသည်၊ အနုတိတ္တာကလည်း ဇီးကွက်နက်ကြီးကို ခေါ်ယူသွားပြီး ဆေးကုသပေးရန် စိတ်ထဲက ရည်စူးလိုက်သည်၊

သို့သော် ဇီးကွက်နက်ကြီးက သူတို့နှစ်ဦးအနားလည်း ရောက်ရော ကြောက်လန့်တကြားနှင့်ရူးရူးအက်ကွဲစွာ "ဇီး" ခနဲ အသံကုန်ညစ်၍ဟစ်အော်လိုက်ပြီး လေထဲသို့ခုန်ပျံထိုးတက်သွားကာ လရောင်ဖွေးဖွေးထဲမှ သစ်တောအုပ်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားပါလေတော့၏၊

"ဇီးကွက်ကြီးရေ ... ငွက်နိက် ... တာ ... တာ"

အနုတိတ္တာက ညငှက်ဇီးကွက်ကြီးကို ချစ်မြတ်နိုးစွာဖြင့် လက်ဝှေ့ယမ်းပြနှုတ်ဆက်လိုက်လေသည်၊

ပြီးနောက်သူတို့နှစ်ဦးဂျီတီကားလေးဆီတိတ်ဆိတ်စွာပြန်လျှောက်လာခဲ့ကြပြီး ကဗျာဆန်သည့် ညဦးယံလေးထဲ ကားမောင်းထွက်လာခဲ့ကြသည်၊

အနုတိတ္တာက ဂျီတီကားလေးကို "ဆမက်ဆာကွန်း" မှ "ဘန်ကောက်မြို့တော်" ဆီ ဦးတည်ကာ ကျွမ်းကျင်စွာ လွင့်ပြေးမောင်းထွက်လာခဲ့သည်၊ ဟိုင်းဝေးလမ်းပေါ်မှ မာကျူရီမီးရောင်တွေက လရောင်နုလေးကို စိန်ခေါ်သရော်နေသည်၊

သူတို့နှစ်ဦး ထုံကူးစည်ကြာယံလေးထဲမှာ စိတ္တဇအိပ်မက်ကိုယ်စီနှင့် လွင့်မျောလိုက်ပါလာခဲ့ကြသည်၊

"အစ်ကိုမြန်မာခေါင် - အစ်ကို အနက်ရောင်နဲ့ ပတ်သက်ပြီး ဘယ်လို ထိတွေ့ခံစားရသလဲ၊ ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ၊ အနက်ရောင်နဲ့ ဆက်နွှယ်ပြီး "အယူအဆ အစွဲပယောဂ" တွေရှိသလား၊ အနက်ရောင်အပေါ် အစ်ကို့ ဘယ်လိုမြင်လဲ၊ အစ်ကိုတို့မြန်မာတွေမှာကော၊ အနက်ရောင်ကိုကြောက်တဲ့ "ဖိုဘီယား" (Phobia)စိတ္တဇတွေ ရှိတတ်ကြသလားဟင်"

ရုတ်တရက် ထိုင်းမဟူရာနတ်နွယ်လေးအနုတိတ္တာက ထူးဆန်းသော အစိမ်းရောင် မေးခွန်းပုစ္ဆာကလေးတစ်ပုဒ်ကို လွင့်မျောစ ညနိဒါန်းလေးထဲ ဖြတ်လျက် ရုတ်တရက် ဖွင့်မေးလာခဲ့သည်၊

မင်းခေါင်အုပ် ချည်နှောင်ခြင်းကင်းသည့် အပြုံးနီနီလေးတစ်ပွင့် သူ့နှုတ်ခမ်းပေါ်ရဲ့ရိုတောက်သွားလေသည်၊ စစ်စစ် သူ့ရင် သွေးအဖျော့တွေထဲ၌အနက်ရောင်နှင့် ပတ်သက်သည့် ခံစားချက် အစိုင်အခဲတွေက နက်ရှိုင်းစွာ တည်ရှိနေခဲ့သည်မဟုတ်ပါလား၊ ပြီးတော့ သူ့နှလုံးသား "ကာလာ" ကလည်း အနက်ရောင်ခရေဇီ ဖြစ်သည် မဟုတ်ပါလား၊

ထို့ကြောင့် မဟူရာနက်နွယ်လေး၏မေးခွန်းစိမ်းလေးကို သူ လွယ်လင့်တကူပဲ တုန့်ပြန်လိုက်နိုင်ပါသည်၊ ရယ်သံလေးစွက်လျက် မင်းခေါင်အုပ် (Standard) ချက်ချင်း တုန့်ပြန်လိုက်သည်၊

"အဟင်း ... ဟင်း တကယ်တော့ နူးရယ် အနက်ရောင်ဆိုတာ "သခေါ်တ" တစ်ခု၊ သဘာဝတရားကြီးရဲ့ "ပညတ်" တစ်ခုပါပဲ နူး၊ တစ်နည်းပြောရရင်တော့ ဘုရားသခင် ဖန်ဆင်းထားတဲ့ "အရောင်အဆင်း" တစ်ခုပါပဲ နူး — ဒါပေမဲ့ - လူတွေရဲ့ခံစားချက်တွေကတော့ကွဲပြားကြတယ်၊ အယူသီး အစွဲအလမ်းကြီးသူတွေက အနက်ရောင်ကို "အမင်္ဂလာ" အရောင်လို့ သတ်မှတ်ခံယူကြတယ်၊ ဒါကြောင့် တရုတ်တွေနဲ့ ခရစ်ယာန် ဘာသာဝင်တွေက ဈာပနာရယ် (Funeral) အသုဘအခမ်းအအနားတွေမှာ ဝမ်းနည်းခြင်း အထိမ်းအမှတ်တွေအဖြစ်ဝတ်ဆင်အသုံးပြုလေ့ရှိကြတယ်၊ ဒါ - မိရိုးဖလာ အစဉ်အလာ အစွဲတစ်ခုပေါ့နော်၊ ဒါပေမဲ့ကွာ - ကမ္ဘာပေါ်မှာရှိတဲ့လူတွေအားလုံးဟာ နေ့ဘက်နေရဲ့အလင်းရောင်ထဲမှာ ပင်ပန်းစွာ အလုပ်လုပ်ခဲ့ကြပြီး ညဘက်အမှောင်ထုထဲမှာ ပျော်ရွှင် မြူးထူးကာခုန်စားသောက်၊ အနွမ်းဖြေကြ

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

နှစ်မြိုက်စွာ အပမ်းဖြေ၊ မေးစက်အိပ်ပျော်ခဲ့ကြတယ်၊ ပြီးတော့ ချစ်သူချင်းတွေ ညအမှောင်ခြမ်းထဲမှာ အချစ်အနမ်းတွေ ဖွင့်ဆိုခဲ့ကြတယ်၊ ညဟာ အချစ်ရဲ့သင်္ကေတတစ်ခုဖြစ်တယ်၊ ပြီးတော့ အနက်ရောင်နဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးမှာ တူညီတဲ့အချက် တစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုရင် -

"ဘာလဲဟင်"

အနုတ်တျာက ဂျီတီကားလေးကို မောင်းလာနေရင်းမှ မအောင့်အည်းနိုင်စွာ "ခရေ့ကွက်ရှင်" မေးခွန်းလေးတစ်ခု ဖြတ်မေးလိုက်သည်၊

"အဲဒါက ... အခြားမဟုတ်ဘူး - နူး၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ တရားသူကြီးတွေနဲ့ရှေ့နေ၊ ဥပဒေဝန်ထမ်းတွေအားလုံးဟာ အထူးသဖြင့် အနက်ရောင်ဝတ်ရုံတွေကိုသာ အထွတ်အမြတ်ထား ဝတ်ဆင်ကြသလို တစ်ကမ္ဘာလုံးမှာရှိတဲ့ တက္ကသိုလ်တွေရဲ့ ဝတ်ရုံအောက်ခံ အရောင်တွေအားလုံးဟာလည်း အနက်ရောင်တွေ ဖြစ်ကြတယ်လေ၊ ပြီးတော့ အခု လက်ရှိအမေရိကန်သမ္မတ အိုဘားမားဟာလည်း "လူမည်း"ပဲ မဟုတ်ဘူးလား နူး ..."

"ဟာ ... သိပ်လှတဲ့ "ရက်ဖဲရင့်စ် (Reference)တစ်ခုပဲ၊ သိပ်မှန်တာပေါ့အစ်ကို၊ အစ်ကို့ရဲ့ခံယူချက်တွေက သိပ်ရီးရဲ့လ်တီ (Reality)ဖြစ်တယ်၊ တစ်ကမ္ဘာလုံးကို ခြုံကြည့်လိုက်ရင် အနုပညာရပ်ဝန်းတွေမှာလည်း လူမည်းတွေက နံပါတ်ဝမ်းနေရာတွေမှာချည်းပဲ၊ ဟင်း...ဟင်း အဲဒါနဲ့တောင် လူတွေက ကျွန်မတို့ "အသားမည်း" တွေကို အထင်သေးရှုတ်ချနေတာကို ကျွန်မက စိတ်မဆိုးတဲ့အပြင် ကျေးဇူးတင် ဂုဏ်တောင်ယူလိုက်မိသေးတယ်၊ ဟင်း - ဟင်း မယုံရင်ကြည့်ပါ အစ်ကို၊ ရှေ့လာမယ့်အနာဂတ်မှာ လူမည်းတွေဟာ အရင်က ဥရောပနဲ့ အမေရိကမှာရော အရှေ့တောင်အာရှမှာပါ အဖိနှိပ်ခံ အောက်တန်းလွှာ "ကျွန်" သဘောက်ဘဝနဲ့ မျက်နှာငယ်ရပေမယ့် လောကသဘာဝ အရ နေနဲ့ည၊ အလင်းနဲ့အမှောင် တစ်လှည့် ပြောင်းလဲခဲ့သလိုပဲ၊ မကြာခင် လူမည်းတွေဟာလည်း ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာတွေကိုရပြီး ထွန်းလင်း



BURMESE CLASSIC .com

တောက်ပတဲ့ အလင်းရောင်ထဲမှာ "အရှင်သခင်" တွေ ဘဝနဲ့ တစ်လှည့်ရောက်လာကြလိမ့်ဦးမယ်လို့ ကျွန်မ ပြောရဲတယ် အစ်ကို"

"သိပ်မှန်တာပေါ့ နူးရယ် ... အစ်ကိုကလည်း အနက်ရောင်ကို ခရေဇီဖြစ်ပြီး ခေါင်းနက်မလေးတွေကို ချစ်မြတ်နိုးတတ်တဲ့ မော်ဆန်တဲ့ လူသားတစ်ဦးလို့ ပြောရမယ်ထင်တယ်၊ နေ့ထက်ညကို ပိုချစ်တယ်၊ ပိုပြီး စွဲလမ်းတယ်၊ ညဟာ ကိုယ့်ရဲ့တစ်ကမ္ဘာပဲ၊ နူးတစ်ခု သတိထားမလား၊ မပြောတတ်ဘူး၊ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ လူငယ်ထု ဆယ်ကျော်သက်အများစုတွေဟာ "အပြာရောင်ဂျင်းဘောင်းဘီ" ကို စွဲလမ်းကြသလိုပဲ - "အနက်ရောင်တီရှပ်" တွေကို အမြတ်တနိုး ဝတ်ဆင်ကြတယ်၊ ဒါဟာလည်း အနက်ရောင်ရဲ့ ညှို့ငင်မှု ဆွဲအားတစ်ခုပဲပေါ့"

"အစ်ကို့ရဲ့ ရီဆဲန် (Reason)တွေကို သိပ်ကြိုက်သွားပြီ၊ သင့်ခရေးပဲ အစ်ကို - နူး - သိပ်ပျော်သွားပြီ၊ အဟင်း - ဟင်း - ဟင်း"

အနုတ်တျာ မဟူရာတိုင်းမလေး ပျော်ရွှင်ခြင်းကမ္ဘာရသသစ်လေးထဲ ရုတ်တရက်နစ်ကျသွားပြီး သူမ၏ မသိစိတ်က လီတာပေါ် ခပ်ဖိဖိလေး နင်းချမိလိုက်သည်၊

ဂျီတီကားလေးက ဂျက်လေယာဉ်တစ်စီးလို ခေါင်းမော့ပြီး ပြေးထွက်သွား၏၊ စတ္တန့်ပိုင်းလေးအတွင်းတွင် ကားက တြိဂံလမ်းဆုံဆီ အရှိန်ပြင်းစွာ ပြေးဝင်လာခဲ့သည်၊

ယင်းအချိန်လေးမှာပင် မမျှော်လင့်ဘဲ အနောက်ဘက် "နာခွန်ပါသွမ် (Nakhon Pathom) ဘက်ဆီမှ ဓာတ်ဆီဖြည့်သည့် ဘောက်ဆာ ကားနီနီကြီးတစ်စီးက ဝေါခနဲ ဒလကြမ်း ထိုးဝင်လာပါတော့၏၊ ထိုဘောက်ဆာကား နီနီကြီးက အမြင့်ဘက်ဆီမှ လွင့်ဝဲ ပျံဆင်းလာခြင်း ဖြစ်သည်၊

ကားနီကြီးက ဖက်ကြီးလွတ်လာသည့် မြို့မြင်းတစ်ကောင်လို သုန်ဝင်လာခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် ကားမောင်းလာသူသည် အယ်ရက်ဟော



www.burmeseclassic.com

www.burmeseclassic.com

ဒီဂရီမြင့်မြင့်နှင့် အရက်မူးလာသည့် ကောင်းဘွိုင်ဒရိုင်ဘာတစ်ဦး ဖြစ်မှန်းသိသာလွန်းလှသည်။

ဘောက်ဆာကားနီကြီးက ဂျီတီကားနီကလေးဆီ တန်းတန်းမတ်မတ်စိုင်းထိုး ပြေးဆင်းလာသည်။ ခါးလယ်တည့်တည့်ဆီ တစ်ဟုန်ထိုးမီးတွေထိုး၊ မီးတွေထွန်းပြီး သွန်ဝင်လာသည်။

အနူးတီတျာ မျက်လုံးတွေ ပြူးကျယ် ဝိုင်းစက်ပြီး ဖြာထွက်သွားသည်။ သို့သော် သူမသည် သာမန်အညာတြမိန်းကလေးတစ်ဦးမဟုတ် အလွန်သတ္တိကောင်းပြီးအတွေ့အကြုံရင့်ကျက်ကာစိတ်ဓာတ်မြင်းပြီးသတ္တိကောင်းသည့် မိန်းကလေးတစ်ဦး ဖြစ်၏။ ဖြတ်ထိုးဉာဏ်လည်း အလွန်ကောင်း၏။ ဆုံးဖြတ်ချက်လည်း ရဲရင့်၏။

ယင်း ... "မရဏကာလ" စက္ကန့်ပိုင်းလေးအတွင်း အနူးတီတျာက ကားလီတာကို အားနှင့် ဖိနင်းချလိုက်သည်။

အလွန်ထိတ်လန့်ရင်တုန်စရာကောင်းသည်။ အရှိန်နှုန်းမိုင် (၁၂၀)နှုန်းလောက်နှင့် ဂျီတီကားလေးက လရောင်ဝါကျင်ကျင်လေးထဲ လျှပ်စီးလက်သလို လွင့်ပြေးပျံထွက်လေသည်။

ဘောက်ဆာကားခေါင်းနီနီကြီးနှင့် ဂျီတီကားနောက်ပိုင်း အမြီးဖျားလေးက သုံးလေးလက်မခန့် ဝိုးခနဲပွတ်ပြီး အသည်းယားဖွယ် လွတ်ထွက်သွားခဲ့သည်။

မင်းခေါင်အုပ်က သည့်တစ်ချီတော့ သွားပြီ။ "မြဘုရား" လည်း မကယ်နိုင်တော့၊ ငါတော့ နတ်စိမ်းဘဝရောက်ပြီဟု ထင်လိုက်မိကာ မျက်လုံးနှစ်ဖက်ကို ထိတ်လန့် ရောက်ရားစွာ စုံမှိတ်ချလိုက်သည်။

သို့ရာတွင် အနူးတီတျာက ဂျီတီပြိုင်ကားပြာလေး၏ အရှိန်နှုန်းကို ချက်ချင်းပြန်လျှော့လိုက်ပြီး ကားကို ကျွမ်းကျင်စွာဖြင့် လမ်းဘေး၌ထိုးရပ်လိုက်လေသည်။ ကားက ကိုက်ငါးဆယ်ခန့် ပြေးလွင့်လာပြီး ကတ္တရာလမ်းနှင့် တာယာဘီးတို့ ပွတ်ကြိတ်လိုက်သံနှင့်အတူ မီးပွင့်ထွက်သွားကာ ညဦးယံလေးကို ဖောက်ခွဲပစ်လိုက်ပါသည်။

"ဝီး .... ကျွီ - ကျွီ - ဂျိန်း - ထုန်း"

ထို ဂီတသံစဉ်ကြမ်းလေး ပွင့်ထွက်သွားပြီး ဂျီတီကားလေး စက်သတ်ရပ်လိုက်ချိန်လေးမှာပင် သူတို့၏ နောက်ဘက်ဓာတ်မီးတိုင် တစ်တိုင်ခန့်အကွာအဝေးဆီမှ ရုတ်တရက်ပေါက်ကွဲသံကြီးတစ်ခုက တုန်လှုပ်ချောက်ချားဖွယ်ရာ ပေါ်ထွက်လာပါသည်။

[ ရှေ့လဆက်သိမ်းမည် ]

➡ နှန်းထိုက်ဖိုး
(နိုင်ငံခြားဘာသာသ....)



**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC .com

www.burmeseclassic.com